www.burmeseclassic.com



# ပျား

ကတ္တိယမျိုး

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ ဓော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုကြီးပေါက် - 09 420243327
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဗျူးစာပေ
၀၉.၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊
၀၁ ၈၅၀၀၆၉၆

| | |
|---|---|
| | ၈၉၅. ၈၃ |
| ဗျူး | |
| ဣတ္ထိယပို့ | |
| ဗျူးစာပေ ၊ ၂၀၁၄။ | |
| ၂၄၀ - စာ ၊ ၁၂ x ၁၈ စင်တီ။ | |
| (၁) ဣတ္ထိယပို့ | |

30 SEP 2014

# ဗျူး

# ဣတ္ထိယပို့

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ဒီတောင်ပေါ်နေရာလေးကနေ ကြည့်လိုက်ရင် မြင်မြင်သမျှတွေဟာ သာယာလှပပြီး စိမ်းညို့မည်းမှောင်နေကြတာ။ အတန်းလိုက်ရှည်လျားစွာ မျက်စိတစ်ဆုံးရှိနေသော တောင်တန်းတွေကလည်း ပတ်ပတ်လည်ဝိုင်းရံထားပြီး ရာသီဥတုအေးမြသော ဒီဒေသလေးဆီ ပြောင်းလာခဲ့ခြင်းအတွက် ကိုယ့်ကိုယ်ကိုယ် စိတ်ကျေနပ်မှုဖြစ်မိတာ အကြိမ်ကြိမ်ပါ။

စိတ်ရှုပ်ထွေးစရာ ရန်ကုန်မြို့ကြီးကနေ ထွက်ပြေးလွင့်စဉ်လာခဲ့ရသော မွေးအတွက် မဖွံ့ဖြိုးသေးသော ဒီတောင်ပေါ်ရွာလေးက စိတ်ချမ်းသာစေသည်။ ရန်ကုန်မြို့သူမြို့သားများလို ဟန်ဆောင်မျက်နှာဖုံးတွေကြားမှာ ပိတ်လှောင်ခံထားရခြင်း မရှိ။ ပကတိ ရိုးသားဖြူစင်မှုကို သူတို့ မျက်နှာများတွင် မြင်တွေ့နေရသည်။

မွေးအတွက် ရွေးချယ်ဝယ်ယူပေးထားသော အုတ်တိုက်လေး



www.burmeseclassic.com

www.burmeseclassic.com



ကလည်း တစ်ထပ်ပြားပြားလေးမို့ တစ်ယောက်တည်းသမားအတွက် မကျဉ်းလွန်းမကျယ်လွန်းလေး။ ကိုကြီးက ပကာသနမရှိသော ဒီဒေသနှင့် ဒီအိမ်ကို မနှစ်သက်ပေမယ့် မွှေး ဆုံးဖြတ်ချက်မို့ လိုက်လျောစွာပင် သဘောတူခဲ့သည်။

အင်းလေ ဒီတစ်ခုလောက်တော့ မွှေးကို သူ လိုက်လျောသင့်တာပဲ။ သူလုပ်ခဲ့သမျှ ဆိုးရွားလွန်းသော ကိစ္စတွေကိုတောင် သူ့ကိုချစ်စိတ်တစ်ခုတည်းနဲ့ မွှေး အတတ်နိုင်ဆုံး ခွင့်လွှတ်ခဲ့တာပဲလေ။

ခုတော့ မွှေးဘဝက မမြင်ချင် မတွေ့ချင်တာတွေထံမှ ရှောင်ပြေးလာခဲ့သော်လည်း တကယ်တမ်းမှာ ရင်တွင်းတစ်နေရာမှအပူမီးကတော့ တငွေ့ငွေ့နှင့်လှိုက်လောင်နေဆဲ။ အချိန်မရွေး ဝုန်းခနဲ ထတောက်လိုက်ဖို့ရာ အဆင်သင့်ဖြစ်နေတုန်း အနေအထားတွင်ဖြစ်သည်။ အဲဒီမီးတွေကို အပြီးသတ် ငြိမ်းသတ်လိုက်ချင်ပေမယ့် အချိန်ကာလတစ်ခုလောက်တော့ ကြာမြင့်ဦးမယ်ဆိုတာလည်း ကိုယ့်ဘာသာ သိနေ၏။

စိတ်နှစ်မြှုပ်ထားဖို့ အကောင်းဆုံးအဖြစ် မွှေး ချစ်သော ပန်းကလေးများကို ရွေးချယ်ဖြစ်ခဲ့သည်။ တစ်ထပ်တိုက်လေး၏ နောက်ဘက်မြေခြမ်းက လေးကေကျော်ကျယ်သည်မို့ ပန်းပင်လေးတွေစိုက်ပျိုးဖို့ရာ သင့်တော်သည်။ အဓိက စိုက်ဖြစ်တာကတော့ မွှေး သိပ်နှစ်သက်သည့် နှင်းဆီတွေပါပဲ။ နှင်းဆီကို အရောင်စုံစိုက်ထားပေမယ့် မွှေး အကြိုက်ဆုံး နှင်းဆီဝါများကတော့ အများဆုံးဖြစ်ပါလိမ့်မည်။

ခြံနောက်ဘက်အစပ်ကနေ ရပ်ကြည့်လိုက်ရင် တောင်တန်းတွေက တမျှော်တခေါ် မည်းမှောင်ညို့တန်းနေကြသည်။ အခု မွှေး ရပ်နေသောနေရာလေးက မြင်ရသောရှုခင်းကတော့ အလှပဆုံးပဲပေါ့။ ဟိုး





အောက်ခြေဆီနိမ့်ဆင်းသွားသော ဘက်ခြမ်းဆီမှာ ထင်းရှူးပင်အုပ်တွေကိုလည်း လှမ်းမြင်ရသည်။ အတန်ငယ် ကျယ်ပြန့်သော ပြာလဲ့လဲ့ရေအိုင်လေးကိုလည်း အပေါ်စီးကနေ လှပစွာမြင်နေရသည်။

လောကထဲက ဘုံနန်းလေးတစ်ခုဆီ ရောက်ရှိနေရသလို စိတ်ကြည်နူးမှုကို ပေးစွမ်းနိုင်တာကတော့ သေချာ၏။

"မွှေးရေ ဟိုဘက်က အပင်တွေ ရေလောင်းပြီးရင် မညို ပြန်မယ်နော်၊ အိမ်မှာ အငယ်မက နေမကောင်းဖြစ်နေလို့လေ"

အရေးအကြောင်းရှိလျှင်အဖော်ရအောင်ဆိုပြီး ကိုကြီး ငှားပေးထားခဲ့သည့် မညိုက မနက်ဆိုလာပြီး ညနေဘက်ဆို သူ့အိမ်သူပြန်တတ်သည်။ လွန်ခဲ့တဲ့နှစ်နှစ်လောက်တည်းက မုဆိုးမဖြစ်ခဲ့ရသော မညိုသည် ကလေးသုံးယောက်တာဝန်ကို တစ်ယောက်တည်းသယ်ပိုးနေခဲ့ရတာ သနားစရာပါ။ ဒါပေမဲ့ မညိုဟာ မွှေးထက်စာရင်တော့ အချိန်ကာလပိုကြာစွာ ယောက်ျားဆီကအချစ်တွေကို ခံယူခဲ့ဖူးသည့်ပုံမျိုးပါပဲ။

"ပြန်လေ မညို၊ ဒါနဲ့ အငယ်မအတွက် ဆေးခန်းသွားဖို့ ငွေကြေးဘာတွေလိုနေဦးမယ်၊ ပြန်ခါနီးရင် မွှေးဆီဝင်ခဲ့ဦးနော်"

အားတုံ့အားနာဖြစ်သွားဟန်နှင့် မညိုက ခေါင်းကိုဖြည်းလေးစွာ ညိတ်ပြသည်။ ညနေစောင်းလေပြည်ကြောင့် ကိုယ်တွင်းကပါ လှိုက်ခနဲ အေးစိမ့်သွားသည်မို့ မွှေးလည်း အိမ်ဘက်ဆီပြန်လျှောက်လာလိုက်၏။

ဗီရိုထဲက ငါးထောင်တန်လေးရွက် ထုတ်ယူထားပြီး အနွေးထည်အိတ်ကပ်ထဲ ထည့်ထားလိုက်သည်။ ဒီရွာလေးမှာက ဆေးခန်းကြီးရယ်လို့ ကြီးကြီးမားမား ရှိတာမဟုတ်။ ကျန်းမာရေးဆေးပေးခန်းလေးတစ်ခုပဲရှိသော ရောဂါ နည်းနည်းကြီးလျှင် ဟိုးတောင်ခြေက မြို့ငယ်လေးထိ

www.burmeseclassic.com



နှစ်နာရီလောက်ကြာအောင် ဆိုင်ကယ်နဲ့သွားပြကြရတာ။

ညနေစာကို ထမင်းစားချင်စိတ်မရှိသောကြောင့် ဆီချက်ခေါက်ဆွဲပြုတ်တစ်ထုပ်ဖောက်ပြီး ရေနွေးနှင့်စိမ်ထားလိုက်သည်။

"မွေး မညို ပြန်တော့မယ်"

"အင်း လောလောဆယ်တော့ နှစ်သောင်းပဲ ယူသွားဦးနော်၊ နောက်လိုမှပဲ မွေးကိုထပ်ပြောပေါ့"

မညို ပြန်သွားပြီးတော့ မွေး အရင်ဆုံးတွေးမိတာ ငွေကြေးကိစ္စပဲဖြစ်သည်။ သူ့အထောက်အပံ့ကို တစ်လတစ်ခါ ရနေပေမယ့် မွေး စိတ်ထဲမှာ မသတီချင်။ ပိုက်ဆံနဲ့တိုင်းတာသော အိမ်ထောင်ရေးတစ်ခုကိုလည်း မွေး မမက်မောချင်တော့။ မွေးလိုချင်ခဲ့တာ မွေး တစ်ယောက်တည်းအပေါ်တွင် ထားရှိသော သူ့အကြင်နာ သူ့မေတ္တာ။

မွေး တစ်ယောက်တည်းပဲ အပိုင်လိုချင်ခဲ့တာနော်။ တခြားသူတစ်ယောက်ယောက်နဲ့ ဝေစားမျှစားလုပ်ပြီး နိမ့်ကျသောဘဝမျိုးနဲ့ ရပ်တည်နေထိုင်ချင်ခဲ့တာမဟုတ်။ မွေး ပိုင်ဆိုင်ချင်ခဲ့တာ သူ့ငွေကြေးပကာသနတွေ မဟုတ်ပါ။ သူ့ယုယမှုတွေနဲ့ ဘဝကြီးကိုဖြတ်သန်းချင်ခဲ့တာ။ သူ့ကိုနှလုံးသားနဲ့ရင်းပြီး မြတ်နိုးစွာချစ်ခင်ခဲ့ရလို့ မွေး ဘဝကြီးတစ်ခုလုံးကို ရက်ရက်ရောရော ပေးဆပ်ထားခဲ့တာ။

ခုတော့ မွေး ပြန်ရလိုက်တာက မတန်မရာ ဒဏ်ရာဒဏ်ချက်တွေပဲဖြစ်သည်။ နာကျင်မှုဝေဒနာတွေ တပွေ့တပိုက်နှင့် ဒီဒေသလေးကို မွေး ထွက်ပြေးလာခဲ့ရတာပါ။

သူနှင့်စတင်ဆုံဆည်းခဲ့ချိန်တည်းက တစ်ကောင်ကြွက်ဖြစ်ခဲ့သောမွေးသည် ခုလို သူအနားမှာမရှိတော့ချိန်တွင်လည်း တစ်ကောင်





ကြွက်တစ်မျက်နှာ ပြန်ဖြစ်ခဲ့ပြီ။ သူနှင့်အတူ ကုန်ဆုံးခွင့်ရခဲ့သော တိုတောင်းလွန်းလှသည့် နှစ်နှစ်ကျော်ကာလအချိန်လေးကိုတော့ မွေး ဘဝမှာ နာကျင်စွာနှင့် မှတ်မိနေဦးမှာပါပဲ။

■ ■ ■

"မွေး ကိုကြီးတို့ လက်ထပ်ကြရအောင်နော်"

မွေး လက်ဖျားလေးတွေ အေးစက်သွားသည်ထိ အထိတ်တလန့် ကြားလိုက်ရသော စကားပါ။ မွေးရဲ့ဘယ်ဘက်လက်သူကြွယ်လေးတွင် စိန်လက်စွပ်လေးတစ်ကွင်း ညင်သာစွာ စွပ်ချပေးပြီး ကိုကြီး မျက်ဝန်းနက်နက်များဖြင့် စူးစိုက်ကြည့်နေပုံက ကိုကြီးစကားတွေကို ငြင်းပယ်နိုင်ဖို့ရာ အင်အားတွေ ကုန်ခမ်းနေစေခဲ့သည်။

"ကိုကြီးကိုယ်တိုင် ဒီဇိုင်းဆွဲပြီး မွေး တစ်ယောက်တည်းအတွက် သီးသန့်လုပ်ပေးထားတဲ့ လက်စွပ်လေးပေါ့၊ ဒါမျိုး ပုံစံတူ ဘယ်မှာမှ မရှိဘူး"

ဖောင်းဖောင်းအိအိလေးနှင့် သွယ်တန်းရှည်လျားသော မွေး လက်သူကြွယ်လေးနှင့် ကိုကြီး ဆင်မြန်းပေးထားသော ပလက်တီနမ် အလိမ်အကွေးဒီဇိုင်းများဖြင့် မိန်းကလေးတစ်ယောက်ကို ကိုကြီးလို ကျိုကျိုတက် ချမ်းသာကြွယ်ဝသည့် ယောကျ်ားတစ်ယောက်က ဒီလို တောင်းပန်ခယစွာ လက်ထပ်ခွင့်တောင်းဆိုနေခြင်းသည် မွေးအတွက်တော့ စိတ်ကူးသည်အိပ်မက်လိုပါပဲ။

"ကိုကြီး မေးတာကို ပြန်ဖြေဦးလေ မွေးရဲ့"

မွေးရဲ့မေးဖျားလေးကို ဆွဲယူပင့်မော့စေလျက် ကိုကြီး အားမလိုအားမရ မေးခဲ့တုန်းက မွေး မျက်ဝန်းမှာ ရစ်သီနေတဲ့မျက်ရည်စတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး မြင်တွေ့သွားခဲ့ဖူးသည်။

"ဟင် မွေး ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်လို့ မျက်ရည်တွေဝဲနေတာလဲ မွေး၊ ကိုကြီး ဘာများအမှားလုပ်မိလို့လဲကွယ်"

"ဟင့်အင်း ကိုကြီး ဘာမှမမှားပါဘူး၊ မွေးကသာ ကိုကြီးဆီက လက်ထပ်ခွင့်ကို အိပ်မက်မက်နေသလိုမျိုး ရုတ်တရက်ကြားလိုက်ရလို့ ဝမ်းသာလွန်းသွားတာပါ၊ ဒီမျက်ရည်စတွေက ကြည်နူးမှုကြောင့်ဖြစ်လာရတာပါ ကိုကြီးရယ်"

ကိုကြီး ရင်ခွင်ထဲ ခေါင်းတိုးဝင်လျက် မွေး တိုးတိုးဖွဖွ ဖြေရှင်းပြတော့ တင်းကျပ်စွာ ဖက်လိုက်သော ကိုကြီး လက်များကြားမှာ မွေး အသက်ရှူပင် မှားသွားရ၏။

"ကိုကြီးကို အဲလောက်တောင်ပဲ ချစ်သလား"

ကိုကြီး မေးခွန်းဟာ မွေး ပြန်ဖြေဖို့မလိုအပ်မှန်း သေချာသော စကားတစ်ခွန်းသာ ဖြစ်သည်။ ကိုကြီးကို မွေး အသက်လောက်ချစ်မြတ်နိုးမှန်း ကိုကြီး အသိဆုံးပါ။ မွေးအတွက် ခုချိန်မှာ ကိုကြီးကသာ မွေးကမ္ဘာ မွေးဘဝ ဖြစ်တယ်ဆိုတာ ကိုကြီးကလွဲပြီး ဘယ်သူကများ သိနိုင်ဦးမှာလဲလေ။

မိဘမောင်ဖွားမရှိသော တစ်ကောင်ကြွက် မွေးအတွက် မင်္ဂလာပွဲကို ဘယ်လိုပုံ ဘယ်လိုအပြင်အဆင်မျိုးနှင့် ကျင်းပရင်ကောင်းမလဲဆိုပြီး တီးတိုးတိုင်ပင်ဖော်ပင် မရှိခဲ့။ အစစအရာရာ ကိုကြီးကသာ လိုက်စီမံပေးခဲ့ရသည်။

ခမ်းနားကြီးကျယ်သော ဟိုတယ်ခန်းမကြီးတစ်ခုကို ကိုကြီး ငှားရမ်းသည်။ မင်္ဂလာပွဲတွင် ဝတ်ဆင်ရန် ထိုင်းမသိမ်းဝတ်စုံအပ်ဖို့ နာမည်





အကြီးဆုံး ဒီဇိုင်နာထံ ကိုကြီး ကိုယ်တိုင်ခေါ်သွားပေးသည်။

"ကိုကြီးကတော့ ရွှေအိုရောင်လေး ဝတ်စေချင်တယ် မွေးကရော"

"မွေးက ပန်းနုရောင်လေး ဝတ်မလားလို့ စဉ်းစားထားတာ ကိုကြီးရဲ့"

"ပန်းနုရောင်က လှပါတယ်၊ ဒါပေမဲ့ မွေးအသားရောင်က ဖြူဖွေးဥနေတာမဟုတ်ဘဲ ဝါဝါဝင်းဝင်းလေးမို့ ကိုကြီးကတော့ ရွှေအိုရောင်လေးနဲ့ပိုလိုက်မယ်လို့ ထင်တယ်လေ"

ကိုကြီးက လိုက်ဖက်တယ်ဆိုပြီး ရွေးချယ်ပေးနေသည့်အရောင်ကို မွေးမှာ ပြန်လည်ငြင်းဆန်ဖို့ ဘယ်လိုတတ်နိုင်ပါ့မလဲ။ မွေး ပန်းနုရောင် ဝတ်ချင်တယ်ဆိုသည့်ဆန္ဒဟာလည်း ကိုကြီး အကြောင်းပြချက်ကောင်းကောင်းနှင့် ငြင်းပယ်မှုအောက်မှာ ငြိမ်သက်လဲလျောင်းသွားရပြီလေ။

မိတ်ကပ်ပြင်ဆရာဆီမှာလည်း ဘယ်လိုလေး ပြင်ပေးပါနော်၊ အရမ်းကြီး ကာလာတွေမထည့်နဲ့၊ ဘာတာညာညာတွေ ဝင်ရောက် ဆရာလုပ်ခဲ့တာလည်း ကိုကြီးပါပဲ။ လှပသည့်စာချွန်လွှာလို အလိပ်လိုက် ဒီတ်စာလေးကိုလည်း ကိုကြီး သဘောကျအပ်ခဲ့ရပြီးပြီ။

"ဒင်နာကျရင်တော့ အနီရဲရဲဂါဝန်လေး ဝတ်ပေါ့၊ ညပွဲဆိုတာ အားလုံးထဲမှာ ထင်းနေမှ ကောင်းတာမျိုး"

မွေးဘက်က ဘာမှဝင်စွက်ဖက်စရာမလိုလောက်အောင်ကို ကိုကြီးက စေ့စပ်သေချာစွာ စီမံပေးနိုင်ခဲ့သည်။ မွေးဘက်က မိဘဆွေမျိုးတွေ မရှိတော့ပြီမို့ စေ့စပ်ပွဲကိုတော့ မလုပ်ခဲ့ရပါ။ ကိုကြီး လက်ထပ်ခွင့်တောင်းပြီး တစ်လအတွင်းမှာပင် မွေးတို့နှစ်ယောက် အတူနေနိုင်ရန်



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက အားချင်းစီစဉ်နေခြင်းဖြစ်သည်။

မွှေး နေထိုင်ရာ ကန်ထရိုက်တိုက်ငါးလွှာဆီ မင်္ဂလာပွဲပြင်ဆင်နေသော ရက်တွေအတွင်း ကိုကြီး ညနေတိုင်းရောက်လာတတ်၏။

"ဒီအခန်းကို ပြန်ရောင်းရင်ကောင်းမလားလို့ မွှေး တွေးနေတာ ကိုကြီး"

"ဘာလုပ်ဖို့ ပြန်ရောင်းနေမှာလဲ မွှေး၊ ဘယ်လောက်ရမှာမို့လဲ အလွန်ဆုံးရလှ သိန်းသုံးရာပေါ့"

"ဟြော် ကိုကြီးရယ် မွှေးအတွက် သိန်းသုံးရာဆိုတဲ့ငွေပမာဏက မနည်းလှပါဘူး၊ မိဘတွေကျန်တဲ့ လက်ငုပ်လက်ရင်း ယာလေးလယ်လေးရောင်းပြီး ဝယ်ထားခဲ့ရမှန်း ကိုကြီး အသိ၊ အဲဒီတုန်းက တိုက်ခန်းဈေးတွေက ခုဈေးနဲ့စာရင်တောင် တော်တော်နည်းသေးတယ်ဆိုပေမယ့် မွှေးမှာ ဒီအခန်းလေးပိုင်ဖို့ကိုတောင်"

"ကိုကြီး နားလည်တယ် မွှေး"

ကိုကြီးက မွှေးကို စကားပင်ဆုံးအောင် မပြောစေဘဲ ကြားဖြတ်ပိတ်ပစ်လိုက်သည်။ နောက်တော့ မွှေး နဖူးစပ်လေးကို ဖွဖွနမ်း၏။ နဖူးကနေ ပါးမို့မို့ နောက်တော့ နီတွေးသော နှုတ်ခမ်းလေး၊ နောက်တော့ ကျော့ရှင်းသော လည်ဇတိုင်လေး နူးညံ့သောအနမ်းတို့သည် မွှေးအတွက် ယစ်မူးချင်စရာကောင်းအောင် ကိုကြီး ဆွဲဆောင်နိုင်လွန်းခဲ့၏။

"ကိုကြီး တော်ပြီကွာ၊ လက်ထပ်ဖို့ရက်လည်း သိပ်မလိုတော့တာကို ဒီလောက်လေးတောင် မအောင့်နိုင်တော့ဘူးလား"

နူးညံ့သော အနမ်းကနေ အဆင့်တွေကျော်တက်ချင်နေသော ကိုကြီး လှုပ်ရှားမှုများအား မွှေး ငြင်းဆန်မိတော့ ကိုကြီးက အလိုမကျ





သလို မျက်ခုံးများစုကျုံ့လျက် မွှေး မျက်လုံးများထဲထိ တည့်တည့်စိုက်ကြည့်နေပြန်သည်။

"မွှေးက ကိုကြီးကို မချစ်ပါဘူး"

"အို ဒီကိစ္စနဲ့အချစ်နဲ့ တိုက်ရိုက်ပတ်သက်နေလိမ့်မယ်လို့ မွှေး ဘယ်တုန်းကမှ မထင်ထားခဲ့တာတော့ အမှန်ပဲ ကိုကြီး၊ မွှေးက ကိုကြီးကို မချစ်လို့တော့ ကိုကြီး မပြောပါနဲ့၊ ကိုကြီးကိုချစ်လွန်းလို့ မွှေးရဲ့ တစ်သက်လုံးစာ အနားမှာနေချင်ခဲ့တာပါ"

"ဒီလိုဆို ကိုကြီးဆန္ဒကို ဘာလို့မလိုက်လျောနိုင်တာတုန်း"

"ကိုကြီးဆန္ဒကို မလိုက်လျောနိုင်တာမဟုတ်ပါဘူး၊ မလိုက်လျောနိုင်သေးတာပါ ကိုကြီးရယ်၊ အချိန်မတန် အို ကိုကြီး"

မွှေးကို စကားဆက်ခွင့်မပေးတော့ဘဲ ကိုကြီးက အနမ်းများဖြင့် နှုတ်ပိတ်ပစ်လိုက်၏။ ကိုကြီးအနမ်းကို ငြင်းချင်သော ဆန္ဒမရှိသော်လည်း မွှေး ရုန်းထွက်ကြည့်မိသည်။ ကိုကြီးရဲ့သန်မာသော လက်များက ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ဖမ်းချုပ်ထားသည်မို့ မွှေး ကြိုးစားသမျှ အရာမထင်ခဲ့ပါ။

ငြင်းဆန်နေမှုတွေကြားမှာ ရင်ခုန်စိတ်လှုပ်ရှားမှုတွေက ရောပြွမ်းနေတော့လည်း မွှေး ရုန်းကန်နေမိသော လက်လေးတွေ အင်အားလျော့နည်းလာကြ၏။ ကိုကြီးလည်တိုင်ဆီမှ တသင်းသင်းလွင့်ပျံ့လာသော ရေမွှေးနံ့ကလည်း Givenchy ရေမွှေးနံ့ကလည်း မွှေး စိတ်တွေကို ညှို့တ်နှူးပျော့ပျောင်းလာစေ၏။

မွှေး ဘယ်လိုလုပ်ရမလဲကွယ်။

ကိုကြီးရဲ့ပြင်းပြတဲ့ ဆွဲဆောင်မှုတွေအောက်မှာ မွှေးရဲ့နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



လေး အရည်ပျော်ကျသွားတော့မယ်။ ကိုကြီးရဲ့ကြမ်းတမ်းသော အချစ်တွေအောက်မှာ မွှေး ကိုယ်လုံးနွဲ့နွဲ့လေးဟာလည်း ကြက်ကလေးငှက်ကလေးတစ်ကောင်လိုမျိုး မလှုံးသာမလွန့်သာ။ နူးညံ့သော ပွေ့ဖက်မှုတွေကြားမှာ မွှေး အတွေ့ထူးကို ကြည်နူးစွာခံယူနိုင်ရန် မျက်လုံးလေးများကို အလိုက်သင့်ပိတ်ထားလိုက်တော့၏။

ကိုကြီးရယ် မိန်းမတစ်ယောက်ဟာ သူကိုယ်တိုင်သတ်မှတ်ထားတဲ့ ဘောင်ထဲကနေ လွတ်ထွက်သွားခဲ့ရရင်တောင် သူ့ချစ်သူကိုချစ်တဲ့ ချစ်ခြင်းမေတ္တာတရားတစ်ခုတည်းကို ငဲ့ကွက်ပြီး အဆုံးစွန်ထိ ကြည်နူးကျေနပ်စွာ ပေးဆပ်ခဲ့တယ်လို့ ယုံကြည်ပေးပါနော်။

■ ■ ■



## အခန်း (၂)

"မညို့ အငယ်မလေး အခြေအနေ ဘယ်လိုလဲ"

"ဆေးပေးခန်းက ပေးတဲ့ဆေးတော့တိုက်ထားတာပဲ မွှေးရယ်၊ ဒါပေမဲ့ ကိုယ်ပူက သိပ်မကျချင်ပါဘူး"

"ကလေးက ဖျားနေတာ သုံးရက်တောင်ရှိပြီနော်၊ အဖျားလည်း မကျဘူးဆိုတော့ မြို့ပေါ်က ဆေးခန်းကို သွားပြကြည့်ကြပါလားဟင်"

မွှေး စကားအဆုံးမှာ မျက်နှာလေး ဆီးစေ့လောက်ငယ်သွားသော မညို့ မျက်နှာပေါ်မှာ ဝမ်းနည်းခြင်းတွေ ပြည့်လျှံနေခဲ့သည်။ ပါးပြင်ပေါ်ကျဆင်းလာသော မျက်ရည်စက်များကို မညို့ ဖယ်ရှားပစ်ဖို့ပင် မေ့လျော့နေခဲ့ပုံပါပဲ။

"ကျွန်မအခြေအနေနဲ့ ဘယ်လိုလုပ် မြို့ပေါ်က ဆေးခန်းကို သွားပြနိုင်မှာလဲ မွှေးရယ်၊ ကိုယ့်ကလေး ဒီလောက်ထိ ကိုယ်တွေ့ပုံနေသော ... တောင် ဘာမှမတတ်နိုင်လို့ ဒီတိုင်း ထိုင်ကြည့်နေရတဲ့ အနေအထား



www.burmeseclassic.com

www.burmeseclassic.com



ပါ''

''အဲဒီလိုတော့ ဘယ်ဟုတ်မလဲ မညို့ရဲ့၊ လူတစ်ယောက်ရဲ့ ကျန်းမာရေးက အရေးကြီးဆုံးပဲ၊ ပြီးတော့ ဝမ်းနဲ့လွယ်ပြီး ကိုယ်တိုင် မွေးထုတ်ထားရတဲ့ သားသမီး၊ မွေး နားလည်ပါတယ်၊ မွေးလည်း အတတ်နိုင်ဆုံး ကူညီပေးချင်ပါတယ်၊ လောလောဆယ်တော့ မွေးမှာ ခြေစောင့်လက်စောင့်ထားထားတဲ့ ငွေရှစ်သောင်းလောက် ရှိသေးတယ်၊ မညို့ကို အဲဒီထဲက ငါးသောင်းပေးလိုက်မယ်နော်၊ နောက်မှလိုတာ ထပ်ပြောပေါ့''

''အို မဟုတ်တာ မွေးပိုက်ဆံကို မညို့ အလကားသက်သက် မယူချင်ပါဘူးကွယ်၊ မွေးမှာလည်း တစ်ယောက်တည်း အဆင်ပြေအောင် နေနေရတာမဟုတ်လား''

''အင်းလေ မွေးတစ်ယောက်တည်းမို့ အဲဒီငွေတွေက မွေးအတွက် လောလောဆယ် သုံးစရာနေရာ မရှိသေးပါဘူး၊ မညို့တို့ဒေသက စားသောက်စရာတွေလည်းပေါတော့ မွေး တစ်ကိုယ်စာအတွက် ငွေနည်းနည်းရှိရင် လုံလောက်နေပါပြီ''

အခန်းထဲရှိ ဗီရိုထဲမှ တစ်သောင်းတန် ငါးရွက်ထုတ်ပေးလိုက်ပြီး မညို့ကို နှစ်သိမ့်ပေးနေရသေးသည်။ အမေဆိုတာမျိုးက ကိုယ့်သားသမီးအတွက်ဆို ကိုယ့်အသက်တောင် ပေးရဲကြသူများမို့ မညို့သည်လည်း မွေးကို မျက်ရည်များ တွေတွေကျဆင်းလျက် ကျေးဇူးတွေ အကြိမ်ကြိမ် တင်နေခဲ့သည်။

''လောလောဆယ်တော့ မညို့ ကလေးကိုပြုစုဖို့နဲ့ မြို့ပေါ်သွားရမှာတွေနဲ့ ရှုပ်နေမှာဆိုတော့ မွေးဆီ မလာပါနဲ့ဦး၊ ဒါပေမဲ့ အခြေအနေ





ကိုတော့ မွေးသိအောင် အကြောင်းကြားပေးဦးနော်''

''မွေးတစ်ယောက်တည်း အိမ်သန့်ရှင်းရေးတွေ ပန်းခင်းကြည့်ရတာတွေနဲ့ အဆင်ပြေပါ့မလား၊ မညို့ မလာနိုင်ရင်တောင် တစ်ခုခု စီစဉ်ပေးပါ့မယ်၊ မွေးရဲ့ကျေးဇူးတွေက အငယ်မလေးကိစ္စ မဖြစ်ခဲ့ရင်တောင် မညို့အပေါ်မှာ အများကြီးပါ''

မညို့ သားအကြီးဆုံးလေးက ဒီနှစ်ငါးတန်းတက်မှာမို့ အလယ်တန်းကျောင်းပြောင်းရပြီ။ အဲဒီကိစ္စတွေကိုလည်း မွေးပဲတာဝန်ယူပြီး လုပ်ပေးထားခဲ့ခြင်း။ ဟိုးမြို့ငယ်လေးထိ သွားတက်ရတာဆိုတော့ မွေးသာ မကူညီရင် မညို့လည်း အကြီးကောင်လေးကို ကျောင်းဆက်ထားဖို့ စိတ်ကူးမှာမဟုတ်။ ကလေးတစ်ယောက်ရဲ့ပညာရေးက မဖြစ်စလောက် မူလတန်းလောက်နဲ့တင် ပြီးဆုံးသွားမှာမျိုးကို မွေး သဘောမတူနိုင်ခဲ့ပါ။

မနက်အစောပိုင်းဆို ခြံထွက်သီးနှံတွေကို မြို့ဈေးမှာ သွားရောင်းတတ်သည့် ဦးသာအောင်ရဲ့ထော်လာဂျီနဲ့ ကျောင်းချိန်မီသွားနိုင်လို့ အဆင်ပြေလှသည်။ နေ့တစ်ဝက်ကျောင်းဆိုတော့ ဦးသာအောင် ဈေးသိမ်းအိမ်ပြန်ချိန်မှာလည်း အဆင်သင့်ပင် ရွာပြန်လိုက်လာရုံ။

အလတ်မလေးကတော့ အသက်သာ ကိုးနှစ်ကျော်သွားရော။ ခုထိ ကကြီးခခွေးတောင် မသင်ပေးနိုင်သေးသည့် အနေအထား။ ထို့ကြောင့် အဲဒီကလေးမလေးကိုလည်း မွေးပဲ အားရင်အားသလို စာခေါ်သင်ပေးနေရသေးသည်။

အခု အငယ်ဆုံးလေးက သုံးနှစ်ခွဲလောက်သာ ရှိသေးသည်မို့ မညို့အတွက် ကျောင်းကိစ္စ ရင်အေးရမလား မှတ်ပါတယ်၊ သူကတစ်မျိုး ကျန်းမာရေး ဒုက္ခပေးချင်သည်။ ငယ်စဉ်တည်းက အကြီးနှစ်ယောက်

www.burmeseclassic.com



ထက်စာရင် ချူချာလို့ ဂရုတစိုက်နေလာရသော ကလေးလေးတဲ့လေ။

ခုလိုမျိုး ကိုယ့်ထက်ချို့တဲ့သူတွေကို လိုအပ်တဲ့နေရာလေးတွေမှာ တတ်နိုင်သလောက် ကူညီပေးနေရတာ မွေး ကျေနပ်မိ၏။ ကိုကြီး ထောက်ပံ့ထားသည့်ပိုက်ဆံတွေကို အကျိုးရှိသည့်နေရာတွေမှာ ပြန်အသုံးချပေးတော့ ကိုကြီးအတွက်လည်း သံသရာမှာ ကုသိုလ်ရတာပေါ့လို့ ဖြေတွေးလေးနှင့် ဒီအစီအစဉ်ကို လုပ်မိထားခြင်း။

"မနက်ဖြန် အစောပိုင်းကို ဦးသာအောင် ထော်လာဂျီနဲ့ပဲ မြို့ပေါ်လိုက်သွားကြပေါ့၊ ဒီထက်တော့ အချိန်မဆွဲပါနဲ့တော့ မညိုရဲ့ ကလေးလည်း ဝေဒနာခံစားနေရတာ မြန်မြန်သက်သာတော့ မညိုလည်း မြန်မြန်စိတ်ချမ်းသာရတာပေါ့"

"အင်းပါ မွေးရယ်၊ မညိုလေ မွေးကျေးဇူးတွေကို ဘယ်လိုပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူး"

"မလိုပါဘူး မညို၊ မျက်စိရှေ့မှာ အမြင်မတော်လို့ လုပ်ပေးသင့်တယ်ထင်လို့ တတ်နိုင်သလောက်လေး ကူညီပေးရတာပါ"

မွေးတစ်ယောက်တည်း ကျန်ခဲ့တော့မှ အတွေးတို့က တွေလီကာလီဖြစ်ရသည်။ ကိုယ့်ဝင်ငွေလေးနှင့်ကိုယ် ဖြစ်အောင် ဘယ်လိုလုပ်ငန်းလုပ်ကိုင်ရင် အဆင်ပြေမလဲဆိုတဲ့အတွေးမျိုးတွေပါ။ သူ့အထောက်အပံ့ကို အတတ်နိုင်ဆုံးမယူမိအောင် ကြိုးစားနေပေမယ့် ခုလိုမျိုး လူမှုရေးကိစ္စလေးတွေ ပေါ်လာတော့လည်း ကုသိုလ်ဖြစ်လုပ်မိသွားတာလေးတွေ။ သူလည်း ကုသိုလ်ရ ကိုယ်လည်းကုသိုလ်ရသည်မို့ ဒီငွေတွေ အလဟဿ ဖြစ်မသွားတာကတော့ အကောင်းဆုံးပေါ့။





"မွေး ပိုက်ဆံတွေ မ မရှိတော့ဘူး၊ မွေး မွေးဘဝပျက်ပါပြီရှင်"

မွေး ငိုကြီးချက်မနှင့် ဗလုံးဗထွေးပြောမိတော့ ကိုကြီး ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားပုံရသည်။

"ဘယ်လိုဖြစ်ရတာလဲ မွေးရယ်၊ အေးအေးဆေးဆေး ရှင်းပြပါဦး"

"ကိုကြီးဆီမှာ အလုပ်စဝင်တည်းက မွေးအကြောင်းတွေ ပြောပြထားခဲ့ဖူးပါတယ်၊ မွေးမိဘတွေရဲ့လက်ငုပ်လက်ရင်း လယ်လေးတွေ ရောင်းပြီး ရန်ကုန်တက်လာခဲ့တယ်ဆိုတာ"

"သိတယ်လေ အဲဒီငွေတွေထဲကနေ ဒီနေ့ပဲ အခန်းငှားဖို့ စပေါ်သွားပေးမယ်ဆို၊ ကျန်တာတွေက ရွာက အတူပါလာတဲ့အစ်ကိုတစ်ယောက်ဆီ အပ်ထားတယ်ဆို"

"အဲဒီ အစ်ကိုဆိုတာ တကယ်တော့ ရပ်ဆွေရပ်မျိုးသဘောပါ၊ သွေးမတော်ပါဘူး၊ အခု မွေး ငွေတွေယူပြီး သူ ထွက်သွားပြီ"

တကယ်တော့ မွေး ဘဝပျက်မတတ် ငိုကြွေးနေရသော အလိမ်ခံလိုက်ရသည့် ငွေပမာဏသည် ကိုကြီးတို့အတွက်တော့ ကလေးကစားသလောက်သာ ဖြစ်နေမှာပါ။ ဒါပေမဲ့ မွေးမှာကတော့ အမေကွယ်လွန်ပြီးနောက်ပိုင်း ကျန်ခဲ့တဲ့ လယ်လေးနဲ့ တိုက်ခံပျဉ်ထောင်အိမ်လေးကို ရောင်းချပြီး မြို့မှာတက်လမ်းရှာဖို့ အရဲစွန့်ထွက်လာနိုင်အောင် အထောက်အပံ့ပေးနိုင်သည့် နောက်ဆုံးလက်ကျန် ငွေလေးဖြစ်သည်။

ကိုမင်းဒင်ဆိုတာကလည်း အရင်က မွေးတို့လယ်လေးမှာ အလုပ်သမားအဖြစ် စားစားသောက်သောက် အတူနေထိုင်ခဲ့ဖူးသည်။ ဝယ်သည့်ပစ္စည်းပစ္စယများကို ရန်ကုန်တက်ဝယ်ယူပေးရသူမို့ ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



မြို့ဟာ သူ့အတွက် အိမ်ဦးကြမ်းပြင်အနေအထားဖြစ်၏။ အမေဆုံးတော့ သူပါ မြို့ပေါ်တက် စီးပွားရှာချင်တယ်ဆိုပြီး မွေးနှင့်အတူ လိုက်လာခဲ့တာ။

ရွာခံဘုန်းကြီးရှိသည့် တောရကျောင်းတိုက်လေးတစ်ခုမှာ အတူတည်းပြီး မွေးနေဖို့ အိမ်လေးတစ်လုံး ငှားရမ်းနိုင်ရန် လိုက်ရှာခဲ့ရတာ။ ကိုမင်းခင်ကတော့ မွေးအိမ်ငှားလို့ရသည်နှင့် သူ့အသိ လူတစ်ယောက်ဆီမှာ အလုပ်လုပ်ရင်း နေနိုင်ဖို့ပြောထားသည်ဆိုပြီး မွေး သိထားခဲ့ရတာ။

ရန်ကုန်ရောက်နေကာစ နှစ်ပတ်လောက်အတွင်း မွေး ပိုက်ဆံလေးနှင့် အဆင်ပြေနိုင်သည့်အိမ် ရှာမတွေ့ခဲ့သေးပေမယ့် အလုပ်တစ်ခုတော့ ရခဲ့သည်။

ဆယ်တန်းအောင်တော့ တက္ကသိုလ်ဆက်တက်ရန် မွေး ရည်ရွယ်ချက် မရှိခဲ့ပေမယ့် ပညာရေးကို ဆုံးခန်းတိုင်စေချင်ခဲ့သည့် အမေက တက္ကသိုလ်ဆက်တက်စေခဲ့သည်။ ဒါကြောင့်လည်း နယ်တက္ကသိုလ်လေးမှာ ရူပဗေဒအဓိကနှင့် ဘွဲ့ရသည်ထိ မွေး တက်ရောက်သင်ကြားခဲ့ရသည်။

အဲဒီဘွဲ့ရဆိုတာလေး အားကိုးဖြင့် ရန်ကုန်မြေမှာ အလုပ်တစ်ခုရှာဖွေနိုင်ရန် မွေး ဟိုဟိုဒီဒီလျှောက်စုံစမ်းနေတုန်းမှာပဲ ကိုကြီးနှင့်ဆုံတွေ့ခဲ့ရခြင်းဖြစ်၏။

စတင်ဆုံတွေ့ခဲ့ရပုံလေးက မထူးခြားလှပါ။ သာမန်အချစ်ဝတ္ထုများထဲမှအတိုင်းပင်ဖြစ်သည်။

ကိုကြီးကားနှင့် မွေးကိုဝင်ပွတ်မိသလိုဖြစ်ကာ မွေး ခြေခေါက်လဲကျသွားရာမှ စတင်ခဲ့သည်။ ဆေးခန်းကို ကိုယ်တိုင်လိုက်ပို့ပေးကာ လမ်းလျှောက်ဖို့ အဆင်မပြေခဲ့သည့် သုံးရက်လုံးလုံး မွေးတည်းနေသည့်





ဘုန်းကြီးကျောင်းကို လာကြည့်ဖော်ရခဲ့သည်။ မွေး အလုပ်တစ်ခုရှာနေမှန်းလည်း သိသွားသဖြင့် သူ ပိုင်ဆိုင်သော လုပ်ငန်းများထဲမှ ရုပ်မြားကတ်တစ်ခုတွင် အရောင်းဝန်ထမ်းတစ်နေရာအတွက် ခန့်ပေးထားခဲ့ခြင်းဖြစ်၏။ ဒီခေတ်ကြီးမှာ ဘွဲ့လေးတစ်ခုရရုံနှင့်တော့ ဒီအလုပ်လောက်ပဲ ရနိုင်မည်မှန်း မွေး ကြိုသိပြီးသားပါ။

ဘယ်လိုပဲဖြစ်ဖြစ် ကိုကြီးဟာ မွေးအတွက် ကျေးဇူးတင်ထိုက်သူတစ်ယောက်စာရင်း ဝင်သွားခဲ့တာတော့ အမှန်ပါပဲ။

"မွေး အိမ်ရှာတာ အဆင်ပြေရဲ့လား"

မွေး အလုပ်လုပ်သည့်မားကတ်ထိ လိုက်လာတတ်ကာ စိုးရိမ်တကြီး မေးတတ်သည့် ကိုကြီးမျက်ဝန်းတွေကို မွေး အဲဒီတုန်းတည်းက ရိပ်စားမိခဲ့ပါသည်။

"ရန်ကုန်မှာက ငှားဖို့အတွက်ကိုတောင် အိမ်ဈေးတွေက တအားကြီးတယ်နော်၊ မွေးအတွက်က တော်တော်လေး စဉ်းစားနေရလို့ပါ ဦးစစ်မင်းရယ်"

"ဟေး အဲဒီ ဦးစစ်မင်းဆိုတာကြီးက နားနဲ့လုံးဝ အဆင်မပြေဘူး၊ တစ်ခုခု အစားထိုးကြည့်ပါလား"

"ရှင်"

"*ဟုတ်တယ်လေ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်က မင်းထက်ဆယ်နှစ်*လောက် ကြီးတာ အသိသာကြီးပဲ၊ ဒါပေမဲ့ ဦးစစ်မင်းဆိုတာကတော့ နားထဲမှာ အဆင်မပြေဘူးကွာ"

"ဒီလိုဆို ဦးစစ်မင်းက မွေးအတွက်အစ်ကိုကြီးတစ်ယောက်လို အားကိုးလို့ရတာမို့ ကိုကြီးလို့ ခေါ်မယ်လေ၊ အဆင်ပြေလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ဟုတ်လား ကောင်းသားပဲ၊ ဦးစစ်မင်းဆိုတာထက်စာရင်တော့ အများကြီးစိတ်ချမ်းသာတယ်၊ ပြီးတော့ ကိုကြီးကို အားကိုးလို့ရတယ်ဆိုတာ မွှေး လက်ခံထားတဲ့အတွက် ကိုကြီးဘက်ကလည်း တစ်ခုလောက် ပြောချင်တယ်"

ကိုကြီးက မွှေးအပေါ်မှာ တခြားသူတွေအားလုံးထက် ပိုသာဆက်ဆံတတ်မှန်း မြင်နေသိနေသော ဝန်ထမ်းတချို့ရဲ့မျက်လုံးများကို ကိုကြီး ဂရုမစိုက်ပေမယ့် မွှေးကတော့ ဂရုစိုက်ရပါလိမ့်မည်။

ထို့ကြောင့်

"ကိုကြီး ပြောချင်တာထက် မွှေး တစ်ခုလောက် အရင်ပြောပါရစေ၊ ဒီလိုမျိုး မွှေးတို့စကားပြောနေတာကို တခြားဝန်ထမ်းတွေကလည်း မြင်နေရတော့ မွှေးနောက်ကျောမလုံတာတော့ အမှန်ပါပဲ၊ ပြီးတော့ မွှေးက သူတို့လိုမျိုး တကယ်တမ်း အင်တာဗျူးတွေဖြေ လျှောက်လွှာတွေတင်ပြီးမှ ဒီအလုပ်ထဲဝင်လာတာမဟုတ်တော့ နောက်ကွယ်မှာ မွှေးကို တစ်ခုခုပြောဆိုကြမှာမျိုး မွှေး မဖြစ်ချင်ဘူး"

"မွှေးကိုဘယ်သူပြောမှာလဲ၊ ပြောတဲ့သူ ကိုကြီးနဲ့ရှင်းနိုင်းလိုက်"

ဖွတ်တရွတ်လုပ်နေသော ကိုကြီးကို မွှေး ဘာမှပြန်မပြောနိုင်တော့ဘဲ လက်မှိုင်ချ ငေးစိုက်ကြည့်နေမိ၏။

"ခုနက ကိုကြီးပြောမှာကို ဆက်ပါရစေ၊ အခု မွှေး ဘုန်းကြီးကျောင်းမှာတည်းနေတာလည်း တစ်လလောက်ရှိနေပြီ မွှေး စိတ်တိုင်းကျတဲ့အခန်းမျိုးလည်း ရှာမတွေ့သေးဘူးဆိုတော့ ကိုကြီးဘက်ကပဲ မွှေးနေဖို့ထိုင်ဖို့ တိုက်ခန်းတစ်ခန်း စီစဉ်ပေးပါရစေ"

"အို ကိုကြီး"





"ဟုတ်တယ် မွှေး၊ ကိုကြီး စဉ်းစားနေတာ အဲဒီကိစ္စက အဓိကပဲ ဒီလိုမျိုးကြီး ဘုန်းကြီးကျောင်းမှာ မွှေး ဘယ်လောက်တောင်ဆက်နေဦးမှာလဲ၊ လောလောဆယ် တိုက်ခန်းတစ်ခု ကိုကြီး ဝယ်ပေးမယ်၊ အဲဒီမှာနေပေါ့"

"မဖြစ်ပါဘူး ကိုကြီးရယ်၊ မွှေး ကိုကြီးပိုက်ဆံတွေကို မသုံးချင်ပါဘူး၊ အခုလည်း အခန်းက လုံးဝရှာမတွေ့သေးတာမျိုးမဟုတ်ပါဘူး၊ ညနေကျရင်တောင် အခန်းတစ်ခန်းသွားကြည့်ဖို့ ပြောထားသေးတယ်၊ အဲဒီအခန်းလေးကတော့ မွှေးမှာပါတာလေးတွေနဲ့ စပေါ်တင်ပြီးငှားမယ်ဆို အဆင်ပြေပါတယ်၊ ကျန်တဲ့ငွေကိုတော့ မုန့်ဆိုင်လေးဖြစ်ဖြစ် ဘာလေးဖြစ်ဖြစ် ဖွင့်မလားလို့လေ၊ ကိုကြီးတို့ ရန်ကုန်မှာ လမ်းဘေးဆိုင်တွေပေါတာပဲဟာ၊ အဲလိုမျိုးလေး လုပ်ကြည့်မလားလို့"

"မွှေးက ကိုကြီးစကားကို နားမထောင်ဘူးနော်"

ကိုကြီးရဲ့လေသံက မှိန်ဖျော့သွားလျက် ကိုကြီးမျက်ဝန်းတွေမှာ စိတ်မကောင်းခြင်းအရိပ်အယောင်တွေ ဖြတ်သန်းပြေးလွှားနေတာ မွှေးမြင်နေရသည်။ ဒါပေမဲ့ မွှေးလေ ကိုကြီးစေတနာတွေကို လက်မခံပါရစေနဲ့။

"ညနေ အလုပ်ဆင်းချိန်ကျရင် မားကတ်အောက်ထပ်ကကော်ဖီဆိုင်မှာစောင့်နေ၊ ကိုကြီး လာကြိုမယ်"

"အလုပ်ပြီးရင် မွှေးက တိုက်ခန်းသွားကြည့်ရမှာ ကိုကြီးရဲ့"

"ဘာဖြစ်သေးတုန်း၊ အဲဒီနေရာကို ကိုကြီး လိုက်ပို့မှာပေါ့၊ အဲဒါလောက်လေးတော့ ကိုကြီးကိုခွင့်ပြုပါ"

နောက်ဆုံးတော့လည်း မွှေး ခေါင်းညိတ်လိုက်ရခြင်းဖြင့် အဆုံးသတ်သွားတာပါပဲ။ အဲဒီအတွက် ကိုကြီးရဲ့မျက်နှာမှာ ပွင့်လန်းသွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အပြုံးတွေက တောက်ပဝင့်ကြွားလွန်းနေခဲ့သည်။

မွေးထက်ဆယ့်နှစ်နှစ်ကြီးသော ကိုကြီးက ခုမှ အသက်သုံးဆယ့်ခြောက်နှစ်မို့ ယောကျ်ားတစ်ယောက်အတွက် ဘယ်ဘက်ကကြည့်ကြည့် အသင့်တော်ဆုံးအရွယ်လို့တောင် ပြောလို့ရသည်။ ဥစ္စာလည်းပြည့်စုံလိုက်တာမှ ကျိုကျိုတက်၊ ပညာရေးဘက်မှာဆိုလည်း နိုင်ငံခြားကနေ စီးပွားရေးပညာဘွဲ့ယူလာတာ၊ ရုပ်ရည်ကလည်း ဖြူသောအသားမှာနှာတံစင်းစင်း နှုတ်ခမ်းပါးပါး၊ ကြည်လင်သော မျက်ဝန်းတွေက လုပ်သမျှအရာတိုင်း အောင်မြင်စွာ ကျော်လွှားဖြတ်သန်းခဲ့မှန်း သိသာလွန်းလှစွာတောက်ပနေတတ်တာ။

ကိုကြီး ပြန်သွားပြီးနောက်ပိုင်း ထမင်းစားရင်းနှင့် ကိုကြီးအကြောင်းတွေကို တမြုံ့မြုံ့တွေးနေမိလျက် ချိုင့်ထဲက ထမင်းတစ်ဝက်ပင်မကျိုးသေးတာကို ကိုယ့်ဘာသာ ပြန်သတိထားမိတော့မှ မွေး တစ်ယောက်တည်း ရှက်ပြုံးလေး ပြုံးမိသေးသည်။

မွေးရဲ့မသိစိတ်ထဲမှာ ကိုကြီး ဝင်ရောက်နေခဲ့တာတော့ သေချာလွန်းနေခဲ့ပါပြီ။

■ ■ ■

တစ်လမ်းကျော်မှာနေသော အိမ်ရှင်ဆီက သော့တောင်းယူလျက် မွေးနှင့်ကိုကြီးနှစ်ယောက်သား ငှားမည့်အိမ်လေးဆီ ထွက်လာခဲ့ကြသည်။ ရှစ်ထပ်ကန်ထရိုက်တွင် ငါးလွှာမြောက် ဘယ်ဘက်အခန်းမွေးတစ်ယောက်တည်း နေဖို့အတွက်တော့ သင့်တော်သောအခန်းမျိုးလေးဖြစ်သည်။ ဆယ့်နှစ်ပေ ပေခြောက်ဆယ်၊ တစ်ခန်းလုံးကြွေပြားများအပြည့်ကပ်ပြီးသား၊ နောက်ဖေးမီးဖိုချောင်တွေလည်း အဆင်သင့်ပြင်ဆင်





ပြီးသား။

မွေးကတော့ ဒီအခန်းလေးကို တကယ်ပင် သဘောကျမိ၏။ ရပ်ကွက်အတွင်းပိုင်းကို နည်းနည်းဝင်ရပေမယ့် ပတ်ဝန်းကျင်လေးကတိတ်တိတ်ဆိတ်ဆိတ်နှင့် သန့်ပြန့်သည်။ မွေး တတ်နိုင်သော အနေအထားနှင့် ဒီလိုအခန်းမျိုးလေးရတာကပဲ ကျေးဇူးတင်စရာကောင်းလွန်းနေခဲ့ပြီ။

"အခန်းလေးက သန့်သားပဲ မွေးရဲ့"

"ဟုတ်တယ် ကိုကြီး၊ မွေးလည်း သဘောကျတယ်၊ မွေးကမိန်းကလေးတစ်ယောက်တည်းနေမှာဆိုတော့ ပတ်ဝန်းကျင်ကိုလည်းကြည့်ရသေးတယ်လေ၊ မွေး လေ့လာမိသလောက်နဲ့ အိမ်ရှင်အပြောအရတော့ တော်တော်လေး အဆင်ပြေတယ်၊ ဒီအခန်းလေးကို ငှားလိုက်တော့မယ် ကိုကြီးရယ်၊ မနက်ဖြန်လည်း မွေး နားရက်ဆိုတော့ စပေါ်လာပေးထားလိုက်မယ်လို့ စိတ်ကူးတယ်"

"မွေး ကောင်းမယ်ထင်ရင် လုပ်ပေါ့၊ ဒီအခန်းလေးကို ကိုကြီးလည်း သဘောကျပါတယ်"

သို့သော် မွေးဆန္ဒတွေ မပြည့်ဝခဲ့ပါ။ ယုံကြည်စွာ ထားရစ်ခဲ့သော ကိုမင်းဒင်ကိုယ်တိုင်က မွေး လက်ကျန်ငွေလေးတွေကို သိမ်းယူထွက်ပြေးသွားခဲ့ပြီ။

စပေါ်ငွေသွားပေးပြီး ပြန်လာသည့်နောက်ပိုင်း ကိုမင်းဒင်ကိုပါအိမ်လေးငှားဖြစ်သွားကြောင်း ပြောပြချင်သည့်ဆန္ဒနှင့် ကျောင်းဝင်းအနှံ့လိုက်ရှာပေမယ့် မတွေ့ခဲ့ရပါ။ အရင်က ကျောင်းဝင်းထဲကနေ ပေါ်သာန်မှုံ့အပြင်ပင်မထွက်တတ်သူ၊ ရန်ကုန်က သူ့အသိဆိုသူ ညနေစောင်းချိန်



www.burmeseclassic.com

www.burmeseclassic.com



ထွင် သာခေါ်မှသာ ခဏတဖြုတ် လက်ဖက်ရည်ဆိုင်လေး ဘာလေး ထွက်ထိုင်တတ်သူမို့ နေ့ခင်းကြောင်တောင်ကြီး ကိုမင်းဒင် ပျောက်နေသည့်အတွက် ကပ္ပိယကြီးထံ မွေး သွားမေးမိတော့မှ

"မင်းဒင်တစ်ယောက်တည်း အထုပ်တွေဆွဲပြီး ထွက်သွားတာ မြင်လို့ ဦးကြီး လှမ်းမေးတော့ သူ့အသိဆီမှာ သွားနေတော့မယ်၊ မွေး သိတယ်လို့ ပြောတာပဲ"

"ဟင် မွေး မသိပါဘူး ဦးကြီးရယ်"

ကိုမင်းဒင်အသိဆိုသူရဲ့လိပ်စာလည်း မရှိတာမို့ ဆက်သွယ်နိုင်ဖို့လည်း လမ်းစမမြင်ပါ။ မွေးကို အကြောင်းကြားခြင်းလုံးဝမရှိပါဘဲ မွေး သိပါတယ်လို့ ကပ္ပိယဦးကြီးကိုပြောတာကရော ဘာသဘောလဲ။ အတွေးတွေ ဇဝေဇဝါနှင့် မွေးအတွက် ပေးထားသော အခန်းလေးဆီ ပြန်လာမိတော့မှ မျက်စိထဲမှာ တစ်ခုခုလိုနေသည်မို့ ဟိုဟိုဒီဒီ ဝေ့ကြည့်မိလျက်

"ဟင် ပိုက်ဆံထုပ်ရော ပိုက်ဆံထုပ် ဘယ်ရောက်သွားပြီလဲ"

မွေး အိပ်သည့်ကွပ်ပျစ်အောက်မှာထားသည့် အနီရောင်သားရေအိတ် မရှိတော့ပါ။ မွေးမှာပါသမျှ ငွေအားလုံး အဲဒီအိတ်ထဲမှာ ထည့်ထားခဲ့တာ။ အဲဒီအိတ်ထဲမှာ ငွေတွေရှိမှန်းလည်း မွေးရယ် ဘုန်းဘုန်းရယ် ကိုမင်းဒင်ရယ်ပဲ သိထားတာ။ အခု မွေး ငွေအိတ်မရှိတော့။ ကိုမင်းဒင်ကလည်း ကျောင်းကနေ ထွက်ခွာသွားပြီပြောသည်။

မွေး ရင်တွေတုန်လျက် တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွား၏။ ကိုမင်းဒင် ထွက်သွားတာကို မြင်လိုက်သည်ဆိုသော ကပ္ပိယဦးကြီးထံ အပြေးပြန်သွားမေးမိတော့မှ

"ဟုတ်တယ်လေ မွေး၊ လာတုန်းက မွေးတို့နဲ့ပါလာတဲ့ သားရေ





အိတ်အနီရောင်ကို လက်တစ်ဖက်ကဆွဲပြီး ထွက်သွားတာပဲ"

ကပ္ပိယကြီးကို ဘာမှတောင် ပြန်မပြောနိုင်တော့ဘဲ နေရာမှာတင် မွေး ခြေထောက်တွေခွေလျက်ပုံကျသွားရသည်။ လုပ်ရက်လိုက်တာ၊ မွေးမှာ ဒီငွေတွေသာ မရှိတော့ရင် ဘယ်လိုမှ မရပ်တည်နိုင်ဘူးဆိုတာ သူ အသိဆုံး။ ဒါနဲ့တောင် နောက်ကျောဓားနဲ့ထိုးသည့်လုပ်ရပ်မျိုး လုပ်သွားနိုင်သော ကိုမင်းဒင်ကို မွေး အံ့ဩတုန်လှုပ်စွာ မယုံကြည်နိုင်သေး။

"အခု မွေး ဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်ရမယ်တောင် မသိတော့ပါဘူး ကိုကြီးရယ်၊ မနက်ကပဲ စပေါ်ငွေကလည်း သွားပေးခဲ့ပြီးသား၊ ကျန်တဲ့လခတွေကိုတော့ မွေး ပြောင်းလာတဲ့နေ့မှ ပေးမယ်လို့ ကတိခံခဲ့တာ"

"အင်း ဒီလိုဆိုတော့ ကိုကြီး ကြားဝင်ရတော့မှာပဲ မွေး၊ ဒီတစ်ခါ ကိုကြီး ကူညီတာကို မွေး လက်ခံပေးပါ"

"ဟုတ်ကဲ့ပါ ကိုကြီးရယ်၊ ဒါပေမဲ့လေ မွေး ငွေတွေကိုလည်း ဒီလိုနည်းနဲ့တော့ အဆုံးမခံနိုင်ဘူး၊ ကိုမင်းဒင်ကို မတွေ့တွေ့အောင် လိုက်ရှာဖို့ မွေး ဆုံးဖြတ်ထားတယ်"

"ရန်ကုန်အကြောင်း ဘာမှ ဂဃနဏမသိသေးတဲ့ မွေးက ဘယ်လိုရှာမလဲ ပြီးတော့ သူက ဒီငွေတွေယူသွားပြီး တခြားနယ်တစ်ခုခုဘက်ကို ပြေးရင်လည်း ပြေးမှာပေါ့၊ ကောက်ရိုးပုံထဲ အပ်ပျောက်ရှာတာဆက်တောင် ဆိုးသွားဦးမယ်၊ ဒီတော့ အဲဒီကောင်ကိုရှာတဲ့အလုပ်လည်း ကိုကြီးပဲ တာဝန်ယူပါ့မယ်၊ လောလောဆယ် မွေး လုပ်ရမှာက အလုပ်ကိုပုံမှန်ဆင်း၊ အိမ်ပြောင်းမယ်လို့ အရင်တည်းက သတ်မှတ်ထားတဲ့ရက်မှာပဲပြောင်း မွေးအနားမှာ ကိုကြီးရှိတယ် ဟုတ်ပြီလား၊ ဘာမှအားမငယ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက ဘာမှအားမငယ်နဲ့လို့ ပြောမှပင် မွှေးရင်ထဲ ဝမ်းနည်းခြင်းတွေပြည့်လျှံတက်လာကာ မျက်ဝန်းက မျက်ရည်တွေ တရစပ်စီးကျလာသည်။ မွှေး ကလေးတစ်ယောက်လိုပင် ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိ၏။ ကိုကြီးသာ မရှိခဲ့ရင် မွှေးဘဝက တကယ့်ကို မတွေးရဲစရာပါလား။

"ကိုကြီး ကိုကြီးကို မွှေး မွှေးလေ အရမ်းကျေးဇူးတင်ပါတယ်နော် အဟင့်"

ငိုသံတွေကြားက ဗလုံးဗထွေး ပြောမိသော မွှေး စကားကို ကိုကြီး သဘောပေါက်နားလည်စွာပင် ခေါင်းတညိတ်ညိတ်လုပ်ရင်းက သူ့ရှေ့မှာ ကိုယ်လုံးနွဲ့နွဲ့လေး တုန်ခါသွားသည်ထိ ငိုကြွေးနေသည့်မွှေးအား ရင်ခွင်ထဲမှာ ဖွဖွလေး ထွေးပွေ့ထားလိုက်မိ၏။

နွေးထွေးသော ရင်ခွင်ကျယ်၏အထိအတွေ့က မွှေးရဲ့အားငယ်စိတ်တွေကို လျော့ကျသွားစေတော မှန်ပေမယ့် ချော့သူရှိလျှင် ပိုငိုတတ်သည့် ကလေးတစ်ယောက်လိုပင် မွှေးမျက်ရည်တို့က ပိုလို့တောင် စီးဆင်းလာ၏။

"မငိုပါနဲ့တော့ မွှေးရယ်၊ ကိုကြီးကိုယုံလိုက်ပါနော်၊ မွှေး ဘေးနားမှာ ကိုကြီး အမြဲတမ်း ရပ်တည်ပေးမှာမို့လို့ ဘယ်တော့မှ အားငယ်စိတ် မမွေးရဘူးနော် ကြားလား"

ရင်ခွင်ထဲကနေ မရုန်းထွက်မိဘဲ ပိုလို့တိုးကပ်ထားရင်း မွှေး ခေါင်းလေးညိတ်ပြမိသည်။ မွှေး ယုံပါတယ် ကိုကြီးရယ်။

■ ■ ■



## အခန်း (၃)

ခြံရှေ့မှာ ရစ်သီရစ်သီ လုပ်နေသော ချာတိတ်လေးတစ်ယောက်ကို မွှေးအိမ်ထဲကနေ လှမ်းမြင်နေတာ ဆယ်မိနစ်လောက်တော့ ရှိပြီ။ ဘေးမှာလည်း ဆိုင်ကယ်လေးတစ်စီးရပ်လို့၊ ဒီကောင်လေးကို အရင်က ဒီရွာလေးမှာ မမြင်တွေ့ဘူးပါ။ မွှေးအတွက်တော့ မျက်နှာစိမ်းနေသော သူစိမ်းတစ်ယောက်သာဖြစ်သည်။

ကိုယ့်ခြံရှေ့မှာ ဘယ်ညာခေါက်တုံ့ခေါက်ပြန် လျှောက်လိုက်၊ ခြံထဲကို လှမ်းချောင်းကြည့်လိုက် လုပ်နေတာမို့ စိတ်ထဲက မသင်္ကာဖြစ်လာပြီး အိမ်ထဲမှ ထွက်လာခဲ့လိုက်သည်။ မွှေး ထွက်လာတာမြင်တော့ ချာတိတ်မျက်နှာက စိတ်ချမ်းသာသွားပုံပါပဲ။

"မင်းကို ခြံရှေ့မှာ မြင်နေတာကြာပြီ ဘာကိစ္စရှိလို့လဲ"

မွှေး တမင်သက်သက်ပင် လေသံကို မာမာပြောပစ်လိုက်၏။ ဒီ့သော် ချာတိတ်လေးကမူ မွှေးကို ဟက်ဟက်ပက်ပက် ပြုံးပြလျက်



www.burmeseclassic.com

www.burmeseclassic.com



"မမက မမွေးဝတ်လွှာလားဟင်"

ဟင် ဒီချာတိတ်က မွှေးနာမည်ကိုတောင် အတိအကျသိနေပါလား။ ဒီရွာထဲမှာလည်း တစ်ခါမှမမြင်ဘူးသည့် ကောင်လေးတစ်ယောက်က မွှေးကို တရင်းတနှီး ပြောနေသည်မို့ နည်းနည်းတော့ ထူးဆန်းသွားမိသည်။

"မင်းက ဘယ်သူလဲ"

"ကျွန်တော်က ဒေးဒေးပါ၊ မမညို့ လွှတ်လိုက်လို့ဗျ"

"ဟင် မညို့ လွှတ်လိုက်တာ ဟုတ်လား။ အငယ်မလေး ဘာဖြစ်လို့များလဲ"

မနေ့မနက်တည်းက တောင်ခြေက မြို့လေးဆီ မညို့တို့သားအမိ ဆင်းသွားကြတာ အခုချိန်ထိ ဘာသတင်းမှ မကြားရသေး။ ခုလည်း မညို့က ဒီကောင်လေးကို လွှတ်လိုက်တာဆိုတော့ မွှေးစိတ်ထဲ ထိတ်ခနဲ ဖြစ်သွားရတာ အမှန်။

"အငယ်မက ဆိုးဆိုးရွားရွားတော့ ဘာမှမဖြစ်ပါဘူး မမ၊ မေမေက မမညို့တို့သားအမိ ရွာပြန်မယ်လုပ်တော့ ပင်ပန်းမှာစိုးတာနဲ့ ကျွန်တော်တို့အိမ်မှာပဲ တည်းခိုင်းထားတာပါ၊ ဒီနေ့လည်း ဆေးခန်းက ထပ်သွားပြရမှာဆိုတော့လေ"

"မင်းကို ဒီသတင်းတွေ မညို့က လာပြောခိုင်းလိုက်တာလား အိမ်ထဲဝင်ဦးလေ မောင်လေး"

ဒေးဒေးဆိုသော ကောင်လေးက မွှေး ဖိတ်ခေါ်သံအဆုံးမှာပဲ ခြံထဲသို့ စွက်ခနဲ ဝင်လာသောကြောင့် မွှေးကပင် သူ့ကိုအမီနောက်က ပြန်လိုက်ခဲ့ရ၏။





"ကျွန်တော် ခဏထိုင်မယ်နော် မမ"

"ထိုင်လေ ရပါတယ်၊ ဒီထိတောင် သတင်းလာပို့ပေးရတာဆိုတော့ ကိုယ်က ချက်ချင်းမပြန်နိုင်းပါဘူးကွယ်၊ ခဏနေဦး မင်းသောက်ဖို့ ကော်ဖီလေးတစ်ခွက် သွားဖျော်လိုက်မယ်"

မွှေး ပြောပြောဆိုဆိုပင် နောက်ဖေးဘက် ထွက်လာခဲ့ပြီး ကော်ဖီတစ်ခွက် ခပ်မြန်မြန် ဖျော်လိုက်သည်။

"ပူပူလေး သောက်လိုက်ဦး၊ အပြင်မှာ ရာသီဥတုကလည်း အေးတယ်၊ ကိုယ်ကတော့ ကော်ဖီကြမ်းကို သကြားထည့်ပြီးပဲ သောက်တတ်လို့ အဲဒီအတိုင်းပဲ ဖျော်ခဲ့တယ်ကွယ်"

"ရပါတယ် မမ၊ ကျွန်တော် သောက်တတ်ပါတယ်"

ကော်ဖီပူပူကို တစ်ချက်နှစ်ချက်မှုတ်လိုက်ပြီး နှုတ်ခမ်းဖျားတွင် တော့ကာ တစ်ကျိုက်စုပ်ယူသောက်လိုက်၏။

"တကယ်တော့ မမဆီကို ဒီသတင်းတစ်ခုတည်း ပေးရုံတင် မဟုတ်ပါဘူး၊ မမညို့ မမရဲ့ခြံအလုပ်လေးတွေပါ ကူညီပေးလိုက်ပါဆိုပြီး ကျွန်တော့်ကိုလွှတ်လိုက်တာပါ"

"ဟယ် မဟုတ်တာ၊ မညို့တို့ကတော့ လုပ်ပြီ"

"ကျွန်တော်ကလည်း အပင်စိုက်ရတာ ဝါသနာပါပါတယ်ဗျ၊ မညို့ပြောတာနဲ့တင် ကျွန်တော်က သွားမယ်တကဲကဲလုပ်နေတာလေ၊ မညို့တို့ရွာလေးကို ကျွန်တော် သဘောကျတယ်၊ ပြီးတော့ အခု ကျွန်တော် ကူညီပေးရမယ့် ခြံပိုင်ရှင်မမကလည်း သဘောကောင်းတယ်ဆိုတော့ ပိုတောင်ကြိုက်သေးတယ်"

"မညို့တစ်ယောက်ကတော့ ခက်တော့တာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



မွှေး ညည်းပြောလေးပြောမိလျှင် ကောင်လေးက သွားတက်လေးများပေါ်အောင် ရယ်လိုက်ပြီး

"မခက်ပါဘူး မမရာ၊ ကျွန်တော်ကိုယ်တိုင်ကလည်း အောင်စာရင်းထွက်ပြီးတည်းက အားနေတာဗျ။ တက္ကသိုလ်သွားမတက်ခင်ထိတော့ အေးအေးဆေးဆေး အချိန်ရတယ်"

"မင်းက ဆယ်တန်းအောင်ထားတာလား"

"ဟုတ် မမ၊ ဂုဏ်ထူးတစ်ခုပါတယ် မမ"

ထိုကောင်လေးနှင့်မွှေးသည် အချိန်ခဏလေးအတွင်းမှာပင် စကားလက်ဆုံပြောရင်း အဖွဲ့ကျသွား၏။

"ခြံအလုပ်က သိပ်မရှိပါဘူး၊ ပန်းပင်လေးတွေ ရေလောင်းဖို့ ပေါင်းတင်ပေးဖို့ မြေဩဇာကျွေးဖို့လောက်ပါပဲ၊ ညနေဘက်မှ အေးအေးဆေးဆေးလုပ်တောင် ရတယ်၊ ကိုယ်ကိုယ်တိုင်လည်း လုပ်ပေမယ့် အပင်တွေကများတော့ မနိုင်နင်းဘူးပေါ့"

"ဒါဆို ကျွန်တော် ခြံထဲလျှောက်ကြည့်မယ်နော် မမ"

ပြောပြီးတာနှင့် ကောင်လေးက သွက်လက်စွာပင်ထလျက် အိမ် တံခါးဝနားထိ လျှောက်သွားသည်။

"မမ လိုက်ပြလေ"

တံခါးနောက်မှ နောက်သို့ သမင်လည်ပြန်ကြည့်လျက် မွှေးကို ကလေးတစ်ယောက်လို တောင်းဆိုပြန်သည်။ အင်းလေ ဘာထူးထဲ အသက်အားဖြင့်လည်း မွှေးထက် တော်တော်ငယ်မှာပါ။ ပုံစံလေးကိုက ဘောင်းဘီတိုနှင့် တီရှပ်နက်ပြာရောင်လေးကို အပေါ်က ဂျင်းဂျာကင်ပြာ ဖျော့ဖျော့လေး ထပ်ဝတ်ထားကာ ဆံပင်ကတော့ ဘေးခွဲခပ်ရှည်ရှည်





လေးကို နားနှစ်ဖက်နောက်မှာ ညှပ်သိမ်းထားသည်။ အသားမဖြူမညိုနှင့် ထိုကောင်လေးသည် အမှတ်တမဲ့ကြည့်လျှင် မိန်းကလေးတစ်ယောက်နှင့်ပင် တူနေသေးတော့။

"ဘာကြည့်နေတာလဲ မမရဲ့၊ ကျွန်တော့်ကိုလိုက်ပြမှာ မဟုတ်လား"

"ခြံထဲမှာက ဘာမှတော့ ထွေထွေထူးထူး ကြည့်စရာ မရှိပါဘူး ကွယ်၊ ဒါပေမဲ့ မင်းကြည့်ချင်ရင် ကိုယ် လိုက်ပြပါ့မယ်"

ခြံနောက်ဘက်ကိုရောက်တော့ ကျယ်ပြန့်သော နှင်းဆီခင်းကြီးကို ကြည့်ရင်း ဒေးဒေး အံ့ဩသွားပုံပါပဲ။

"မမက နှင်းဆီတွေကို တော်တော်ကြိုက်တဲ့ပုံပဲနော်၊ ဒီတိုင်းအလှစိုက်ထားတာတောင် လုံးဝ တမျှော်တခေါ်ကြီး၊ ကျွန်တော် ခြံစပ်နားသွားကြည့်မယ်နော် မမ"

ကောင်လေးက ပြောပြောဆိုဆို ခြံစပ်နားဘက်ဆီ အပြေးတစ်ပိုင်း လှမ်းသွား၏။ မွှေးလည်း သူ့နောက်ကနေ ခပ်မြန်မြန်လိုက်ခဲ့ရပါသည်။

"ဟွား ဟိုးအောက်ကို လှမ်းမြင်ရတယ်နော်၊ ကျွန်တော်တို့မြို့ပြင်ဘက်က ရေကန်လေးကို ဒီလိုအပေါ်စီးကမြင်ရမှ တော်တော်လှမှန်း သိတော့တယ်၊ ထင်းရှူးပင်အုပ်ကိုလည်း မြင်ရတယ်၊ ဒီရွာလေး တော်တော်သာယာမှန်းသိပေမယ့် ဒီလောက်လှတဲ့ ရှုခင်းက မမ ခြံအနောက်ဘက်မှာရှိနေမှန်းတော့ တော်ရုံလူ သိမယ်မထင်ဘူး၊ ကျွန်တော် ကံကောင်းတာပေါ့နော်"

"ဒီရှုခင်းကိုမြင်ခွင့်ရတာလေးနဲ့ပဲ မင်းက တော်တော်ကံကောင်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူ ဖြစ်သွားရောလား''

''ကျွန်တော့်ဝါသနာက ပန်းချီဆွဲတာဗျ။ ဒီနေရာလေးကို ရောက်ရောက်ချင်း မမရဲ့ပန်းခင်းကြီးကို မြင်မြင်ချင်း ကျွန်တော် အရင်ဆုံး တွေးမိတာက ပန်းချီဆွဲလို့ သိပ်ကောင်းမယ့်နေရာလေးပဲလို့လေ၊ ဒါနဲ့ မမရယ် ဒီရှုခင်းကို မြင်ခွင့်ရရုံ တစ်ခုတည်းနဲ့တော့ ကျွန်တော် ကံကောင်းတာမဟုတ်ပါဘူး''

''ဒါဆို နောက်ရှိသေးတယ်ပေါ့''

''အင်း ရှိသေးတယ်''

''ဘာများလဲ''

မွေ့ မေးတာကို ကောင်လေးက မဖြေဘဲ မျက်လုံးပေါက်လေးများ ပျောက်သွားသည့်ထိ ဟက်ဟက်ပက်ပက် တစ်ချက်ပြုံးလိုက်ကာ ခေါင်းလေးတစ်ချိခါနှင့် မွေ့ကို ကျောပေးသွားသည်။

အမယ် သူကပဲ လူကြီးကို စသလို နောက်သလို လုပ်နေပြန်သေးသည်။ စိတ်က ထိုသို့တွေးမိသော်လည်း မွေ့ နှုတ်ခမ်းများကတော့ ပြုံးနေမိခဲ့သည်။

ချစ်ဖို့ကောင်းသော ကလေးလေးပါပဲ။

■ ■ ■

ဟိုတစ်နေ့ညနေက ပန်းခင်းကိုနှစ်ယောက်အတူ ရေလောင်းပေါင်းတင်ပြီး ကောင်လေး ပြန်သွားခဲ့သည်။ သူ့ဆိုင်ကယ်လေးနှင့်သူ လာတာမို့ အဆင်ပြေပါသည်။ နောက်တစ်နေ့တွင်လည်း ကောင်လေး ရောက်လာဦးမလားလို့ စောင့်ကြည့်နေမိသေးပေမယ့် ပေါ်မလာ။

တစ်ရက်တည်းနှင့် ထိုကောင်လေး လန့်သွားပြီနဲ့တူသည်။





နောက်စာကို ပေါင်မုန့်မီးကင်နှင့်ကော်ဖီသောက်ရင်း ဒေးဒေးဆိုသော ကောင်လေးအကြောင်း မွေ့ တွေးနေမိသည်။ မျက်ဝန်းအလျားရှည်ရှည်လေးက ရယ်လိုက်တိုင်း ပိတ်ပိတ်သွားတဲ့အတွက် အဲဒီကောင်လေးကို နှုတ်ကလေးဆန်ပြီး ချစ်ဖို့ကောင်းသွားစေသည်။ အသက်ကလည်း ဆယ့် ခြောက်နှစ်စွန်းစွန်းလေးပဲ ရှိသေးတာမို့ ထိုကောင်လေးဆီမှာ နုပျိုခြင်း တက်ကြွခြင်းတွေအပါအဝင် ဆယ်ကျော်သက် လူငယ်လေးတစ်ယောက်၏ တဇွတ်ထိုးနိုင်မှုလေးတွေကိုလည်း မွေ့ သတိထားမိပါသည်။

ဒေးဒေးအကြောင်း တွေးနေရင်းနဲ့မှ မညီ့တို့သားအမိတွေကိုလည်း သတိရမိသေးသည်။ သူတို့လည်း ပြန်မလာကြသေး။ အငယ်မလေး ကျန်းမာရေးအခြေအနေလည်း မွေ့ ဘာမှထပ်မသိရပါ။

အဆင်မှပြေကြရဲ့လား မသိ။ ညကတော့ ကိုကြီး ဖုန်းဆက်ပြီး ငွေပို့လိုက်မည့်အကြောင်း ပြောသည်။ ဒီကို ရောက်ခါစကတော့ တစ်လ တစ်ခါ ငွေပို့ပေးတတ်ပေမယ့် မွေ့ အတန်တန်တားလွန်းသောကြောင့် အခု ကိုကြီးက သုံးလတစ်ခါမှသာ ပို့တော့သည်။ ဖုန်းဆက်တိုင်းလည်း မွေ့ ခေါင်းမမာသင့်ကြောင်းတွေ အထပ်ထပ်ပြောနေတတ်ပြန်သေး၏။ ဆတ်သက်ချင်တော့ပေမယ့် မတတ်သာသေးသည့် အခြေအနေမို့သာ မွေ့ ဒီလောက်ထိ လိုက်လျောနေခဲ့ခြင်းဖြစ်သည်။

ကိုကြီး ငွေပို့လိုက်ပြီဆိုရင်တော့ ဒေးဒေးတို့မြို့လေးဆီက ဘဏ်မှာ မွေ့ သွားထုတ်ရမှာမို့ မညီ့တို့နှင့်တွေ့ချင် တွေ့လို့ရနိုင်သည်။ ဒေးဒေးတို့လိပ်စာကို ဦးသာအောင် သိချင်သိနေနိုင်တာပဲလေ။

ဒီနေ့က ဘဏ်ပိတ်ရက်မို့ မြို့ပေါ်မသွားဖြစ်သော်လည်း မနက်ဖြန်တော့ ဦးသာအောင် ဈေးအထွက်မှာ တစ်ခါတည်း လိုက်သွားဖို့



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားထားသည်။

"မမရေ မမ ခြံတံခါးဖွင့်ပေးပါဦး"

ကိုယ့်အတွေးနှင့်ကိုယ် နစ်မျောနေစဉ် ခြံဝမှ အသံစာစာလေးကြောင့် အတွေးတွေ တစ်ဝက်တစ်ပျက် ဖြစ်သွားရသည်။ ဒီအသံဟာ ဒေးဒေးဆိုသော ကောင်လေးအသံ မဟုတ်ဘူးလား။

"ဟဲ့ ကောင်လေး အထုပ်အပိုးတွေနဲ့ ဘယ်လိုဖြစ်လာတာတုန်း"

ခြံတံခါးဖွင့်လိုက်သည်နှင့် မြင်လိုက်ရသော မြင်ကွင်းကြောင့် မွေး မျက်လုံးလေး ပြူးသွားရသည်။ ဆိုင်ကယ်ကို ခြံစည်းရိုးနှင့်ကပ်လျက် ဒေါက်ထောက်ရပ်ထားပြီး ဘေးမှာလည်း ခရီးဆောင်အိတ်ကြီးတစ်လုံးနှင့် ဒေးဒေးကို မွေး နားမလည်နိုင်စွာ မေးမိသည်။

"ဘယ်လိုဖြစ်လာရမှာတုန်း မမရဲ့၊ ဟိုနေ့က မမတို့ခြံနောက် အစပ်နားလေးမှာ သစ်သားအိမ်လေးတစ်လုံး တွေ့တယ်လေ"

"အင်း ဟုတ်တယ်လေ၊ ကင်းစောင့်တဲသဘောမျိုးလေးပါ အရင် ခြံစောင့်ကြီးနေသွားတာလို့ ပြောတာပဲ၊ အဲဒါ ဘာဖြစ်လို့လဲ"

"အဲဒီအိမ်လေးမှာ ကျွန်တော် နေချင်တယ်၊ အဲဒါကြောင့် အိမ်ကိုတစ်ခါတည်းပြောပြီး အဝတ်အစားတွေပါ ယူခဲ့တာလေ၊ မမရဲ့ ခြံလေးကိုလည်း ဂရုစိုက်ရင်းနဲ့ပေါ့"

ကောင်လေးအဖြေစကားကြောင့် မွေး မျက်လုံးတွေ ပြူးသာ ထက်ပြူးကျယ်သွားရသည်။

ဘယ်လိုကောင်လေးလဲ။ သူများအိမ်ကို သူက နည်းနည်းလေး ကြိုတင်ခွင့်မတောင်းဘဲ ဗြုန်းဆိုရောက်လာပြီး နေမယ်ဆိုပါလား။

"မင်းနေချင်တယ်ဆိုတိုင်း ငါက ခွင့်ပြုမယ်များ ထင်နေသ





လား"

မွေးအသံက ခပ်မာမာပြတ်ပြတ် ထွက်သွားတာမို့ ပြုံးနေသော ကောင်လေး နှုတ်ခမ်းထူထူလေးတွေ တင်းတင်းစေ့ပိတ်သွား၏။ ဒီလိုမျိုး အဖြေစကားကို ဒီကောင်လေး မျှော်လင့်ခဲ့ပုံမရပါ။

"မမက ခွင့်မပြုဘူးလားဟင်၊ ကျွန်တော်က မေမေ့ကိုတော် တော်လေး ချော့ပြီးမှ ခွင့်ပြုချက်ရလာတာကို"

"နေပါဦး မေးစမ်းပါရစေ မင်းက ဘာဖြစ်လို့ ဒီမှာနေချင်တာ တုန်း"

"ကျွန်တော် ပန်းချီဆွဲချင်လို့ပါ၊ ပြီးတော့ မမကိုလည်း ကူညီ ချင်လို့ပါ၊ စားဖို့သောက်ဖို့ကိုလည်း ရွာထဲက ထမင်းဆိုင်မှာပဲ ကျွန်တော် အဆင်ပြေသလို စားပါ့မယ်၊ အဓိကက ဒီခြံထဲမှာ ကျွန်တော် နေခွင့် ရဖို့ပါပဲ၊ မမ ခွင့်ပြုပေးပါနော်"

"ခက်တော့တာပဲကွယ်၊ ဒီမှာက ကိုယ်တစ်ယောက်တည်းနေ တာလေ၊ မင်းအတွက် အဆင်မပြေဖြစ်နိုင်တယ်၊ ကိုယ်ကတော့ ကိုယ့် ခြံအတွက် ကူဖော်လောင်ဖက်ရလို့ တစ်မျိုးကောင်းပေမယ့်ပေါ့"

"ဒီလိုဆိုလည်း ကျွန်တော့်ကို လက်ခံပေးပါ မမရယ်၊ ဒီပုံစံ ကြီးနဲ့ ကျွန်တော် မြို့ပြန်သွားရင် မေမေတို့က ဝိုင်းပြောကြမှာ၊ ကျွန်တော် က အဲဒီခြံရှင်အစ်မကြီးက သိပ်သဘောကောင်းတယ်၊ ကျွန်တော် ပန်းချီ ဆွဲနေရာပါတာကိုသိလို့ ခွင့်ပြုပေးလိုက်တာလို့ ပြောခဲ့တာ"

ဒေးဒေးက သူ့အိမ်ကို အပိုင်ချည်ပြီးတုပ်ပြီးပြောကာ ထွက်လာ ခဲ့သည့်ပုံပါပဲ။ မွေး သက်ပြင်းတစ်ချက် ချလိုက်မိသည်။

"မမသာ လက်မခံရင် ကျွန်တော် အိမ်လည်းမပြန်ဘူး၊ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာပဲ လျှောက်သွားနေလိုက်မိမှာ''

''အောင်မာ မင်းက ငါ့ကိုခြိမ်းခြောက်နေတာလား''

''ခြိမ်းခြောက်တာ မဟုတ်ပါဘူး မမရဲ့၊ မမ သနားစိတ်ဝင်လာပြီး ခေါ်ထားအောင် ပြောတာပါ''

မျက်နှာငယ်လေးနှင့်ပြောနေသော ကောင်လေးကိုကြည့်ပြီး မွှေး ဟက်ခနဲ တစ်ချက်ရယ်လိုက်မိသည်။ ပြောနေပုံလေးကိုက မျက်နှာလေး ညှိုးလျက် လေသံတိုးဖျော့ဖျော့လေး။

''ကဲ ဘယ်အချိန်အတိုင်းအတာလောက်ထိ နေမယ်လို့များ စိတ်ကူးထားလဲ ကိုယ်တော်ရော''

''ဟား မမ ခွင့်ပြုလိုက်တာပေါ့နော်၊ ဟုတ်လား ဟား ဝမ်းသာလိုက်တာ မမရယ်''

ပြောပြောဆိုဆို အထုပ်ကို လက်တစ်ဖက်ကဆွဲရင်း သူကအရင် ခြံထဲစွတ်ခနဲ ဝင်သွားတာမို့ မွှေးမှာ နောက်ကအပြေးလိုက်ခဲ့ရပြန်သည်။

သစ်သားအိမ်လေးရှေ့ရောက်တော့ သူက လက်ထဲမှအထုပ်ကို အိမ်ရှေ့ခုံတန်းလေးပေါ်တင်လိုက်ပြီး

''ကျေးဇူးတင်လိုက်တာ မမရာ''

''ကျေးဇူးတင်တာတွေ မတင်တာတွေထက် မင်းဒီမှာနေဖို့ ပြင်ဆင်ရဦးမှာလေ၊ အရင်က ခြံစောင့်ကြီးသုံးခဲ့တဲ့အိပ်ရာခင်းတွေ ခေါင်းအုံးတွေ စောင်တွေတော့ ရှိဦးမှာပါ၊ ကျန်တာတွေကို ဘယ်လိုလုပ်မှာလဲ''

''ဟာ ရပါတယ်ဗျာ၊ လောလောဆယ် ကျွန်တော် နေလို့ရရင် ပြီးတာပဲပေါ့''

''ဪ ဒီလောက်လွယ်သလား။ လူတစ်ယောက်နေဖို့ ပြင်ဆင်





ရတာ ဘယ်လောက်လက်ဝင်လဲ မသိသေးဘူးနဲ့တူတယ်''

''ဒီလိုဆိုလည်း မမဆီကပဲ အကူအညီတောင်းရတာပေါ့ဗျာ''

''အေး သိပ်ကောင်းတယ်နော်၊ မင်းသဘောနဲ့မင်း အတင်းအကျပ် လာလည်းနေသေးတယ်၊ ကျုပ်က အားလုံးလိုက်လုပ်ပေးရမယ်ဆိုတော့ တော်တော်လည်း တရားတာပဲ''

''မမကလည်း နည်းနည်းလောက် အကူအညီတောင်းတာပါဗျာ အဲဒီလိုကြီး စိမ်းစိမ်းကားကား မပြောပါနဲ့၊ ကဲ ပြော အခု ကျွန်တော် ဘာလုပ်ပေးရမလဲ''

''မလိုသေးပါဘူးရှင်၊ ညနေမှသာ ပန်းပင်ကိစ္စတွေလုပ်ရမှာပါ၊ ဒါနဲ့ မင်းမနက်စာစာရော စားပြီးခဲ့ရဲ့လား''

''ဟား မမပြောမှပဲ သတိရတော့တယ်၊ ညတည်းက မမဆီလာနေရမှာကိုတွေးပြီး စားလို့လည်းမရဘူး၊ အိပ်လို့လည်း မပျော်ဘူး ဖြစ်နေတာလေ၊ ခုမှ ဆာလာသလိုလိုပဲ''

ကလေးတစ်ယောက်လို ဖြစ်ကြောင်းကုန်စင် ပြောပြနေသော အဲဒေးကိုကြည့်ပြီး မွှေး စိတ်ထဲမှာ မောင်လေးတစ်ယောက်လိုချစ်ခင်ကြင်နာစိတ်လေး ဝင်လာခဲ့သည်။

''ပေါင်မုန့် မီးကင်ကြိုက်တတ်ရင် လာစားလှည့်၊ ကော်ဖီလည်း ချော်ထားတယ်''

မွှေး ခပ်တည်တည်ပြောပြီး အိမ်လေးရှေ့မှ လှည့်ထွက်ခဲ့လိုက်သည်။ နောက်ကနေ လိုက်ပါလာသော ကောင်လေး ခြေသံကိုကြားမှ မွှေး ပြုံးလိုက်မိသေးသည် ထင်၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

“မွှေးရေ ကိုကြီး ဒီနားလမ်းကြုံလို့ ဝင်လာခဲ့တာ၊ ထမင်း မစားရသေးရင် တူတူသွားစားရအောင်လေ”

ဖုန်းထဲကနေ ကြားလိုက်ရသော ကိုကြီးအသံက ချိုသာနူးညံ့ နေ၏။

ဒီနေ့ မားကတ်မှာ နေ့ပိုင်းဆင်းရတာမို့ စောစောစီးစီး အိမ် ပြန်ရောက်ပြီး ချက်ပြုတ်လိုက်သေးသည်။ ပြီးမှ မောမောနှင့် တစ်ရေး တစ်မော အိပ်စက်လို့ နိုးလာချိန်မှာ ဗိုက်ကအသံပေးကာ ဆာလောင်နေ ခဲ့ပြီ၊ ဒါကြောင့်လည်း ထမင်းစားဖို့ နောက်ဖေးခန်းဘက် ထွက်လာချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ကိုကြီးထံမှ ဖုန်းဝင်လာခဲ့ခြင်းဖြစ်၏။

“ဟော ဖြေဦးလေ ထမင်းစားပြီးပြီလားလို့”

“ခုပဲ စားမလို့လုပ်နေတာ ကိုကြီးရဲ့”





“ဒါဆို ကိုကြီးနဲ့တူတူစားဖို့ ဖိတ်တာ နောက်မကျသေးပါဘူး နော်”

“အပြင်မှာတော့ လိုက်မစားချင်ပါဘူး ကိုကြီးရယ်၊ ဒီမှာ မွှေး ချက်ထားတဲ့ဟင်းတွေလည်း ရှိတယ်”

“ပြောပါဦး မွှေး ဘာဟင်းတွေချက်ထားတယ်ဆိုတာ”

“ငါးကလေးအိုးကပ်ရယ် ချဉ်ပေါင်ဟင်းချိုရယ် ဂေါ်ဖီပန်းပွင့် ကြော်ရယ် မနက်ထမင်းဘူးအတွက်အပြင် နှစ်ရက်လောက် အေးဆေး စားလို့ရတယ်”

“ကြားရတာ ကိုကြီးတောင် စားချင်လာပြီ၊ မွှေးက ကိုကြီးကို ထမင်းစားမဖိတ်ချင်ဘူးလား”

“အို ဖိတ်တော့ ဖိတ်ချင်ပါတယ်၊ ဒါပေမဲ့ မွှေးလက်ရာက သကောင်းကြီးမဟုတ်လို့ပါ”

မွှေး အသံတိမ်တိမ်လေးနှင့်ဖွင့်ဟတော့ ကိုကြီးက ခပ်တိုးတိုး ရယ်မောသည်။ အဲဒါ လျှောင်ရယ်ခြင်းမဟုတ်ဘူးဆိုတာတော့ မွှေး နားလည်ပါ၏။ ကြောက်တတ်သော တပည့်ကလေးကို အားပေးနှစ်သိမ့် လိုသည့် ဆရာတစ်ယောက်၏ရယ်မောပုံမျိုး ဖြစ်သည်။

“မွှေးချက်တာဆို ကိုကြီးက စားချင်ပြီးသား၊ ကောင်းကောင်း မကောင်းကောင်းဆိုရင်ရော”

“ဒီလိုဆိုရင်တော့ အချိန်မရွေးပါ ကိုကြီးရယ်”

“ဒါဆို အိမ်တံခါးသာ ဖွင့်ထားပေတော့ မွှေးရေ”

ဆယ်မိနစ်အတွင်းမှာပင် စေ့ထားသော အိမ်ရှေ့တံခါးကို တွန်း ၍ဝင်လာသည့် ကိုကြီးနှင့်ဆုံမိကြ၏။ ကိုကြီး ရောက်မလာခင်ကေး

www.burmeseclassic.com



ထမင်းပွဲကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်ဆင်ရုံတင်မက မွှေးကိုယ် မွှေးလည်း ချပ်ချပ်ရပ်ရပ်လေးဖြစ်နေအောင် အိမ်နေရင်း စပန့်ဂါဝန်ကြီး အစား ပါတိုင်းထဘီလေးနှင့် တီရှပ်လေးတစ်ထည် ကောက်ဝတ်လိုက် ရသေးသည်။ မံအိပ်ခင်က လိမ်းထားသော သနပ်ခါးရေကျဲပါးကွက်လေး ကတော့ ခုထိ တစ်ပိုင်းတစ်စ ကျန်နေပါသေး၏။

"ကိုကြီးတော့ ဗိုက်ဆာနေပြီ၊ တစ်ခါတည်းပဲ ထမင်းဝိုင်းထိုင် လိုက်တော့မယ်နော်"

"အဆင်သင့်ပါပဲ ကိုကြီးရဲ့"

ငါးကလေးအိုးကပ်တစ်ဖွန်းကို ကိုကြီးပန်းကန်ထဲ ခပ်ထည့်မပေး ခင် အရိုးလေးတွေကို လက်နှင့်စိမ်ပြေနပြေ ထွင်ပေးလိုက်သည်။

"မွှေးဘာသာ စားပါကွာ၊ ကိုကြီးအတွက် ဒုက္ခမခံပါနဲ့"

"ဒီငါးလေးတွေက အရိုးပါ ဝါးစားလို့ရတယ်ဆိုပေမယ့် ကိုကြီး အတွက် အဆင်မပြေမှာစိုးလို့ပါ"

မွှေးစကားအဆုံးမှာ ကိုကြီးက လက်ထဲမှ ဖွန်းကို ပန်းကန်ထဲ ချရင်း မွှေးမျက်လုံးများကို တည့်တည့်စိုက်ကြည့်လျက်

"မွှေးကို ကိုကြီး ပြောစရာရှိတယ်"

"ပြောလေ ကိုကြီးရဲ့"

"ထမင်းစားပြီးမှ အေးအေးဆေးဆေး ပြောကြတာပေါ့"

"ဟုတ် ကိုကြီး"

စားသောက်ပြီးစီးတော့ ကိုကြီးက အိမ်ရှေ့ခန်းတွင်ထိုင်ကာ ဂျာနယ်တစ်စောင် ဖတ်နေသည်။ မွှေးကတော့ ပန်းကန်ခွက်ယောက်များ ကို ဘေစင်ဆီသယ်ကာ ဆေးကြောရင်းနှင့် ကိုကြီးပြောမယ့်စကားက





ဘာများလဲလို့ တွေးတောနေမိ၏။

"အအေးလေး သောက်မလား ကိုကြီး၊ မွှေး သံပုရာရည်လေး ဖျော်လိုက်မယ်လေ"

"သံပုရာရည်က နောက်မှလုပ်ပါ၊ လောလောဆယ် ကိုကြီး ပြောမယ့်စကားကို အရင်နားထောင်ပါဦး"

ကိုကြီးရဲ့အလေးအနက် အမူအရာကြောင့် မျက်နှာချင်းဆိုင် ထိုင်ခုံတွင် မွှေး ဝင်ထိုင်လိုက်၏။

"ပြောပါ ကိုကြီး"

"ကိုကြီးနားမှာ မွှေးကို ရှိနေစေချင်တယ်"

"ရှင် ကိုကြီး ဘာကိုဆိုလိုတာလဲ"

မွှေး မျက်လုံးလေးများ ဝိုင်းလျက် နားမလည်နိုင်စွာ ပြန်မေး မိသည်။ ကိုကြီးမျက်လုံးများကတော့ မွှေးမျက်နှာလေးကို ပေါက်ထွက် သွားမတတ်ငေးကြည့်လျက်

"ဟုတ်တယ် မွှေး၊ ကိုကြီး ရင်ထဲမှာ မွှေးနဲ့ပတ်သက်ပြီး သံယောဇဉ်ဖြစ်နေမိပြီ"

"အို ကိုကြီး"

မွှေး အံ့သြလွန်းမက အံ့သြစွာပင် ကိုကြီး မျက်နှာကိုငေးစိုက် ကြည့်နေမိ၏။ အသားဖြူဖြူမှာ ပါးသိုင်းစိမ်းစိမ်းလေးတွေနှင့် ကိုကြီးဟာ ဖျတ်တိုင်းကြိုက်သည့်နှင်းဆီခိုင် ရုပ်ရည်မျိုးပါ။ မွှေးလို နယ်ကတက်လာ သည့် အညာသူမတစ်ယောက်ကို ဒီလိုစကားမျိုးပြောလာတယ်ဆိုတော့ မွှေး မယုံကြည်နိုင်တာ အမှန်။

ဒါပေမဲ့လည်းလေ ကိုကြီးဆီက ဒီစကားကို ကြားလိုက်ရချင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



မွေး ရင်ထဲမှာ လှိုက်ခနဲပျော်သွားမိတာတော့ မငြင်းချင်ပါ။ မွေးလေ ကိုကြီးဆီက ဂရုစိုက်မှုတွေ ရရှိနေတည်းက နှလုံးသားမှာ ကိုကြီးကို စွဲထင်နေအောင် ရင်ခုန်စိတ်လှုပ်ရှားခဲ့ရတာ။ တက္ကသိုလ်တက်လာသည့် တစ်လျှောက်လုံးလည်း သူများတွေလို ရည်းစားသနာ မထားဖူးသော မွေးအဖို့တွက် ကိုကြီးက ပထမဆုံး ရင်ခုန်ရသည့်ယောကျ်ားဖြစ်လာခဲ့သည်။

ခု ကိုကြီးက မွေးကို သံယောဇဉ်ရှိပါသတဲ့။ မွေး နှုတ်က ဘာပြန်ပြောရမယ်မှန်း မသိပေမယ့် ရင်ထဲမှာတော့ စကားလုံးများစွာ ပေါက်ဖွားနေကြသည်။

"မွေးရောဟင် ကိုကြီးအပေါ်မှာ ဘာခံစားချက်မှ မရှိဘူးလား"

"မွေး မွေး ဘယ်လိုပြောရမလဲ ကိုကြီးရယ်"

"မွေး မျက်လုံးတွေထဲမှာ မြင်နေရတဲ့ အရိပ်တွေက ကိုကြီးလိုပဲ မွေးလည်း သံယောဇဉ် ဖြစ်နေမှန်း ဝန်ခံနေကြတယ်လေ၊ ကိုယ့်တာသာ တောင် မသိဘူးလားကွယ်"

မွေး ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါ ဆိတ်ဆိတ်နေမိသည်။ ဒါဟာ ဝန်ခံခြင်းတစ်မျိုးလည်းဖြစ်မှန်း ကိုကြီး သိမှာပါနော်။

"မွေးက ကိုကြီးအပေါ်မှာ သံယောဇဉ် ရှိပါတယ်၊ ဒါပေမဲ့ ကိုကြီးရယ်၊ အဲဒီသံယောဇဉ်က ကိုကြီးအတွက် ဘာမှမဟုတ်လောက်ဘူး လို့ တွေးမိသွားလို့ပါ"

"ဘယ်လိုများ ပြောလိုက်တာလဲ မွေး၊ ကိုကြီးက ဒီလောက်ထိ မွေးကိုအရေးပေးဆက်ဆံခဲ့တာတောင် ဒီလိုစိတ်ကူးမျိုး မွေးမှာရှိနေတယ် ဟုတ်လား"





"ကိုကြီးလိုအဆင့်အတန်းနဲ့ မွေးလိုလူမျိုးက"

"တော် မွေး တော်တော့ ဒီလို ခွဲခြားမှုမျိုး ကိုကြီးမှာမရှိတာကို မွေး နည်းနည်းမှ မရိပ်မိခဲ့ဘူးလား၊ ကိုကြီးစိတ်ကိုမွေး တကယ်ပဲ နား မလည်ခဲ့ဘူးလား"

"ကိုကြီး စိတ်ဆိုးသွားတာလားဟင် မွေး စကားပြောမှားသွား တယ်နဲ့တူတယ်နော်"

"သေချာတာပေါ့ မွေး စကားပြောမှားသွားတယ်၊ ကိုကြီးရဲ့ စေတနာတွေကို မွေး မယုံကြည်ခဲ့သလိုပဲ"

"မဟုတ်ရပါဘူး၊ အဲဒီလိုသဘောမျိုး မွေး လုံးဝမရည်ရွယ်ရိုး အမှန်ပါ ကိုကြီးရယ်၊ မွေး တောင်းပန်ပါတယ်နော်"

ပျက်ယွင်းနေသော ကိုကြီး မျက်နှာအမူအရာကြောင့် မွေး ကပျာကသီပင် တောင်းပန်လိုက်ရ၏။ ခြေမကိုင် လက်မကိုင်မိဖြစ်နေသည့် မွေးကြောင့် ကိုကြီးလည်း တင်းမာသွားသော သူ့မျက်နှာကြောကို ပြန် ဖြေလျှော့လျက် ပြုံးလိုက်ရင်း

"ဆောရီး မွေးရယ် ကိုကြီး လေသံမာသွားတယ်"

"ကိုကြီးက တောင်းပန်ဖို့မလိုပါဘူးလေ"

ဝဲတက်နေသော မျက်ရည်များကိုပုတ်ခတ်ပုတ်ခတ်လုပ်ရင်း မွေး ခေါင်းငုံ့ထားမိသည်။ ပေါင်ပေါ်တင်ထားသော မွေးလက်နှစ်ဖက်ကို ကိုကြီးရဲ့နူးညံ့နွေးထွေးသည့် လက်များက လာရောက်ဆုပ်ကိုင်လိုက်တာ မို့ မွေး ခေါင်းလေးလည်း ဆတ်ခနဲမော့သွားရ၏။

"ကိုကြီးနားမှာ နေပေးမှာမဟုတ်လား မွေး"

ကိုကြီး လက်ထဲမှာဆုပ်ကိုင်ထားသည့် မွေး လက်လေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်နွေးထွေးစွာ ရှိနေကြခြင်းကပဲ ကိုကြီး မေးခွန်းအတွက် မွေး အဖြေဖြစ်ခဲ့သည်။

■ ■ ■

ဒီနေ့က မနက်ပိုင်းဂျူတီဝင်ရတာမို့ မွေး စောစောစီးစီးထလျက် ချက်ပြုတ်ပြင်ဆင်နေလိုက်သည်။ ရေမိုးချိုး ဖြီးလိမ်းပြီး ယူနီဖောင်းအင်္ကျီ အစိမ်းရောင်လေးကို အောက်က ဒူးဖုံးစကတ်အနက်ရောင်လေးနှင့် တွဲဝတ်လိုက်၏။ ထမင်းဘူးထည့်ရန် နောက်ဖေးခန်းဘက် လှည့်ထွက်လာခဲ့စဉ်မှာ ဖုန်းလေးက ထမြည်လာခြင်းဖြစ်သည်။

"ကိုကြီး ပြော"

စောစောစီးစီး ကိုကြီးထံမှ ဖုန်းဝင်လာတာမို့ မွေး ကြည်ကြည်နူးနူးလေးပင် ထူးလိုက်၏။

"မွေး အလုပ်သွားပြီလား"

"မသွားသေးဘူး ကိုကြီး၊ ထမင်းဘူးထည့်တုန်း ခဏနေမှ သွားမယ်လေ"

"ကိုကြီး လိုက်ပို့ပေးမယ်၊ လမ်းထိပ်မှာ ကားရပ်ထားမယ် ဟုတ်ပြီလား"

ကိုကြီးအသံကလည်း ရွှင်လန်းတက်ကြွနေ၏။ မနက်စောစော ကိုကြီးကိုတွေ့ရမှာမို့ မွေး ရင်ထဲမှာ ပျော်သွားမိသည်။ ထမင်းဘူးကို ခပ်မြန်မြန်ထည့်ကာ အိမ်တံခါးသော့ပိတ်လျက် လမ်းထိပ်ဘက်ဆီ ခြေလှမ်းများကို အရှိန်မြှင့်တင်လိုက်သည်။

"ကိုကြီး"

ကားပြတင်းပေါက်ကနေ ကိုကြီးကို ပြုံးရယ်ပြလျက် နှုတ်ဆက်





လိုက်သည်။

"မြန်လှချည်လား မွေး"

"ကိုကြီး အကြာကြီးစောင့်နေရမှာစိုးလို့ပေါ့"

"ဟုတ်ပါပြီဗျာ၊ ဘရိတ်ဖတ်စ်ရော စားပြီးပြီလား"

"ထမင်းကြမ်းနဲ့ပဲပြုတ်နဲ့ ကြော်စားလိုက်တယ်၊ ကိုကြီးရော"

"ဟာ သွားပါပြီကွာ၊ ကိုကြီးက မွေးနဲ့အတူ စားချင်လို့ စောစောထွက်လာခဲ့တာ၊ ခုတော့ နောက်ကျသွားပြီ"

"ကိုကြီး မစားရသေးရင် မွေး လိုက်ခဲ့ပေးမှာပေါ့၊ အလုပ်ဝင်ဖို့ သည်း အချိန်လိုသေးတာပဲ"

"ကောင်းပါပြီဗျာ"

မားကတ်နှင့်နီးနီးနားနားမှ စားသောက်ဆိုင်ကြီးတစ်ခုရှေ့တွင် ကိုကြီးက ကားကိုပါကင်ထိုးလိုက်၏။ မွေး ကားတံခါးဖွင့်ဆင်းပြီး ရပ်စောင့်နေသော ကိုကြီးနှင့်ယှဉ်တွဲလျက် ဆိုင်ထဲဝင်ရန်ပြင်သည်။ အဲဒီအချိန်မှာပဲ မျက်လုံးထောင့်နားကနေ ကိုယ့်လိုပဲ ယူနီဖောင်းအင်္ကျီအစိမ်းရောင်လေး တွေကို ရိပ်ခနဲ မြင်လိုက်ရသောကြောင့် လှမ်းကြည့်မိတော့ Cashier မှ နှယ်နီနှင့်မွေးလိုပဲ အလှကုန်ပစ္စည်းကောင်တာဘက်မှ မိုးမိုးတို့ဖြစ်နေ၏။

သူတို့နှစ်ယောက်လည်း မွေးနှင့်ကိုကြီးကို မြင်တွေ့သွားပုံမျိုး မျက်လုံးများ ပြူးကျယ်ကာ အံ့သြကုန်ကြပေမယ့် မွေး လှမ်းကြည့်တာ မြင်တော့မှ မသိချင်ယောင်ဆောင်ကာ ရှေ့ဆက်လျှောက်သွားကြသည်။ မွေး စိတ်ထဲမှာလည်း သူတို့အပြုအမူကို သဘောမကျနိုင်သလို မသိုးမသန့် ဖြစ်သွားရ၏။

"လာလေ မွေး ဘာတွေငေးနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက သတိပေးခေါ်တော့မှပင် မွေး လှုပ်လှုပ်ရှားရှားဖြစ်လျက် ဆိုင်ထဲဝင်ခဲ့ရ၏။

"မွေး စားခဲ့တာ သေချာတယ်နော်"

"စားခဲ့တာပေါ့၊ ကိုကြီးကိုလိမ်စရာ ဘာအကြောင်းရှိလို့လဲ"

"ဒီလိုဆို အသီးဖျော်ရည်တစ်ခွက်လောက်တော့ သောက်ကွာ"

မွေး အဖြေစကားကို မစောင့်တော့ဘဲနှင့် ကိုကြီးက အနားတွင် ရပ်နေသော စားပွဲထိုးလေးကို စားသောက်စရာများနှင့် ဆန်းကစ်သီး ဖျော်ရည်နှစ်ခွက် မှာလိုက်သည်။

"ကားပေါ်ကဆင်းတည်းက မွေးမျက်နှာက ဘာဖြစ်နေတာလဲ ကိုကြီးသတိထားမိတယ်နော်"

"ဘာမှမဖြစ်ပါဘူး ကိုကြီးရဲ့၊ မွေးမျက်နှာက ဘာဖြစ်နေတဲ့ပုံ ပေါ်နေလို့လဲ"

မွေးရဲ့မျက်နှာရိပ်မျက်နှာကဲကို သတိထားမိနေတတ်သော ကိုကြီးကြောင့် မွေး နည်းနည်းတော့ ဖြေရကျပ်သွားခဲ့သည်။ တကယ်ဆို မွေးနှင့်ကိုကြီးကို လှမ်းမြင်လိုက်သော အလုပ်ထဲမှ မိန်းမနှစ်ယောက် ကြောင့် မွေး စိတ်အနှောင့်အယှက် ဖြစ်သွားမှန်း ကိုကြီးကို ဘယ်လို ပြောပြရပါ့မလဲ။

သူတို့နှစ်ယောက် မွေးကိုကြည့်သွားသည့်အကြည့်တွေထဲမှာ အံ့ဩခြင်းတွေအပြင် အထင်သေးရှုတ်ချမှုတွေကိုပါ ပါဝင်နေတယ်လို့ မွေး ထင်လိုက်သည်။ မွေးကို ဘယ်လိုမိန်းမစားလို့ သူတို့တွေးသွားပြီလဲ

သက်ပြင်းကို မသိမသာလေး ချလိုက်သည်။ အသားလွှာတစ်ခု ကို ခက်ရင်းနှင့်ဓားသုံးလျက် ကျွမ်းကျင်စွာ လှီးဖြတ်စားသောက်နေသော





ကိုကြီးကတော့ ကြားမည်မထင်ပါ။

စိတ်ထဲမှာ မကြည်မလင်လေး ဖြစ်နေပေမယ့် ကိုကြီး ထပ်ရိပ် မိသွားမည်စိုးသောကြောင့် မျက်နှာကို ချက်ချင်းပင် ပြုံးပြုံးရွှင်ရွှင်ပုံ ဖမ်းလိုက်သည်။

"ဆိုင်ရှေ့ထိ လိုက်ပို့ပေးပြီးမှ ကိုကြီး ကုမ္ပဏီသွားတော့မယ်"

"မဟုတ်တာဘဲ ကိုကြီးကလည်း၊ ဆိုင်က ဟိုးမှာတောင် လှမ်း မြင်နေရပြီဟာကို ကိုကြီးဘာသာ ကုမ္ပဏီကို တန်းသွားတော့နော်"

"ကိုကြီးက မွေးကို မခွဲနိုင်သေးလို့ပါ"

"ကိုကြီးရယ်"

မွေး ဖျော့ဖျော့လေး ရေရွတ်မိတော့ ကိုကြီးက ကားကိုကွယ်ပြီး မွေး နဖူးလေးကို အနမ်းတစ်ချက်ဖွဖွလေး ပေးလိုက်၏။

"မွေး သွားတော့မယ်နော်"

ချစ်သူရဲ့အနမ်းနွေးလေးတစ်ချက်က မွေး ရင်ကို လှုပ်ခတ်စေ ပေမယ့် ပတ်ဝန်းကျင်ဆိုတဲ့အရာကြီးကိုတော့ မွေး ထိတ်လန့်မိသည်။ ခုနက ကိုကြီး နမ်းလိုက်တဲ့ အနမ်းတစ်ချက်ကို တစ်ယောက်ယောက်များ မြင်တွေ့သွားခဲ့ရင် ဘယ်လိုလုပ်ကြမလဲ။ ကိုကြီးလို လူကြီးလူကောင်း တစ်ယောက်ရဲ့ ဂုဏ်သိက္ခာအပြင် မွေးရဲ့အရှက်တရားကိုပါ ထိပါးသွား နိုင်သည်လေ။

မွေးကြောင့်နဲ့တော့ ကိုကြီးကို မထိနိုက်စေချင်တာ ရင်ထဲက စေတနာအမှန်။ ဘယ်လိုပဲဖြစ်ဖြစ် မွေးအပေါ်မှာ ကိုကြီးရဲ့မေတ္တာတွေ ဟာ ဖြူစင်နေမှန်း မွေးကိုယ်တိုင် သိနေတာပဲလေ။

မားကတ်ထဲ လှမ်းဝင်လိုက်သည်နှင့် Cashier မှ နွယ်နီနှင့်



www.burmeseclassic.com

www.burmeseclassic.com



အရင်ဦးဆုံး မျက်နှာချင်းဆိုင်လိုက်ရသည်။ လက်မှနာရီကို ကြည့်လိုက်တော့ မွေး ငါးမိနစ်နောက်ကျနေခဲ့ပြီ။ ပခုံးမှာသိုင်းလွယ်ထားသော စလင်းဘတ်အိတ်ရှည်ရှည်လေးထဲမှ နာမည်ကဒ်ပြားလေးကို ကပျာကသီ ထုတ်ပြီး လည်ပင်းတွင် သိုင်းဆွဲလိုက်၏။

''နောက်ကျရင် ဖိုင်းတပ်ရမယ်ဆိုတာ ငါတို့အတွက် သီးသန့်နဲ့တူတယ်ဟေ့၊ တချို့တွေများကျ အေးဆေးလေး စားသောက်ပြီးမှ အေး ဆေးလေးလာလည်း ဘာမှမဖြစ်သလိုပဲ ဟင်း ဟင်း''

နွယ်နီထံမှ မကြားတကြားပြောလိုက်သောအသံကို မွေး ကြားဖြစ်အောင် ကြားလိုက်သည်။ မျက်နှာတစ်ခုလုံး ထူပူသွားပေမယ့် မွေးကို တိုက်ရိုက်လာပြောနေခြင်း၊ နာမည်တပ်ပြောနေခြင်း မဟုတ်တဲ့အတွက် မွေးမှာလည်း ဘာမှတုန့်ပြန်ခွင့်မရှိပါ။ ကိုကြီးက မားကတ်ကို လာစစ်ဆေးရင်း မွေးနဲ့စကားခဏတဖြုတ် ရပ်ပြောရင်တောင် ကွက်ကြည့်ကွက်ကြည့်နှင့် တီးတိုးပြောချင်နေကြသည့်သူတွေမို့ ခုလို ပက်ပင်းကြီး နှစ်ယောက်သား တွဲတွေ့လိုက်သည့်အတွက် တစ်ခုခုပြောကြမယ်ဆိုတာတော့ မွေး ကြိုတင်တွေးမိပြီးသား ဖြစ်သည်။

''မွေး ခဏလာဦး''

ကောင်တာတစ်ခုတည်း တာဝန်ကျသော မိုးမိုးက မွေးကို လက်တို့ခေါ်ပြီး စင်အကွယ်တစ်ခုဆီ ရှေ့မှလှမ်းသွား၏။ မွေးတို့ကို တွေ့သည့်အကြောင်းနှင့်ပတ်သက်ပြီး တစ်ခုခုပြောတော့မည်ဆိုတာ သိသောကြောင့် လေပူတစ်ချက်မှုတ်ထုတ်ရင်း မိုးမိုးနောက်က လိုက်သွားမိသည်။

''ဘာပြောမလို့လဲ မိုးမိုး''

''နင်နဲ့ဦးစစ်မင်းနဲ့ စားသောက်ဆိုင်ထဲ ဝင်သွားတာ ငါ သေချာ





တွေ့လိုက်တယ်''

''အဲဒီတော့ ဘာဖြစ်လဲ မိုးမိုး''

တမင်တကာပင် မွေး စကားကို ခပ်ပြတ်ပြတ်ပြောလိုက်သည်။ အချိန်မှာ ဒီကိစ္စ ပျံ့ပွားသွားပြီး မွေးတို့ကို မဟုတ်ကဟုတ်က သိက္ခာချနာမျိုးကို မလိုလားသောကြောင့် ဖြစ်သည်။

''နွယ်နီလည်း တွေ့သွားတယ်လေ၊ နင့်ကို သူ တော်တော်နာလိုဖြစ်သွားတယ်ကွ''

''မိုးမိုးက မွေးကို ဘာသဘောနဲ့ ဒါတွေလာမေး လာပြောနေတာဆိုတာ မသိပေမယ့် မွေးကတော့ မဟုတ်တာမလုပ်ထားတဲ့အတွက် ဘယ်သူဘာပြောပြော မကြောက်ဘူး''

''နင် ငါ့ကို စိတ်ဆိုးသွားတာလား မွေး။ ငါက ဒီတိုင်း နင့်ကို ပြောပြတာပါ''

မိုးမိုး မျက်နှာက ချက်ချင်းပျက်ယွင်းသွားလျက် လေသံကလည်း ဖျော့ဖျော့လေးဖြစ်သွားသည်။ မွေးများ နည်းနည်းလွန်သွားပြီလားလို့ စိတ်မကောင်းဖြစ်သွားပေမယ့် တစ်ယောက်ယောက်က တစ်ခုခုပြောလာလျှင် မွေး ငြိမ်ခံနေမှာမဟုတ်ကြောင်းကိုတော့ ခုတည်းက သိအောင် ပြထားမှ တော်ကာကျမည်။

''မိုးမိုး သိတဲ့အတိုင်းပဲ၊ မွေးက ဒီအလုပ်ကို ကိုကြီးကျေးဇူးနဲ့ ရခဲ့တာ၊ ဒီမားကတ်ရောက်မှ ကိုကြီးနဲ့မွေး ခင်မင်ပတ်သက်ခဲ့ကြတာလည်း မဟုတ်ဘူး။ ဟိုအရင်တည်းက သိခဲ့ကြတာ၊ မွေးတို့နှစ်ယောက်နဲ့အတူသွားစားတဲ့ကိစ္စကို အဲဒီလောက်ထိ အကျယ်မချဲ့စေချင်ဘူး''

''ငါ့ကြောင့်နဲ့တော့ ဒီကိစ္စ မကြီးကျယ်သွားစေရဘူး။ စိတ်ချ



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ နွယ်နီကိုတော့ အာမမခံဘူးနော်၊ သူက နင်တို့နှစ်ယောက်ကို တွေ့လိုက်တည်းက ငါ့ကိုတစ်လမ်းလုံး ပြောလာတာ၊ ဘယ်လိုစကားတွေ ဖြစ်မလဲဆိုတာတော့ နင့်ခန့်မှန်းကြည့်ပေါ့ဟာ၊ ငါတော့ ပြန်မပြောချင်ဘူး ကဲ ကောင်တာမှာ နှစ်ယောက်လုံးမရှိတာ ကြာနေပြီ၊ ဈေးဝယ်တွေလည်း ဝင်လာစပြုနေပြီ သွားရအောင်''

မိုးမိုးကပဲ စကားကိုပိတ်ပြောလျက် ရှေ့မှဦးဆောင်ထွက်သွားသည်။ မိုးမိုးကိုတော့ ယုံကြည်လို့ရဖို့ မွေး မျှော်လင့်ထားမိသည်။ ဒီမားကတ်မှာ နွယ်နီကတော့ အစတည်းက အတင်းပြောအိတ်စ်ပတ်မို့ သူ့ထံသွားပြီး ရှင်းပြဖို့တော့ မွေး မလုပ်ချင်ပါ။ အဲလို သွားပြောလိုက်ကာမှ ပိုဆိုးမသွားပါဘူးလို့ မွေး မယုံရဲဘူးလေ။

ထိုတစ်နေ့လုံး အလုပ်ထဲမှာပဲ ကြိုးစားပြီး အာရုံထည့်ထားပေမယ့် မွေးကို ဟိုကပဲကြည့်နေသလိုလို ဒီကပဲကြည့်နေသလိုလိုနှင့် နောက်ကျောမလုံ ဖြစ်နေမိတာကတော့ အမှန်။

အလုပ်ကပြန်ရောက်တာနှင့် ယူနီဖောင်းကို မလဲနိုင်သေးဘဲ အိပ်ရာထက် လှဲချလိုက်သည်။ ရင်ထဲမှာ ဘာကိုမှန်းမသိ တွေးကြောက်နေမိ၏။ မွေးတို့လို လူတန်းစားတွေကို လူတွေက အထင်သေးချင်ကြသည်။ ကိုယ်လိုသူလို အတန်းစားချင်းတောင် အတင်းဂြော်အပုပ်ချချင်နေကြတာ။

အတွေးတို့က ပူလောင်လွန်းလှ၏။ ကိုကြီးလို ကြွယ်ဝချမ်းသာသူတစ်ယောက်က မွေးကို အတည်သဘောမျိုး တွဲချင်ရော ဟုတ်ပါ့မလား။ အို ကိုကြီးက ဒီလိုအောက်တန်းကျသည့်စိတ်ဓာတ်မျိုးရှိသည့် ယောကျ်ားမှမဟုတ်တာ။





အတွေးတို့က ပူလောင်လွန်းလှ၏။ ကိုကြီးလို ကြွယ်ဝချမ်းသာသူတစ်ယောက်က မွေးကို အတည်သဘောမျိုး တွဲချင်တာရော ဟုတ်ပါ့မလား။ အို ကိုကြီးက ဒီလိုအောက်တန်းကျသည့် စိတ်ဓာတ်မျိုးရှိသည့် ယောကျ်ားမှမဟုတ်တာ။

အတွေးတွေ ဟိုရောက်ဒီရောက်နှင့် အိပ်ပျော်သွားလိုက်တာ အဆက်မပြတ် မြည်နေသော တံခါးဘဲလ်သံကြားမှပင် မွေး အိပ်ရာမှ လန့်နိုးတော့၏။

မွေးအိမ်ကို လာစရာဆိုလို့ ကိုကြီးတစ်ယောက်သာ ရှိပါသည်။ တံခါးဆီ အပြေးသွားရင်း ဖွင့်ပေးလိုက်တော့ မွေး ထင်သည့်အတိုင်း ကိုကြီး။

ဒါပေမဲ့ ကိုကြီးမျက်နှာက စိုးရိမ်ပူပန်ရိပ်တွေနှင့် အုံ့မှိုင်းနေ၏။ သံပန်းတံခါးကို မွေး ဆွဲဖွင့်ပေးလိုက်တော့ မွေးကို တွန်းတိုက်လျက် ခြေလှမ်းကျဲကြီးများဖြင့် အိမ်ထဲသို့ အရင်ဝင်သွားသည်။ ကိုကြီးပုံစံပုံမှန်မဟုတ်တာတော့ မွေး သိလိုက်ပါသည်။

ကိုကြီး ဘာဖြစ်လာတာပါလိမ့်။

''ကိုကြီး ဘာဖြစ်''

''မင်းအိမ်မှာပဲ တစ်ချိန်လုံးရှိနေခဲ့တာလား''

ကိုကြီးအသံက ပျော့ပျောင်းနူးညံ့မှုမရှိ။

''ဟုတ်တယ်လေ ကိုကြီး၊ မွေး အိပ်ပျော်နေတာ''

ကိုကြီးအနီးနားသို့ ကပ်မသွားရဲသေးဘဲ ခပ်လှမ်းလှမ်းကနေ အဖြေပေးမိသည်။

''မင်းဆီကို ငါ ဖုန်းတွေဆက်နေတာ ဘယ်နှကောလောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိသွားပြီလဲ မင်းသိလား မွေး၊ ငါ ဘယ်လောက်စိတ်ပူနေတယ်ဆိုတာ ရော မင်းသိလား။ ခုလည်း ဘဲလ်တီးနေတာ ဘယ်လောက်တောင် ကြာပြီလဲ၊ မင်းအဖြေကတော့ ပေါ့ပေါ့လေး အိပ်ပျော်နေတာတဲ့''

''ကိုကြီး ဖုန်းခေါ်သေးလား။ အလုပ်ထဲမှာတည်းက ဖုန်းကို Vibrate လုပ်ထားတာလေ၊ အိပ်ပျော်နေတော့ မသိလိုက်ဘူး''

''အေးပေါ့ မင်းဖြေနေတာတွေကတော့ တကယ့်ကို ပေါ့ပေါ့ လေးပဲပေါ့၊ ငါ့မှာတော့ အရူးလိုပဲ စိတ်တွေပူလိုက်ရတာ''

ဒေါသတွေနှင့် ကိုကြီးမျက်နှာက နီမြန်းနေ၏။ စလင်းဘတ် အိတ်ထဲက ဖုန်းလေးကို သွားယူကြည့်မိတော့ ကိုကြီးထံမှ Miss called တွေ ရာနှင့်ချီနေ၏။ မွေးကိုယ်တိုင်ပင် ဟင်ခနဲ မျက်လုံးပြူးသွားရသည်။

''ကိုကြီး ဒီလောက်ထိ အများကြီးခေါ်ထားတာတောင် မွေး မသိလိုက်ဘူး ကိုကြီးရယ်၊ မွေးကို စိတ်တွေပူပြီး ကိုကြီးရောက်လာတာ ပေါ့''

လေသံဖျော့ဖျော့လေးနှင့် ပြောလိုက်သော မွေးကို ကိုကြီးက ရင်ခွင်ထဲသို့ ခပ်ကြမ်းကြမ်းဆွဲသွင်းလိုက်သည်။ ကိုကြီး ရင်ဘတ်ပေါ် အလိုက်သင့်မှီလိုက်တော့ ချိုအီနေသော ရေမွှေးနံ့တစ်ခုက မွေး နှာခ တွင် လာရိုက်ခတ်၏။

''မွေးကို ကိုကြီး သိပ်ချစ်နေမိပြီကွာ၊ တစ်ရက်မတွေ့ရရင် မနေနိုင်လောက်အောင်ပဲ ဒီလိုတွေ ပြောလိုက်ရလို့ ကိုကြီး မရှက်ပါဘူး ခုနက မွေးဖုန်းကို ဘယ်လိုမှခေါ်လို့မရတော့ ကိုကြီး ရှိသမျှအလုပ်တွေ အားလုံးပစ်ချပြီး ဒီထိပြေးလာခဲ့တာ''

''ကိုကြီးရယ် မွေးလည်း ကိုကြီးကိုချစ်ပါတယ်နော်''





ကိုကြီးဆီက နူးညံ့သော အနမ်းလေးတွေ မွေး ပါးပြင်နှင့်နဖူး စပ်နားဆီသို့ ညင်သာစွာ ကျရောက်လာသည်။ နှုတ်ခမ်းလေးပေါ် နွေး နွေးလေး လာထိတွေ့ချိန်မှာတော့ မွေး လက်ဖျားလေးများ အေးစက် သွားသည်ထိ တစ်ကိုယ်လုံး တောင့်တင်းသွားသော်လည်း ငြင်းဆန်ဖို့ရာ တော့ အင်အားမဲ့နေခဲ့၏။

ဒီအနမ်းတွေ အကြင်နာတွေနှင့် ရစ်ပတ်နှောင်ဖွဲ့ထားသော ကိုကြီးရင်ခွင်ထဲမှာ မွေး ဘယ်အချိန်ထိ နေခွင့်ရမှာလဲ။ မွေးလိုတစ် ကောင်ကြွက် ဘာကျောထောက်နောက်ခံမှမရှိသူကို ကိုကြီးက တစ်သက် လုံး အနားမှာခေါ်ထားချင်ပါ့မလား။

မွေးဟာ ကိုကြီးအတွက် တဒင်္ဂပျော်မွေ့စရာ မိန်းကလေးအဖြစ် မျိုးတော့ မွေး မရောက်ချင်ဘူး ကိုကြီးရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

''ဟဲ့ ကလေး ရာသီဥတု ဒီလောက်အေးနေတာကို စွပ်ကျယ် ချိုင်းပြတ်လေးနဲ့ ဘယ်လိုဖြစ်တာလဲ''

''ကျွန်တော် ခြုံထဲဆင်းမလို့လေ မမရဲ့''

''ခြုံထဲဆင်းလည်း မင်းဟာက နည်းနည်းပါးပါး ထူထူထဲထဲ လေးတော့ ဝတ်ပေါ့ကွာ''

ဒေးဒေးနေသော သစ်သားအိမ်လေးရှေ့မှ မွေး ဖြတ်သွားစဉ် အိမ်ထဲမှ ထွက်လာသော ဒေးဒေးနှင့်တည့်တည့်တိုးခြင်းဖြစ်၏။ ညနေခင်း လေက အေးစက်နေတာကို ဒီကောင်လေးက အနက်ရောင်စွပ်ကျယ်လေး နှင့် ဗလပြနေသလား ထင်ရသည်။ ဟုတ်လည်း ဟုတ်ပါရဲ့ ဒီကောင်လေး အရွယ်သာငယ်တာ ယောက်ျားပီသသော ကိုယ်လုံးကိုယ်ထည်ကတော့ ပြောစရာမလို။ ကြွက်သားများက သူ့နေရာနှင့်သူ ကြည့်ကောင်း၏။

''ဘာတွေကြည့်နေတာလဲ မမရဲ့''





''အို ဘာမှမကြည့်ပါဘူးကွ၊ သွား သွား လုပ်စရာရှိတာ သွား လုပ်တော့''

ကိုယ့်ထက် အသက်အများကြီးငယ်သော ကလေးတစ်ယောက် ရှေ့မှာ မွေး မျက်နှာတစ်ခုလုံး နီရဲလျက် ရှက်သွားမိသည်။ ကိုယ့်စိတ်ထဲ ကတော့ ရိုးသားပေမယ့် ကိုယ့်အကြည့်တွေက ဒီကောင်လေးအတွက် တစ်မျိုးတစ်မည် ထင်စရာဖြစ်သွားလျှင် မွေးပဲ သိက္ခာကျရမှာဖြစ်သည်။

မွေးရှေ့မှ ထွက်မသွားခင် ကောင်လေး ပြုံးသွားသော အပြုံး လေးက အပြစ်ကင်းစွာ ချစ်စဖွယ်လေးပါ။ သူ့စိတ်ထဲမှာ မွေးထင်နေသလို မျိုး တစ်မျိုးတစ်မည် အတွေးမျိုးတွေ ရှိမှာမဟုတ်ပါဘူး။ ဘာပဲဖြစ်ဖြစ် အသက်ကြီးတာ ငယ်တာတွေထက်ယောက်ျားလေးနှင့်မိန်းကလေးဆိုတော့ မွေးဘက်ကပဲ တွေးထားနိုင်မှ တော်ကာကျမှာပေါ့ဟု ဖြေတွေးလေးတွေး ရင်း ညနေတိုင်း မွေး ထိုင်နေကျ နေရာလေးဆီ ဆက်လျှောက်လာခဲ့ လိုက်၏။

ဒီနေရာလေးမှာ ထိုင်ရင်း မွေးရဲ့စိတ်တွေက လွင့်ချင်ရာလွင့် နေတတ်သည်။ ဒီဒေသလေးကို မွေး မေမေတို့မဆုံးခင်က စတင်ရောက် ရှိခဲ့ခြင်းဖြစ်၏။ မေမေတို့နှင့်လာတုန်းကတော့ တောင်ခြေမြို့ငယ်လေးမှ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် မွေးတို့အိမ်မှ ကိုးကွယ်သည့် ရွာ ဆရာတော်တစ်ပါး အာဂန္တုအနေနှင့်လာရင်း နာမကျန်းကာ ပျံလွန်တော် မူသွားသောကြောင့် မွေးတို့မိသားစုလိုက် လိုက်လာခဲ့ကြခြင်းဖြစ်သည်။

မွေးကတော့ ထိုအချိန်က ဆယ်တန်းအောင်ကာစမို့ တကယ့်ကို တက်ကြွနေသည့်အရွယ်။ တစ်ယောက်တည်းပဲ ဟိုသွားဒီသွားနှင့် ဤ တောင်ပေါ်ဒေသလေးကို အလည်ရောက်ဖူးခဲ့ခြင်းပါ။ ထိုအချိန်တည်းက



www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်သဘောကျခဲ့ရသော အေးချမ်းသည့် ဒီဒေသလေးမှာ ခုတော့လည်း မွေး အခြေချနေထိုင်ဖို့ ဖြစ်လာခဲ့ပြီ။

မွေးကတော့ ထိုအချိန်က ဆယ်တန်းအောင်ကာစမို့ တကယ့်ကိုတက်ကြွနေသည့်အရွယ်။ တစ်ယောက်တည်းပဲ ဟိုသွားဒီသွားနှင့် ဒီတောင်ပေါ်ဒေသလေးကို အလည်ရောက်ဖူးခဲ့ခြင်းပါ။ ထိုအချိန်တည်းကနှစ်သက်သဘောကျခဲ့ရသော အေးချမ်းသည့် ဒီဒေသလေးမှာ ခုတော့လည်း မွေး အခြေချနေထိုင်ဖို့ ဖြစ်လာခဲ့ပြီ။

တစ်ကောင်ကြွက်ဘဝနှင့် ကိုကြီးကို ဆုံတွေ့ခဲ့ရသော မွေးသည်ခုလည်း တစ်ကောင်ကြွက်ဘဝနှင့်ပဲ လောကကြီးကိုရင်ဆိုင်နေရတုန်းဖြစ်၏။ ကိုကြီးနှင့်လက်ထပ်ပြီး ကာလတစ်လျှောက်လုံး မွေးဘဝအတွက်မှန်တိုင်းမထန်ခင်အချိန်ထိ တစ်သက်တာအတွက် မွေးဘေးမှာ ကိုကြီးရှိနေတော့မည်လို့ ထင်မှတ်ယုံကြည်ထားခဲ့ဖူး၏။

သို့သော်လည်း မွေး မျှော်လင့်ထားသလို ဖြစ်မလာခဲ့ပါ။ တစ်သက်လုံးပုံအပ်ကာ ယုံကြည်မျှော်လင့်ခဲ့သဖြင့် ထိုယုံကြည်မှု ပျက်စီးသွားချိန်တွင်လည်း မွေး အလူးအလဲ ခံစားခဲ့ရပါသည်။ ခုချိန်ထိ မွေးရင်ထဲက အနာတွေ မကျက်နိုင်သေးတာက သက်သေပဲပေါ့။

"မမ အိမ်ထဲမဝင်သေးဘူးလား။ ကျွန်တော်တောင် အပင်တွေအားလုံး ရေလောင်းပြီးသွားပြီ"

"ဪ အေး ပြီးပြီလား ကောင်လေး။ မမလည်း ခုပဲ ဝင်တော့မလို့ပါ"

"မမက ဝင်တော့မလို့သာ ပြောနေတယ်၊ ကျွန်တော့်အသံကြားမှ အိပ်ရာက လန့်နိုးလာသလို အမူအရာမျိုး ဖြစ်နေပြီးတော့များ"





ဒေးဒေး ပြောလည်း ပြောချင်စရာပါ။ မွေးက ဒီနေရာလေးမှာထိုင်ပြီး အတွေးတွေ ရှက်လွှင့်နေမိရင် ဘေးပတ်ဝန်းကျင်တစ်ခုလုံးကိုတောင် မေ့ချင်မေ့နေတတ်တာလေ။

"ကဲ မင်းလည်း အဝတ်အစားထူထူလေးဝတ်ပြီး အနားယူလိုက်ဦးလေ၊ ညစာပြင်ပြီးရင် လာခေါ်လိုက်မယ်"

"ညစာပြင်မယ် ဟုတ်လား မမ"

"ဟုတ်တယ် မင်းဒီညတော့ မမနဲ့ပဲ တစ်ခါတည်းစားလိုက်၊ ထမင်းဆိုင်သွားမနေနဲ့တော့၊ အိမ်မှာ ကညွတ်တွေရလာလို့ အသားလေးနဲ့ ရောကြော်ထားတယ်"

"ဒီလိုဆို ကျွန်တော်က ပိုတောင်သဘောကျသေးတာပေါ့၊ ဒါနဲ့ မမကို ကျွန်တော် အကြံပေးစရာ တစ်ခုရှိတယ်"

အိမ်ဘက်ပြန်ရန် ခြေလှမ်းပြင်နေသော မွေး ကိုယ်လေးတုန့်ခနဲ ရပ်တန့်သွားပြီး ဒေးဒေးကို မျက်မှောင်ကျုံ့လျက် စိုက်ကြည့်လိုက်သည်။ ဒီကောင်လေးကများ ကြီးကြီးကျယ်ကျယ် မွေးကို အကြံပေးစရာရှိတယ်ဆိုပဲ။

"ပြောစမ်းပါဦး ဘာအကြံများလဲ"

မွေး ပြုံးစိစိနှင့်မေးတော့ ကောင်လေးမျက်နှာက အားတက်သရော အမူအရာတွေ ချက်ချင်းပျောက်ကုန်ပြီး မွေးကိုလည်း ခပ်ရှုးရှုးလေးပြန်ကြည့်နေ၏။

"မမက ကျွန်တော် စကားကောင်းပြောမလို့ဟာကို လှောင်နေတာလား"

ကောင်လေးအသံက ဒေါသလေးတွေတောင် ပါချင်နေသလိုလို



www.burmeseclassic.com

www.burmeseclassic.com



ရှုံးရှုံးရှားရှား ဖြစ်နေ၏။

''မဟုတ်ပါဘူးကွာ၊ မင်းက ကိုယ့်ကိုအကြံတွေဘာတွေပေးမယ်ဆိုတော့ ကိုယ်က ဝမ်းသာသွားတာပါ၊ ဘာလဲ စိတ်ဆိုးလို့လား''

''စိတ်ဆိုးတာတော့ မဟုတ်ပါဘူး၊ မမက ကျွန်တော့်လို မလောက်လေး မလောက်စားကို ပြောမယ့်စကားကို အလေးမထားမှာ စိုးလို့ပါ''

''ကဲပါ ပြောမှာသာပြော''

''မမရဲ့ပန်းခင်းကြီးက အကျယ်ကြီး၊ ပန်းတွေကလည်း အများကြီး၊ ဒါပေမဲ့ တစ်နေ့တစ်နေ့ ဘုရားပန်းကပ်တာရယ် အလှပန်းအိုးထိုးတာရယ်ပဲ ရှိတယ်''

''အင်း အဲဒီတော့ ဘာဖြစ်လဲ''

''စီးပွားဖြစ် ရောင်းကြည့်ပါလားလို့၊ ဒါဆို မမလည်း ပိုက်ဆံရမယ်လေ၊ မကောင်းဘူးလား၊ ခုဆို မမ ဘာလုပ်ပြီး အိမ်စရိတ်ရှာနေတယ်ဆိုတာတောင် ကျွန်တော်မသိဘူး၊ ဒါပေမဲ့ မမကို အပိုဝင်ငွေလေး ရမယ့်နည်းလမ်း ပြောကြည့်တာပါ''

ကောင်လေးစကားက တကယ့်ကိုအတည်ပေါက်ကြီးမို့ မွှေးကိုယ်တိုင်တောင် ခပ်တွေးတွေးလေး ဖြစ်သွားရ၏။ ကိုကြီးဆီက အထောက်အပံ့ကို ဒီထက်ပိုပြီး မယူချင်တော့ပေမယ့်လည်း လောလောဆယ် လိုအပ်ချက်တွေအတွက်တော့ ယူနေရဆဲဖြစ်သည်။

ပြီးခဲ့တဲ့တစ်ပတ် ငွေသားထုတ်ပြီးတုန်းက ကိုကြီးဆီ ဖုန်းဆက်လိုက်သေး၏။ လိုသလောက်ကို ထပ်ပို့ပေးမယ်လို့ ပြောနေသော်လည်း ဒီငွေတွေဟာ မွှေးနဲ့မသက်ဆိုင်တော့သော ငွေတွေအဖြစ်သာ မြင်ယောင်





နေမိသည်။ မညိုတို့သားအမိကို ဒေးဒေးတို့အိမ်လေးမှာ သွားတွေ့ရင်း ငွေလေးလည်း နည်းနည်းပါးပါး ပေးခဲ့လိုက်သေး၏။ မွှေး စိတ်ထဲက စေတနာဖြစ်သော်လည်း တကယ်တမ်းမှာတော့ ကိုကြီး ပို့ပေးသော ငွေများဖြင့်သာ အရာအားလုံးကို ဖြေရှင်းနေရဆဲ ဖြစ်၏။

သားဖြစ်သူကို စိတ်မချသောကြောင့် တဖွဖွပြောနေပါသည်ဆိုသော ဒေးဒေးရဲ့မေမေကတော့ မွှေးကိုမြင်တွေ့ခင်မင်ပြီးတော့မှ သူ့သားကိုစိတ်ချသွားပြီဖြစ်ကြောင်းတွေ အထပ်ထပ် ပြောနေတော့၏။ မိန်းကလေးတစ်ယောက်တည်း နေတယ်ဆိုလို့ ဒေးဒေးကို စိတ်ပူနေမိပြီး မွှေးဝုံစံလေးကို မြင်တော့မှ ရိုးသားအေးဆေးမည့်ပုံလေးမို့ စိတ်ချသွားခြင်းဖြစ်ကြောင်း၊ ဒေးဒေးက တစ်ဦးတည်းသောသားမို့ ဆိုးချင်ကြောင်း၊ ပန်းချီကို ဝါသနာပါတာကတော့ ဟိုးငယ်ငယ်လေးတည်းကဆိုသည့်အကြောင်းတွေ ပြောပြရင်း ဒေးဒေး ငယ်ငယ်က ဆွဲထားသည့် ကလေးပန်းချီပုံလေးများကို ထုတ်ပြနေသေးသည်။

ဒေးဒေး မေမေကလည်း မွှေး အမြင်မှာတော့ စိတ်သဘောထားကောင်းမွန်ပြည့်စုံသည့် လေးဆယ်ကျော်အမျိုးသမီးတစ်ဦးပါပဲ။ ရင့်ကျက်သောအလှနှင့် မုဆိုးမဘဝကို တည်ငြိမ်စွာ ခံယူထားခြင်းဖြစ်သည်။ နောက်အိမ်ထောင်ပြုမည်ဆိုလျှင်တောင် အချိန်မရွေးကောက်ယူလိုက်လို့ ရလောက်သည်ထိ ထိုအမျိုးသမီးသည်ဆွဲဆောင်မှုရှိလှပါ၏။

''ကျွန်တော် ပြောတာကို သဘောတူလား မမ''

''ကိုယ် စဉ်းစားကြည့်မယ်လေ၊ မနက်စောစောထဖို့ ပြင်ဆင်ပြီး မြို့ဈေးထွက်ဖို့ဆိုတာတွေက သိပ်တော့မလွယ်ဘူးကွ''

''အဲဒါတွေ မပူပါနဲ့၊ ကျွန်တော် လုပ်မှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးကတော့ သူ့ကိုယ်သူ ယုံကြည်စိတ်ချမှုအပြည့်ရှိပုံမျိုးနှင့် အားတက်သရော ပြောနေ၏။ သူ့ရဲ့တက်ကြွမှုတွေက မွေးကိုယ်ထဲထိတောင် စိမ့်ဝင်သွားသလို ခံစားလိုက်ရသည်ထိ။

"မင်းတစ်ယောက်တည်း ဘယ်အဆင်ပြေပါ့မလဲကွာ၊ မြို့ပေါ်ကို စောစောစီးစီး သွားဖို့ကလည်း ရှိသေးတယ်"

"မပူပါနဲ့ မမရဲ့၊ ဦးကြီးသာအောင်ရဲ့ ထော်လာဂျီနဲ့ လိုက်ခဲ့လို့ရမလားလို့ မေးထားပါတယ်"

"ဟဲ့ သူ့ထော်လာဂျီမှာက သူ့ပစ္စည်းတွေနဲ့ပဲ ပြည့်နေမှာကို မင်းကပါ ပန်းတွေထပ်တင်တော့ ဘယ်လိုအဆင်ပြေနိုင်မှာတုန်း"

"ရပါတယ်ဗျာ၊ စစချင်းမှာတော့ ပန်းတွေအများကြီး ဘယ်ယူသွားဦးမလဲ၊ စမ်းကြည့်မှာပေါ့၊ ဦးကြီးသာအောင်ကလည်း သဘောတူပါတယ်ဗျ၊ နောက်ပိုင်းမှ တစ်ခုခုထပ်စဉ်းစားကြည့်ကြတာပေါ့ဗျာ"

"အေးလေ ဒီလောက်တောင် တက်ကြွနေမှတော့လည်း သဘောပေါ့၊ မမလည်း တစ်ခုခုတော့ ကြံပါဦးမယ်"

"ဟေး ဒီလိုမှပေါ့"

ကောင်လေးက မွေးထံမှ ခွင့်ပြုချက်ရလို့ တော်တော်လေး ပျော်ရွှင်မြူးတူးသွားသည့်ပုံ။ ထိုကောင်လေး ပျော်မြူးနေသည့်ပုံကိုကြည့်ပြီး မွေးပါ အလိုလို ရွှင်မြူးလာမိသည်။ ကောင်လေးရဲ့အရယ်အပြုံးတွေဟာ အသက်ပါလွန်းလှချည်လား။ ဆယ်ကျော်သက်တစ်ယောက်ရဲ့ဖြူစင်လင်းမှုနှင့် ကလေးဆန်နေသေးသော မျက်နှာလေးက ဒေးဒေးကို ပိုလို့တောင် ချစ်စရာကောင်းသွားစေတာ သေချာပါသည်။

ဒေးဒေးပြောသည့် စီးပွားရေးလေးကလည်း လောလောဆယ်





သူဌေးမဖြစ်တောင် ဒီတိုင်းထိုင်နေတာထက်စာရင် ငွေပိုငွေလျှံလေး ထွက်လာမှာကတစ်ကြောင်း မွေးအတွက် အကျိုးမဲ့မဖြစ်စေတာကတစ်ကြောင်းတို့ကြောင့် သဘောတူလိုက်မိခြင်း ဖြစ်သည်၊ နောက်ပိုင်း ဒေးဒေး အရောင်းအဝယ် အဆင်ပြေတယ်ဆိုတော့လည်း တစ်မျိုးကြည့်စီစဉ်ပေးရမှာပေါ့လေ။

အတွေးတွေ တသီတတန်းကြီးနှင့် ထမင်းဝိုင်းပြင်ပြီးသွားတော့ ကောင်လေးရှိရာဆီ သွားခေါ်ရန်ပြင်ဆဲမှာပဲ

"ပြီးပြီလား မမ၊ ကျွန်တော် ဗိုက်ဆာနေလို့ မမ ခေါ်တာကို စောင့်တော့ဘဲ ထွက်လာခဲ့တာ"

"အတော်ပါပဲ ကိုယ်လည်း နှပဲ မင်းကို လာခေါ်တော့မလို့ပါ"

ထမင်းဝိုင်းတွင် မျက်နှာချင်းဆိုင် ထိုင်မိကြတော့ ကောင်လေးက ဟင်းတစ်ဇွန်းခပ်လျက် မွေးပန်းကန်ထဲ အရင်ထည့်လိုက်၏။

"ရပါတယ်ကွာ ကိုယ့်ဘာသာ စားပါ့မယ်၊ မင်းလည်း အေးအေးဆေးဆေး ဟုတ်ပြီလား"

"ကြီးတဲ့သူကို ဦးချရမယ်တဲ့၊ အဲဒါကြောင့်မို့ပါ မမရဲ့"

"အင်းပါ ဟုတ်ပါပြီ၊ မင်းလည်း မမဆီမှာ အနေဆင်းရဲ အစားဆင်းရဲနဲ့ဝင်ရှလာခံတယ်နော်၊ အငယ်မလေး ဆေးခန်းပြစရာမလိုတော့ဘဲ မညီလည်း ရွာပြန်ရောက်တော့မှ မင်းအနားရတော့မှာပဲ"

မွေး စကားကြောင့် ကောင်လေးက ပါးစပ်ထဲသွင်းကာနီး ထမင်းလုတ်ကို ပြန်ချလိုက်ရင်း

"ဟား ကျွန်တော်ပြောဖို့ မေ့နေတာ မမရေ၊ မနေ့က ကျွန်တော်မြို့ပြန်တော့ မေမေနဲ့မညီက မှာလိုက်တယ်၊ မမညီ ဒီမှာ မကိုလာကူ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးဖို့က မသေချာဘူးတဲ့၊ ဟိုမှာ မေမေ့ကိုကူလုပ်ပေးနေတဲ့ ဝန်ထမ်းကောင်မလေးက ထွက်သွားတော့ မမညိုကို မေမေက ချောဆွဲထားလိုက်တယ်၊ မမညိုကလည်း မမကို အားနာတယ်၊ မေမေ့ကိုလည်းအားနာတယ်နဲ့ ကြားမှာညှပ်နေတယ်၊ ဒါနဲ့ ကျွန်တော်ပဲ ကြားကနေ ဝင်ဖြေရှင်းပေးခဲ့ပါတယ်၊ မမအတွက်ကတော့ ကျွန်တော်ရှိနေမှာမို့ မပူပါနဲ့လို့ မေမေ့ဆိုင်ကိုသာ ဝိုင်းကူလုပ်ပေးလိုက်ပါလို့လေ''

သူ့စကားအရှည်ကြီးဆုံးတော့မှ ဒေးဒေးက ထမင်းလုတ်ကို ပါးစပ်ထဲသွင်း၏။ မွေးမှာသာ တအံ့တသြနှင့် မျက်လုံးလေးများ ပြူးနေရသည်။

''ဟဲ့ကောင်လေး၊ နင်က လူတတ်ကြီးလုပ်ပြီး ဝင်ပါလာပြန်ပြီပေါ့လေ၊ မင်းက ငါ့ကိုဘယ်အချိန်ထိ ကူနိုင်မှာမို့လဲ၊ ကျောင်းတွေဖွင့်ရင်ပဲ သွားတက်ရတော့မယ်ဟာကို''

''အဲဒီအချိန်ကျရင် မေမေလည်း ဝန်ထမ်းသစ်ခေါ်မှာပေါ့၊ မမညိုက ဒီမှာပြန်လာလုပ်မှာပေါ့''

ပြောနေပုံက တကယ့်ကို ပေါ့ပေါ့လေး၊ မွေးမှာသာ သူ့ဘာသာစီမံခဲ့ပြီး မွေးကိုတောင် ခုမှ အရေးမကြီးသလိုပုံနှင့် အသိပေးနေသောကောင်လေးကို စိတ်ဆိုးချင်သော်လည်း စိတ်ဆိုးဖို့ အခက်ဖြစ်နေရသည်။

''ဒါဆို မညို ကလေးတွေကိုရော ဘယ်လိုလုပ်မယ်တဲ့လဲ''

''မေမေက မမညိုကို ကျွန်တော်တို့ အိမ်နောက်ဖေးအဖီလေးမှာ နေရာပေးထားတယ်လေ၊ အဖီဆိုပေမယ့် သူတို့မိသားစု အခုနေတဲ့ အိမ်ထက်တော့ ကျယ်လည်းကျယ်ပြီး နေလို့လည်း အဆင်ပြေတာ မမရောက်ခဲ့တုန်းက တွေ့ခဲ့မှာပေါ့''





ဒေးဒေးတို့က မြို့လေးမှာ စတိုးဆိုင်ဖွင့်ထားခြင်းဖြစ်ပြီး ဒေးဒေးက ဖတာဆိုးလေးမို့ သူ့မေမေတစ်ယောက်တည်းကသာ စီးပွားရေးကို ဦးဆောင်နေခဲ့ခြင်းဖြစ်သည်။ သူတို့မိသားစုက ဆိုင်နှင့်ကပ်လျက်အခန်းတွင်နေကြပြီး အိမ်နောက်ဘက်တွင် အခန်းပိုပုံစံလေး ပျဉ်ထောင်နှင့်တွဲလျက် အဖီထုတ်ထားခြင်း ဖြစ်သည်။ ဂိုဒေါင်သဘောမျိုးဖြစ်၏။ သိုလှောင်ထားသော ကုန်ပစ္စည်းအနည်းငယ်ရှိပေမယ့် မညိုတို့သားအမိအတွက်တော့ ကျယ်ကျယ်ဝန်းဝန်း နေနိုင်မှာ သေချာပါသည်။

''မင်း အဲဒီလိုပြောတာနဲ့ မညိုက လက်ခံလိုက်ရောလား''

''ဘယ်လက်ခံမလဲ မမရဲ့၊ သူကိုယ်တိုင် မမကို လိုက်ပြောဦးမယ်လုပ်နေတာလေ၊ ကျွန်တော်က ရတယ် လိုက်မပြောနဲ့တော့ မမကို ကျွန်တော် ကြည့်ပြောလိုက်မယ်ဆိုပြီး တာဝန်ယူခဲ့တာ''

''အမလေးလေး တကယ့်လူကြီးနဲ့ လာတွေ့နေပါရောလား''

မွေးက ရင်ဘတ်ကို လက်လေးနှင့်အသာဖိရင်း မျက်လုံးလေးပြူးပြလျက် ပြောတော့ ဒေးဒေးက သွားတက်လေးများပေါ်သည်ထိ ချစ်စရာကောင်းအောင် ရယ်ပါသည်။

''သူတို့ပစ္စည်းတွေဘာတွေ လာသယ်တဲ့နေ့တော့ မမကို ဝင်တွေ့မယ်လို့ ပြောပါတယ်၊ မညိုက မမကို တော်တော်လေး ကျေးဇူးတင်နေတာပါ၊ အဲဒီကျေးဇူးတွေ ပြန်မဆပ်နိုင်မှာကိုလည်း သူ့မှာ သိပ်စိုးရိမ်နေရှာတာ''

''ဩော် ဟုတ်လား''

ခုလိုကျတော့လည်းသိပ်ကို သိတတ်လိမ္မာပြီး ကိုယ်ချင်းစာနာသည့်ပုံနှင့် ပြောနေပြန်သည်မို့ မွေးက တမင်သက်သက်ပင် နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



လေးမဲ့ကွေးလျက် အငေါ်တူးပစ်လိုက်သည်။

"မမကလေ ကျွန်တော့်ကိုဆိုရင် ဘယ်တော့မှ အကောင်း မမြင်ဘူးနော်၊ လျှောင်ဖို့ပဲ ကြည့်နေတယ်၊ တော်ပြီဗျာ ထမင်းလည်း မစားချင်တော့ဘူး၊ သွားတော့မယ်"

"ဟဲ့ ကောင်လေး ဘယ်လိုဖြစ်တာလဲ ဒေးဒေး"

မွှေး လှမ်းခေါ်ပေမယ့် ကောင်လေးက နောက်ဖေးတွင်လက် ဝင်ဆေးပြီး နောက်ဖေးပေါက်မှပင် သူ့သစ်သားအိမ်လေးဆီသို့ ပြန်ထွက် သွားခဲ့ပြီ။ ဘယ်လိုကောင်လေးမှန်းလည်းမသိ။ သေချာတာကတော့ ကလေးစိတ်မကုန်ချင်သေးတာပါပဲ။ မွှေးအပေါ်မှာ နွဲ့ဆိုးဆိုးချင်နေသော ဒီကောင်လေးကို မွှေး ဘယ်လိုကိုင်တွယ်ရမှာပါလိမ့်၊ ဟူး ရင်မောမိပါရဲ့ နော်။

■ ■ ■

"မွှေးရေ မင်းဒင်ကို ကိုကြီး ရှာတွေ့ခဲ့တယ်"

အိမ်တံခါးဖွင့်လိုက်တာနှင့် ကိုကြီးက သားရေအိတ်တစ်ခုကို လက်ကဆွဲရင်း ဝင်လာလျက် ပါးစပ်ကလည်း ထိုအတိုင်း အားတက် သရော ပြောလိုက်ခြင်းဖြစ်သည်။ မွှေးမှာတော့ မျက်လုံးလေးများပြူးဝိုင်း ပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရသည်။

"ဒီလိုဆို သူက ဘယ်မှာကျန်ခဲ့တာလဲ ကိုကြီး၊ သူ့ကိုခေါ်မလာ ဘူးလား၊ မွှေး ငွေတွေရော ဘယ်ရောက်ကုန်ပြီတဲ့လဲ"

"ဖြည်းဖြည်းမေးပါ မွှေးရယ်၊ စိတ်ကိုလျှော့ထား၊ မွှေး စိတ်ပူ စရာကိစ္စတွေ ဒီမှာတင်ပြီးသွားပြီ၊ လာ ကိုကြီးနားမှာ လာထိုင်"

မွှေးသည် အလွန်အမင်း သိချင်စိတ်တွေကို မြိုသိပ်ပြီး ကိုကြီး





ဘေးကပ်လျက်တွင် ဝင်ထိုင်လိုက်၏။ ကိုကြီးက ဖြစ်စဉ်ကိုမပြောသေးဘဲ မွှေး နဖူးပေါ်ဝဲကျနေသော ဆံယဉ်စလေးများကို သူ့လက်ချောင်းများဖြင့် သပ်တင်ဖယ်ရှားပေးနေသေးသည်။

"ပြောပါတော့ ကိုကြီးရဲ့၊ မွှေး သိချင်လှပြီ"

"ဘယ်လိုဖြစ်တာလဲ မွှေးရယ်၊ စိတ်ပူစရာတွေ မလိုတော့ပါဘူး လို့ ကိုကြီး ပြောနေတယ် မဟုတ်လား"

"ဒါပေမဲ့လည်း သိချင်တာပေါ့ ကိုကြီးရဲ့"

"အင်းပါ ဟုတ်ပါပြီ ဒီလောက်တောင် သိချင်နေမှတော့ ကိုကြီး ရဲ့ မွှေးနှုတ်ခမ်းလေးကို အရင်ဆုံးနမ်းချင်နေတဲ့စိတ်တွေကိုဖျောက်ပြီး မင်းဒင်ကိစ္စကိုရှေ့တန်းတင်လိုက်ပါ့မယ် ဟုတ်ပြီလား"

"ကိုကြီးကလည်းလေ ဘာမှန်းလည်း မသိဘူး"

သိချင်စိတ်တွေကြားက ရှက်သံလေးဝဲလျက် မွှေး ပြောတော့ ကိုကြီးက ပါးလေးကိုဖျတ်ခနဲ နမ်းလိုက်ပြီးမှ

"ကိုကြီး လူတွေလွှတ်ပြီး စုံစမ်းခိုင်းထားတော့ ပဲခူးဘက်က ရွာလေးတစ်ရွာမှာ သူ့သူငယ်ချင်းနဲ့အတူ ခိုနေတယ်ဆိုပြီး သတင်းရ တယ်၊ အဲဒါနဲ့ ကိုကြီး ချက်ချင်းပဲ လိုက်သွားတာ၊ မနက် မွှေး ဖုန်းဆက် တော့ ကိုကြီး မကိုင်နိုင်တာ သူတို့နဲ့တွေ့ပြီး စကားပြောနေလို့လေ"

"ကိုကြီးရယ် မွှေးကိုပါ တစ်ခါတည်း ခေါ်ရောပေါ့"

"မွှေးပါနေတော့ သူတို့က တစ်ခုခုအန္တရာယ်ပေးချင်ရင် အား နည်းချက်လိုဖြစ်နေမှာပေါ့၊ ဒါကြောင့် ကိုကြီးနဲ့ ကိုကြီးလူယုံတစ်ယောက်ပဲ သွားလိုက်တာ"

"ကိုကြီးကို တစ်ခုခုတော့ သူတို့မလုပ်လိုက်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



မွှေး စိုးရိမ်စွာနှင့်မေးရင်း ကိုကြီး တစ်ကိုယ်လုံးကိုလည်း မျက်လုံးလေးဝေ့ကြည့်လိုက်သည်။ ကိုကြီးက မွှေးစိုးရိမ်စိတ်ကို ရိပ်မိစွာနှင့်ပင် မွှေး ပခုံးလေးအား တင်းတင်းလေး ဖက်မွေ့ထားလိုက်ပြီး

"မွှေး ဘာမှမဖြစ်ပါဘူး၊ သူတို့ကလည်း အန္တရာယ်မပြုပါဘူး။ သူတို့ကို ရဲစခန်းမတိုင်ဖို့ပဲ အကြိမ်ကြိမ်တောင်းပန်နေတာနဲ့ ကိုကြီးကလည်း ပိုက်ဆံတွေပြန်ပေးရင် ကျေအေးပေးမယ်လို့ ပြောလိုက်တယ်"

"ဒါဆို ဒီအိတ်ထဲက ပိုက်ဆံတွေပေါ့နော် ကိုကြီး"

ကိုကြီး ကိုင်လာခဲ့သော သားရေအိတ်ကြီးကို လက်ညှိုးညွှန်ပြလျက် မွှေး မေးလိုက်သည်။ ကိုကြီးက ခေါင်းကိုညိတ်လိုက်ပြီး

"ဟုတ်တယ် ဒါပေမဲ့ ဆယ်သိန်းကတော့ သူတို့သုံးလိုက်ကြသွားပြီ ကျန်တဲ့ဟာတွေပဲ ယူလာခဲ့တယ်၊ မွှေး သဘောကရော ဘယ်လိုလဲ"

"မွှေးကိုယ်တိုင်ကလည်း တရားစွဲတာတွေ ဘာတွေ မလုပ်ချင်ပါဘူး၊ အဲဒါအတွက်နဲ့ ငွေတွေလည်း ပိုကုန်တာပဲအဖတ်တင်မှာလေ။ ကိုယ့်ငွေလေး ပြန်ရတာပဲ ဝမ်းသာနေပါပြီ"

ကိုမင်းဒင်ဆိုတာလည်း ဘယ်လိုစိတ်ကြောင့် ဒီလိုဂြိုဟ်ဖောက်သွားသည်မသိပေမယ့် တစ်ချိန်တုန်းကတော့ မွှေးတို့မိသားစုနဲ့ တစ်ရှိန်တစ်စည်းတည်း နေလာခဲ့ကြဖူးသည့် သံယောဇဉ်ကိုထောက်ထားပြီး အမှုလုပ်မနေတော့ပါ။ အစတည်းကလည်း ထိုစိတ်ကူးကြောင့်ပင် ကိုကြီးအကူအညီဖြင့်သာ သူတို့ကိုရှာဖွေခိုင်းခဲ့ခြင်း ဖြစ်၏။ မွှေးလုပ်ချင်မှတော့ ရဲစခန်းသွားပြီး အမှုဖွင့်လိုက်လို့လည်း ရတာပါပဲ။

"သူတို့မှာ သုံးဖို့စွဲဖို့ရော ကျန်ရဲ့လား ကိုကြီး"

"အမလေး သူတော်ကောင်းမလေး ကိုယ့်ဆီက ငွေတွေခိုးသွားတဲ့သူကို ပြန်သနားနေသေးတာလား၊ ညည်းပိုက်ဆံ ဆယ်သိန်းလောက်ကို သူတို့သုံးပစ်လိုက်တာနော်"

"ဒါကတော့ ကိုကြီးရယ်၊ သူ တကယ်ကိစ္စတစ်ခုခုရှိလို့ဖြစ်မှာပါ၊ ကိုမင်းဒင့်ကို သိလာတာ ရွာမှာနေတဲ့ တစ်လျှောက်လုံးပါပဲ၊ ဒီလို ဆိုးဆိုးရွားရွားလည်း တစ်ခါမှ မကြားခဲ့ဖူးပါဘူး"

"မွှေးကလေ အားလုံးအတွက်ကို လိုက်တွေးပေးတတ်တယ်နော်၊ အဲဒီလို ဖြူစင်တဲ့စိတ်ဓာတ်လေးကို ကိုကြီးကလည်း ချစ်နေတာ သိလား"

စကားဆုံးသွားသည်နှင့် ကိုကြီးက မွှေးမျက်နှာနားသို့ တိုးကပ်လာလျက် အောက်နှုတ်ခမ်းလေးကို ဖိကိုက်လိုက်သည်။

"နမ်းလို့ရပြီ မဟုတ်လား မွှေး"

မွှေး အသာအယာခေါင်းညိတ်ပြလျက် မျက်လုံးလေးများကို မှိတ်ချပေးလိုက်သည်။

အပြင်ဘက်မှ နွေးထွေးမှုတွေနှင့်အတူ မှိတ်ထားသော မျက်လုံးများထဲမှာလည်း အပြာပြီးအပြာ ရောင်စဉ်တွေ ဖြာကျနေသော အိပ်မက်လေးတစ်ခု၊ တဒင်္ဂဏာဖြစ်ဖြစ် မက်ပါရစေနော်။

■ ■ ■





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဒီအိမ်လေးကို ဝယ်လိုက်ပါလား မွှေး"

"မွှေးမှာကျန်တဲ့ငွေက ဒီလောက်မှ မရှိတော့တာ ကိုကြီးရယ်"

"ကိုကြီး စိုက်ပေးမှာပေါ့၊ ဒါများ ထွေထွေထူးထူး လုပ်နေတယ် မွှေးကလေ"

"ကိုကြီးဆီက ပိုက်ဆံတွေကို မွှေးကချည်းပဲ ယူနေရတော့ အားနာမိတယ်"

တဖြည်းဖြည်းနှင့် ပုံနှံလာသော မွှေးနှင့်ကိုကြီးသတင်းတွေကား ကာတ်ထဲမှာရစရာမရှိတော့။ မွှေးက ငွေမျက်နှာကြည့်ကာ ကိုကြီးအနား ရစ်သီရစ်သီ လုပ်နေမိသလို သတင်းတွေက မွှေး ပြန်ကြားရတာပင် နားနဲ့မဆန့်။ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ နေလို့မရသည့် မွှေး အနေ အထားမှာ တကယ့်ကို ဘေးကျပ်နံကျပ်ဖြစ်စေ၏။

ကိုကြီး စေတနာက သန့်စင်ရင်တောင် လက်ခံရမည့် မွှေးကတော့ စိတ်ကျဉ်းကျပ်မိသည်။





"ဘာတွေဖြစ်နေတာလဲ မွှေးရယ်၊ ကိုကြီးကိုဆက်ဆံလိုက်ရင် ချစ်မ်းတစ်ယောက်ကျနေတာပဲ၊ ကိုကြီးက မွှေးရဲ့ဆိုးတူကောင်းဘက် အဖော်တစ်ယောက် ဖြစ်ချင်တာ"

"အမှန်ကို ဝန်ခံရရင် ပတ်ဝန်းကျင်ရဲ့အကြည့်ဒဏ်တွေကို မွှေး မခံနိုင်တော့ဘူး၊ မွှေးတို့နှစ်ယောက်က ဘယ်လောက်ပဲ သန့်စင်စွာ ချစ်တယ်ပြောပြော ဘေးကလူတွေကတော့ မွှေးကို ငွေမက်တဲ့ပိုင်းလုံးမ တစ်ယောက်အဖြစ် မြင်ကြမှာပဲ"

"မွှေး ဘယ်လိုပြောလိုက်တာလဲ"

စိတ်ကိုပိုင်းဖြတ်ကာ မွှေး ပြောပစ်မိတော့ ကိုကြီး မျက်ခုံးတွေ ပင့်တက်လျက် အံ့သြတကြီး ပြန်မေးခဲ့သည်။

"ဟုတ်တယ် ကိုကြီး၊ မွှေးလေ ကိုကြီးနဲ့ပတ်သက်ပြီး ပတ်ဝန်းကျင်ကို ဂရုမထားမိအောင် ကြိုးစားကြည့်ပါတယ်၊ ဒါပေမဲ့ မရဘူး၊ မွှေး နေ့စဉ်ရက်ဆက် ကျင်လည်နေရတဲ့ ပတ်ဝန်းကျင်က အပြောတွေ အကြည့်တွေကို မွှေး မခံစားနိုင်တော့ဘူး"

"မွှေးကို ဘယ်သူတွေက ဘာပြောလို့လဲ၊ ပြောတဲ့လူတွေ ကိုကြီးနဲ့တွေ့သွားမှာပေါ့"

"ဘာလဲ ကိုကြီးက မွှေးကို ကွယ်ရာမှာပြန်ပြောပြီး ဒုက္ခပေးတတ်တဲ့သူဖြစ်အောင် လုပ်ဦးမလို့လား"

"ကျွတ်"

ပါးစပ်က စုပ်သတ်လျက် ဆံပင်များကို တစ်ချက်သပ်တင်လိုက်ရင်း ထိုင်ခုံနောက်မှီကို ကိုကြီး ပုံလျက်သား မှီချလိုက်၏။

"ဒီလိုဆိုလည်း မွှေး နည်းနည်းလောက်တော့ သည်းခံပေးပါ



www.burmeseclassic.com

www.burmeseclassic.com



နော်၊ ကိုကြီးလေ မွေး ဘဝကို ခုလိုမျိုး သူများအပြောတွေက လွတ်အောင် အမြန်ဆုံး ကြိုးစားပါ့မယ်၊ လောလောဆယ်တော့ ကိုကြီး စကားကို နားထောင်လိုက်ပါနော်''

ဘယ်လိုအဓိပ္ပာယ်နဲ့ ကိုကြီးပြောခဲ့မှန်း မသိပေမယ့် စိတ်ဓာတ်ကျဆင်းသွားသော မျက်နှာအမူအရာမျိုးနှင့် တောင်းပန်ခယသလို ပြောနေသော ကိုကြီး လေသံကြောင့်ပင် မွေး ခေါင်းညိတ်ခဲ့ရပြန်ပါ၏။

ကိုကြီး ငွေစိုက်ထည့်ပေးလျက် ဒီအိမ်လေးကို ဝယ်ဖြစ်ခဲ့ပြီး တစ်လအတွင်းမှာပင် ကိုကြီးထံမှ လက်ထပ်ခွင့်တောင်းခြင်းကို မွေး အံ့သြရင်နှန်စွာ လက်ခံရခဲ့ခြင်းဖြစ်သည်။ ဘေးလူတွေရဲ့အပြောအဆိုဒဏ်ကလွတ်အောင် ကိုကြီး အမြန်ဆုံးကြိုးစားခဲ့တာရဲ့အဖြေက မွေးကို လက်ထပ်ခွင့်တောင်းခြင်းလား။

ဘယ်လိုပဲဖြစ်ဖြစ် အဲဒီအချိန်တုန်းကတော့ မယုံကြည်နိုင်လောက်အောင် ဆန်းပြားသော လှိုက်မောမှုကသာ မွေးရင်ခွင်တစ်ခုလုံးကို လွှမ်းခြုံထားခဲ့သည်။ ကိုကြီး အဆင့်အတန်းနှင့်ယှဉ်လျှင် မွေးလိုမိန်းကလေးကို သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်းဖို့ စိတ်ပိုင်းဖြတ်လိုက်သော ကိုကြီးကိုလည်း အရင်တုန်းကထက် ပိုလို့လေးစားအားကိုးခဲ့ရ၏။

မင်္ဂလာပွဲအတွက်ကိုလည်း ကိုကြီးကိုယ်တိုင် အစအဆုံး လိုက်စီစဉ်ပေးလျက် အပင်ပန်းခံခဲ့သည်။ မွေးကိုလည်း မားကတ်မှာ မလုပ်နိုင်းတော့။ လုပ်ငန်းခွင်ထဲမှာ လျှင်မြန်စွာပျံ့နှံ့သွားသော မွေးတို့မင်္ဂလာသတင်းက ကြားရသူများကို အံ့အားတသင့်နှင့် အားကျစေခဲ့၏။

မားကတ်သို့သွားပြီး မွေး ပစ္စည်းတွေသိမ်းဆည်းသည့်နေ့က





ကောင်တာတစ်ခုတည်းလုပ်ခဲ့သော မိုးမိုးကတော့ ဝမ်းသာလှိုက်လှဲစွာဖြင့် အားပေးခဲ့သလောက် နွယ်နီ့ထံမှ မလိုတမာသော စကားအစအနများကိုလည်း မွေး မကြားတကြား လက်ခံရရှိခဲ့သေး၏။

''မဖြစ်ဖြစ်တဲ့နည်းနဲ့ အမြင့်ကိုရောက်အောင် တက်ပြီးတော့မှ မကြာပါဘူး ပြန်ပြုတ်ကျလာမှာ မြင်ယောင်မိသေးတယ်၊ ဟင်း ဟင်း အဲဒီအခါကျမှ မျက်ရည်လေးစမ်းစမ်းနဲ့ မြင်ယောင်မိပါသေးရဲ့''

တစ်ခါတလေတော့လည်း ကိုယ်နဲ့မဆိုင်ပါဘဲ မကောင်းမြင်ဝါဒတွေနှင့် ပုတ်ခတ်ပြောဆိုချင်ကြသူများကို မွေး သနားမိ၏။ လူတိုင်းမှာ ကိုယ့်အပူနှင့်ကိုယ် ရှိနေကြတာကိုတောင် သူတို့လို လူမျိုးတွေက သူများတို့စွာတွေကိုပါ ကိုယ့်ကိစ္စလို စိတ်ဝင်တစား ခံစားပေးကြရသည်။ အချိန်ကုန်ခံ လေကုန်ခံပြီး တခုတ်တရလုပ် ပြောကြဆိုကြရသည်။ ငွေလည်းမဝင် အကျိုးလည်းမရှိသည့် လုပ်ရပ်မျိုးကို အချိန်ပေးလုပ်ကြရသော နွယ်နီတို့လို လူမျိုးတွေကမှ သူတို့အပုပ်ချပြောဆိုနေသည့် မွေးထက် ဆောင် ဆိုးရွားပြီး သနားစရာကောင်းနေကြသည် မဟုတ်ဘူးလား။

သို့သော် လက်ထပ်ပြီးလို့ ကိုကြီးအိမ်ရှိရာသို့ ပထမဆုံး လိုက်သွားခဲ့ရသည့်နေ့မှာပင် မွေးအတွက် သိချင်စရာ စူးစမ်းချင်စရာ စိတ်ဝင်စားစရာများက ပြည့်နှက်လို့နေခဲ့၏။

အလွန်တိတ်ဆိတ်ငြိမ်သက်သော မြို့ပြင်ကျသည့် ရပ်ကွက်တစ်ခုထဲမှာ ခမ်းနားစွာ တည်ရှိနေသော ကိုကြီးတိုက်ကြီးက ချောက်ချားစရာ ဆောင် ကောင်းနေခဲ့သည်။ အင်္ဂလိပ်ခေတ်ပုံစံ ဆောက်ထားသော သုံးထပ်တိုက်အနီရောင်ကြီးကို ခေတ်မီသည့်အပြင်အဆင်များဖြင့် မွမ်းမံထားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်တစ်ခုလုံးကိုလည်း ရှေးဆန်စွာပင် ကျွန်းခုံတွေ ကျွန်းလှေကားတွေ ကျောက်စီပန်းချီကားတွေဖြင့် အလှဆင်ထား၏။ ဒီမျှ ကြီးမားလှသော အိမ်ကြီးတွင် ထမင်းချက်မိန်းမကြီးတစ်ဦး၊ အိမ်သန့်ရှင်းရေးလုပ်သည့် ကောင်မလေးတစ်ဦး၊ ကျယ်ပြန့်လှသောခြံကြီးကို စောင့်ကြပ်မည့် အစောင့်တစ်ဦး၊ ခြံတွင်းသန့်ရှင်းရေး ဘာညာလုပ်ရန် မာလီတစ်ဦး အလုပ်သမား လေးဦးသာ ရှိသည်။

မွှေးတို့လက်ထပ်ပြီးသည်နှင့် အိမ်ထဲသို့ ရောက်ရောက်ချင်းမှာပင် ကိုကြီးက သူတို့လေးဦးနှင့် မွှေးကို မိတ်ဆက်ပေးခဲ့သည်။

''သူတို့ကို မွှေး ကြိုက်သလို ခိုင်းနိုင်တယ်၊ ဒီအိမ်ကြီးထဲမှာလည်း မွှေးစိတ်ကြိုက် နေလို့ရတယ်၊ ကိုကြီး အလုပ်သွားနေရင်လည်း မွှေး ဘာမှအားငယ်စရာမလိုဘူးနော်၊ အေးအေးဆေးဆေး လွတ်လပ်စွာ နေနိုင်တယ်''

ဝန်ထမ်းလေးဦးစလုံး မွှေးတို့ရှေ့မှ ထွက်သွားသည်နှင့် ကိုကြီးက မွှေးခါးနွဲ့နွဲ့လေးကို လက်များဖြင့် ညင်သာစွာ သိုင်းဖက်လိုက်ရင်း

''ဒီအိမ်နဲ့ပတ်သက်လို့ မွှေး ကြိုက်သလို နေနိုင်တယ်၊ ဒါပေမဲ့ ကိုကြီးတစ်ခုပဲ တောင်းဆိုပါရစေ''

ကိုကြီးမျက်နှာက တစ်ခုခုကို ပြောရခက်နေပုံမျိုး တွန့်ဆုတ်နေခဲ့၏။ ကိုကြီးရဲ့တောင်းဆိုချက်က ဘာများပါလိမ့်။

''ဒီအိမ်ရဲ့အပေါ်ဆုံးထပ်ကိုတော့ ကိုကြီးမပါဘဲနဲ့ မွှေး မတက်ပါနဲ့''

ကိုကြီး တောင်းဆိုမှုကြီးက အံ့သြစရာကြီး မွှေး ဘယ်လိုမှ ထင်မှတ်မထားသော တောင်းဆိုမှုမျိုး။ ဒါဟာ ဘာသဘောလဲ။ မွှေး





သိချင်စိတ်ကို မမြိုသိပ်နိုင်စွာပင် နှုတ်မှ ထုတ်ဟာမေးမိခဲ့၏။

အိမ်ကြီးရဲ့အပေါ်ဆုံးထပ်ကို ဘာဖြစ်လို့ ကိုကြီးက မတက်စေချင်တာလဲ။ ဒါဟာ လျှို့ဝှက်ချက်တစ်ခုလား။

''အပေါ်ဆုံးထပ်က ဘာဖြစ်လို့လဲဟင် ကိုကြီး''

''မွှေးကို မတက်စေချင်ဘူးဆိုရင် မွှေး မတက်နဲ့ပေါ့ကွာ၊ ကျေးဇူးပြုပြီး ကိုကြီးကို မေးခွန်းတွေ ထပ်မမေးပါနဲ့''

ကိုကြီးရဲ့ပြတ်သားသော စကားနှင့်အတူ မွှေး ခါးလေးပေါ် အသာသိုင်းဖက်ထားသော ကိုကြီး လက်တွေလည်း ပြေလျော့သွားခဲ့သည်။ မျက်နှာကလည်း တစ်ခုခုကို အလွန်အမင်း စိုးရိမ်နေသည့်ပုံ။

ဒီအမူအရာ ဒီစကားလုံးတွေနှင့်ပတ်သက်ပြီး ကိုကြီးအပေါ်တွင် ပထမဆုံးအကြိမ်အဖြစ် မွှေး မယုံကြည်နိုင်ဖြစ်ရသည်။ ကိုကြီးအိမ်ကို ရောက်ခင်ထိ မွှေးအတွက် အစ်ကိုကြီးတစ်ယောက်လိုရော ချစ်သူယောကျ်ားတစ်ယောက်လိုပါ အားကိုးယုံကြည်နိုင်ခဲ့သော ကိုကြီးသည် ခုလို မင်္ဂလာဦး လက်ထပ်ပြီးစနေ့မှာပင် ဖုံးကွယ်ထားသောအရာတစ်ခုခု ရှိနေမှန်း သေချာသွားခဲ့သည်။

သို့သော် ကိုကြီးက မွှေး မသိစေချင်လို့ ဖုံးကွယ်ထားသည်ဆိုမှတော့ မွှေးကလည်း ကိုကြီးဆန္ဒအတိုင်း နေပေးရုံသာပေါ့။

ပြီးတော့ မွှေးတို့ရဲ့မင်္ဂလာဦးအချိန်လေးမှာ ဘယ်လိုစိတ်အနှောင့်အယှက်ဖြစ်စရာမျိုးကိုမှ မွှေး မမွေးမြူချင်ဘူးလေ။

ကိုကြီးက မွှေး ခါးလေးပေါ်ကနေ ဖြေလျော့ပစ်လိုက်သော သက်အစား မွှေးကပင် ကိုကြီးခါးလေးကို သိုင်းဖက်လျက် ရင်ခွင်ထွေးခေါင်းလေးတိုးရင်း



www.burmeseclassic.com

www.burmeseclassic.com



"မွေး ပင်ပန်းနေပြီ ကိုကြီးရယ်၊ နားကြရအောင်နော်"

ကိုကြီးက သူ အပေါ်ထပ် မတက်စေချင်သည့်ကိစ္စနှင့် ပတ်သက် ပြီး မွေးက ဘာမှဆက်မပြောသောအခါ အံ့သြသွားသလိုမျိုး ရင်ခွင်ထဲမှ မွေးကို ခေါင်းငုံ့လျက် အသာငဲ့စောင်းကြည့်သည်။

"ဒီကောင်မလေး ချက်ချင်းကြီး ဘာဖြစ်သွားတာလဲ"

"တစ်နေ့လုံး ကိုကြီး ညှော်သည့်တွေကို ညှော်ခံရတယ်၊ ညနေ တည်းကလည်း ဒင်နာမှာ မနားရဘူး၊ ကိုကြီးရော မပင်ပန်းဘူးလား"

"ဟုတ်ပါပြီဗျာ၊ ဒီလိုဆိုတော့လည်း ကိုယ့်မိန်းမ အသစ်စက် စက်လေးကို ရင်ခွင်ထဲမှာထည့်ပြီး အပြည့်အဝ အနားယူရမှာပေါ့"

ကိုကြီးက မွေးကိုယ်လေးကို အသာပွေ့ယူလိုက်ပြီး ကျွန်းလှေကားထစ်များကို ဖြည်းညင်းစွာ တစ်ထစ်ချင်း တက်လှမ်းခဲ့၏။ ပန်းနုရောင်ခုတင်ထက်မှာ မွေးကို အသာအယာလေး တင်ပေးလျက် မွေးမျက်နှာလေးကိုငုံ့မိုးကာ ကြည့်နေခဲ့သည်။ ကိုကြီးအကြည့်တွေက စူးရှနူးညံ့လွန်းလှသောကြောင့် မွေး အပျိုဖျန်းလေးတစ်ယောက်လို ခြေဖျားလက်ဖျားတွေ အေးစက်လာရပြန်သည်။

ကိုကြီးရဲ့အထိအတွေ့နှင့် ကြင်နာလိုက်မောမှုတွေကို ဒုတိယအကြိမ်အဖြစ် ခံယူရမှာဖြစ်ပေမယ့် မွေး ဘာလို့များ အရှက်ကြီးရှက်နေရတာပါလိမ့်။ တကယ်ဆို မွေးဟာ ဘဝမှာ တစ်ကြိမ်သာဖူးပွင့်ခဲ့သော ပန်းကလေးကို ကိုကြီးထံမှာပဲ ပေးအပ်ခူးခြွေခွင့်ပြုထားပေးခဲ့ပြီးသားလေ။

"မကြည့်နဲ့တော့ကွာ ဘာမှန်းလည်းမသိဘူး၊ မမြင်ဘူးတာကျနေတာပဲ"





မွေး ခန္ဓာကိုယ်လေးကို ဘေးတစ်ဖက်သို့ လှိမ့်စောင်းလျက် ကိုကြီးကို ကျောခိုင်းလိုက်သည်။ ကိုကြီးက ကပိုကရိုပုံစံထုံးထားသည့် ခနိစီဆံထုံးလေးကြောင့် အထင်းသားမြင်နေရသော မွေး ဂုတ်သားဖွေးဖွေးလေးပေါ် နူးညံ့သောအနမ်းလေးတစ်ချက်ဖြင့် ညကို အသက်ဝင်အောင် စတင်ဖန်တီးလိုက်၏။

ကိုကြီးရဲ့ညင်သာသော ပြင်းရှသောအနမ်းတွေက မွေး တစ်ကိုယ်လုံးတွင် ထက်အောက်စုန်ဆန် ရွေ့လျားနေကြသည်။ အဲဒီအနမ်းတွေရဲ့ဆွဲဆောင်မှုအောက်မှာ မွေး ကမ္ဘာလောကအပြင်ဘက်ကို လွင့်မျောသွားတာ အကြိမ်ကြိမ်။ ဖွင့်ဟထားသော ပြတင်းပေါက်မှ ခန်းဆီးကိုဖြတ်သန်းတိုးဝင်လာသော ညလေညင်းစွဲ့စွဲ့လေးအတွက် တစ်နေရာစာတောင် သစ်လပ်မှုမရှိအောင် ကိုကြီးကို မွေး မက်မောစွာ ဖက်တွယ်ထားမိ၏။

ကိုကြီးဆီက ချစ်ခြင်းအနုပညာတွေဖြင့် ထုဆစ်လိုက်သော ထိုညလေးဟာ မွေးအတွက်တော့ ရသမြောက်စွာ ကုန်ဆုံးလွန်မြောက်ခဲ့လေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆) ခ

''ဘယ်လိုလဲ ကောင်လေး၊ မင်းအစီအစဉ်တွေ အထမြောက်ခဲ့ရဲ့လား''

အိမ်ကနေ ဒေးဒေး သယ်သွားသော ရေပုံးသုံးပုံးအပြည့်နှင်းဆီပန်းများနှင့် ဂန္ဓမာပန်းများအနက် တစ်ပုံးထဲမှာပဲ ပန်းနုရောင်ရေမွှေးနှင်းဆီ လေးငါးပွင့် ပြန်ပါလာတာ တွေ့ရသည်။ ပထမဆုံးရက်မှာပင် ဒီကလေး အဆင်ပြေလာပုံရ၏။ မျက်နှာကလည်း မှိုရလာသော မျက်နှာလို ပြုံးချိုနေ၏။

''မမ မြင်တဲ့အတိုင်းပဲလေ၊ ကျွန်တော် လေ့လာထားတဲ့အတိုင်း ဈေးထဲမှာ ပန်းရောင်းတာက နှစ်ဆိုင်ပဲရှိတာ၊ တစ်ဆိုင်ကတော့ တော်တော်ကြီးတယ်၊ သူက ဈေးလယ်မှာ နောက်တစ်ဆိုင်က ဈေးတောင်ဘက်မှာ သူကတော့ ကျွန်တော့်လိုပဲ အနည်းအကျဉ်းပါ၊ ဒီတော့ ကျွန်တော်က သူနဲ့ဆန့်ကျင်ဘက် ဈေးဒီဘက်ပေါက်မှာ ရောင်းတာပေါ့''





''လမ်းဘေးမှာ ဈေးရောင်းရတာကို မင်းက ပျော်နေတယ်ဟုတ်လား ဒေးဒေး''

''မမကလည်း ကျွန်တော်မဟုတ်တာ လုပ်စားတာမှမဟုတ်တဲ၊ ကိုယ်တိုင်ရှာလို့ရတဲ့ငွေကို လက်ထဲမှာ ကိုင်လာရတာ သိပ်ကြည်နူးဖို့ကောင်းမှန်း ကျွန်တော် ခုမှပဲ သိတော့တယ်''

''မင်းအိမ်ကရော ဘာမှမပြောဘူးလား''

''ဈေးထဲမှာ မမညီုကိုတောင် တွေ့ခဲ့သေးတယ်၊ သူကလည်း အံ့တွေသြလို့ မေမေ့ကိုလည်း သူပြန်ပြောမှာပေါ့၊ မေမေသိသွားလို့လည်း ဘာမှထူးမှာမဟုတ်ပါဘူး မမရ၊ ကျွန်တော်က ကောင်းရာကောင်းကြောင်းလုပ်နေတာလေ''

''တော်ကြာနေ ကိုယ့်ဆီရောက်မှ သူ့သား ဈေးသည်ဖြစ်ရတယ်ဆိုပြီး ကိုယ့်အပြစ်ဖြစ်နေမှာစိုးတာပါ''

ဒီကိစ္စကိုတော့ မွေး အမှန်တကယ် စိတ်ပူပန်မိခြင်းဖြစ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ဒေးဒေးဆိုတာ ငယ်ရွယ်သေးသော ကောင်လေးတစ်ယောက်ပဲ။ သူလုပ်ချင်တယ်ဆိုတိုင်း လိုက်လျောပေးခဲ့သော မွေးကို နှ့မေမေက အပြစ်တင်စရာကိစ္စမျိုးတွေ ဖြစ်လာနိုင်သည်လေ။

''ဈေးထဲမှာ ပန်းရောင်းမှ ကျွန်တော် ဈေးသည်ဖြစ်တာ မဟုတ်ပါဘူး၊ အစတည်းက ကျွန်တော်က ဈေးသည်ပါပဲ၊ စတိုင်းဆိုင်ဖွင့်ထားပြီး ကုန်ပစ္စည်းတွေရောင်းတာလည်း ဈေးသည်ပဲ မဟုတ်ဘူးလား မမ''

စကားတတ်သော ကောင်လေးကို မွေး ပြန်လည်မချေပနိုင်သောတာကြောင့် ပြုံးသာပြုံးနေရတော့၏။

''မမကလေ ကျွန်တော်ဝမ်းသာပြီး ပြန်လာတာကိုနည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



ပါးပါး ချီးမွမ်းမယ်တော့ မရှိဘူး''

ထူထူထဲထဲ နှုတ်ခမ်းလေးရှုလျက် ဒေးဒေး မျက်စောင်းလေး ချီရင်းပြောတော့ မွေး အလွန်သဘောကျစွာ မျက်နှာလေး မော့လှန်ရယ်လိုက်မိသည်။ ကောင်လေးလက်ထဲက ရေပုံးလွတ်လေးတွေကိုလည်း လှမ်းယူလိုက်၏။

''ကျုပ်က မင်းလေး ပင်ပန်းမှာစိုးလို့ပါတော်၊ မချီးမွမ်းချင်တာ မဟုတ်ပါဘူး''

''တွေ့လား ခုချိန်ထိ မမ ကျွန်တော့်ကို မချီးမွမ်းသေးဘူး''

''ကဲ ဒီလောက်တောင် ချီးမွမ်းခံချင်နေရင်လည်း ချီးမွမ်းပေးပါ့မယ်တော်၊ ဈေးသည်ကြီး ဒေးဒေး အရမ်းတော်ပါသတဲ့ရှင် ရပြီလား''

ထိုအခါမှ ကောင်လေးက မျက်စိပေါက်လေးများ မှိတ်သွားသည်ထိ အားရပါးရ ပြုံးလိုက်ပြီး ဂျင်းဘောင်းဘီအိတ်လေးထဲသို့ လက်နှိုက်လျက်ပါလာသော ကြွပ်ကြွပ်အိတ်ထုပ်လေးကို မွေး လက်ထဲသို့ ထိုးထည့်ပေးသည်။

''ကျွန်တော်ဒီနေ့ ရောင်းလို့ရခဲ့တဲ့ ပိုက်ဆံပါ''

''အို မဟုတ်တာ ကလေးရောင်းလို့ရတာ ကလေးပဲယူပါ၊ ကိုယ် မလိုပါဘူး''

''ဟာ ဘာဆိုင်လို့လဲ မမရဲ့၊ မမခြံထဲက ပန်းတွေပဲဟာ မမနဲ့ ဆိုင်တာပေါ့၊ ပြီးတော့ ကျွန်တော်က မမခြံထဲမှာ လာနေတာလေ အိမ်ငှားခအဖြစ် ယူထားလိုက်ပေါ့''

''ဟယ် ဒီကောင်လေး ဘာတွေပြောနေမှန်းလည်း မသိဘူး ရော့ မင်းပဲ ယူထားလိုက်''





မွေးက ပိုက်ဆံထုပ်လေးကို ကောင်လေးလက်ထဲ အတင်းပြန်ထိုးထည့်ပေးသော်လည်း ကောင်လေးက သူ့လက်နှစ်ဖက်ကို နောက်ပစ်ထားလျက် ခေါင်းကိုသာ တွင်တွင်ခါနေခဲ့သည်။

''မမရဲ့အတိတ်ကအကြောင်းတွေကို ကျွန်တော် မသိပေမယ့် ခုချိန်မှာ ဒီဒေသကို မမတစ်ကိုယ်တည်းရောက်နေခဲ့တယ်၊ ဘယ်လိုလုပ်ကိုင်စားသောက်တယ်ဆိုတာလည်း ကျွန်တော် မသိဘူး၊ ကျွန်တော်စပ်လည်းမစပ်စုချင်ပါဘူး၊ ဒါပေမဲ့ ခုချိန်မှာတော့ မမအတွက် သုံးစရာငွေလေးနည်းနည်းပါးပါးဖြစ်ဖြစ် ကျွန်တော် ရှာပေးနိုင်ရင် ကောင်းမယ်ဆိုတဲ့အတွေးတစ်ခုနဲ့ ကျွန်တော်ဒီအလုပ်ကို လုပ်ခဲ့တာ၊ လောလောဆယ်တော့ ကျွန်တော် လုပ်လို့တတ်တာလည်း ဒါတစ်ခုပဲရှိတယ်လေ''

ဒေးဒေးမျက်နှာက တကယ်အတည်ပေါက်ပြောနေပုံလေး ဖြစ်သည်။ စကားတွေကလည်း အရွယ်လေးနဲ့မလိုက်အောင်ကို လေးနက်တည်ကြည်နေခဲ့သည်။ မွေးပင် သူ့အပြောမှာမျောပါသွားပြီး ကလေးဆန်သော သူ့မျက်နှာလေးကို မျက်တောင်မခတ်တမ်း ငေးမောနေမိသည်ထိ။

''အဲဒါကြောင့် ကျွန်တော် ရှာပေးတဲ့ငွေကို ဘယ်လောက်မှ မများပေမယ့် မမ ယူပါနော်၊ အင်း မမစိတ်ထဲမှာ ဘဝင်မကျဘူးဆိုရင် ဒီလိုလုပ်မယ်လေ၊ ထမင်းကို ကျွန်တော် ဆိုင်မှာမစားတော့ဘူး၊ မမက ချက်ကျွေးပေါ့''

အို ဒီကလေး သိပ်လည်ပါလား၊ တဖွတ်ထိုးဆန်သော ဆုံးဖြတ်ချက်လေးတွေ လုပ်ချင်တာကို လုပ်ရမှ ကျေနပ်သော မျက်ဝန်းနက်နက်လေးတွေ၊ အပြစ်ကင်းစင်သော အပြုံးလေးတွေနှင့် ထိုကလေးသည် တစ်စထက်တစ်စ မွေးစိတ်ထဲမှ ရင်းနှီးတွယ်တာမှုတွေကို ရယူနေနိုင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါလား။

မွေးတော့ သံယောဇဉ်တစ်စကို ကိုယ်တိုင်သတိမထားမိပါဘဲ အစပျိုးခဲ့မိပြီနဲ့တူရဲ့။

■ ■ ■

ဒီနေ့ မမညိုတို့သားအမိတွေ ရွာလေးဆီ ပြန်ရောက်လာခဲ့ကြ၏။ သိမ်းဆည်းစရာရှိသည့်ပစ္စည်းများ လာသိမ်းဆည်းကြခြင်း။ ပြီးရင်တော့ ဒေးဒေးတို့မြို့မှ အိမ်လေးဆီ ပြောင်းကြတော့မည်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီရွာလေးမှာနေတုန်းကထက်တော့ သူတို့ဘဝ ပိုအဆင်ပြေစေဖို့ မွေး ဆုတောင်းမိသည်။

"မွေးရယ် ကျွန်မလည်း ဘယ်လိုမှမတတ်နိုင်ခဲ့ဘူး၊ ဒီကြားထဲ ဒေးဒေးလေးကပါဝင်ပြီး မွေးကို သူကူညီပုံမယ်၊ မမညိုကတော့ မေမေ့ကိုပဲ လာကူပေးလိုက်ပါဆိုပြီး အတင်းပြောနေတာနဲ့ မမလည်း အဲဒီကို ပြောင်းဖို့ စိတ်ပိုင်းဖြတ်လိုက်ရတာပါ"

"ကောင်းပါတယ် မမညိုရယ်၊ အကြီးကောင်လေးလည်း ကျောင်းသွားရလာရ အဆင်ပြေသွားတာပေါ့"

မွေးကတော့ အကောင်းဘက်ကပဲ ဖြည့်ပြောပေးဖို့ ဆုံးဖြတ်ထားခဲ့သည့်အတိုင်း မညိုတို့သားအမိ ဒီရွာမှာနေတာထက် ပိုအဆင်ပြေသွားစေမည့် အကြောင်းအရာများကိုသာ ရွေးချယ်ပြောဖြစ်ခဲ့သည်။ တကယ်လည်း ဒီလိုနေရာထက် ဒေးဒေးတို့မြို့လေးက မညိုတို့သားအမိအတွက် ပိုအဆင်ပြေစေမှာပါ။ ခဏခဏဖျားနာတတ်သော အငယ်ဆုံးလေးအတွက်လည်း ဆေးရုံဆေးခန်းနှင့်နီးသည့် အဲဒီနေရာလေးကို မညို ရွေးသင့်ပါတယ်လေ။





"ဒီမနက်တော့ မညိုတို့သားအမိအားလုံးပါ တစ်ခါတည်း ထမင်းစားသွားနော်၊ လာမယ်ဆိုတာကြိုသိလို့ မွေး အများကြီးချက်ထားတယ်"

"ဒုက္ခရှာလို့ မွေးရယ်၊ မညိုတို့ ဟိုကထွက်လာတော့လည်း မနက်စောစာကို ထမင်းကြမ်းနဲ့ညကကျန်တဲ့ ဘဲဥချဉ်ဟင်းနဲ့ စားလာခဲ့ကြသေးတယ်"

"ထမင်းဟင်းလေး နည်းနည်းပိုချက်ရတာက ဘာဒုက္ခဖြစ်ရမှာလဲ မညိုရဲ့၊ ပစ္စည်းတွေအားလုံး ထုပ်ပိုးပြီးရင် မွေးဆီပြန်လာခဲ့ကြတော့ပြီလား၊ မွေး အဆင်သင့်လုပ်ထားမယ်"

"ဪ ဒါနဲ့ မွေးရေ ဒေးဒေး အိမ်မှာရှိတယ်မဟုတ်လား၊ သူ့အမေက ပစ္စည်းလေးတွေ လှူကြိုထည့်ပေးလိုက်လို့လေ"

မညို စကားကြောင့် အိမ်ထဲဝင်ရန် ပြင်နေသော မွေးခြေလှမ်းတွေ တန့်သွားရင်း မညိုကို ပြန်လှည့်ကြည့်လိုက်ရသည်။

"ရှိမယ် သူ့အိမ်လေးထဲမှာပဲနေမှာပေါ့၊ မနက်ဆို အစောကြီးထပြီး ဦးသာအောင်ထော်လာကျိုအမိ ပန်းတွေပြင်ဆင်တယ်လေ၊ မွေးလည်း ဝိုင်းကူပေးတယ်ဆိုပေမယ့် ဒီကလေးက သွက်တယ်၊ အသက်လေးသာ ငယ်တာ အားကိုးရတယ် မညိုရေ"

"နေ့လယ်တစ်ခေါက်လာတော့မှပဲ သူ့ပစ္စည်းတွေ ယူလာပေးလိုက်တော့မယ်"

"နေပါစေ မညိုရယ် ကလေးတွေနဲ့လာရမှာကို ခဏနေရင် သူ့ကိုပဲ လာယူခိုင်းလိုက်ပါ့မယ်"

မညိုတို့အိမ်နှင့် မွေးတို့အိမ်ကလေးက သေးငယ်သော ရွာလေး



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အတူတကွ ရှိနေသည်ဆိုပေမယ့် အတန်ငယ်တော့ လှမ်းသည်။ မွှေးတို့က ရွာတောင်ဘက်ကျလျက် မညိုတို့က ရွာနောက်ဘက်ခြမ်းတွင် ဖြစ်၏။

"ဒီလိုဆိုလည်း ကောင်းသားပဲ၊ ကဲ ဒါဆို မညို သွားမယ် နေ့လယ်မှပဲ ပြန်ဆုံတာပေါ့"

မညို ထွက်သွားသည်နှင့် ခြံနောက်မှ သစ်သားအိမ်လေးဆီ မွှေး လှမ်းခဲ့လိုက်သည်။ အိမ်အဝင်ဝကနေ အထဲကိုလှမ်းကြည့်လျှင် တိုးလျှိုပေါက်မြင်ရသည်မို့ အရင်လိုဆို ဒီအချိန်မျိုး အိပ်နေတတ်သော ကောင်လေးကို မွှေး ကိစ္စရှိလို့ သွားခေါ်တိုင်း အော်နိုးရမြဲဖြစ်သည်။

ခုတော့ အိမ်လေးထဲတွင် ဒေးဒေး၏အရိပ်အယောင်ကိုသော်မှ မမြင်တွေ့ရပါ။ ဘယ်ထွက်သွားပါလိမ့်။ ခြံအစပ်နားဆီ ဖြည်းဖြည်းချင်း လျှောက်လာရင်း ကောင်လေးကို မျက်လုံးဝေ့ဝဲ ရှာကြည့်နေမိ၏။

ဟော တွေ့ပါပြီ။ ညနေဆို မွှေး ထိုင်နေကျ နေရာလေးရဲ့ နောက်ဘက်ကျကျနေရာမှာ ထိုနေရာလေးကို မျက်နှာမူလျက် ပန်းချီ ရေးဆွဲနေခြင်း၊ ဟိုးတလောကမှ မြို့ပြန်သွားပြီး ယူလာခဲ့သည့် ကင်းဗတ်စတွေ ပန်းချီရောင်စုံဆေးခွက်တွေ ကင်းဗတ်စ တင်ပြီးဆွဲသည့်ထောက် တိုင်တွေနှင့် အလုပ်ရှုပ်နေသော ဒေးဒေးကို မွှေး မြင်လိုက်ရသည်။

ဆွဲလက်စ ပုံထဲတွင် အာရုံဝင်စားနေသည့် ကောင်လေးက တော့ သူ့အနား မွှေးရောက်လာတာကို မမြင်သေးပါ။ မွှေးကလည်း တမင်တကာပင် သူ မသိအောင် ခြေသံဖွဖွနင်းလျက် သူ့နောက်ဘက်မှ ပတ်သွားလိုက်သည်။ ဒီလိုဆိုတော့ ကောင်လေး စျန်ဝင်စားစွာ ဆွဲနေ သည့်ပန်းချီပုံကို မွှေး လှေလာအကဲခတ်ခွင့်ရပြီပေါ့။





လှပလွန်းသော မြင်ကွင်းကြောင့် ညနေတိုင်း မွှေး လာထိုင် လျက် အတွေးတွေ ကွန့်မြူးလေ့ရှိသော နေရာလေး။ ထင်းရှူးပင်အုပ်အုပ် တောတန်း။ သွယ်လျစွာ ညီညီညာညာ စီတန်းနေသည့်တောင်တွေ။

အကြမ်းထည်သာ ပြီးစီးသေးပေမယ့် ပုံလေးက တကယ့်ကို အသက်ဝင်နေပါပြီ။ ဟင် နေပါဦး ဟိုးအဝေးက တောင်တွေကို သစ်ပင် ခိုပ်တစ်ခုကနေ လှမ်းငေးမောနေသည့် မပီဝိုးတဝါး အမျိုးသမီးတစ် ယောက်လည်း ကောင်လေးရဲ့ပန်းချီကားထဲတွင် ပါဝင်နေသေးသည်။

ဆံပင်တွေနှင့် ထဘီအောက်အနားစက လေတိုက်ရာဆီ လွင့် မျောပါလျက် အဝေးတစ်နေရာသို့ စိတ်လွတ်လက်လွတ် ငေးမောနေ သော အမျိုးသမီးတစ်ယောက်၏ကျောဘက်ခြမ်းမြင်ကွင်း။ ဒါဟာ ဘယ်သူ ထဲလို့ မေးစရာမလိုလောက်အောင် မွှေး ရင်ထဲမှာ ငြိမ့်ခနဲဖြစ်လျက် ကြည်နူးသွားရ၏။

"အဲဒါ ကိုယ်မဟုတ်လား ကလေး"

မေးစရာမလိုလောက်အောင် သေချာနေပေမယ့် မွှေး ရင်ထဲမှာ ပန်းချီကားလေးကို နှစ်သက်လွန်းသွားသောကြောင့် နှုတ်ကမနေနိုင်စွာ ရေရွတ်ကျသွားခဲ့သည်။ ထိုအသံကြားမှပင် ကောင်လေးက အလန့်တကြား နှင့် မွှေး ရှိရာဘက်ဆီ လှည့်ကြည့်၏။

"မမ ဘယ်တုန်းက ရောက်နေတာလဲ"

"မကြာသေးပါဘူး မင်း ဒီပုံကို ဘယ်တုန်းတည်းက ဆွဲနေတာ လဲ"

"ကျွန်တော့်စိတ်ထဲမှာ ဆွဲနေတာတော့ မမကို ဒီနေရာလေးမှာ ညနေဘက် စတွေ့မိတည်းကပါပဲ၊ ခုလည်း ပုံက အကြမ်းပဲပြီးသေးတာ

www.burmeseclassic.com



လေ၊ ပြီးတော့ မမမေးတာ ဟုတ်ပါတယ်၊ ဒီပုံထဲက အမျိုးသမီးက မမကလွဲလို့ ဘယ်သူဖြစ်နိုင်လို့တုံး''

''မင်းလက်ရာ တော်တော်ကောင်းတာပဲ ကောင်လေးရဲ့၊ ပန်းချီကိုသာ စောက်ချလုပ်ရင် မင်းအောင်မြင်နိုင်တယ်''

''ကျေးဇူးတင်ပါတယ်ဗျာ၊ မေမေက ပန်းချီဆွဲတာ သိပ်သဘောမကျဘူးလေ၊ ခုလို ကျွန်တော့်ကို ချီးမွမ်းပြီး အားပေးတာ မမက ပထမဆုံးပဲ''

ကောင်လေးရဲ့မျက်နှာပြင်ပေါ်မှာ တကယ့်ကို တောက်ပလွန်းသော အပြုံးလေးတွေ ဖူးပွင့်ဝေဆာသွားသည်။ လူငယ်တစ်ယောက်ရဲ့ အားအင်ပြည့်ဝသော တက်ကြွမှုတွေလည်း သူ့မျက်နှာပြင်ပေါ် ဖြတ်ပြေးသွားကြ၏။

မွှေးရဲ့စိတ်ရင်းအမှန်ဖြင့် ပြောလိုက်သော စကားတစ်ခွန်းက ဒီကောင်လေးအတွက် ခွန်အားတစ်ရပ်ဖြစ်နိုင်ခဲ့ရင် မွှေး ကျေနပ်မိပါသည်။

''ကျွန်တော့်လက်ရာမှာ မျောသွားတာနဲ့ မမ လာရင်းကိစ္စတောင် ပြောဖို့ မေ့နေပြီနဲ့တူတယ်''

''ဪ ဟုတ်ပါရဲ့၊ မညိုတို့ရောက်နေပြီလေ၊ အဲဒါ မင်းမေမေက လူကြုံပါးလိုက်တာလေးတွေ သွားယူလိုက်ပါဦးကွာ''

''ဟုတ်လား မမ၊ ကျွန်တော် ပစ္စည်းတွေသိမ်းပြီးရင် သွားယူလိုက်မယ်နော်''

''အေး အေး ပြီးရင် မင်းလည်း ခဏတဖြုတ် နားပါဦးကွာ ညနေကျရင်လည်း မင်းပန်းပင်တွေနဲ့ အလုပ်ရှုပ်ဦးမှာ''





''ကျွန်တော့်ပန်းပင်တွေ မဟုတ်ပါဘူး။ မမ ပန်းပင်တွေပါဗျ''

''အရင်တုန်းကတော့ ဟုတ်မှာပေါ့၊ ခုတော့ မင်းပဲပြုစု၊ မင်းပဲ အပင်ပန်းခံရှောင်းနေတော့ ကိုယ်နဲ့ကမဆိုင်သလိုတောင် ဖြစ်နေပါပြီ''

မွှေးစကားကို ကောင်လေး သဘောကျဟန်ဖြင့် ရယ်မောလိုက်တော့ သွားတက်လေးများဖြင့် ချစ်စရာကောင်းနေပြန်သည်။ ဒီကောင်လေးကို စတင်သိကျွမ်းခွင့်ရတည်းက မွှေး အမြင်မှာ အပြစ်ဆိုချင်စရာရယ်လို့ ကြီးကြီးမားမား ရှာမတွေ့နိုင်သေးပါ။

ဆယ်ကျော်သက်လေးတစ်ယောက်ရဲ့ တဖွတ်ထိုးဆန်ခြင်း၊ လုပ်ချင်တာကို ဖြစ်အောင်လုပ်တတ်ခြင်းများကိုသာ မွှေး တွေ့ခဲ့သည်။ ရယ်မောလိုက်လျှင် ကလေးပိုဆန်သွားသော မျက်နှာလေးဟာ နားနောက်ဘက်တွင် အမြဲညှပ်သိမ်းထားတတ်သော ဘောခွဲဆံပင်ရှည်ရှည်လေးများကြောင့် တစ်ခါတစ်ခါဆို မိန်းကလေးတစ်ယောက်နဲ့တောင် ဆင်ချင်သေးတော့၊

''မင်းက တစ်ခါတလေကျရင် ကောင်မလေးနဲ့ သိပ်တူတာပဲ သိလား''

မွှေးစကားကို ကောင်လေး လုံးဝမမျှော်လင့်ဘဲ ကြားလိုက်ရချိန်မှာ ပထမတော့ ဇဝေဇဝါဖြစ်သွားပုံပါပဲ။ နောက်မှ မျက်နှာလေးနီမြန်းလျက် မျက်တောင့်နီကြီးနှင့်ကြည့်လိုက်ပြီး

''မိန်းကလေးနဲ့ ဘာလို့တူရမှာလဲ၊ ကျွန်တော်က ယောကျ်ားစစ်စစ်ဗျ၊ ယောကျ်ားစိတ်ယောကျ်ားကိုယ်နဲ့ ယောကျ်ားဗျ''

''တဟဟ မင်းကလေ တစ်ခါတလေကျ ချစ်ဖို့ကောင်းသည့်အပြင် ရယ်ဖို့လည်းကောင်းတယ် သိလား ကလေး''



www.burmeseclassic.com

www.burmeseclassic.com



မွှေးက ပါးစပ်ကို လက်လေးတစ်ဖက်နှင့် အုပ်ကွယ်လျက် ဟက်ဟက်ပက်ပက် ရယ်မောရင်း ကောင်လေးနားမှ ထွက်ခွာလာခဲ့သည်။ မွှေးရဲ့အရယ်အမောလေးနှင့် ပြောလိုက်သော စကားကြောင့် လက်သီးလေးကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်တာတော့ မွှေး မြင်ဖြစ်အောင် မြင်လိုက်ပါသေးရဲ့။

တကယ့် ကောင်လေး။

■ ■ ■

ကိုကြီး အလုပ်သွားပြီဆိုလျှင် မွှေးတစ်ယောက်တည်း အိမ်ကြီးအကြီးကြီးထဲမှာ ပျင်းရိငြီးငွေ့ဖွယ်ရာ ကျန်ရစ်ခဲ့ရမြဲ ဖြစ်သည်။ သန့်ရှင်းရေးတာဝန်ယူထားသော မမူက အသက်နှစ်ဆယ်လောက်သာ ရှိဦးမည်။ သူမကို မွှေးက ပျင်းပျင်းနှင့်စကားပြောမည်လုပ်တိုင်းလည်း ဒီကောင်မလေးက ရှောင်ထွက်သွားတတ်မြဲ။

ကျန်တဲ့ ထမင်းချက်မိန်းမကြီးကတော့ သူ့အချက်အပြုတ်အလုပ်ပြီးလို့ မွှေး စားသောက်ပြီးစီးတာနှင့် သူတို့အတွက် ပေးထားသော ခြံအနောက်ဘက်မှ ပျဉ်ထောင်တန်းလျားလေးတွင်သာ ပြန်နေတတ်သည်။ တစ်ခုခုစားချင်တာ ပေါ်လာလျှင် မမူကတစ်ဆင့်ခေါ်ပြီး ပြောဆိုလုပ်ခိုင်းလိုက်ရုံ။

မွှေး မရှင်းသည့်တစ်ချက်က သူတို့တွေကျတော့ အိမ်ကြီးရဲ့အပေါ်ဆုံးထပ်ကို တက်ခွင့်ရှိပြီး မွှေးကိုကျတော့ ကိုကြီးက တားမြစ်ထားခဲ့သည်။ ဒါက ဘာသဘောလဲ။ ဒီတစ်အိမ်လုံးက ဝန်ထမ်းတွေတောင် သိခွင့်ရပြီး မွှေးလို ကိုကြီးရဲ့ဇနီးမယားတစ်ယောက်ကတော့ သိခွင့်မရှိဘူးတဲ့လား။ ချစ်သူရည်းစားဘဝတုန်းကဆိုရင်တော့ မွှေး နားလည်ပေးနိုင်





ဦးမှာဖြစ်ပေမယ့် ခုလိုမျိုး တရားဝင်လူသိရှင်ကြား လက်ထပ်ထားသည့် မယားတစ်ယောက်အနေနှင့်တော့ လက်ခံဖို့ရန် ခဲယဉ်းစရာကြီးပါ။

ပြီးတော့ ဝန်ထမ်းတွေရဲ့မျက်နှာတွေကလည်း မွှေးအပေါ်မှာ လိုလိုလားလား မရှိကြသလိုလို၊ ကြောက်ရွံ့နေသလိုလို အို မွှေး ဘယ်လိုပြန်ပြောရမှန်းမသိသည့် ခံစားချက်မျိုးတွေ သူတို့မျက်နှာတွေမှာ မြင်နေရသည်။

ဒီလိုဖြစ်နေတာ တစ်ရက်လည်းမဟုတ် တစ်လလည်းမဟုတ်တော့ ကိုကြီးနှင့်လက်ထပ်ပြီးခဲ့တာပင် သုံးလပြည့်ခဲ့ပြီ။ သုံးလပြည့်အထိမ်းအမှတ်အဖြစ် ကိုကြီးထံမှ ကျောက်စိမ်းတစ်ဆင်စာလည်း လက်ဆောင်ရရှိခဲ့ပါသေး၏။

မွှေးကလည်း ကိုကြီး နှစ်သက်ခြင်း အလျဉ်းမရှိသည့်ကိစ္စတွေကို ဘယ်လောက်ပဲ စိတ်ထဲမှာသိချင်နေပါစေဦး၊ ထုတ်ဖော်မမေးမြန်းခဲ့ပါ။ ဒါကိုမေးလိုက်လို့ သာယာနေသည့် အိမ်ထောင်ရေးလေးမှာ စကားများကြရမှာမျိုး မွှေး လုံးဝမလိုလားတာ အမှန်။

"ကိုကြီးရေ မောလာပြီလား၊ ရေမိုးချိုးပြီးတာနဲ့ ထမင်းစားလို့ရအောင် မွှေး ပြင်ဆင်ထားလိုက်မယ်နော်၊ ဒီညနေစာကို မွှေးကိုယ်တိုင်ချက်ထားတာ ကိုကြီးရဲ့"

အလုပ်မှပြန်လာသည့် ကိုကြီးကားလေး ဆင်ဝင်အောက် ထိုးဆိုက်လိုက်သည်နှင့် မွှေးက ကားတံခါးကိုဆီးဖွင့်လျက် ကြိုဆိုတတ်မြဲ။ ကားထဲမှ အနက်ရောင်သားရေအိတ်ကို လှမ်းယူလိုက်ပြီး အထက်ပါစကားများကို မွှေး ချိုချိုသာသာလေး ပြောလိုက်သည်။

အခန်းထဲရောက်လျှင် မွှေးက အိတ်ကိုနေရာတကျထားရင်းဆဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက အနောက်မှသိုင်းဖက်လျက် မွေး ပန်းလေးပေါ် ခေါင်းတင်မှေး စက်လိုက်ခြင်းကို နွေးထွေးစွာ ခံယူလိုက်ရ၏။ ခါးသေးသေးလေးကို လက်နှစ်ဖက်ဖြင့် ကျပ်သိပ်နေအောင် ဖိညှပ်ထားသောကြောင့် မွေးမှာ ကိုကြီးမျက်နှာလေးကို လှည့်ကြည့်ချင်တာတောင် အခွင့်အရေးမရ ဖြစ်နေသည်။

"ကိုယ့်မိန်းမလေးနားမှာ ဒီလိုလေး နေလိုက်ရရင်ပဲ စိတ်ပင်ပန်းလာတာတွေအားလုံး ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ရော"

"အပိုတွေပါနော်၊ အပြင်မှာ အပျိုချောချောလှလှလေးတွေကို အဝငေးခဲ့ပြီးမှ အိမ်ပြန်လာတဲ့ လူကြီးကများ လာချွဲနေတယ်"

မွေးရဲ့အရွဲ့တိုက်စကားကြောင့် ပန်းပေါ်မှီထားသော ကိုကြီး ဦးခေါင်းဆတ်ခနဲ မတ်သွားလျက် မွေးကိုလည်း သူနှင့်မျက်နှာချင်းဆိုင် ဖြစ်အောင် ဆွဲလှည့်ပစ်လိုက်သည်။

"မွေးရာ မဟုတ်တာတွေ ထပ်မပြောနဲ့ သိလား၊ ကိုကြီး တကယ်စိတ်ဆိုးတော့မှာ၊ ကိုကြီး မိန်းမလေးကလေ ရှိသမျှ အပျိုတွေရော အပျိုဖြန်းတွေရော အပျိုမဖြစ်တဖြစ်တွေရော အားလုံးထက် မယှဉ်သာအောင် လှပြီးသား"

"ပိုပြန်ပြီ"

မွေးက မျက်နက်ဝန်းလေး ထောင့်ကပ်လျက် ကိုကြီးကိုခပ်ချွဲချွဲလေး ပြောမိလျှင် ကိုကြီးရဲ့အနမ်းတွေက မွေး နှုတ်ခမ်းလေးပေါ် ကျရောက်လာတော့၏။ အနမ်းထဲမှာ နစ်ဝင်စီးမျောဖို့ ကြိုးစားနေသော ကိုကြီးကို မွေးက ဆတ်ခနဲ တွန်းထုတ်ပစ်လျက်

"ဒီလိုနဲ့ ရေချိုးခန်းထဲမရောက်တော့ဘူး။ ထမင်းက ဘယ်အချိန်





စားမှာလဲ ကိုကြီး"

မွေး ခါးပေါ်လက်လေးတစ်ဖက်ထောက်တင်လျက် ကိုကြီးကို နှိုးတွေ့သလိုလေး ပြောဖြစ်သည်။

"မွေးနဲ့တူတူ ချိုးမယ်ကွာ"

"အာ ခုနလေးကတင်မှ မွေး ချိုးပြီးထားတာကြီးကို၊ ကိုကြီး နော် မရစ်နဲ့ သိလား၊ ညစာကို ကိုကြီးတစ်ယောက်တည်းစားရအောင် လုပ်ပစ်လိုက်မယ်"

"အမလေး ကြောက်ပါတယ်ဗျာ၊ တစ်ယောက်တည်းတော့ မစားပါရစေနဲ့၊ ဖနီးလေးရဲ့မျက်နှာလေးကိုကြည့်ပြီးစားမှ ဒီက အစာကြေတာဗျ"

ရှုံ့မဲ့မဲ့မျက်နှာပေးကို တမင်လုပ်ယူလျက် ကိုကြီးပြောတော့ မွေး ဟန်မဆောင်နိုင်စွာ ရယ်မောရင်း ကိုကြီးကို ရေချိုးခန်းထဲသို့ အတင်းတွန်းထိုးထည့်လိုက်တော့၏။

■ ■ ■

"မင်းတို့ တက္ကသိုလ်တွေ တက်ရတော့မှာမဟုတ်လား ကလေး"

ညဘက်အိပ်မပျော်သောကြောင့် ခြံထဲတစ်ယောက်တည်း လမ်းဆင်းလျှောက်စဉ် သစ်သားအိမ်လေးရှေ့ ခုံတန်းရှည်လေးမှာ ပက်လက်လှန်လှဲအိပ်လျက် နဖူးပေါ်လက်တင်ရင်း ကောင်းကင်ကို ငေးကြည့်နေသော ကောင်လေးကိုတွေ့လိုက်ရခြင်းဖြစ်သည်။

မွေး လာတာမြင်တော့ အိပ်နေရာမှ ဝေါက်ခနဲ ထထိုင်လိုက်ပြီး သူလည်း အိပ်မပျော်လို့ ကြယ်တွေရေတွက်နေတာလို့ ပြောပြနေပြီ ၏။



www.burmeseclassic.com

www.burmeseclassic.com



မွေး၏အဆက်အစပ်မရှိ အမေးကို ကောင်လေးက 'ဟုတ်'ဟု တစ်လုံးတည်း ခပ်ပြတ်ပြတ် ပြန်ဖြေပေးသည်။ ပြီးတော့ ထိုင်လျက်သား နှင့် ကောင်းကင်ကို ဆက်ငေးမော့နေပြန်၏။

ဘေးတိုက်မြင်နေရသော မျက်နှာလေးက နုနယ်အပြစ်ကင်း ကာ နှစ်လိုဖွယ်ကောင်းသည်။ ဒီလို ကလေးလေးတစ်ယောက်ကို မွေးက ခြံထဲခေါ်ပြီး တမင်ခိုင်းစားနေသလိုများ ဖြစ်ခဲ့သလား။ အို မွေးက တကူးတကခေါ်ယူခဲ့တာမှ မဟုတ်ဘဲလေ။ သူကိုယ်တိုင် စိတ်လိုလက်ရ လာရောက်နေထိုင်ခဲ့တာပဲ။

ဒီကောင်လေးသာ တက္ကသိုလ်တွေဖွင့်လို့ မွေးဆီကနေ ထွက် သွားရင် မွေးတော့ တစ်ယောက်တည်း အထီးကျန်စွာ ကျန်ခဲ့ရဦးမှာပေါ့။ အချိန်ကာလလေးတစ်ခုအတွင်းမှာ အရွယ်မတူသော ကလေးသာသာ ချာတိတ်လေးတစ်ယောက်ကို မွေး လူမသိသူမသိထားရှိခဲ့သည့် သံယော ဇဉ်တွေက တစ်ရစ်ပြီးတစ်ရစ် နှောင်တွယ်ရစ်ပတ်နေခဲ့ကြသည်။

ခုဆို ကောင်လေးရဲ့ကြိုးပမ်းမှုကြောင့် မွေးတို့ခြံမှ ပန်းလေးတွေ က လတ်လတ်ဆတ်ဆတ် အပွင့်လည်းလှသည်ဆိုပြီး ဈေးထဲမှာနာမည် ရနေပြီ။ မြို့မှာ မင်္ဂလာအခမ်းအနားတွေ အလှူပွဲတွေရှိရင်လည်း ပန်း အလှပြင်ဖို့ မွေးတို့ခြံထဲထိ တကူးတက လာရောက်ဝယ်ယူနေကြပြီ။ အဲဒီ ဝင်ငွေလေးနှင့်ပင် အေးချမ်းစွာရပ်တည်လို့ရသည့် အနေအထား တစ်ခုဖြစ်နေခဲ့ပြီ။

မွေး မျှော်လင့်ခဲ့သည့်အတိုင်း ကိုကြီးဆီမှ ပို့ငွေတွေကို သွား ထုတ်စရာမလိုတော့သည့် အခြေအနေတစ်ခုဟု သတ်မှတ်ချင်လည်း သတ်မှတ်လို့ရနေပြီဖြစ်သည့် အနေအထား။ ဘယ်လိုပဲပြောပြော ဒါဟာ





အေးအေးရဲ့အရဲစွန့်ပြီး ကြိုးစားမှု၏အကျိုးကျေးဇူးများပင် ဖြစ်သည်။

ကောင်လေးက ကောင်းကင်ပေါ်ကိုမော့လျက် ကောင်းကင်ပေါ် ကိုမော့ငေးနေသော ကောင်လေးအား မွေးက ငေးလျက်။ ထိုပုံစံလေးနှင့် နှစ်ဦးသား ငြိမ်သက်နေမိကြတာ ဆယ့်ငါးမိနစ်မျှ ရှိရော့မည်။

"မမ အိပ်မပျော်လို့လား"

ရုတ်တရက် မွေးဘက်သို့ လှည့်ကြည့်ပြီး မေးလိုက်သော ကောင် လေးစကားမှာ သူ့ကိုငေးကြည့်နေမိသော မွေးမျက်လုံးတွေ ခပ်မြန်မြန် ယဲ့ခွာပစ်ရလျက် မွေးကိုယ်တိုင်လည်း ရှက်ဝဲဝဲလေး ဖြစ်သွား၏။ ကောင် လေးကတော့ မွေးအဖြစ်ကို သိလိုက်ပုံပင် မရပါ။

"ဟုတ်တယ် ကိုယ်အိပ်မပျော်နိုင်တာနဲ့ ခြံထဲဆင်းလျှောက် နေတာ"

"ကျွန်တော်ကတော့ ညဆို ကြယ်လေးတွေကြည့်ရင်း စိတ်ကို ဖြေလျှော့ပြီးမှ အိပ်ရာဝင်တယ်၊ စိတ်က ပင်ပန်းတာတွေ ကျပ်တည်း နေတာတွေ မရှိတော့ အိပ်လို့ချက်ချင်းပျော်တယ် မမ"

တကယ့်ကို ချာတိတ်လေးပါလား ဒေးဒွေးရယ်။ ဒီလို ဘဝမျှာဆန်ဆန် ရိုမန့်ဆန်ဆန် စိတ်ကူးတွေက ကိုကြီးနဲ့အတူ ထားရစ်ခဲ့ ပြီးသားမို့ မွေးအတွက်တော့ ကောင်လေးအပြောမှာ ပြုံးရုံလေးသာ ပြုံးလိုက်နိုင်ခဲ့သည်။

"ကဲ နောက်လည်းကျနေပြီ၊ မင်းလည်းအိပ်တော့ မမလည်း အိပ်ဆေးသောက်ပြီးပဲ အိပ်တော့မယ်"

မွေး သစ်သားအိမ်လေးကို ကျောခိုင်းလိုက်စဉ်မှာပဲ ကောင်လေး ထံမှ စကားသံတချို့ ထွက်ကျလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တက္ကသိုလ် မတက်တော့ဘူးလားလို့"

"ဟင်"

အံ့သြလွန်းစွာ အာမေဋိတ်သံလေးပါ ထွက်သွားလျက် ကောင်လေးဘက်သို့ ပြန်လှည့်ကြည့်မိသည်။ ခုံတန်းလေးတွင် ထိုင်နေလျက်ကနေ မွေးကိုမော်ကြည့်နေသော ကောင်လေး မျက်ဝန်းတွေမှာ အရောင်တွေ လက်ဖြာနေ၏။ မဟုတ်သေးပါဘူး ဒေးဒေးမျက်ဝန်းမှာ မျက်ရည်တွေ ရစ်ဝဲနေတာများလား။

"ဘာဖြစ်လို့ အဲဒီလို ပြောရတာလဲ ဒေးဒေး"

"ကျွန်တော် ဒီနေရာလေးမှာပဲ နေချင်လို့လေ"

ကောင်လေးရဲ့အဖြေစကားက ပေါ့ပါးလွယ်ကူစွာပင် သူ့နှုတ်ဖျားမှ ထွက်ကျလာခဲ့သည်။ ဒါပေမဲ့ အဲဒီအဖြေစကားက မွေးအတွက်တော့ ဝန်ထုပ်ဝန်ပိုးတစ်ခု ထမ်းထားလိုက်ရသလိုပါပဲ။

"ဒီနေရာက ဘာမို့လို့ မင်းက တက္ကသိုလ်တက်ဖို့နဲ့တောင် လဲလှယ်ချင်နေရတာတုန်း၊ မင်းအဲဒီလိုလုပ်နေရင် ငါ့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတယ် ဒေးဒေး"

မင်းတွေ ငါတွေနှင့် နာမည်ပါတပ်အခေါ်ခံလိုက်ရသောကြောင့် ကောင်လေးမျက်နှာလေး ပျက်ယွင်းသွားမှန်း မွေး ရိပ်မိတာပေါ့။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ၊ ကလေးတစ်ယောက်ရဲ့အနာဂတ်တစ်ခု လမ်းကြောင်းလွဲတော့မှာကို မွေးက ဒီတိုင်းလက်ပိုက်ကြည့်နေရမှာတဲ့လား။

"ပြောစမ်းပါဦး မင်းက ဘာဖြစ်လို့ ဒီနေရာလေးမှာပဲ နေချင်ရတာလဲ၊ ဒီနေရာမှာနေပြီး မင်းဖြစ်ချင်တဲ့ ပန်းချီဆရာတစ်ယောက်လည်း မဖြစ်နိုင်ဘူး"





မွေးကို ဒေးဒေး ဘာမှပြန်မပြောပါ။ အရောင်တွေလက်နေသော မျက်ဝန်းများဖြင့်သာ ငေးကြည့်မြဲ ငေးကြည့်နေခဲ့သည်။

"ကျောင်းတွေဖွင့်ဖို့ တစ်လလောက်ပဲ လိုတော့တယ်၊ ဒီအတောအတွင်း မင်းမြို့ကိုပြန်နိုင်အောင် ပြင်ဆင်ထားပါ"

စကားကို အပြတ်ပြောပစ်လျက် မွေး ခြေလှမ်းသွက်သွက်များဖြင့် လှည့်ထွက်လာခဲ့လိုက်သည်။ ကလေးတွေများ တဖွတ်ထိုးလုပ်ချင်သည့် သူတို့စိတ်ဆန္ဒတွေကို သိပ်ရှေ့တန်းတင်လွန်းကြသည်၊ ဘေးကလူမှာ ထိခိုက်နစ်နာသွားသလား အကျိုးအမြတ် ဖြစ်ထွန်းသွားသလား သူတို့မတွေး၊ ဖြစ်ချင်တာတွေကို သိပ်ဖက်တွယ်ထားတော့လည်း သူတို့သားတွေရဲ့အနာဂတ်တွေပဲ မလှမပဖြစ်ရမှာ မဟုတ်လား။

ဒီကောင်လေးကို မွေး ရင်ထဲမှာ သံယောဇဉ်တွယ်မိနေပေမယ့် ကိုယ်က လူကြီးမဟုတ်လား၊ ထိန်းကွပ်ပေးသင့်တာကိုတော့ ထိန်းကွပ်ပေးရမှာပဲလေ၊ ဘယ်လောက်ပဲ နာကျင်ရပါစေပေါ့။

■ ■ ■

"မေမေကြော်ပေးလိုက်တဲ့ ပုစွန်ခြောက်ကြော် ကောင်းလားမ"

မညို့နှင့်လူကြုံပါးလိုက်သည့် အစားအသောက်များကို ဒေးဒေးက မွေးနှင့်အတူ ဝေခွဲစားသောက်တတ်သည်။ မွေးကလည်း သူ့မေမေ၏ လက်ရာများကို ခံတွင်းတွေ့သောကြောင့် အမြဲယူစားတတ်၏။

"သိပ်ကောင်းတယ်၊ ကိုယ်တောင် မင်းမေမေဆီက ဟင်းချက်နည်းလေး၊ ဟက်ချက်လေးတွေ မေးရင်ကောင်းမလားလို့လေ"

"မမချက်တာလည်း ကျွန်တော် အရမ်းကြိုက်ပါတယ်ဗျ၊



www.burmeseclassic.com

www.burmeseclassic.com



မေမေနဲ့မမက လက်ရာချင်းမတူပေမယ့် စားလို့ကောင်းတာချင်းတော့ တူတယ်''

''မှောက်နေပြန်ပါပြီ၊ မင်းဘယ်လိုပဲပြောပြော အချိန်တန်ရင်တော့ အိမ်ပြန်ဖို့ ပြင်ထားနော်''

မွှေးက ကောင်လေးရဲ့စကားအသွားအလာကို ကြိုမြင်နေသောကြောင့် ပိတ်ပြောလိုက်ခြင်းဖြစ်သည်။ ဒီကောင်လေးကို ဒီလို ခဏခဏ ပြောပေးနေမှသာ တဖွတ်ဖွတ်ထိုးလုပ်ချင်နေသည့် စိတ်လေးတွေ လျော့နည်းသွားမှာ၊ ပြောလို့ရတာမဟုတ် ဒီကောင်လေးက တကယ်ကြီး ကျောင်းမတက်တော့ဘဲ ခြံလေးထဲမှာပဲ ပေပြီးနေချင်နေနေဦးမှာလေ။

''မမ စိတ်မဆိုးဘူးဆိုရင် ကျွန်တော် တစ်ခုလောက် ပြောချင်တယ်''

''ဘာလဲ''

မွှေး အသံခပ်ပြတ်ပြတ်။ ခုနောက်ပိုင်း ဒီကောင်လေးကို တင်းတင်းပြတ်ပြတ်ပဲ စကားပြောဖြစ်ဖို့ ကိုယ့်ဘာသာ ကြိုးစားနေရသည်။

''ကျွန်တော်သာ မမနားမှာမရှိတော့ရင် ဒီအိမ်ရဲ့စီးပွားရေးကို ဘယ်သူဦးဆောင်မလဲလို့ပါ''

မျက်နှာကို တမင်တင်းထားမိသည့်ကြားမှ မွှေး မထိန်းနိုင်စွာပင် ရယ်သံတစ်ချက် ပွင့်အံထွက်ကျသွား၏။ ပြောနေတဲ့မျက်နှာလေးက တကယ့်အတည်ပေါက်။ သူ့ကိုယ်သူ ယုံကြည်မှုတွေအပြည့်နှင့် မျက်ဝန်းလေးတွေ တောက်ပနေတာများ မွှေးတောင် ကိုယ့်ရယ်သံကိုယ် ပြန်ထိန်းထားလိုက်မိသည်ထိ။

''မင်းမရှိရင် ကိုယ်က စားစရာတောင် မရှိတော့တဲ့ဘဝမျိုး





ရောက်သွားနိုင်တယ်ပေါ့လေ''

''အဲဒီလိုဆိုလိုတာ မဟုတ်ပေမယ့် ကျွန်တော်က မမအတွက် အနည်းအကျဉ်းဖြစ်ဖြစ် အရေးပါတဲ့လူတစ်ယောက်နေရာမှာ ရှိ မရှိ သိချင်လို့''

''အရေးပါတယ် မပါဘူးဆိုတာထက် ကိုယ်တို့နှစ်ယောက်က တစ်ယောက်လိုတဲ့နေရာလေးတွေမှာ တစ်ယောက်ကူညီပေးထားကြတဲ့ ဆက်ဆံရေးမျိုး မဟုတ်ဘူးလား၊ ကိုယ့်ခြံအလုပ်ကို မင်းက ကူညီပေးတယ်၊ မင်း ပန်းချီဝါသနာပါတယ်၊ ဒီခြံလေးထဲမှာနေပြီး ပုံတွေရေးပါရစေဆိုတာကို ကိုယ်က ကူညီပြီး ခြံထဲမှာ နေခွင့်ပေးထားတယ်၊ အဲဒီလို ဆက်ဆံရေးမျိုး မဟုတ်ဘူးလား''

ကောင်လေးမျက်နှာပေါ်မှာ မထင်မှတ်ထားသော စကားတွေကို ကြားလိုက်ရသည်မို့ စိတ်ပျက်အားလျော့ခြင်းတွေအထင်သား ပေါ်လွင်နေကြသည်။

စိတ်ထဲမှာ မကောင်းလှပေမယ့် မွှေး ဟန်ဆောင်ရမည်သာ။ ကလေးသာသာ ကောင်လေးတစ်ယောက်ကို မွှေးနားမှာ ဆက်နေခွင့်ပေးဖို့ မသင့်တော့ဘူး မဟုတ်လား။ ကောင်လေး ရင်ထဲက သံယောဇဉ်ကို မွှေး ခန့်မှန်းလို့ရနိုင်ပေမယ့် မွှေးက လူကြီးတစ်ယောက်။ ထိန်းသိမ်းပေးသင့်တာကို ဒီတိုင်းလွှတ်ချပစ်ထားလိုက်လို့မှ မရတာ။

''မမအတွက် ကျွန်တော်က နည်းနည်းမှ ခံစားချက်မရှိစေခဲ့တဲ့ လူတစ်ယောက်ပေါ့ ဟုတ်လား''

ထမင်းစားနေရင်းနှင့် ကောင်လေးအသံလေးတွေ တုန်ယင်လာတာ မွှေး သိတာပေါ့။ ထမင်းအနည်းငယ်သာ ကျန်တော့သော



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်မှ ပန်းကန်ကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေသည်။ ဒီမေးခွန်းကို မွေး မျက်နှာအားနည်းနည်းမှ မော့မကြည့်ဘဲ ခံရခက်စွာမေးလိုက်သည့်ပုံပါပဲ။

"ဘာခံစားချက်မှ မရှိတာတော့ မဟုတ်ဘူးလေ၊ မင်းကို အောင်မြင်တဲ့လူငယ်လေးတစ်ယောက် ဖြစ်စေချင်တယ်၊ မင်းဝါသနာပါတဲ့ ပန်းချီဘက်မှာပဲဖြစ်ဖြစ် တခြားစီးပွားရေးတစ်ခုခုဘက်မှာပဲဖြစ်ဖြစ်ပေါ့၊ ခုတောင် ကိုယ့်ပန်းခင်းကို မင်းတာဝန်ယူပြီးလုပ်ပေးလိုက်တာ အတိုင်းအတာလေးတစ်ခုထိ အောင်မြင်ခဲ့တယ်လေ၊ ဒါဟာ မင်းမှာ အရည်အချင်းတစ်ခုရှိနေတယ်ဆိုတာ ထုတ်ပြလိုက်တာပဲမဟုတ်လား၊ မင်းကို အောင်မြင်စေချင်တဲ့ ခံစားချက်တော့ ကိုယ့်မှာရှိပါတယ်"

"ကျွန်တော်ပြောတာ အဲဒီလို မဟုတ်ဘူး"

မွေး စကားအဆုံးမှာ ကပျာကသီ ငြင်းလိုက်သော ကောင်လေးမျက်နှာမှာ စိတ်ပျက်ခြင်းအဟုန်တွေက အလုံးအရင်း။ 'ကျွန်တော်ပြောတာ အဲဒီအဓိပ္ပာယ် မဟုတ်ဘူးဗျာ'ဟု တစ်ယောက်တည်း တီးတိုးပြောသလို ဒုတိယအကြိမ် ရေရွတ်ပြန်သေး၏။ မျက်လုံးများကတော့ အဝေးတစ်နေရာသို့ ငေးလျက်။

ကောင်လေး ရင်ထဲကို မွေး မြင်သင့်သလောက် မြင်လာပါပြီ။ ဒါပေမဲ့ နုငယ်သော နှလုံးသားမှာ မွေးကြောင့်နဲ့ဒဏ်ရာအနာတရ မဖြစ်စေချင်ဘူးလေ။ တောက်လောင်ဖို့ အဆင်သင့်ဖြစ်နေသော မီးကို မွေးက ဘေးကနေ ယပ်ခတ်မပေးနိုင်ပါ။ မွေးဟာ ဒီမီးမလောင်အောင်တားမယ့် ရေတစ်စက်သာ ဖြစ်ချင်ခဲ့သည်။

"မမကို ကျွန်တော့်အကြောင်းတွေ ပြောပြချင်တယ်"





"ဘာအကြောင်းတွေများလဲ"

မီးကိုအားပေးမယ့် လောင်စာတွေမဟုတ်ဘူးဆိုရင်တော့ ကောင်လေးပြောမယ့် သူ့အကြောင်းတွေကို မွေး နားထောင်ချင်ပါသည်။

"ခုတော့ မဟုတ်သေးပါဘူးလေ၊ ကျွန်တော် ပြောဖို့ အဆင်သင့်ဖြစ်တဲ့အခါမှပါ"

"ဘာကိုဆိုလိုတာလဲ"

"ကျွန်တော် ဘာကြောင့် ဒီနေရာလေးကို မရရအောင် လာခဲ့တယ်ဆိုတာတွေပေါ့၊ ဘာကြောင့် ဒီနေရာလေးမှာပဲ ဆက်နေချင်တယ်ဆိုတာတွေရောပေါ့၊ ကျွန်တော့်ဘဝအကြောင်းပါ မမ"

"မင်းဘဝအကြောင်း၊ ဟုတ်လား၊ မင်းမေမေလည်း ကိုယ်နဲ့ စကားပြောဖူးတယ်၊ ရည်မွန်ဖော်ရွေတဲ့ အမျိုးသမီးကြီးတစ်ဦးပါ၊ မင်းအဖေဆုံးသွားတာလည်း မင်းမွေးပြီး နှစ်နှစ်သားတည်းက၊ မင်းမှာ ထွေထွေထူးထူး ထပ်ပြောစရာ ဘဝအကြောင်းရှိသေးသလား"

"ရှိတာပေါ့ မမရယ်၊ သူများတွေ နားလည်နိုင်ဖို့ မမျှော်လင့်ပေမယ့် မမကိုတော့ နားလည်စေချင်ခဲ့တယ်၊ ကျွန်တော် အဆင်သင့်ဖြစ်တဲ့အခါမှာ သေချာပေါက်ပြောပြမှာပါ၊ သိပ်မကြာပါဘူးနော်"

ငယ်ရွယ်လွန်းသေးသော ကောင်လေးမျက်နှာကို မွေး ကြာမြင့်စွာ ငေးမောကြည့်နေခဲ့မိသည်။ ထိုကောင်လေးကတော့ အဝေးတစ်နေရာသို့ ငေးမောရင်း အတွေးကမ္ဘာထဲ နစ်မျောနေသူလို။

"ဟေး ထမင်းတွေ ကုန်အောင်စားလိုက်ဦးလေ"

"ကျွန်တော် မစားချင်တော့ပါဘူး မမရာ"

ပြောပြောဆိုဆို ထမင်းပန်းကန်ပြားလေးကိုင်လျက် အိမ်နောက်



www.burmeseclassic.com

www.burmeseclassic.com



ဖေးဘက် ထထွက်သွားသော ဒေးဒေးရဲ့နောက်ကျောပြင်ကို မွေး ငေး… နေမိပြန်သည်။ နုနယ်သေးတဲ့ ကလေးတစ်ယောက်ရဲ့နှလုံးသား… ဘယ်လိုဒဏ်ရာတွေများ ရှိနေခဲ့တာလဲ၊ မွေးကို ကောင်လေးပြောပြလာ… တစ်ချိန်မှာ မွေးကရော ဘာတွေဘယ်လို တုန့်ပြန်ရမှာတဲ့လဲ။

နာကျင်စရာအဖြစ်တွေဆိုရင် အဲဒီနာကျင်မှုတွေကို ပျော… ကင်းသက်သာအောင် မွေး ကုစားပေးနိုင်လိမ့်မယ်လို့ ကောင်လေး မွေး… လင့်နေခဲ့တာများလား။ ထိုနေ့ကတော့ မွေး တစ်ကိုယ်တည်း ခေါင်း… လိုက် သက်ပြင်းမောလေးချလိုက်နှင့် ရင်ထဲမှာဗျာများနေခဲ့ရပါသည်။

သူပြောပြမည်ဆိုသော အတိတ်အကြောင်းလေးကိုလည်း မွေး… စိတ်ဝင်တစားရှိနေမိသည့်အလျောက် ထိုနေ့မှစ နောက်သုံးရက်အကြ… မှာ ကောင်လေးက ပြောပြဖို့ အဆင်သင့်ဖြစ်ပါပြီလို့ အသိပေးခဲ့ချိန်တွ… မွေး ငြိမ်သက်စွာပင် အာရုံစူးစိုက်နားထောင်မိခဲ့တော့၏။

မွေး ညနေတိုင်း ထိုင်နေကျနေရာလေးမှာပါပဲ။ ထင်းရှူး… မြင့်မြင့်ကြီးရဲ့ခြေရင်းနားမှာ နှစ်ဦးသားလွတ်လပ်စွာ ထိုင်ရင်းဖြင့် ကော… လေးက စကားစလာခဲ့ခြင်းဖြစ်သည်။

"ကျွန်တော့်အကြောင်းကို ပြောပြဖို့ အဆင်သင့်ဖြစ်ပါပြီ မမ"

ပတ်ဝန်းကျင်တောင်တန်းများကို ငေးမောနေရင်းနှင့်မှ ကော… လေးမျက်နှာကို မွေး ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ မျက်နှာလေး… ပကတိတည်ငြိမ်လျက် မွေး မျက်လုံးများကို စူးစိုက်ကြည့်နေ၏။

မွေး ဘာမှမပြောနိုင်ခင်မှာပင် သူက ဇာတ်လမ်းကို ရိုးရှင်း… ဖွင့်ဟခဲ့သည်။

"ကျွန်တော်က အခုမေမေရဲ့ သားအရင်းမဟုတ်ဘူး"





"ဟင်"

ရိုးရှင်းစွာ စတင်ခဲ့သော ဇာတ်လမ်းအစမှာတင် မွေး ပါးစပ် …သေး အဟောင်းသား ပွင့်ဟသွား၏။ ဒေးဒေးမျက်လုံးများ မွေးထံမှ …ယ်ခွာကာ အဝေးမှ ထင်းရှူးပင်အုပ်ဆီ ငေးကြည့်နေခဲ့ပြန်သည်။

"ကျွန်တော့်အသက် ငါးနှစ်သားမှာ မိဘရင်းတွေ စွန့်ပစ်တာကို ခံခဲ့ရတယ်၊ သူတို့ထုံးပါးသွားလို့လည်းမဟုတ်ဘူး၊ ကျန်းမာရေးအခြေအနေ …ပွားရေးအခြေအနေ တစ်ခုခုပျက်စီးယိုယွင်းနေလို့လည်း မဟုတ်ဘူး"

"ဒီလိုဆို"

'ဒီလိုဆို ဘာဖြစ်လို့များ မင်းကိုစွန့်ပစ်ခဲ့တာလဲ'ဟု မေးလိုက်ချင် …မယ့် မွေး နှုတ်ဖျားများကို မွေးစိတ်နှလုံးက ခွင့်မပြုခဲ့ပါ။ သူ ပြောချင် …သာ လွတ်လပ်စွာ ပြောပါစေ မွေးဘက်ကစပြီး စောဒကမတက်ဖို့ …ဆုံးဖြတ်လိုက်သောကြောင့်ပါပဲ။

"ကျွန်တော့်အဖေကိုယ်တိုင်က ကျွန်တော့်ကိုမုန်းတီးတဲ့အတွက် စွန့်ပစ်ခဲ့တာ၊ လူမုန်းသိတတ်စ ငါးနှစ်သားလေးတစ်ယောက်ကို အဲဒီ …လေးရဲ့ဖခင်ကိုယ်တိုင်က မုန်းတီးစွာ စွန့်ပစ်ထားခဲ့တာ"

အသံများတုန်လျက် ကောင်လေးမျက်ဝန်းတွင် မျက်ရည်ကြည် …ဝေ့ဝဲနေတာ မွေး ဘေးတိုက်အနေအထားကနေ ကောင်းစွာမြင်နေရ …သည်။ ပခုံးလေးကို ဆုပ်ကိုင်ဖေးမပေးလိုက်ချင်ပေမယ့် ဒီတစ်ခါလည်း …ကိုယ်မွေး ထိန်းချုပ်ထားလိုက်နိုင်ခဲ့၏။

"ကျွန်တော် မှတ်မိနေခဲ့တယ်၊ အရာအားလုံးကိုပေါ့၊ အဖေဆိုတဲ့ …ယောက်ျားတစ်ယောက်ရဲ့မျက်နှာချောချောကိုလည်း ကျွန်တော် သေချာ …မှတ်မိနေခဲ့တယ်၊ ကျွန်တော် ငါးနှစ်တာ နေထိုင်လာတဲ့အိမ်၊ နောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေသိပ်မုန်းတဲ့ မေမေ့မျက်နှာကအစ ကျွန်တော်သေချာမှတ်မိနေခဲ့တယ်၊ ကျွန်တော်ငယ်ငယ်က ထိန်းပေးတဲ့ အန်တီကြီးနဲ့ တူတူပုန်းတမ်းဆော့ရင် ကျွန်တော် ပုန်းနေတဲ့နေရာကို အဲဒီအန်တီကြီး နေ့ဝက်လောက်ကျိုးတဲ့ထိ ရှာရတယ်''

''မင်းက အပုန်းကောင်းတယ်ပေါ့လေ''

''မဟုတ်ပါဘူး အိမ်ကြီးက ကြီးလွန်းလို့လေ''

ကောင်လေးက သူ့ဘာသာ သဘောကျစွာ ရယ်မောလိုက်သည်။ အသက်ဆယ့်ခြောက်နှစ်အရွယ်မှာတောင် ဒီလောက် ချစ်စရာကောင်းနေသော ကောင်လေးသည် ငါးနှစ်သားအရွယ်လေးတုန်းကဆိုပိုလို့တောင် ချစ်စရာကောင်းခဲ့ဦးမည်။ ပါးဖောင်းဖောင်းလေးနှင့် ရယ်မောလိုက်လျှင် မျက်လုံးပေါက်လေးပျောက်သွားလျက် မွေး မျက်လုံးထဲမှာကောင်လေးငယ်ငယ်က ပုံစံကို စိတ်ကူးဖြင့် ပုံဖော်ရင်း နှုတ်ခမ်းများပြုံးနေမိသည်။

''ကျွန်တော် မှတ်မိနေတဲ့ အဲဒီအိမ်ကြီးဟာ ရန်ကုန်မှာရှိတယ်ဆိုတာကလွဲရင် ဘယ်နေရာဆိုတာ အတိအကျ မသိဘူး၊ ကလေးအရွယ်ဆိုတော့ လိပ်စာတော့ ဘယ်သိနိုင်ပါ့မလဲနော်၊ ဒါပေမဲ့ ကျွန်တော့်မိဘတွေ သိပ်ချမ်းသာတယ်ဆိုတာတော့ ကျွန်တော် ကောင်းကောင်းသိတယ်၊ မေမေက ကျွန်တော့်ကိုသိပ်ချစ်ပြီး အလိုလိုက်ခဲ့တာ၊ ခုတော့ ကျွန်တော့်မှာ သူတို့ပတ်သက်ပြီး ကျန်ခဲ့တာဆိုလို့ ဆွဲကြိုးလေးတစ်ခုပဲ ရှိတော့တယ်''

''မင်း သိမ်းထားသေးတယ်ပေါ့''

''သေချာပေါက် သိမ်းထားတာပေါ့၊ ဖေဖေ ကျွန်တော့်ကို ထားသွားခဲ့တဲ့နေ့ကတော့ ဘဝမှာ မမှတ်မိချင်ဆုံးဆိုပေမယ့် ဆန့်ကျင်ဘက်ပဲ





အမှတ်မိဆုံးလည်း ဖြစ်နေခဲ့တယ်၊ အဲဒီနေ့အကြောင်းကို ပြန်တွေးမိတိုင်း ကျွန်တော့်နှလုံးသားကနေ ကြောက်ရွံ့စိတ်တွေပဲ ပေါ်ပေါ်လာတယ်''

''မင်းအတွက် မကောင်းတဲ့အမှတ်တရတွေကို ကိုယ်လည်း မသိချင်ပါဘူး''

မွေးရဲ့ဖေးမစကားအတွက် ကောင်လေးက ကျေးဇူးတင်စွာကြည့်သည်။ သူ မှတ်မိနေခဲ့တဲ့ ထိုနေ့အကြောင်းကိုတော့ ခုချိန်မှာ သူထုတ်ပြောဖို့ အဆင်သင့်မဖြစ်သေးဘူးနဲ့တူပါရဲ့။ ဘယ်လိုပဲဖြစ်နေပါစေ အဖေတစ်ယောက်က သားတစ်ယောက်ကို မုန်းတီးလို့ စွန့်ပစ်ခဲ့တယ်ဆိုတာကိုတော့ မွေး ဘယ်လိုမှ နားမလည်နိုင်သလို လက်လည်းမခံနိုင်ဖြစ်ရသည်။

မိဘမေတ္တာဆိုတာ ဘယ်ရောက်သွားပြီလဲ။ လင်နဲ့မယားကြားက သစ္စာတရားတွေ ဘယ်လောက်ပဲ ယိမ်းယိုင်ပြိုလဲနေပါစေဦး မိဘကသားသမီးပေါ်ထားသော မေတ္တာကတော့ ဘယ်တော့မှမပြိုလဲဘဲ ခိုင်မတ်စွာ ရှိနေတတ်ခဲ့တာမျိုး မဟုတ်ဘူးလား။

ငါးနှစ်အရွယ်ဆိုတာ ကိစ္စတော်တော်များများကို နားလည်စပြုနေခဲ့ပြီ။ ဒီလိုအရွယ်ကလေးတစ်ယောက်ကို မုန်းတီးစိတ်နှင့် စွန့်ပစ်ဝံ့သည့်ဖခင်သည် လူတစ်ယောက်မှ ဟုတ်ပါလေစ။ မျက်စိရှေ့မှာတင်နေ့တစ်ရှူ ထိတွေ့နေရသည့် ကိုယ့်ရင်သွေးကလေးငယ်လေးအပေါ် ရက်စက်လွန်းသော လူမဆန်သည့် လုပ်ရပ်ပဲမဟုတ်လား။

မွေးတောင်မှ မြင်တွေ့ခွင့်မရသေးသည့် ရင်သွေးလေးကို ချစ်မြတ်နိုးစွာ တယုတယ ရှိနေခဲ့သေးတာ။ ဘယ်လိုအောက်တန်းကျသော မိဘမျိုးတွေက မျက်စိအောက်မှာ ပျော်ရွှင်စွာဆော့ကစားနေမည့် ကလေး

ဖျူးတာပေ

www.burmeseclassic.com

www.burmeseclassic.com



လေးကို ဒီလိုမျိုး စွန့်ပစ်ရက်ကြတာပါလိမ့်။

"တောက်"

"ဟင် မမ ဘာဖြစ်တာလဲ"

ကိုယ့်ဘာသာပင် မသိလိုက်ခင်မှာပင် တက်တစ်ချက် ခေါက်မိသွားခဲ့သည်။ ကောင်လေး အလန့်တကြားနှင့် မေးတော့မှ ကိုယ့်အဖြစ်ကိုယ် သတိထားမိလိုက်ရင်း

"စိတ်ထဲမှာ အတွေးတွေနဲ့ ခံပြင်းသွားလို့ပါ၊ မိဘတစ်ယောက်အနေနဲ့ လောကကြီးမှာ ဘယ်လိုမှမဖြစ်သင့်တဲ့ကိစ္စမျိုးကို မင်းဖခင်က ကျူးလွန်ခဲ့တာပဲ၊ ဒါပေမဲ့ ကိုယ်မရှင်းတာက လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ဖြစ်ခဲ့တဲ့ ဒီကိစ္စတွေကို အခု မင်းမွေးစားအမေအိမ်ကို မပြန်ချင်တာက ဘယ်လိုများပတ်သက်နေတာလဲ"

"ရှင်းရှင်းပြောရရင် ကျွန်တော့်ကိုမွေးစားခဲ့တဲ့ မေမေတို့လင်မယားက ကလေးမရနိုင်ခဲ့ဘူး။ ဖေဖေ စောစောကြီးကွယ်လွန်သွားတော့ မေမေ့မှာ အားကိုးရာယောကျ်ားသားမဲ့နေလျက်က ကျွန်တော့်ကိုပြုစုပေးနိုင်ဖို့ အများကြီး ကြိုးစားခဲ့တယ်၊ အရွယ်လည်းရှိတုန်းမှာ မေမေ့ကို နောက်အိမ်ထောင်ပြုစေချင်တယ်လေ၊ အခု မေမေ့နားမှာရှိနေတဲ့ ဦးလေးကို ကျွန်တော်ကိုယ်တိုင်လည်း သဘောကျပြီး လက်ထပ်စေချင်ပါတယ်၊ ဒါပေမဲ့ မေမေက ကျွန်တော့်ကိုငဲ့ပြီး ငြင်းဆန်နေခဲ့တယ်၊ ကျွန်တော်မရှိမှ မေမေလည်း စောင့်ရှောက်ကာကွယ်ပေးမယ့်လူနဲ့ ဘာနဲ့ အေးအေးချမ်းချမ်း နေနိုင်မယ် ထင်လို့ပါ"

"မင်း အဲဒီလိုလုပ်တော့ မင်းအမေက ဘာမှမပြောတော့ဘဲ ဒီတိုင်းကြည့်နေမယ်တဲ့လား"





"ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ၊ ကျွန်တော့်ဘာသာ အကြောင်းတစ်ခုခုပြပြီး ရှောင်ထွက်ရမှာပေါ့၊ ကျွန်တော်လည်း အရွယ်ရောက်နေပြီလေ"

ကောင်လေးသည် သူ့ကိုယ်သူ အရွယ်ရောက်သော ယောကျ်ားတစ်ယောက်အဖြစ် အမြဲလိုလို သတ်မှတ်တွေးတောသည်။ ဒါပေမဲ့ သူ့ပုံစံလေးက ခုမှ နို့နံ့တောင်မစင်သေးသည့် ကလေးတစ်ယောက်သာသာပါ။ ဒီလိုပုံစံလေးနှင့်မလိုက်ဖက်စွာပင် သူ့ဘဝအတိတ်ကတော့ မလှပခဲ့။ မိဘတစ်ယောက်နေရာကနေ အပြည့်အဝခံစားပေးလို့ရစွာ ဒေးဒေးကို မွေး ကိုယ်ချင်းစာသနားနေမိသည်။

ဒီကောင်လေးရဲ့ရင်ထဲက ဒဏ်ရာတွေကို မွေး ဘယ်လိုနည်းနဲ့ ကုစားပေးရမှာလဲ။ မွေးကိုယ်တိုင်မှာကလည်း ဘယ်သူ့ကိုမှ ထုတ်မပြဝံ့သေးတဲ့ ဒဏ်ရာဗရပွ နှလုံးသားနဲ့လေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

''ဒီနေ့ ကိုကြီး နည်းနည်းနောက်ကျမယ်နော်၊ ကျော်ကျော်တို့နဲ့ တွဲလုပ်ထားတဲ့ အလုပ်လေးတစ်ခု အောင်မြင်တဲ့အထိမ်းအမှတ်နဲ့ သောက်ကြစားကြမယ်တဲ့လေ''

''အများကြီးလည်း သောက်မနေနဲ့နော် ကိုကြီး''

''အင်းပါ မိန်းမရယ်၊ စိတ်ပူတတ်ရန်ကော''

ကိုကြီးက ကျေနပ်ပြုံးလေးနှင့်အတူ မွေး ပခုံးလေးကို ပွေ့ဖက်ရင်း ဆိုသည်။ မွေး မျက်စောင်းလှလှလေးတစ်ချက်ထိုးရင်း

''ကိုယ့်ယောက်ျားကိုမှ စိတ်မပူရင် ဘယ်သူ့ပူရမှာလဲ''

''ဟုတ်ပါပြီဗျာ၊ ညစာစားဖို့ မစောင့်နဲ့တော့နော်''

''ဟုတ်''

ကားပေါ်သို့မတက်ခင် မွေးပါးလေးကို တစ်ချက်ဖွဖွနမ်းရင်း နားနားသို့ကပ်ကာ ပြောလာသော ကိုကြီးအသံလေး 'မွေးကို အရမ်းချစ်တယ်နော်' တဲ့။





ဒါက အလုပ်သွားခါနီး မနက်တိုင်း ကိုကြီးရဲ့နှုတ်ဆက်နေကျပုံ။ ထိုသို့နှုတ်ဆက်တိုင်းလည်း မွေးရင်ထဲမှာ ကြည်နူးမှုတွေ လှိုင်းထနေကျ။ မွေးရဲ့ဘဝလေးဟာ ကိုကြီးနားမှာ ဒီလိုလေးနဲ့ပဲ နေသားကျစွာ လှပနေခဲ့ပြီလို့ ယုံကြည်မှုတွေ တိုးပွားစေခဲ့သော အပြုအမူလေး။

ကိုကြီးဆီက ချစ်မြတ်နိုးခြင်းတွေကို အသောမသတ်နိုင်အောင် ရရှိနေသည့်အတွက် ကိုယ့်ကိုယ်ကိုယ်လည်း မွေး ကျေနပ်ဂုဏ်ယူမိသည်။

ပြန်လာနေကျအချိန်မှာ ပြန်မလာဖြစ်ဖူးဆိုတာ သိထားသည့်မို့ အရင်လို ညနေခင်းမှာထိုင်ရင်း ကိုကြီးကို စောင့်မနေတော့ဘဲ ထိုနေ့ညနေမှာ ခြံဘေးမှ သစ်ခွရုံလေးဘက်သို့ မွေး ထွက်ခဲ့သည်။ အစိမ်းရောင်အမိုးများအောက်တွင် စီစီရီရီရှိနေသော သစ်ခွပန်းပင်အိုးလေးတွေ၊ အရောင်စုံအသွေးစုံ ပန်းပင်လေးများကိုကြည့်ရင်း မွေး ကြည်နူးနေခိုက် အပေါ်ဆုံးထပ်နှင့် ဆက်သွယ်ထားသည့် ဘေးဘက်ကြောင်လိမ်လှေကားမှ ဆင်းလာသော ထမင်းချက်အန်တီကြီး ဒေါ်စိန်ကို လှမ်းတွေ့လိုက်ခြင်းဖြစ်သည်။

ဒေါ်စိန်က အိမ်မကြီးထဲသို့ဝင်သည့် ဆင်ဝင်အောက်အပေါက်ဝဘက်သို့ နောက်ကျောမလုံသလို ကွက်ကြည့်ကွက်ကြည့်လုပ်လျက် နံ့ထမ်းတန်းလျားလေးဘက်သို့ ခပ်သုတ်သုတ် ပြန်လျှောက်သွားခဲ့သည်။ သူ့လက်ထဲမှာတော့ ပန်းကန်တချို့တင်ထားသော လင်ပန်းတစ်ချပ်။

မွေးစိတ်ထဲမှ သိချင်စိတ်တွေကို ထိန်းသိမ်းမရနိုင်စွာပင် နောက်လုံးအကြည့်များက အပေါ်ဆုံးထပ်ရှိ ဝရန်တာဆီ ရောက်ရှိသွား၏။ ကာတိုင်ငြိမ်သက်လျက်ရှိသော ပတ်ဝန်းကျင်တစ်ခုမှာ ဘာလို့များ မသက်ဆိုင်ရာ အငွေ့အသက်တွေကို မွေး ခံစားလို့ရနေတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုရင် ကိုကြီးလည်း အိမ်မှာမရှိသည့်အချိန်မို့ ဘယ်သူမှ မသိအောင် တိတ်တိတ်လေး သွားကြည့်လို့ရပေမယ့် မွှေး မလုပ်ချင်ခဲ့ပါ။ ကိုကြီးကိုပေးထားခဲ့သော ကတိတစ်ခုကို ကိုကြီးနောက်ကွယ်မှာ မချိုး ဖောက်ချင်ခဲ့။ ကိုကြီးက မတက်နဲ့ဟု ကတိတောင်းထားသောကြောင့် တက်ကြည့်ဖို့ရာ စောင့်စည်းထားရသော်လည်း ဒေါ်စိန်ကို မေးမြန်းကြည့် ချင်သည့်စိတ်ကိုတော့ မွှေး မအောင့်အီးနိုင်ခဲ့ပါ။

"ဒေါ်စိန်ရေ ဒေါ်စိန်"

တန်းလျားလေးရှေ့ကနေ မွှေး အသံကျယ်ကျယ်လေးနှင့် ခေါ် လိုက်လျှင် အိမ်နောက်ဖေးဘက်ကနေ ဒေါ်စိန် အပြေးကလေး ရောက် လာလျက်

"ဘာလိုလဲ သမီး"

"ဒေါ်စိန် ဘာလုပ်နေတာလဲ"

"အဝတ်တွေ လျှော်နေတာပါ"

ထိုသို့ ဖြေလိုက်သော ဒေါ်စိန့်စကားကို မွှေးမယုံကြည်၊ သို့ သော် အဲဒါက အဓိက မဟုတ်ပါ။ မွှေး သိချင်သည့်ကိစ္စကိုသာ မေးခွင့် ရဖို့ အရေးကြီးတာ မဟုတ်လား။

"ဒေါ်စိန့်ကို မွှေး မေးစရာရှိလို့ပါ၊ ခဏထိုင်ပါဦး"

ဒေါ်စိန့်ကိုလည်းပြောရင်း မွှေးကိုယ်တိုင်လည်း အနီးရှိအုတ်ခုံ လေးတွင် ထိုင်ချလိုက်၏။ ဒေါ်စိန်က မွှေးကို သမီးဟုခေါ်ကာ ရိုရိုသေသေ ဆက်ဆံတတ်ပေမယ့် မျက်နှာအမူအရာကတော့ အမြဲတမ်း အလိုမကျ သလို သုန်မှုန်နေတတ်သည်။ တစ်ခါတစ်ရံ နောက်ဖေးမီးဖိုချောင်မှာ ချက်ရေးပြုတ်ရေးအတွက် မွှေးက ဝိုင်းကူညီလုပ်ကိုင်ပေးရင်တောင်





မနှစ်သက်တတ်သည့် မျက်နှာထားမျိုးနှင့်ဖြစ်၏။

မွှေးနှင့်အတူ ရှိနေရသည့်အချိန်များတွင် ဒေါ်စိန့်ကိုကြည့်ရတာ စိတ်ကျဉ်းကျပ်လျက် စကားမပြောမိအောင် ကြိုးစားသတိထားနေသလို ပင်။ ခုလည်း အဲဒီအမူအရာမျိုးနှင့်ပါပဲ။ မွှေး ဘေးနား ခပ်လှမ်းလှမ်းမှာ ဝင်ထိုင်လိုက်၏။

"ဘာမေးမလို့လဲ သမီး"

"အပေါ်ဆုံးထပ်အကြောင်းပါ"

မွှေးက တိုတိုပြတ်ပြတ်ပဲ ပြောလိုက်လျှင် ကြားလိုက်ရသော ဒေါ်စိန်ကတော့ မျက်လုံးများပြူးကျယ်လျက် ထိုင်ရာမှ ဆတ်ခနဲ မတ်တပ် ထရပ်လိုက်သည်ထိ မှုပျက်သွား၏။ ဒါဟာ တော်တန်ရုံကိစ္စတော့ မဟုတ် တာ သေချာနေပါပြီ။ ပြီးတော့ အဲဒီကိစ္စကို ဒေါ်စိန် သိကိုသိရမည်။ ဒီအိမ်ကြီးမှာ ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့သော လုပ်သက်ကလည်း ကြာ ညောင်းခဲ့ပြီမဟုတ်လား။

"ဘယ်လိုဖြစ်တာလဲ ဒေါ်စိန်ရဲ့၊ ထိုင်ပါ ဘာတွေ အဲဒီလောက် လန့်သွားတာလဲ"

ရယ်ရယ်မောမောနှင့်မွှေးပြောတော့မှ သတိကြီးစွာ ထားနေ သော လူတစ်ယောက်ပုံစံမျိုးနှင့် ဒေါ်စိန် ရို့ရို့လေး ဝင်ထိုင်သည်။

"အပေါ်ဆုံးထပ်အကြောင်းက ဘာမှ ထွေထွေထူးထူး မဟုတ် ပါဘူး သမီး၊ လူကြီးတွေရှိတုန်းကတော့ ဧည့်သည်တွေဘာတွေလာရင် တည်းခိုရအောင် လုပ်ထားတဲ့နေရာပါ၊ ခုတော့ မောင်စစ်တစ်ယောက် တည်းလည်းဖြစ် ညအိပ်ဧည့်သည်တွေဘာတွေလည်း မလာတော့ နောက်ပိုင်း ဒီတိုင်းပဲ ပစ်ထားမိရာကနေ ဖုန်တွေတသောသောနဲ့ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



မှတောင် တက်မကြည့်ဖြစ်တာ ကြာပါပြီ''

မယုံပါ။ သန့်ရှင်းရေးတာဝန်ယူထားသော မမှုပင် ဒီအိမ်ကြီးမှာ အလုပ်ဝင်တာ နှစ်နှစ်နီးပါးရှိနေခဲ့ပြီ။ ဒီအပေါ်ထပ်ကို ရှင်းလင်းဖို့ ဘယ်သူကမှ သတိမပေးကြဘူးတဲ့လား။

ပထမတော့ ဒေါ်စိန်ကို အပေါ်ဆုံးထပ်ကနေ ထမင်းဟင်းပြင်ဆင်ထားဟန်ရှိသော ဗန်းတစ်ခုကိုင်လျက် ဆင်းလာရသည့်အကြောင်းရင်း မေးဖို့ကြံပြီးကာမှ စိတ်ကူးတွေ ပြောင်းသွားလျက် မွေး မမေးဖြစ်တော့ပေ။ တစ်ခုခုကိုဖုံးကွယ်ထားမှန်း သိနေမှတော့ ဆက်မေးနေလျှင်လည်း အလိမ်အညာတွေသာ ထွက်လာမှာ သေချာနေခဲ့ပြီ။ မွေးကို မသိစေချင်သည့်အကြောင်းရင်းတစ်ခုကို ကိုကြီးအပြင် ဒေါ်စိန်ကပါ ဝိုင်းဝန်းဖုံးဖိပေးထားကြောင်း မွေး လက်ခံလိုက်ရ၏။

''သြော် ဒီလိုဆိုတော့ တစ်နေ့နေ့ အချိန်ယူပြီး အဲဒီအထပ်ကို သန့်ရှင်းရေးလုပ်ဖို့ မမှုကိုပြောဦးမှပါပဲ၊ မွေးလည်း အိမ်မှာ လုပ်စရာမရှိလို့ ပျင်းနေတာဆိုတော့ ကူညီလုပ်ပေးလို့ရတယ်လေ''

''ရှင်''

ထမင်းချက်အဘွားကြီး မျက်လုံးပြူးသွားပြန်၏။ မွေးကတော့ ဘာမှဆက်မေးမြန်းဖို့ မလိုတော့သူလို နေရာမှထရပ်လိုက်သည်။ ထိုင်နေရင်းမှ တစ်ခုခုပြောရန် ဟန်ပြင်နေလျက် ဘာပြောရမှန်းမသိ ဖြစ်နေရှာသော ဒေါ်စိန်ကို ပြုံးပြနှုတ်ဆက်လျက် အိမ်မကြီးခက် ခပ်အေးအေး ပြန်လျှောက်လာခဲ့သည်။

မွေးကို မသိစေချင်သော အကြောင်းအရာဟာ ဘယ်လောက်တောင် အရေးတကြီးရှိလို့ အဘွားကြီး ဒီလောက်မှုပျက်နေရတာပါလိမ့်





ကိုကြီးကိုမရမက အစ်အောက်ပြီး မေးကြည့်ဖို့ စိတ်ကူးပေမယ့် ဒီကိစ္စနဲ့ပတ်သက်လျှင်တော့ ကိုကြီး အလွယ်တကူပေးပြောပြဖို့ကို မွေး မမျှော်လင့်ရဲပါ။

မေးမြန်းမိသည့် စကားကြီးသာ အဖတ်တင်သွားမည်မို့ မွေး ဆက်လက်မြိုသိပ်နေရတော့မှာ သေချာ၏။ အချိန်အတိုင်းအတာ တစ်ခုလောက်ထိပေါ့။

ရှုပ်ထွေးနေသော အတွေးတို့ဖြင့် အခန်းဆီပြန်လာခဲ့ပြီး ခုတင်ထက်လှဲအိပ်လိုက်တာ ဖုန်းမြည်သံလေးကြားမှ လန့်နိုးသွားချိန်တွင် ညကိုးနာရီခွဲနေခဲ့ပြီ။ ကိုကြီး ဆက်လာသောဖုန်းမို့ မွေး မြန်မြန်လေး ကိုင်လိုက်၏။

''မွေးရေ ထင်တာထက် ပိုနောက်ကျမယ့်ပုံပဲ၊ ဟိုကောင်တွေက တစ်ဆိုင်ပြီးတစ်ဆိုင် ပြောင်းသောက်နေကြတယ်၊ ကာရာအိုကေတောင် ဆိုမယ်ဆိုလား ဘာလား''

ကိုကြီးအသံ နားထောင်ရတာနဲ့တင် ရီဝေဝေဖြစ်နေမှန်း မွေး ရိပ်စားလည်လိုက်သည်။ ကိုကျော်ကျော်တို့က ကိုကြီးနဲ့ဆို လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းဖြစ် စိတ်ခွေအပေါင်းအသင်းလည်း ဖြစ်နေခဲ့တာ နှစ်ပေါင်းမနည်းတော့သူတွေမို့ မွေး စောဒက မတက်မိတော့။ ကာရာအိုကေတွေ ဘာတွေသွားမယ်ဆိုတာကိုတော့ ဇနီးမယားတစ်ယောက်အနေနဲ့ တားမြစ်ချင်ပေမယ့် ဦးစစ်မင်းရဲ့အမျိုးသမီးက သဘောထားသေးသိမ်လိုက်တာဟုတော့ မွေး အထင်မခံချင်ပါ။

ဒီအသိုင်းအဝိုင်းထဲရောက်ခဲ့မှတော့ ဒီအသိုင်းအဝိုင်းနှင့် အဆင်ပြေနေတတ်ဖို့သာ မွေး ကြိုးစားရတော့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"အမျှားကြီး သောက်မနေနဲ့ဦးနော်၊ ကိုကြီးက သောက်နိုင်တာ မဟုတ်ဘူး၊ ပြီးတော့ ကာရာအိုကေတွေ ဘာတွေမှာ သိပ်လည်းအချိန် ဖြုန်းမနေနဲ့ဦး"

"သိပါတယ်ကွာ ကိုယ့်မိန်းမစိတ်ပူနေပြီမဟုတ်လား၊ ဘာမှမပူ နဲ့နော် ကိုကြီးက ထိန်းနိုင်ပါတယ်၊ ဟိုကောင်တွေက အတင်းတိုက်လို့ သာ သောက်နေရတာ"

"ဟုတ်ပါပြီရှင် ကားကို ကိုယ်တိုင်မောင်းနေတာလား"

"ကိုယ်တိုင်မောင်းနေတာပေါ့ဗျာ၊ ကိုကြီး မောင်းနိုင်ပါတယ် မိန်းမ စိတ်မပူဘဲ အိပ်လိုက်တော့ ဟုတ်ပြီလား"

"စစ်မင်းတို့ကတော့ မိန်းမကြောက်ရတယ်ပေါ့၊ ဖုန်းဆက်ပြီး သံတော်ဦးတင်နေရပြီ ဟား ဟား"

ဖုန်းထဲကတစ်ဆင့် မွေး ကြားလိုက်ရသော ယောကျ်ားသံတစ် သံ။ ထိုစကားကြောင့်ပဲလားတော့မသိ မွေးကိုချက်ချင်းပဲ နှုတ်ဆက်ပြီး ကိုကြီး ဖုန်းချသွားခဲ့သည်။ ဖုန်းချပြီးမှပင် မွေးလည်း ညစာတောင် မစားရသေးတာ သတိရ၏။

အခုတလော အစားအသောက်တွေ စားရတာ အဆင်မပြေ အသားဟင်းတွေကိုဆို လှည့်တောင်မကြည့်ချင်လောက်အောင် ဖြစ်နေ မိသည်။ စိတ်ထဲမှာ အော်ဂလီဆန်ကာ အန်ချင်စိတ်သာ ပေါက်မိနေ အစားအသောက်ကို လှည့်မကြည့်ချင်လောက်အောင် ဖြစ်မိပေမယ့် အိပ်စက်ခြင်းကိုတော့ မွေး ပိုလို့ မက်မောနေတတ်ခဲ့သည်။

ဘယ်အချိန်ပဲခေါင်းချချ အလွယ်တကူ အိပ်ပျော်တတ်နေ ခုလည်းပဲ မွေး ကိုယ်တိုင်ချက်ထားသော ကြက်ကုန်းဘောင်အချိုချက်





စားချင်စိတ်မရှိတော့ပြန်၍ ဗိုက်ဆာနေခြင်းကိုပါ လျစ်လျူရှုထားလိုက်မိ ရင်း အိပ်ရာထက် ဆက်လှဲနေမိသည်။

ကိုကြီးကတော့ အပေါင်းအသင်းတွေနှင့် ဘယ်လောက်တောင် သောက်နေပြီလဲ မသိ။ သောက်ကျင့်မရှိသူမို့ ဘီယာနည်းနည်းဝင်သွား ရင်တောင် ကိုကြီး မူးနေတတ်ပြီ။ မှင်လာဦးဒင်နာတုန်းကလည်း ကိုကျော် ကျော်တို့ဝိုင်းမှာထိုင်ပြီး ဝိုင်လေးနှစ်ခွက်ဝင်သွားသည်နှင့် မျက်လုံးများ ရီဝေလာကာ လျှာသွက်အာသွက်နှင့် စကားတွေလည်း ခါတိုင်းထက် ပိုပြောနေတတ်ပြန်သည်။

အင်းလေ နေ့စဉ်ရက်ဆက် အလုပ်ထဲမှာကြီးပဲ စိတ်ပင်ပန်း လူပင်ပန်းရသမျှ ခုလိုမျိုး အပေါင်းအသင်းတွေနှင့် လည်ပတ်စားသောက် လိုက်တော့လည်း ကိုကြီးအတွက် အပန်းဖြေသလိုမျိုးမို့ ကောင်းတာပါပဲ။ အိမ်ထောင်တစ်ခုရဲ့တာဝန်တွေကို ကိုကြီး ကျေပွန်နေပြီး မွေးအပေါ်မှာ လည်း ကြင်နာယုယနေသမျှ ကာလပတ်လုံး မွေးကလည်း ကိုကြီးရဲ့ ဘောင်ထဲက လွတ်လပ်ခွင့်တွေကို ချုပ်ချယ်သွားဖို့ ဆန္ဒမရှိတာ အမှန်ပင် ဖြစ်သည်။

■ ■ ■

မှိတ်ထားသော မျက်လုံးများကို ဖောက်ထွင်းလျက် နေရောင် ခြည်က မျက်နှာတည့်တည့်တွင် ကျရောက်နေရာယူထား၏။ မျက်လုံးများ ကို လက်နှစ်ဖက်ဖြင့် ပွတ်သပ်ရင်း ဖွင့်မိတော့ တောက်ပသော နေ၏ အလင်းရောင်ကြောင့် မျက်လုံးကို လက်နှစ်ဖက်ဖြင့်ပြန်ကာထားမိသေး သည်။

နံရံကပ်နာရီမှ ရှစ်နာရီထိုးပြီဖြစ်ကြောင်း အချက်ပေးသံထွက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာ၏။ တစ်ကိုယ်လုံးရှိ အကြောများကို လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်ဆန့်တန်းရင်း ဖြေလျှော့လိုက်၏။

အို မဟုတ်သေးပါဘူး။

ဘေးနားက လစ်ဟာနေသော ကွက်လပ်ကိုကြည့်လျက် မွေး ငေါက်ခနဲ ထထိုင်လိုက်မိသည်။ ပျင်းကြောလည်း မဆန့်အားတော့။ မနက်ရှစ်နာရီပင်ထိုးသွားခဲ့ပြီ။ ညက ကိုကြီးအကြောင်းတွေ ဟိုတွေး ဒီတွေးနှင့် မွေး ဘယ်လိုအိပ်ပျော်သွားမှန်းမသိ၊ ခုတစ်ရေးနိုးချိန်တွင် နေရောင်ခြည်ကို ထိတွေ့ခွင့်ရသော နောက်တစ်နေ့မနက်ခင်းသို့ပင် ကူးပြောင်းနေခဲ့ပြီ။

ခုတင်ထက်မှ လူးလဲထကာ အောက်ထပ်သို့ အပြေးဆင်းခဲ့လိုက်သည်။ ဒေါ်စိန်က မီးဖိုထဲမှာ ချက်ပြုတ်ရေးတာဝန်ကို ထမ်းဆောင်နေခဲ့ပြီ။

"ကိုကြီးကို တွေ့သေးလား"

"မတွေ့သေးဘူး သမီး"

စိတ်ထင့်စွာနှင့်ပင် အခန်းဆီ ပြန်ပြေးတက်လျက် ဖုန်းကိုယူပြီး ကိုကြီးထံ ဆက်သွယ်မိသည်။ ဖုန်းဝင်သွားပေမယ့် မကိုင်။ ငါးမိနစ်ခြားတစ်ခါခြားပြီး ဆက်နေခဲ့တာပင် ဆယ်ခါမကတော့။ ဘာတွေဖြစ်နေပြန်ပြီလဲ မသိ။ မွေး အိပ်ရာနိုးနိုးချင်းမှာ ရင်တစ်ခုလုံး ပူလောင်လာ၏။ မျက်နှာသစ်ချိန်ပင် မရဘဲ ကိုကြီး ဖုန်းလေးကိုသာ ထိုင့်နှိပ်နေမိသည်။

ညက ဘယ်လောက်ထိတောင် သောက်ကြပါလိမ့်၊ အိမ်တောင် ပြန်မလာနိုင်အောင်ဆိုတော့ ကိုကြီး တော်ရုံမူးတာလောက်တော့ မဖြစ်နိုင်။ ကားမမောင်းနိုင်တော့လောက်အောင် ဒေါင်ချာစိုင်းသွားသော





ကြောင့်သာ ဖြစ်ရမည်။

ခုရော ဘယ်မှာဘာလုပ်နေသတဲ့လဲ၊ ကုမ္ပဏီသွားရမည့်အချိန် င်ကပ်နေခဲ့ပြီ။ ကိုကြီးကတော့ အိမ်ပြန်ရောက်မလာသေး။ ဖုန်းလည်း ကိုင်။ ဘယ်ကိုလိုက်လို့ လိုက်ရမှန်းပင် မွေး မသိ။ ကိုကျော်ကျော်တို့ ဖုန်းနံပါတ်ကိုလည်း သတိတရမှတ်ထားဖို့ မွေး မေ့လျော့နေခဲ့သည်။

အန္တရာယ်တစ်ခုခုနှင့် ကြုံနေတာ မဟုတ်ပါစေနဲ့လို့ ဘုရားမှာ တောင်းရတာလည်း အကြိမ်ကြိမ်။ ဖုန်းကိုသာ အရိပ်တကြည့်ကြည့် နေသော မွေးထံသို့ မနက်ဆယ်နာရီဆယ်မိနစ်တိတိတွင် ကိုကြီးထံမှ ဝင်လာခဲ့၏။ ကမန်းကတန်းပင် မွေး ကောက်ကိုင်လိုက်သည်။

"ကိုကြီး ကိုကြီး ဘယ်မှာလဲ၊ ညက ဘာလို့ပြန်မလာတာလဲ၊ င်ရော ပြေရဲ့လားဟင်"

"နောက်မှပြောပြမယ်ကွာ၊ လောလောဆယ် ကိုကြီး ကုမ္ပဏီ ခါတည်းသွားပြီလို့ မွေးကိုလှမ်းပြောတာ"

မွေးက စိတ်ပူပင်စွာနှင့် တရစပ်မေးနေသလောက် ကိုကြီးကတော့ အေးဆေးစွာပင် ရှိနေခဲ့သည်။

"ညက မွေးအိပ်ပျော်သွားတာနဲ့ ကိုကြီးဆီဖုန်းထပ်မဆက်ဖြစ် တော့ဘူး၊ မနက်မိုးလင်းမှ ကိုကြီးညက ပြန်မလာဘူးဆိုတာ သိတာ၊ သိချင်း ဖုန်းဆက်တာတောင် ကိုကြီးက လုံးဝမကိုင်ဘူးလေ၊ မွေး တော်တော်လေး စိတ်ပူနေခဲ့တာ"

"အင်း ကိုကြီး နောက်မှပြောပြမယ်ကွာ၊ ခုကုမ္ပဏီရှေ့ရောက် ပြီ ကိုကြီး ပြန်လာမှပဲ အေးဆေးပြောပြမယ်နော်"

မွေး ပြန်ပြောသည့် စကားကိုမစောင့်တော့ဘဲ ကိုကြီးက ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ချသွားခဲ့သည်။ စိတ်ထဲမှာ ဖဝေဖဝါနှင့် မွေး နေမထိထိုင်မသာ ဖြစ်နေရသည်။ မင်္ဂလာဆောင်ပြီးနေ့တည်းက ဒီအကြိမ်ဟာ ပထမဆုံးအဖြစ် ကိုကြီး ညဘက်ပြန်မလာဘဲ အပြင်မှာအိပ်ခဲ့ခြင်း ဖြစ်သည်။ အကြောင်းရင်းမှန်ကို မသိရသေးသောကြောင့် မွေးမှာ စိတ်ဆိုးရခက် စိတ်ပူရခက်နှင့် တော်တော်လေး အကျပ်ရိုက်ရသော ခံစားချက်ပါ။

"ဒေါ်စိန်ရေ မနက်စာကို မွေးအတွက် ပြင်မထားနဲ့တော့ သိလား၊ ကိုကြီးဆီ မွေး လိုက်သွားမလို့လေ၊ နောက်နာရီဝက်လောက်နေရင် ကားထုတ်ပေးထားပါလို့ ကိုသန့်ဇင်ကိုပြောပေးပါနော်"

ရေမိုးချိုး ပြင်ဆင်ပြီးတာနှင့် အဝတ်လဲရန် ဗီရိုတံခါးကို ဆွဲဖွင့်လိုက်သည့်အခါ လှပခေတ်မီသစ်လွင်သော အဝတ်အထည်များစွာက မွေးကို ဆီးကြိုလိုက်ကြသည်။ အပြင်ထွက်ရသည့်ရက်က သိပ်မရှိသည်မို့ ရှော့ပင်ထွက်တိုင်း ကိုကြီး အတင်းဝယ်ပေးခဲ့သည့် အဝတ်များက ဝတ်လည်းမဝတ်ဖြစ်ပါဘဲ ဗီရိုထဲမှာသာ ငြိမ်သက်စွာ ရှိနေကြသည်။

အဲဒီအဝတ်တွေထဲကမှ မွေးက ရိုးရှင်းသော အနက်ရောင်ချည်သားဝမ်းဆက် မြန်မာဝတ်စုံလေးကိုသာ ရွေးချယ်ဝတ်ဆင်လိုက်သည်။ မျက်နှာကိုတော့ အနည်းငယ် လှလှပပဖြစ်အောင် ပြင်ဆင်ခြယ်သလိုက်ရင်း ပန်းနုရောင် နှုတ်ခမ်းဆိုးဆေးလေးတင်ခြင်းဖြင့် အဆုံးသတ်လိုက်သည်။

ပခုံးထက်မှာ နိုင်ငံခြားဖြစ် နာမည်ကြီးတံဆိပ်သားရေအိတ်ကို လွယ်လိုက်သည်။ မနေ့တည်းက ဝတ်ထားသော အဝတ်အစားတွေနှင့် ကိုကြီး လဲလှယ်ဝတ်ဆင်ရန် အဝတ်တစ်စုံထည့်ထားသော အိတ်ကို လက်ကဆွဲကိုင်လျက် လေ့ကားထစ်များကို အပြေးဆင်းလိုက်သည်။





ကိုကြီးကို မြန်မြန်တွေ့ချင်လှပြီလေ။

အိမ်ရှေ့ဆင်ဝင်အောက်မှာ ကိုသန့်ဇင်က အနက်ရောင် မတ်ဆီဒီစ်ကားလေးကိုထုတ်ပြီး အဆင်သင့်ဖြစ်နေခဲ့ပြီ၊ မွေး ကားနားရောက်သည်နှင့် နောက်ခန်းတံခါးကို ဆွဲဖွင့်ပေးသည်။ ဒီလို အရေးတယူနှင့် ဆက်ဆံခံရတာမျိုးကတော့ မွေး အားတုံ့အားနာဖြစ်မိပေမယ့် ကိုကြီးက ဒီပုံစံအတိုင်း နေစေချင်သည်ဆိုတော့လည်း မွေး ဘယ်တတ်နိုင်ပါ့မလဲနော်။

မွေးကိုမြင်ရင် ကိုကြီး အံ့သြသွားစေချင်တာမို့ ဖုန်းပင်ကြိုဆက်ဘဲ လာခဲ့ခြင်းဖြစ်သည်။ မွေး ရောက်လာတာကို ကိုကြီး ရုံးခန်းရှေ့မှ အတွင်းရေးမှူးမလေးက တအံ့တသြဖြစ်သွားပုံနှင့် မတ်တပ်လေးထရပ်လျက် ခေါင်းလေးညွှတ်ပြလျက် နှုတ်ဆက်သည်။

'ကိုကြီး ရှိလား' ဆိုတော့ 'ဟုတ်ကဲ့ မမ'တဲ့။ ကိုကြီးအခန်းတံခါးကို အသံမကြားအောင် အသာလေးဖွင့်လိုက်သည်။

မွေး ထင်ထားခဲ့သည်က အလုပ်စားပွဲမှာထိုင်လျက် ဖိုင်တွဲတွေနှင့် အလုပ်ရှုပ်နေသော ကိုကြီးကိုမြင်ရမှာပဲလို့လေ။ ဒါပေမဲ့ ခုတော့ ကိုကြီးက ကြက်သွေးရောင်ဆိုဖာခုံရှည်ပေါ်မှာ ပက်လက်အနေအထားနှင့် နဖူးပေါ်လက်တစ်ဖက်တင်လျက် မျက်လုံးများကို မှိတ်ထားသည်။

ဆိုဖာခုံနားသို့ မွေး ရောက်လာသည်ထိ ကိုကြီး မသိသေး။ တစ်ညလောက်လေး အိမ်မပြန်ဖြစ်တာနှင့် ကိုကြီးမျက်နှာကကြည့်ရတာ စိတ်ဖိစီးမှုတွေ ပြည့်နှက်နေသူတစ်ယောက်လို မှိုင်ကျနေ၏။ လုပ်ငန်းခွင်ထဲရောက်တာနှင့် တခြားဘာကိုမှ မသိတော့ဘဲ အလုပ်ကိုသာ အာရုံထားလုပ်တတ်သော ယောကျ်ားတစ်ယောက်က ခုတော့။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်မအိပ်ဖြစ်တာရဲ့နောက်ကွယ်မှာ ဘယ်လိုကြီးမားသည့်
အကြောင်းတရားတွေ ရှိနေသေးတာလဲ။

"ကိုကြီး"

နဖူးပေါ်တင်ထားသော လက်ကို မွေးက လက်ဖျားလေးနှ
အသာတို့ထိလိုက်တော့ ကိုကြီးဆတ်ခနဲ တုန်သွားကာ မျက်လုံးများပွ
လာသည်။ ကိုကြီးက အိပ်ပျော်နေတာမှမဟုတ်ဘဲ။ အတွေးတွေနှ
လွင့်မျောနေခဲ့တာသာ ဖြစ်သည်။

မွေးကိုမြင်လိုက်သည်နှင့် ကိုကြီးမျက်နှာမှာ ဖြတ်ပြေးသွာ
သောအမူအရာက မွေး မျှော်လင့်ထားသလို အံ့ဩပျော်ရွှင်သွားခြင်း
မဟုတ်ဘဲ ထိတ်လန့်သွားခြင်းလို့ ဘာလို့များ မွေး ထင်လိုက်မိတာပါလိ
နော်။

"မွေး မွေးဘယ်လို ရောက်လာတာလဲ"

"ကိုကြီးကို စိတ်ပူလို့ လိုက်လာရတာပေါ့။ မနေ့တည်းက
အဝတ်အစားလည်း မလဲရဘူးဆိုပြီး ဒီမှာ အဝတ်တွေလည်း ယူလာ
တယ်၊ အကျႌလဲလိုက်နော် ကိုကြီး"

လက်ဆွဲအိတ်ကို ကိုကြီးက လှမ်းယူရင်း 'အပင်ပန်းခံရ
မွေးရယ် ကျေးဇူးတင်ပါတယ်' တဲ့။ ဒီစကားနှင့်ပင် မွေး စိတ်ချမ်းသာ
သွားခဲ့ရပါပြီ။

"ညက ဟိုကောင် ကျော်ကျော်တို့လေ ကာရာအိုကေသွား
တာတောင် မပြီးနိုင်သေးဘဲ အခန်းယူပြီး မိုးအလင်းသောက်မယ်လု
ကြတာ၊ ဒီကောင်ပိုင်တဲ့ဟိုတယ်ပဲဆိုတော့ လုပ်ချင်တိုင်းကို လုပ်နေတေ
တာ၊ နောက်ဆုံး ကိုကြီးလည်း ဘယ်လိုမှမတတ်နိုင်တာနဲ့ ခေါင်းညိတ်





လိုက်ရတယ်၊ မွေးဆီ ဖုန်းဆက်ဖို့ကျတော့လည်း အိပ်ပျော်နေလောက်ပြီ
ဆိုတာသိလို့ မနက်မှဆက်လိုက်တော့မယ်ဆိုပြီး ကိုကြီး ပေါ့လျော့သွား
တာပါ၊ မွေး တော်တော်လေးစိတ်ပူခဲ့မှာပဲနော်"

အဝတ်အစားများ လဲနေရင်းတစ်ဖက်နှင့် မွေးတောင် မေးစရာ
မလိုဘဲ ကိုကြီးက သေချာရှင်းပြလာသည့်မို့ မွေး နည်းနည်းတော့
ဘဝင်ကျသွား၏။

"အင်းပါ ယောကျ်ားလေးသူငယ်ချင်းတွေစုမိရင် ဒီလောက်
တော့ ဖြစ်နိုင်တာပဲလေ၊ မွေး နားလည်ပါတယ်၊ ဒါပေမဲ့ နောက်တစ်ခါ
ကျရင်တော့ မွေးကိုအသိပေးပြီးမှ လုပ်ပါနော် ကိုကြီး"

"ကိုယ့်မိန်းမလေးကို အဲဒါကြောင့် အရမ်းချစ်နေရတာ"

မွေး ယူလာသော ချောကလက်ရောင်အစင်း ရှပ်အကျႌနှင့်
အနက်ရောင်ဘောင်းဘီလေးက ကိုကြီးကို ပိုပြီးနုပျိုသွားစေသလိုပါပဲ။
မွေး ပခုံးလေးကို သိုင်းဖက်ရင်း ရယ်မောကာ ပြောလိုက်သော ကိုကြီး
မျက်နှာမှာလည်း ခုမှပင် လန်းဆန်းမှုတွေကို မွေး ပြန်တွေ့လိုက်ရသည်။

တစ်လျှောက်လုံး စိတ်ပူနေခဲ့ရသမျှသည် ကိုကြီးထံမှ အရယ်
အပြုံးလေးတွေကို မြင်လိုက်ရသည်နှင့် မွေးထံမှ ကြက်ပျောက်ငှက်
ပျောက် ပျောက်သွားခဲ့ပြီ။

"ကဲ မွေးလည်း ထူးထူးခြားခြားရောက်လာတယ်ဆိုတော့
ကိုကြီးတို့ မနက်စာအတူသွားစားရအောင်လေ"

"အင်း ကောင်းသားပဲ ကိုကြီး"

အဲဒီနေ့လေးက မွေးအတွက်တော့ လှပသော အမှတ်တရ
ဖြစ်ခဲ့ရတာ အသေချာပါပဲ။ အဲဒီနေ့ရဲ့နောက်ကွယ်က မွေးအတွက် သွေး



www.burmeseclassic.com

www.burmeseclassic.com



မျက်ချောက်ချားစရာ အဖြစ်အပျက်တွေကို မသိရှိသေးခင်ထိပေါ့လေး

■ ■ ■

"ဟိတ် ကောင်လေး ဘယ်လိုဖြစ်လာတာတုန်း"

ဦးသာအောင် ထော်လာဂျီနောက်ကနေ ကုပ်ကုပ်လေးပါလာသော ကောင်လေးကို မွေး မြင်လိုက်ရတော့ မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်သွားမိသည်။ ညာဘက်လက်မှာလည်း ပတ်တီးဖြူဖြူတွေ စည်ထားလျက် လည်ပင်းမှာသိုင်းလွယ်ထား၏။

"မွေးရေ ဒီနေ့ ဈေးထဲမှာ ရန်ပွဲဖြစ်ကြတယ်၊ လူငယ်တွေပါပဲဖြစ်တာကလည်း မောင်ဒေးဆိုင်နားမှာဆိုတော့ တွန်းရင်းထိုးရင်းနဲ့ သူတို့ချင်းခုံနဲ့လှမ်းအပေါက်မှာ မောင်ဒေးကို လာထိတော့တာပါပဲ"

ဦးကြီးသာအောင် ပြောပြတာကို ရင်ဘတ်လေးဖိရင်း နားထောင်လို့ဆုံးတော့ ကောင်လေးနားသို့ မွေး ကပျာကသီ ရောက်သွားလျက်

"ဘုရားရေ မသေကောင်းမပျောက်ကောင်း ကလေးရယ်၊ လာလာ ကိုယ်တွဲပေးမယ်"

ထော်လာဂျီပေါ်ကဆင်းရန် ပြင်နေသော ကောင်လေးကို မွေးက လက်လေးကမ်းပေးရင်းပြောတော့ ကောင်လေးက ရယ့်ရင်း တုန့်ပြန်၏ 'လက်ကျိုးတာပါ မမရယ်၊ ခြေထောက်မဟုတ်ပါဘူး'တဲ့။ မွေး အဖြစ်သည်းသလိုဖြစ်သွားတာကို ကိုယ့်ဘာသာ ပြန်တွေးမိလျက် ကောင်လေးကို မျက်စောင်းထိုးပစ်လိုက်သည်။

"ဒါဆိုလည်း အဆင်ပြေသလိုသာ ကြွတော်မူ"

မွေးစိတ်ဆိုးဟန်ဆောင်လိုက်မှန်း ကောင်လေး သိမှာပါ။





ပတ်တီးဖြူဖြူကြီးကိုမှ အားမနာ သွားတက်လေးများပေါ်အောင် ရယ်နေသောမျက်နှာလေးက မွေး အဖြစ်သည်းလိုက်ခြင်းအတွက် ကျေနပ်သဘောကျနေသလို။

ဦးကြီးသာအောင် ပြန်သွားတော့မှ မွေးက ရှေ့မှနေ အိမ်ထဲဝင်ခဲ့သည်။ ကောင်လေးက မွေးကို ဘာမှထပ်မပြောပါ။ သူ့သစ်သားအိမ်လေးဘက်ဆီသို့ ခြေလှမ်းတွေက ဦးတည်နေ၏။ နောက်ဆုံးတော့လည်း စိတ်ဆိုးဟန်ဆောင်ထားသော မွေးကပဲ ထိုကောင်လေးကို ခေါ်ယူရပြန်သည်။

"ဟိတ် ဘယ်မှမသွားနဲ့ဦး၊ အရင်ဆုံး အိမ်ထဲဝင်ခဲ့"

ဒေးဒေးက နာခံစွာပင် မွေး အနားရောက်လာခဲ့သည်။ မွေးနှင့်မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ပြီး ကောင်လေးက ခေါင်းငုံ့နေ၏။

"သူများတွေ ရန်ဖြစ်ရာကနေ မင်းကိုထိတယ်ဆိုတာ ဟုတ်ရဲ့လား။ မင်းရန်ဖြစ်လာတာကို ဦးသာအောင်နဲ့ပေါင်းပြီး ကိုယ့်လိုလိမ်ကြတာလား"

မွေးက ရဲစစ်စစ်လိုက်တော့ ငုံ့နေသောခေါင်းလေးမော့လာပြီး

"ကျွန်တော်က ဘာကိစ္စရန်ဖြစ်ရမှာလဲ မမရဲ့၊ ဦးသာအောင်ပြောသွားတာတွေက အမှန်ပါ"

လေသံလေးက တိုးတိုးဖျော့ဖျော့။

"မင်းကွာ ကိုယ့်နားမှာ ပြဿနာတက်နေပြီဆိုရင်လည်း ဝေးဝေးဆီ သွားလိုက်တော့ပေါ့၊ ဘာလို့များ အဲဒီနားမှာ ရပ်နေသေးတုန်း၊ လက်ကျိုးရုံပဲမို့ တော်သေးတာပေါ့၊ ဓားတွေဘာတွေနဲ့ ထိုးမိတာဆိုဘယ်လိုလုပ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



မွေးရဲ့ကရုဏာဒေါသကို ကောင်လေး နားလည်မှာပါ။ မျက်ဝန်းလေးတွေက နာကျင်မှုကြောင့် ခပ်မှုန်မှုန်လေး ဖြစ်နေသော ဒေးဒေးအတွက် မွေး ရင်ထဲမှာဖော်မပြနိုင်လောက်အောင် စိုးရိမ်ပူပန်သွားခဲ့မိတာကတော့ မွေးကိုယ်တိုင်တောင် ပြန်အံ့ဩယူရသည်ထိပါပဲ။

"ပုံးတွေထက်ဝက်ကျော်လောက် မှောက်ကုန်လို့ ဒီနေ့တော့ အမြတ်မကျန်ဘူး မွမ"

"အရေးထဲမှ ဒီဈေးရောင်းတဲ့ဟာကို ပြောနေရသေးလား၊ ထူထက်အရေးကြီးတာ ဘာမှမရှိဘူးကွ နားလည်လား"

မွေး ခပ်ငေါက်ငေါက်လေး ပြောဆိုလိုက်ပြန်တော့လည်း မျက်နှာငယ်လေးနှင့် ခေါင်းလေးပြန်ငုံ့သွားပြန်၏။

"ဆောရီးကွာ မင်းကိုအော်မိတာ တကယ် ဆောရီး၊ ကိုယ်က မင်းကို စိတ်ပူမိသွားလို့ပါ"

"ရှင်းပြဖို့ မလိုပါဘူး မမရာ၊ ကျွန်တော် နားလည်ပါတယ်"

ခုပဲ မျက်နှာလေးငယ်သွားလိုက် ခုပဲ အပြုံးလေးနှင့်နားလည်ပါတယ်ဟုပြောလိုက်၊ ဒီကောင်လေးကို ပန်းမရောင်းခိုင်းဘဲ ရုပ်ရှင်မင်းသားဝင်လုပ်ခိုင်းလျှင် တစ်ကားတည်းနှင့် အကယ်ဒမီရနိုင်လောက်ပါ၏။

"နားလည်ရင်လည်း ပြီးရော၊ ဆေးခန်းက ဘာတွေပြောလိုက်သေးလဲ"

"ဆေးထိုးပေးလိုက်တယ်၊ သောက်ဆေးတွေလည်း ပေးလိုက်တယ်၊ သဘက်ခါလောက်ဖြစ်ဖြစ် မသက်သာရင် ပြန်လာပြကြည့်ထဲ့ပုံမှန်ဆိုရင်တော့ တစ်ပတ်လောက်နေမှ လာခဲ့ပါတဲ့"

"အင်း ဟုတ်ပြီ၊ မင်းခဏနားချင်နားလိုက်လေ၊ ထမင်းနဲ့ဟင်း





ကိုယ်လာပို့ပေးမယ်"

"အားနာစရာကြီး မမရယ်၊ တကယ်တော့ ဆေးခန်းကို သတင်းကြားပြီးတော့ မမညီ့ရောက်လာခဲ့တယ်၊ မမကိုဒုက္ခမပေးချင်လို့ မေမေ့အိမ်မှာပဲ လိုက်နေဖို့ စဉ်းစားပြီးကာမှ မေမေက ကုန်ဝယ်ဖို့ ဦးအောင်မျိုးကားနဲ့ ထွက်သွားတယ်ဆိုတာနဲ့ ဒီကိုရောက်လာတာ"

ဦးအောင်မျိုးဆိုတာ ဒေးဒေးက သူ့မွေးစားမေမေနှင့် သဘောတူနေသောသူဖြစ်သည်။ ဒေးဒေး အပြောအရတော့ သူ့မွေးစားမေမေ ရွေးချယ်သင့်သော ယောကျ်ားမျိုးပါပဲ။ အင်းလေ မွေးက ဘာဝင်ပြောနိုင်မှာလဲ၊ ဘဝတစ်သက်တာအတွက် ယုံကြည်ကိုးစားကာ နှစ်ယောက်မရှိလောက်အောင် ချစ်မြတ်နိုးခဲ့ရသော ခင်ပွန်းသည်တစ်ယောက်ကိုတောင် နိုင်နင်းအောင် မချုပ်ထိန်းနိုင်ခဲ့သည့် မွေးလိုမိန်းမက ဘာများ ပြောနိုင်မှာတဲ့လဲလေ။

"ခြောက် မင်းကတော့လေ ကံကြီးထိုက်ဦးမယ်၊ ကိုယ့်ကိုဒုက္ခမပေးချင်လို့ မေမေ့အိမ်မှာပဲ နေမယ်စဉ်းစားမိတယ်ဆိုတော့ မေမေ့ကိုတော့ စိတ်ကြိုက်ဒုက္ခပေးမယ်ပေါ့လေ"

"ဟာဗျာ မမကလည်း ဒီသဘောမဟုတ်ပါဘူး။ ဟိုမှာကျတော့ ဆေးခန်းနဲ့လည်း နီးတယ်လေ၊ အဲဒါကြောင့်ပါ"

"အပြောကောင်းတယ်နော်၊ အေးပါ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်နဲ့ တူတူရှိနေတဲ့အချိန်မှာ ဖြစ်တာဆိုတော့ ကိုယ့်မှာ အပြည့်အဝတာဝန်ရှိပါတယ်"

"တာဝန်ပဲလား မမရာ"

မွေးကို ကျောခိုင်းထွက်သွားပြီဖြစ်သော ကောင်လေးက ခပ်တိုး

www.burmeseclassic.com



တိုးလေး တစ်ကိုယ်တည်း ညည်းပြောလိုက်ခြင်းပါ။ သို့သော် မွှေးကတော့ ကြားဖြစ်အောင် ကြားလိုက်ပါသည်။

တာဝန်ဆိုတာကလွဲလို့ ကိုယ့်မှာ မင်းကိုပေးစရာ ဘာမှမရှိပါဘူး ကောင်လေးရယ်။ ဒါပေမဲ့လေ အဲဒီ ကိုယ့်ကိုယ်ကိုယ် ပေးအပ်ခဲ့တဲ့ မင်းနဲ့ပတ်သက်တဲ့ တာဝန်တွေကို ကိုယ် ကျေကျေနပ်နပ်ကြီး လုပ်ချင်ခဲ့တာပါ။

ထမင်းပန်းကန်တွေပါသော လင်ပန်းလေးကိုင်လျက် သစ်သား အိမ်လေးဆီ မွှေး ရောက်သွားချိန်မှာတော့ အိပ်ရာပေါ်လှဲနေသော ကောင်လေးကို တွေ့လိုက်ရ၏။ ဒဏ်ရာကြောင့် သူ နာကျင်နေပုံရသည်။ ခြေသံဖွဖွလေးနင်းလျက် အိမ်ပေါ်သို့ မွှေး တက်လိုက်သည်။

စားပွဲပုလေးပေါ်သို့ လင်ပန်းကိုတင်လိုက်ပြီး မှေးနေပုံရသည့် ဒေးဒေးဘေးတွင် မွှေး ထိုင်ရင်း နုနယ်သောမျက်နှာလေးကို ငေးကြည့်နေမိ၏။ ဆယ့်ခြောက်နှစ်သာရှိသေးသော ဗီငယ်ရွယ်နုနယ်သည့် ကောင်လေးထံမှ မထင်မှတ်စရာကောင်းလောက်အောင် စိတ်ဒဏ်ရာကြီးကြီးမားမားတွေ ရှိနေခဲ့သည်။

မွှေးကလည်း ရင်ဘတ်ထဲက ဒဏ်ရာတစ်ခုနှင့်အတူ ဒီနေရာလေးကို လွင့်စင်လာခဲ့သူမို့ ဒေးဒေးကို ကိုယ်ချင်းစာပေးနိုင်ပါသည်။ ဖခင်ကပစ်သွားလို့ ထိတ်လန့်တုန်လှုပ်နေရှာမည့် ငါးနှစ်သားကလေးလေး တစ်ယောက်ရဲ့ပုံရိပ်ကို မွှေး မျက်လုံးထဲမှာ ခဏခဏ မြင်ယောင်နေမိ၏။ လောကမှာ ဒီလိုအဖေမျိုးလည်း ရှိပါသေးလားလို့ မွှေး အံ့ဩစွာရှုံ့ရှာနေမိသည်။

"မမ ဘယ်တုန်းကရောက်နေတာလဲ"





ဖြည်းညှင်းစွာ ပွင့်လာသော မျက်လုံးများထဲမှာ မွှေးကိုမြင်တော့ ကောင်လေးက ထ‌ထိုင်ရန် ကြိုးစား၏။ မွှေးက အလိုက်သင့်လေး ဖေးမပေးလိုက်သည်။

"ခုပဲရောက်တာ ထမင်းစားချိန်ရောက်နေပြီလေ၊ ရဲယိုရွက်နဲ့ ငါးခူကြော်ထားတယ်၊ မင်းကြိုက်မှာပါ"

"ဟုတ် ကြိုက်တယ် မမ"

"မင်းက ညာလက်ထိထားတာဆိုတော့ ကိုယ်ပဲ မင်းကိုထမင်း ကျွေးပေးပါ့မယ်၊ စားပွဲထိ ထမနေနဲ့တော့ ဒီမှာပဲနေ"

"တကယ် အဲဒီလို လုပ်ပေးမှာလား မမ"

ဝမ်းသာပျော်မြူးသွားသော အသံ။ ကောင်လေးမမြင်အောင် မွှေးတစ်ယောက်တည်း မျက်စောင်းလေးထိုးလိုက်သည်။

"မင်းက ကိုယ့်မောင်လေးလို ဖြစ်နေတာပဲ၊ ပြုစုပေးရမှာ ကိုယ့်တာဝန်ပဲလေ"

"ကျွန်တော့်ကို မမရဲ့ဝန်ထုပ်ဝန်ပိုးတစ်ခုအဖြစ်တော့ မခံယူပါနဲ့ဗျာ"

"အို မခံယူပါဘူးကွာ၊ ကိုယ့်ဆီမှာ ခဏလာတည်းခိုပြီး အပြန်အလှန် အကျိုးရှိစေတဲ့ ပတ်သက်မှုလို့ပဲ မြင်ပါတယ်"

မွှေး ရယ်ရယ်ပြုံးပြုံးလေးပြောလိုက်လျှင် ကောင်လေးမျက်နှာက အပျက်ပျက်နှင့် ဟန်ဆောင်ပြုံးလေး ပြန်ပြုံးပြရှာသည်။

မွှေး ခွံ့ကျွေးသော ထမင်းကို လိမ္မာသောကလေးတစ်ယောက်လို ငြိမ်သက်စွာ စားနေသည့် ဒေးဒေးကိုကြည့်ရင်း မွှေး ရင်ထဲမှာ စကားတွေပြောနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်လေးရဲ့ဘဝတိုးတက်ဖို့က မွေး ဖျောင်းဖျမှသာ အရာထင်မှာမုန်းလည်း ပိုလို့နားလည်လာခဲ့၏။ လုပ်ချင်တာ ဖြစ်ချင်တာဆိုဖြစ်အောင်လုပ်တတ်သည့် တဖွတ်ထိုးလေးကို မွေး ဘယ်လိုများကိုင်တွယ်ရပါမလဲ။ ဘဝတစ်လျှောက်လုံး သူ နာကျင်ခံစားနေခဲ့ရသော အတိတ်ဇာတ်ကြောင်းကြီးကို ယုံကြည်ကိုးစားစွာ ဖွင့်ပြောပြခဲ့သည့် မွေးကိုယ်တိုင်က သူ့ကို နှင်ထုတ်ရတော့မည့်အနေအထား။

အရွယ်နှင့်မမျှအောင် ဒဏ်ရာကြီးကြီးမားမား ရှိခဲ့ဖူးသော ကောင်လေးကို မွေးကပါ ဒဏ်ရာသစ်တစ်ခု ထပ်ပေးမိသလိုဖြစ်မှာစိုးရိမ်လှသည်။ မွေးအဖြစ်က တကယ့်ကိုဘေးကျပ်နံကျပ်။

''စားလို့ ကောင်းရဲ့လား''

''ကောင်းပါတယ်ဗျာ၊ ဟင်းတွေချက်ထားတဲ့လက်ရာကြောင့်တင်မကဘူး၊ မမကိုယ်တိုင် ခွံ့ကျွေးလို့လေ''

ပြုံးရယ်လျက် ပြောနေသော ဒေးဒေးမျက်နှာကို မွေး စိုက်ကြည့်ရင်း သက်ပြင်းလေးချဖြစ်သည်။

''ကျောင်းတွေအပ်ဖို့ ဘာဖို့နဲ့ မင်းပြန်ရတော့မယ့်အချိန်နီးလာမှ ဒါကြီးက ဖြစ်ရတယ်လို့ကွာ၊ ကိုယ် တကယ်စိတ်မကောင်းဘူး''

''ကျွန်တော် ပြောခဲ့တာတွေကို မမ မေ့လိုက်တာတော့မဟုတ်ပါဘူးနော်''

''ဘာကိုလဲ''

''ကျွန်တော် ကျောင်းမတက်ဘူး၊ ဒီမှာပဲ နေမယ်ဆိုတာလေ''

''မင်းနေချင်တိုင်း နေလို့ရမလား၊ ကျောင်းတက်ရဖို့ဆိုတာ လူတိုင်းရတဲ့အခွင့်အရေး မဟုတ်ဘူး၊ အထူးသဖြင့် ဒီလိုဒေသက ကလေး





တွေပေါ့၊ မင်းမေမေက မင်းကို သူများတွေနဲ့မတူအောင် မြို့ကြီးကျောင်းမှာထားပေးတယ်၊ သူ့သားကို ဘယ်လောက်တောင် ပညာတတ်ကြီးဖြစ်စေချင်လိုက်မလဲ၊ မင်းကတော့ ဒါတွေကို လျစ်လျူရှုပြီး မင်းဖြစ်ချင်တာကိုပဲ ကြည့်နေတယ်၊ သွေးရင်းသားရင်းမဟုတ်ဘဲနဲ့ ဒီအရွယ်ရောက်တဲ့ထိ ချစ်ပေးယုယပေးခဲ့တဲ့ ကျေးဇူးကို မင်းပြန်ဆပ်သင့်တာပေါ့''

မွေး ပြောသင့်တာအားလုံးပြောဖို့ ဆုံးဖြတ်ထားပြီးသည့် အတိုင်း

''အခု မင်းကျောင်းမတက်ဘဲ ဒီမှာနေမယ်လို့ ဖွတ်ပြောနေတာ မင်းမေမေတင် စိတ်မကောင်းဖြစ်ရမှာမဟုတ်ဘူး၊ ငါ့အတွက်လည်း တာဝန်းကျင်အမြင်မှာ ဘယ်လိုမှမသင့်တော်တဲ့အနေအထားပဲ၊ ကျောင်းတက်ရမယ့်အရွယ် ကလေးတစ်ယောက်ကို ငါက ဖျက်လိုဖျက်ဆီးလုပ်တယ်ဆိုတာမျိုးလည်း အထင်မခံနိုင်ဘူး၊ ဒီရွာလေးမှာ ငါနာမည်ကောင်းနဲ့ နေချင်တယ်၊ ခုလိုမျိုး မင်းကိုခြံထဲမှာ ခေါ်ထားတာကတင် ပြောမယ်ဆိုပြောချင်စရာ ဖြစ်နေခဲ့ပြီ''

''မမ''

မွေး ပြောသမျှတွေကို လက်မခံနိုင်သလို မျက်နှာငယ်လေးနှင့် ...တ်ကလည်း မမဟု တိုးတိုးလေး ထွက်ကျလာခဲ့၏။

''ငါ တကယ်ပြောနေတာ ဒေးဒေး''

ကောင်လေးကို မကြည့်မိအောင် မျက်နှာလွှဲလျက် လင်ပန်းလေးကို ဆွဲယူထလိုက်သည်။

''ကျွန်တော့်ကြောင့် မမ အမြင်လွဲအထင်လွဲခံခဲ့ရတာတွေရှိ ...ယ်ဆိုရင် ကျွန်တော် ကျွန်တော်လေ စိတ်မကောင်းပါဘူး မမရယ်''

ဘာလို့များ မွေး မျက်ဝန်းမှာ မျက်ရည်စတွေ ရစ်သိုင်းဖွဲ့သလာ



www.burmeseclassic.com

www.burmeseclassic.com



လေသလဲမသိ၊ ခြောက်သွေ့သွားသော လည်ချောင်းဆီ တံတွေးတစ်ချက် မြိုချလိုက်ရင်း ကောင်လေးဆီ လည်မြန်လှည့်ကြည့်လိုက်၏။ ကရုဏာ သက်ချင်စဖွယ် မျက်နှာငယ်လေးနှင့်မွေးကို မော့ကြည့်နေသော ကောင် လေးထံမှ ချက်ချင်းပင် မျက်နှာထပ်လွှဲလိုက်ရပြန်သည်။

"ထမင်းစားပြီးရင် ဆေးသောက်ရမှာမလား မေ့မနေနဲ့ဦး"

ခပ်သွက်သွက် ခြေလှမ်းများဖြင့် သစ်သားအိမ်လေးဆီမှ ဆုတ် ခွာလာခဲ့သော မွေး စိတ်ထဲမှာ ကိုယ့်ကိုယ်ကိုယ်သာ အပြစ်ဖို့နေမိခဲ့၏ ဒီလိုမျိုး အဖြစ်တွေဖြစ်မလာအောင် မွေး အစတည်းက တားဆီးခဲ့ရမှာ ကောင်လေးကို ဒီခြံထဲမှာ နေခွင့်ပြုလိုက်မိတည်းက မွေး မှားယွင်းခဲ့ တာမှန်း ခုချိန်မှ နောက်ကျစွာ သိလိုက်ရပြီ။ ဒီတော့လည်း မွေးကိုယ် မွေး အပြစ်တင်ရုံကလွဲရင် ဘာများတတ်နိုင်မှာတဲ့လဲ။

■ ■ ■



## အခန်း (၈)

ကိုကြီးနဲ့မွေးတို့နှစ်ယောက်နေသည့် အခန်းက တိုက်ကြီး၏ အလယ်ထပ်မှာ ကျယ်ပြန့်လှစွာ တည်ရှိ၏။ ဒီအလယ်ထပ်ကို အိမ်ထဲ ကနေသာ တက်လို့ရကာ အပေါ်ဆုံးထပ်ကိုတော့ ဟိုတစ်ရက်က ဒေါ်စိန် ဆင်းလာသည့် အိမ်ပြင်ဘေးဘက် ကြောင်လိမ်လှေကားမှတစ်ဆင့် တက်မှ ရောက်မည်ဖြစ်သည်။

အင်္ဂလိပ်ခေတ် ဒီဇိုင်းနှင့် ဒီအိမ်ကြီးသည် ကျယ်လွန်းလှသ လောက် တစ်ယောက်တည်းရှိနေရသည့်အချိန်များမှာတော့ အနည်းငယ် စိတ်ချောက်ချားစရာ ကောင်းလေသည်။ ကိုကြီးအလုပ်သွားဖို့ ထွက်သွား ပြီဆိုလျှင် ဒီအိမ်ကြီးထဲမှာ မွေးနဲ့အတူ ကျန်ခဲ့တာဆိုလို့ သန့်ရှင်းရေး လုပ်ပေးသော မမူသာ ရှိသည်။ ယောက်ျားဝန်ထမ်းနှစ်ယောက်ကလည်း နိုင်းစရာရှိလို့ ခေါ်လိုက်သည့်အချိန်ကလွဲလျှင် အိမ်ကြီးထဲသို့ လာလေ့ မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းချက်ဒေါ်စိန်ကလည်း ချက်ပြုတ်တဲ့ သူ့တာဝန်ပြီးဆုံးပြီဆိုတာနှင့် ခြံနောက်ဘက်တန်းလျားသို့ ပြန်သွားတတ်မြဲ။ အချိန်တော်တော်များများမှာတော့ မွေး ပျင်းရိငြီးငွေ့နေတတ်ခဲ့သည်။ အိမ်ထဲမှာ လိုလေသေးမရှိ အားလုံးပြင်ဆင်ပေးထားသော်လည်း အပြင်လောကနှင့်တော့ အဆက်အသွယ်ပြတ်သလို ဖြစ်နေခဲ့ရသည်။

ကိုကြီးနှင့်လက်ထပ်ပြီးနောက်ပိုင်း တစ်လတစ်ခါ အပန်းဖြေဖို့ ရန်ကုန်မြို့အနီးအနား အပန်းဖြေစခန်းလေးတွေဆီ သွားရတာကလွဲရင် ကျန်ရက်များမှာ မွေး တစ်ယောက်တည်း အထီးကျန်စွာ။

စာအုပ်ဖတ်ချင်ဖတ် တီဗွီကြည့်ချင်ကြည့် တစ်ခါတလေဆို ထမင်းဟင်းဝိုင်းကူချက်ပြုတ်ပေး။ ညနေဆို ခြံကျယ်ကျယ်ကြီးထဲ လမ်းဆင်းလျှောက်၊ ကိုကြီး ပြန်လာပြီဆိုရင်တော့ မွေး ကိုကြီးနားကနေမခွာတော့။ တစ်နေ့လုံး ပျင်းရိအထီးကျန်ခဲ့ရသမျှကို ကိုကြီး ပခုံးလေးမှီရင်း စကားတွေတတွတ်တွတ် ပြောနေတတ်ခဲ့ပြီ။

''မွေးလည်း အပြင်မှာ အလုပ်ပြန်လုပ်ရင် ကောင်းမလားလို့ ကိုကြီးရယ်''

ကိုကြီး ပခုံးပေါ် ခေါင်းတင်ရင်း ခပ်တိုးတိုးညည်းပြောလေး ပြောတော့ ကိုကြီးက မွေးမျက်နှာကို သူ့ရှေ့သို့ ဆွဲမော့စေလိုက်ပြီး

''ကိုကြီးမိန်းမလုပ်နေပြီး အပြင်အလုပ်တွေကို ဘာလို့စိတ်မကုန်သေးတာလဲ မွေး၊ အိမ်ထဲမှာအေးဆေးသက်သာစွာနဲ့နေရတာကို မွေးက နာတယ်ထင်နေတာလား''

''ကိုကြီးကလည်း မွေးကို အထင်လွဲနေပြန်ပြီ၊ မွေးဆိုလိုတာက အပြင်မှာ အလုပ်လုပ်တော့ မွေးလည်း မပျင်းရတော့ဘူးပေါ့၊ ခုတော့





နေ့တိုင်း ကိုကြီးအလုပ်သွားပြီဆိုတာနဲ့ မွေးမှာ တစ်ယောက်တည်း ဘာလုပ်လို့လုပ်ရမှန်းလည်း မသိဘူးလေ၊ မွေးမှာ တစ်ရက်တစ်ရက် အနက်ရှေ့ရောက်ဖို့ပဲ မျှော်နေရတယ်၊ ဒါတောင် ကိုကြီး အလုပ်မရှုပ်တဲ့ အနက်ရှေ့နေ့''

''မွေးရယ် ကိုကြီးက မွေးပင်ပန်းမှာကို မကြည့်ရက်တော့ဘူး၊ ကိုကြီးနဲ့လက်ထပ်ပြီးနောက်မှာ မွေးအတွက် အရာရာပြည့်စုံတဲ့ဘဝမျိုးကို ခဲ ကိုကြီး ဖန်တီးပေးချင်တယ်''

ကိုကြီးရဲ့အချစ်ရည်များဖြင့် ရွှန်းလဲ့နေသော မျက်ဝန်းများက ကိုကြီးဆန္ဒတွေကို ကန့်လန့်တိုက်ချင်နေသော မွေးအား ညှို့ယူလိုက်ကြပြန်သည်။

အင်းလေ ခုချိန်မှာ စီးပွားရေးလောကရဲ့ နာမည်ကြီးလုပ်ငန်းရှင် ဦးစစ်မင်းရဲ့ဇနီးမယားတစ်ယောက်အနေနဲ့ အပျိုတုန်းကလို အပြင်မှာ အလုပ်လုပ်မည်ဆိုတာကို ကိုကြီး ဘယ်လိုနည်းနဲ့ လက်ခံနိုင်ပါ့မလဲ။ ဒီတစ်ခါလည်း မွေးရဲ့ဆန္ဒတွေကို မြိုသိပ်ပြီး ကိုကြီးသဘောကိုသာ ခေါင်းညိတ်လက်ခံလိုက်မိပြန်သည်။

ဒါတွေဟာ ကိုကြီးကိုသိပ်ချစ်လို့ပါ။ ဘဝတစ်ခုလုံးအတွက် အားကိုးအားထားအဖြစ် ယုံကြည်သက်ဝင်စွာ ကိုးကွယ်မိလို့ပါ။

မွေး ပြန်လိုချင်ခဲ့တာကလည်း အိမ်ထောင်တစ်ခုရဲ့သာယာနွေးထွေးမှုနဲ့ ကိုကြီးဆီက သံစွာခိုင်မြဲတဲ့ ဂရုစိုက်အလေးထားမှုလေးတွေပါ။ မွေးဘဝတစ်လျှောက်လုံး ကိုကြီး အကြင်နာတွေနဲ့ပဲ အသက်ဆက်ရှင်သန်ရလိမ့်မယ်လို့ အမြဲယုံကြည်ပျော်ရွှင်နေခဲ့တာလေ။

ဒါပေမဲ့ တစ်ခါတစ်ရံမှာတော့ ယုံကြည်မှုရဲ့နောက်ကွယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတတ်တဲ့ အလွဲသုံးစားမှုတွေက နှလုံးသားတွေကို နာကျင်ပေါက်ကွဲစေတတ်ခဲ့ပါ၏။ မွေးသည် မျှော်လင့်ယုံကြည်ကိုးစားထားသော အရာကြီးတစ်ခု ယိမ်းယိုင်စပြုလာတာကို အိမ်တွင်းဖုန်းဘဝနှင့်အလွန်နောက်ကျမှ သိခွင့်ရရှိခဲ့သူ ဖြစ်လေသည်။

■ ■ ■

"ကိုကြီး နောက်ကျလိုက်တာ၊ ပြန်မလာသေးဘူးလားဟင်"

ကိုကြီးဆီ တောက်လျှောက်ဖုန်းခေါ်နေခဲ့တာ မအားသေးပါဘူးဟုသာ ဖုန်းလေးက တွင်တွင်ပြောနေခဲ့သည်။ ဒီဖုန်းနံပါတ်လေးကအလုပ်ကိစ္စတွေအတွက် သုံးခြင်းမရှိဘဲ မွေးနှင့်သာ ဆက်သွယ်မှုအများဆုံးလုပ်ခဲ့သော ဖုန်းလေးဖြစ်သည်။ အဲဒီဖုန်းလေးက ဆက်တိုက်မအားပါဟု ဖြေနေခဲ့တာ နာရီဝက်မကတော့။

မွေး စိတ်ထဲမှာ ဘာကိုမှန်းမသိ စိုးရိမ်ပူပန်လာမိသည်။ ဖုန်းလေးကို အဆက်မပြတ် အလုပ်ပေးထားလိုက်တော့မှ ဘယ်နှကြိမ်မြောက်မှန်းမသိသည့် ခေါ်ဆိုမှုတွင် ကိုကြီးအသံကို ကြားခွင့်ရခဲ့၏။

"ဟုတ်တယ် မွေးရေ လုပ်ငန်းတစ်ခုထဲမှာ အရေးပေါ်အစည်းအဝေးခေါ်လိုက်ရလို့လေ၊ မွေးဆီလှမ်းဆက်ပြောဖို့ကိုတောင် ကိုကြီးမှာအဆင်မပြေဘူး ဖြစ်နေတယ်"

"ဒီလိုဆိုလည်း မွေး မနှောင့်ယှက်တော့ပါဘူးနော်၊ ကိုကြီးပြန်လာမှ ထမင်းအတူစားဖို့ စောင့်နေမယ်လေ"

"ဟေး မစောင့်နဲ့တော့ မွေး၊ ဒီမှာ ဒါရိုက်တာအဖွဲ့တွေနဲ့အတူ ညစာစားဖြစ်ချင်ဖြစ်မှာလေ"

"ဩော် ဟုတ်လား ဒါဆိုလည်း မွေး စားထားနှင့်လိုက်ပါမယ်





ဒါပေမဲ့ ကိုကြီး ပြန်အလာကိုတော့ မအိပ်သေးဘဲ စောင့်နေမှာနော်၊ ဟိုတစ်ခါလို မလုပ်ရဘူး"

တစ်ဖက်မှ သက်ပြင်းချသံကို မွေး သဲ့သဲ့လေး ကြားလိုက်၏။ ကိုကြီးတစ်ခုခုဖြစ်နေတာတော့ သေချာပါသည်။ လုပ်ငန်းပေါင်းများစွာရဲ့ အထက်မှာ ကြီးမားသောတာဝန်တွေ ရှိနေမှာ သေချာပေမယ့် ကိုကြီး စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေသော အချိန်မျိုးတွေမှာတော့ အဲဒီအလုပ်တွေကို ပစ်ချပြီး အေးအေးလူလူ အနားယူစေချင်မိသည်။

တစ်ပတ်တစ်ခါလောက် တစ်လတစ်ခါလောက် အနားယူဖို့ကိုပင် မွေးက အာပေါက်မတတ် ပြောထားရ၏။ ခုလည်း တစ်ခုခုကို ကိုကြီး စိုးရိမ်ပူပန်နေတာ သေချာသလောက်ပါပဲ။ အလုပ်ဖိစီးတဲ့နေ့များဆို ညဘက်တွေပါ အိပ်မပျော်တတ်သည်ထိ ကိုကြီး စိတ်ပင်ပန်းနွမ်းနယ်နေတတ်သည်။ ဒီလိုအချိန်ဆို မွေးက ကိုကြီးကို ရင်ခွင်တွင်း ပွေ့ဖက်ရင်းကြင်နာသော အားပေးနှစ်သိမ့်မှုတွေ ပေးရမြဲ။

ဒီညလည်း ကိုကြီးကို အလိုက်သိစွာ ကြင်နာပေးချင်သည့်စိတ်တွေဖြင့် မွေး မအိပ်သေးဘဲ စောင့်ဆိုင်းနေမိသည်။ အိပ်ခန်းပြတင်းတံခါးကိုဖွင့်လျက် ခန်းဆီးလေးလှပ်လှပ်ပြီး ခြံထဲသို့ ကြည့်မိတာ အကြိမ်ပေါင်းမနည်းတော့။ စားပွဲပေါ်က နာရီလေးက ဆယ့်နှစ်နာရီတိတိထိုးပြီဖြစ်ကြောင်း အချက်ပြသည်။

လက်ထဲမှာကိုင်ထားသော ဖုန်းလေးကိုထုတ်ယူကာ ကိုကြီးထံဆက်မိပြန်၏။ ပြီးခဲ့တဲ့ တစ်နာရီလောက်တုန်းကအတိုင်းပင် စက်ပိတ်ထားပါသည်ဟု အဖြေပေးခဲ့သော ဖုန်းလေးကို မွေး စိတ်မရှည်ချင်တော့။ ညဝတ်အင်္ကျီချည်သားဂါဝန်လေးပေါ်ကနေ အပေါ်ထပ်အင်္ကျီအပါးလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ထည် ထုတ်ဝတ်လိုက်သည်။ အိတ်ကပ်ထဲသို့ ဖုန်းလေးကို ထိုးထည့်ပြီး မွေး လှေကားထစ်များအတိုင်း ခပ်သွက်သွက် ပြေးဆင်းခဲ့လိုက်သည်။

ဟိုးတစ်ညကလို အပေါင်းအသင်းတွေနှင့် အပြင်မှာအိပ်ဖြစ်သွားမှာကို မွေး မလိုလားပါ။ ပြီးတော့ ဒီညစားသောက်ပွဲက မိတ်ဆွေသူငယ်ချင်းတွေနဲ့လည်းမဟုတ်။ ကုမ္ပဏီမှ ဒါရိုက်တာတွေနှင့်ဖြစ်သည်။ ဒီလောက် နောက်မကျသင့်ပါဘဲ နောက်ကျနေခဲ့သော ကိုကြီးကို မွေး စိတ်ပူရပြန်ပါပြီ။

ခြံနောက်ဘက်မှ ဝန်ထမ်းတန်းလျားလေးဆီ မွေး ရောက်သွားချိန်၌ ခြံသန့်ရှင်းရေးတာဝန်နှင့် ဒါရိုက်ဘာတာဝန်ပါ တွဲယူထားသည့် ကိုသန့်ဇင်အခန်းလေးမှာ မီးမှောင်နေခဲ့ပြီ။ အခန်းတံခါးကို တဒုန်းဒုန်းထုလျက် ပါးစပ်ကလည်း အော်ဟစ်ခေါ်တော့မှ ကိုသန့်ဇင် အိပ်ချင်မူးတူးနှင့် တံခါးလာဖွင့်ပေးသည်။

"မမ ဘာဖြစ်လို့လဲဟင်"

အိပ်ချင်မူးတူးကြားထဲကမှ ကိုသန့်ဇင်အသံက ထိတ်လန့်တကြား။

"ဂိုဒေါင်ထဲက ကားသွားထုတ်ပြီး ကိုကြီး ကုမ္ပဏီကိုသွားဖို့ပြင်ထားပေးပါနော်"

"ဗျာ အခုလား အစ်မ"

"ဟုတ်တယ်"

ခပ်ပြတ်ပြတ် တစ်ခွန်းသာပြန်ဖြေပြီး မွေး အိမ်ရှေ့ဆင်ဝင်ဆီ ပြန်လျှောက်လာခဲ့သည်။ လက်ထဲမှ ဖုန်းလေးကိုလည်း အဆက်မပြတ်ခေါ်နေမိဆဲ။ စက်ပိတ်ထားတယ်ဆိုသော အဖြေကလွဲလျှင် ဒီဖုန်းလေးမှာ





တခြားပြောစရာစကား မရှိတော့သလိုမျိုး အထပ်ထပ်အခါခါ ရေရွတ်နေသည်နှင့်သာ ကြုံနေရ၏။

မွေးပဲ စိတ်ထင်တာလားတော့ မသိ၊ ညနေ ဖုန်းပြောတုန်းကလည်း လေသံနားထောင်ရတာ တစ်ခုခုကို စိုးရိမ်ပူပန်မှုတွေ ပြည့်နှက်နေသလိုမျိုး လေးပင်လှသည်။

ညဘက်မို့ ကားလမ်းတွေပေါ်မှာ ကားရှောလှပါ ရှင်းစပြုပြီ။ ကိုသန့်ဇင်က ကားအရှိန်ကိုမြှင့်တင်ပြီး မောင်းလိုက်၏။ မကြာမီပင် ကိုကြီး၏ကုမ္ပဏီဆိုင်းဘုတ် အနိုင်အနှံကြီးကို မွေး လှမ်းတွေ့လိုက်ရပါပြီ။

ကိုကြီး ကုမ္ပဏီရုံးခန်းရှိရာ ငါးလွှာသို့ တက်နေသော ဓာတ်လှေကားကို ဖြည်းညင်းလွန်းသည်ဟု မွေး ထင်နေမိသည်။ အောက်က လုံခြုံရေးဝန်ထမ်းကို မေးကြည့်ခဲ့ပြီးပြီ၊ ကိုကြီး ရုံးမဆင်းသေးတာ သေချာပါသည်တဲ့။

ကိုကြီးမျက်နှာကို တွေ့ချင်လှပြီ။ ဖုန်းက အားကုန်သွားသောကြောင့် ပိတ်သွားတာလည်း ဖြစ်နိုင်တာပါပဲ။ ဒါရိုက်တာအဖွဲ့တွေနှင့် ညစာစားသောက်ပြီး ကုမ္ပဏီမှာ အလုပ်တစ်ခုခုမပြီးပြတ်သေးလို့ ပြန်လာတာပဲလား။ ဖြည့်တွေးလေးများနှင့် ပူပန်နေသောစိတ်ကို အနည်းငယ်တည်ငြိမ်အောင် ပြန်ထိန်းလိုက်သည်။

ဓာတ်လှေကားတံခါးပွင့်သွားတာနှင့် မွေး မျက်နှာကို အချိုဆုံးပြုထားလိုက်၏။ အလုပ်တွေများနေသော ကိုကြီးကို မွေးက အပြုံးလေးနှင့် အေးမြသွားစေချင်လို့ပါ။

ကုမ္ပဏီအလုပ်တွေရော တခြားတိုးချဲ့လုပ်နေသည့် မွေး နားမလည်သောလုပ်ငန်းတွေနှင့်ပါ ရှုပ်ယှက်ခတ်နေရှာသည့် ကိုကြီးဘက်



www.burmeseclassic.com

www.burmeseclassic.com



က မွေးအပေါ်မှာ အချိန်ပြည့်ဂရုမစိုက်နိုင်ခဲ့တာတွေကို မွေးက ပြည့်ပြည့်ဝဝ နားလည်ပေးနိုင်မှသာ ဖနီးကောင်းတစ်ယောက် ပီသမည်လို့ ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ထားသောကြောင့် မွေးလိုချင်တောင့်တသော အကြင်နာတွေကို အချိန်တိုင်း မပေးနိုင်သည့် ကိုကြီး ငြိုငြင်စရာ မဖြစ်အောင် မွေးဘက်ကပင် ပြန်လို့စောင့်ထိန်းပေးထားခဲ့ပါသည်။

"မင်း ငါ့ကိုဘယ်လိုဖြစ်စေချင်တာလဲ နွယ်နီ"

စေ့ရုံသာ စေ့ထားသော တံခါးဝနားမရောက်ခင်မှာပင် ကိုကြီး အသံက မွေးကို ဆီးကြိုခဲ့၏။ သွက်လက်စွာလှမ်းနေသော မွေး ခြေလှမ်းတွေ အလိုလို ရပ်တန့်သွားသည်။ စကားရဲ့အဓိပ္ပာယ်၊ ကြားလိုက်ရသော ကိုကြီးရဲ့ဒေါသရောစွက်နေသည့်လေသံ၊ ပြီးတော့ နွယ်နီဆိုသည့် နာမည်တစ်ခု၊ မွေး ဘာကိုမှဆက်စပ်တွေးတောမရ ဖြစ်နေခဲ့သည်။

"ကျွန်မ ဘယ်လိုဖြစ်စေချင်တယ်ဆိုတာ ခုချိန်ထိ ရှင် မသိသေးဘူးလား ဦးစစ်မင်း"

"မင်းပြောနေတာတွေက ဖြစ်မှမဖြစ်နိုင်တာတဲ့ကွ"

သေချာပါသည်။ ကိုကြီးနဲ့အတူ အခန်းတွင်းမှာရှိနေသော အမျိုးသမီးရဲ့အသံကို မွေး သေချာမှတ်မိနေပါသည်။ အတိုင်းအတာတစ်ခုထိ လုပ်ငန်းတစ်နေရာထဲမှာ အတူတကွ လုပ်ကိုင်ခဲ့ဖူးသော နီ အသံရှင်ကို မွေး မမှတ်မိဘဲ ဘယ်နေပါ့မလဲ။

ဒီအမျိုးသမီးနဲ့ကိုကြီးက မွေး မသိသည့် နောက်ကွယ်မှာ ဘယ်လိုဇာတ်လမ်းတွေ ရှိနေခဲ့တာလဲ။ ခြေလှမ်းသုံးလှမ်းစာသာ ကွာဝေးတော့သော တံခါးပေါက်ဝဆီသို့ မွေး တိတ်ဆိတ်ဖြည်းညင်းစွာ တိုးကပ်သွားပြီး အခန်းတွင်းသို့ အသာချောင်းကြည့်လိုက်မိ၏။





အလုပ်စားပွဲနောက်မှ ဆုံလည်ဆိုဖာအနက်ရောင်ကုလားထိုင်ကြီးပေါ်တွင် စိတ်ပျက်ညစ်ညူးနေသော မျက်နှာနှင့် ဖြေလျော့စွာ ထိုင်နေသော ကိုကြီး။ သူ့ကိုနောက်ကျောပေးလျက် စားပွဲကို နောက်ပြန်လက်နှစ်ဖက်နှင့်ထောက်ရင်း အစွန်းနားကို တင်ပါးတင်သည်ဆိုရုံလေး မှီထားသည့် နွယ်နီ။

မားကတ်မှာ အတူလုပ်ခဲ့ဖူးစဉ်တုန်းကလိုမျိုး ပုံစံမဟုတ်တော့။ ကြည့်ကောင်းသည်ဆိုရုံ ရုပ်ရည်ပေါ်မှာ ကာလာစုံခြယ်သထားခဲ့သည်။ ပန်းဆီရောင်ရင့်ရင့် နှုတ်ခမ်းဆိုးဆေးနှင့်လိုက်ဖက်စွာပင် အသားကပ်ဂါဝန်တိုပန်းရောင်တောက်တောက်ကို ဝတ်ဆင်ထားခဲ့သည်။ ပခုံးထက်မှာ ကြိုးတစ်ချောင်းတည်းပါသည့်ပုံစံမို့ သူမရဲ့ပုံစံက ခေတ်မီရဲတင်းလွန်းနေ၏။

တိုတိုကပ်ကပ် ဆံပင်ကို အလိမ်သေးသေးလေးတွေ ကောက်ထားတာကလည်း ပြင်ဆင်ထားလွန်းသော သူမ မျက်နှာကိုပိုမိုပေါ်လွင်နေစေ၏။ နွယ်နီဟာ ဘာလို့များ ဒီလိုပုံစံမျိုး ပြောင်းလဲသွားခဲ့ရတာလဲ။ ပြီးတော့ ဘယ်လိုမှ မထင်မှတ်ထားလောက်အောင်ပင် ကိုကြီးနှင့်ပတ်သက်နေခဲ့သေးသည်။

လောလောဆယ် မွေး မြင်တွေ့နေရသော အနေအထားကတော့ သာမန်အလုပ်ကိစ္စပြောနေကြခြင်း ဘယ်လိုမှမဖြစ်နိုင်သော အနေအထားပါ။ သူတို့နှစ်ယောက်ကြားမှ ကိုယ်ရေးကိုယ်တာ ပတ်သက်မှုတစ်ခုကို မွေးသိခွင့်မရှိခဲ့တာ ဘယ်လိုကြီးမားသော လျှို့ဝှက်ချက်ကြီးမို့လို့ပါလိမ့်။

"မင်း ငါ့ကို ဘယ်အချိန်ထိ ဒီလိုလုပ်နေမှာလဲ၊ အိမ်မှာ မွေး

ဘယ်လောက်တောင် စိတ်ပူနေလိုက်မလဲ၊ ခုချက်ချင်း ငါ့ဖုန်းကိုငါ့ဆီ ပြန်ပေးပါ''

''ဒီလို လွယ်လွယ်နဲ့ ဘယ်ရမလဲ၊ ခုလောက်ဆို ရှင်တော် ကောက်ထားတဲ့မိန်းမက ဖုန်းတွေတဂွမ်ဂွမ်ဆက်နေမှာပဲ၊ ခုချိန် ဖုန်းကို ဖွင့်လိုက်ပြီး ကျွန်မက ရှင့်လုပ်ရပ်တစ်ခုကို ချပြလိုက်မယ်ဆိုရင် ဘယ်လို နေမလဲမသိဘူးနော် ဟင်း ဟင်း''

နွယ်နီ ရယ်မောလိုက်သံက မွေး တစ်ကိုယ်လုံးရှိ မွေးညင်းလေး များကိုတောင် ကြက်သီးတဖြန်းဖြန်း ထသွားစေခဲ့သည်။ တံခါးဝမှာ မွေး ရောက်ရှိနေသောအဖြစ်ကို အထဲက လူသားနှစ်ဦး သိသွားမှာစိုး သောကြောင့် အသက်ပင်ပြင်းပြင်းမရှူရဲခဲ့။

မွေးအတွက် မကောင်းမွန်နိုင်သည့်ကိစ္စတစ်ခုကို ကိုကြီးက မွေး နောက်ကွယ်မှာ လုပ်ထားခဲ့တာ သေချာနေပြီ။ နွယ်နီလည်းသိနေ သော ထိုအဖြစ်သည် ဘယ်လောက်တောင် ကြီးမား၍ ကိုကြီးမျက်နှာ ဟာ ခုလိုမျိုး ပျက်စီးယိုယွင်းနေခဲ့တာပါလိမ့်။

မွေး နားမလည်နိုင်ဖြစ်ရဆုံးကတော့ ကိုကြီးနဲ့နွယ်နီတို့ကြားက ပတ်သက်မှုကိုပါပဲ။

''မင်းမယုတ်မာနဲ့ နွယ်နီ၊ ဒီလိုတွေဖြစ်ခဲ့ရတဲ့ကိစ္စက ငါနဲ့ ပတ်သက်မှုမရှိဘဲ မင်းဖန်တီးယူခဲ့တာတွေချည်းပဲ''

''ဒီလိုတော့ တစ်ဖက်စောင်းနင်း မပြောပါနဲ့ ဦးစစ်မင်းရယ်၊ လက်ခုပ်က နှစ်ဖက်တီးလို့မြည်ခဲ့တာပါ''

''တောက်''

နွယ်နီ့စကားတွေကို ပြန်လည်ချေပနိုင်စွမ်းမရှိတော့သလို ကိုကြီး





က တက်တစ်ချက်ပြင်းပြင်းခေါက်လိုက်သည်။ ဖြူမွေးသောမျက်နှာက နီမြန်းလျက် ပေါက်ကွဲထွက်တော့မယ့်အတိုင်း။ မရိုးသားသော ပတ်သက်မှု တစ်ခုကတော့ သူတို့နှစ်ဦးကြားမှာ ရှိနေခဲ့ပြီ။

မြင်နေကြားနေရသော မြင်ကွင်းရဲ့တိကျသော အဓိပ္ပာယ်ကို ဖော်ပြရန် ခက်ခဲပေမယ့် မွေးအတွက် မယုံကြည်နိုင်လောက်အောင် ထိတ်လန့်တုန်လှုပ်စရာ အဖြစ်တွေ ဖြစ်ပျက်ခဲ့ပြီဆိုတာတော့ ဘယ်လိုမှ လွဲနိုင်ပါ။ ဘာမှန်းမသေချာသေးသော အနေအထားတစ်ခုမှာတောင် မွေး လက်ဖျားလေးတွေ အေးစက်လျက်တုန်ယင်နေပြီ။

မွေးဘဝအတွက် ချောက်ချားစရာ သတင်းမျိုးတွေ မွေး မကြား ပါရစေနဲ့။

စိတ်ထဲက မကြားပါရစေနဲ့ဟု တောင်းဆိုနေမိသော်လည်း၊ တကယ်တမ်းမှာတော့ မွေးသည် သူတို့နှစ်ဦးရှိနေသည့် ထိုအခန်းရှေ့မှ ခြေလှမ်းမရွေ့နိုင်အောင် ဖြစ်ခဲ့ရသည်။

''ခုမှတော့ ရှင်တတ်နိုင်တာ ကျွန်မကိုဒေါသထွက်ရုံအပြင် မရှိ တော့ပါဘူး ဦးစစ်မင်းရယ်၊ ဒီတော့ ကျွန်မတောင်းဆိုတာတွေကို လိုက် လျောမလား၊ ဒါမှမဟုတ် အိမ်ပြန်မအိပ်ဖြစ်တဲ့ ညတစ်ညအကြောင်းကို ရှင့်အိမ်ကမိန်းမသိအောင် ပြောပြလိုက်ရမလား။ ကြိုက်ရာကို ရှင်ရွေးလို့ ရနေပါသေးတယ်''

မတ်မတ်ရပ်နေသော ခြေထောက်တစ်ဖက် ခွင်ကျသွားသည် ထိ မွေး တစ်ကိုယ်လုံးက အင်အားတွေ ဆုတ်ယုတ်သွားကြသည်။ အသံထွက်အော်ဟစ်ပစ်လိုက်ချင်စိတ်ကြောင့် ပါးစပ်ကို လက်နှစ်ဖက်နှင့် ဖိပိတ်ရင်း အသက်ကိုမှန်မှန်ရှူနိုင်အောင် မွေး ကြိုးစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်မှာရှိနေတဲ့ ဖလထုက မသန့်ပြန့်တော့သလို မွှေး အသက်ရှူမဝတော့။ မျက်လုံးအိမ်မှာ တာထွက်ဖို့ အဆင်သင့်ဖြစ်နေသော မျက်ရည်ဥတို့ တွဲလဲခိုလာကြသည်။

"မင်းတောင်းဆိုတာက မဖြစ်နိုင်ဘူး နွယ်နီ"

"ဘာလဲ ရှင့်ရဲ့ မိန်းမတစ်ယောက်အနေနဲ့ ကျွန်မကျတော့ မတိုက်တန်ဘူးပေါ့လေ၊ အခု ရှင့်အိမ်မှာ မြှောက်စားထားတဲ့ မိန်းမကော လည်း ကျွန်မလိုပဲ ရှင့်မားကတ်မှာ ဝန်ထမ်းဘဝနဲ့ ရပ်တည်လာခဲ့တာ ပါပဲ"

နွယ်နီက ပြုံးပြုံးလေး ပြောနေရင်းကနေ လေသံတွေမာကျော ကျယ်လောင်လာသလို မျက်နှာအနေအထားကလည်း ခက်ထန်လာခဲ့ သည်။ စားပွဲတစ်ခုခြားထားသော ကိုကြီးရှေ့သို့ ကျားသစ်မတစ်ကောင် လို လှစ်ခနဲ ရောက်သွားကာ မျက်နှာကိုလက်ညှိုးနှင့်ထိုးလျက် တည့်တည့် ပြောလိုက်ခြင်း ဖြစ်သည်။

မျက်နှာရှေ့ရောက်နေသော နွယ်နီ့လက်ကို ကိုကြီးက အားနှင့် ပုတ်ချလျက် ထိုင်ခုံမှ ထရပ်လိုက်သည်။

"မင်းအဆင့်နဲ့ ငါ့ကို ဘယ်လိုဆက်ဆံနေတာလဲ နွယ်နီ၊ မွှေးက ရိုးသားစွာနဲ့ မားကတ်မှာ ဝန်ထမ်းဘဝကို ဖြတ်သန်းခဲ့တာ၊ မင်းလို ညဘက်မှာ ယောကျ်ားတကာနဲ့ ပျော်ပါးတဲ့အလုပ်မျိုး ခိုးကြောင်ခိုးဝှက် လုပ်စားနေတာ မဟုတ်ဘူးကွ၊ နောက်ဆုံးအကြိမ် သတိပေးလိုက်မယ် မွှေးနာမည်ကို မင်းပါးစပ်က မဆင်မခြင် ထပ်မထွက်ရင် ကောင်းလိမ့် မယ်"

ရှေ့ဆက်ကြားရမည့် စကားတို့၏ဒဏ်ကို စိတ်ရောလူပါ ခံနိုင်





ရည်ကုန်ခမ်းခဲ့၍ မွှေးသည် ထိုနေရာမှ နောက်ကြောင်းပြန်လှည့်ထွက်ခဲ့ မိသည်။ ဓာတ်လှေကားဆီ ပြန်လျှောက်လာခဲ့ရသော ခြေလှမ်းသုံးဆယ် လောက်လေးကိုပင် မွှေး မဆုံးနိုင်စွာ လျှောက်လှမ်းနေရ၏။

အကြိမ်ကြိမ် ခွေယိုင်လဲကျတော့မည့် ခြေထောက်များကို အား တင်းထိန်းရင်းဖြင့် ကားပါကင်ရှိရာဆီ မွှေးရောက်လာခဲ့သည်။ အဆောက် အဦးထဲမှ ချိနဲ့စွာဖြင့် ထွက်လာသော မွှေးကိုမြင်တော့ ကိုသန့်ဇင်က အနားသို့ အပြေးရောက်လာကာ

"အစ်မ အဆင်ပြေရဲ့လား"

"ရပါတယ် ကိုသန့်ဇင်၊ အိမ်ကိုပဲ မြန်မြန်လေး ပြန်မောင်းပေး ပါ"

မွှေးအတွက် အနောက်ခန်းတံခါးကို ဖွင့်ပေးပြီး မွှေး ဝင်ထိုင်လို့ အသားကျတော့မှ ကားမောင်းသူနေရာဆီ ကိုသန့်ဇင် ပြန်လာထိုင်သည်။ အိမ်အပြန်လမ်းတစ်လျှောက်လုံး နောက်ကြည့်မှန်ထဲမှ မွှေးကို မကြာခဏ လှမ်းကြည့်နေခဲ့တာ။ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော မွှေးပုံစံကို သူလည်း သတိထားမိမှာပေါ့လေ။ ဆင်ဝင်အောက်တွင် ကားရပ်လိုက်သည်နှင့် ဒီညကုမ္ပဏီထိ မွှေး လိုက်ခဲ့မိသည့်အဖြစ်ကို ကိုကြီးအား ပြန်မပြောရန် ကိုသန့်ဇင်ကို နှုတ်ပိတ်လိုက်ရသေးသည်။

အိမ်ထဲသို့ လှမ်းဝင်ခဲ့ရသော်လည်း မွှေးအတွက်တော့ ကိုကြီး နှင့်အတူ တည်ဆောက်ထားသော ပျော်ရွှင်စရာ အိမ်ထောင်ရေးလေး အစပျိုးခဲ့သည့်နေရာဟု မမြင်နိုင်တော့။ ကြီးမားလွန်းလှသော သုံးထပ် အဆောက်အအုံကြီးထဲမှာ အကျယ်ချုပ်ကျခံနေရသော မိန်းမအဖြစ်သာ ကိုယ့်ကိုကိုယ် မြင်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်တည်းက ကျဆင်းနေမှန်းမသိသော မျက်ရည်စက်တွေက ပါးပြင်နှစ်ဖက်ပြည့်နှက်လျက် လည်ပင်းသို့တိုင် စီးဆင်းနေကြ၏။ အသက်ရှူမဝခြင်းနှင့်အတူ ရင်ထဲမှာ အော်ဂလီဆန်လာမိသည်။ အဆက်မပြတ် ကျဆင်းနေသော မျက်ရည်တို့နှင့်အတူ လည်ချောင်းဝမှာ ဆို့နင့်အန်ချင်စိတ်ကလည်း နေရာယူလာသည်။

ပါးစပ်ကို လက်နှင့်အုပ်ပိတ်လျက် ရေချိုးခန်းဆီ အပြေးသွားရပြန်သည်။ ဘေစင်တွင် မျက်နှာအပ်လျက် အန်ချပစ်လိုက်သော်လည်း လေတွေသာ ထွက်လာ၏။ ခေါင်းတွေမူးနောက်ပြီး မျက်လုံးများ ပြာဝေလာသည်အထိ မွေး နေရထိုင်ရ ခက်ခဲလာခဲ့သည်။ ကျောပြင်ကို နံရံနှင့်မှီကပ်လိုက်ပြီး ကြမ်းပေါ်သို့ ဖြည်းညင်းစွာ ထိုင်ချလိုက်ရ၏။

နားထဲမှာ နွယ်နီ့အသံနှင့် ကိုကြီး၏ ဒေါသတကြီး တုန့်ပြန်ပြောဆိုသံတွေ၊ မျက်လုံးထဲမှာက သာမန်လူတွေထက် ပိုမိုပြင်ဆင်ခြယ်သထားသော အရိုင်းဆန်သည့် နွယ်နီ့မျက်နှာ။ မွေးဟာ လက်ထပ်ပြီး ငါးလအတွင်းမှာတင် အိမ်ထောင်ရေးဖောက်ပြန်ခံရသည့် မိန်းမတစ်ယောက် ဖြစ်သွားခဲ့ပြီလား။

တစ်ဘဝလုံးစာအတွက် ယုံကြည်ကိုးစားခဲ့ရသော ကိုကြီးသည် မွေး သိပ်ချစ်ရသော ခင်ပွန်းလင်တစ်ဦးအဖြစ် ရှိနေသေးရဲ့လား။ ကိုကြီးရဲ့ လိမ်ညာလှည့်ဖြားမှုတွေကို မွေးကတော့ အိမ်တွင်းပုန်းလျက် ဘာကိုမှ ရိပ်စားမိခြင်းမရှိ။ မွေးဘက်က သစ္စာတရားကို အသက်နှင့်ထပ်တူ တန်ဖိုးထားသလောက် ကိုကြီးကိုလည်း မျက်စိမှိတ်လို့ ယုံကြည်အားကိုးခဲ့ရ၏။

ခုတော့ မွေး အချစ်ကြီးချစ်ကာ ယုံကြည်ခဲ့ရသည့် ယောက်ျားတစ်ယောက်က နောက်ကွယ်မှာ မွေးကို လိမ်လည်လျက် ဖောက်ပြန်မှု





တစ်ခုကို ကျူးလွန်ထားခဲ့သတဲ့။ အိပ်မက်တစ်ခုသာဆိုလျှင်လည်း လျင်မြန်စွာ နိုးထချင်မိသော အိပ်မက်ဆိုးသာ ဖြစ်သည်။

နာကျင်လွန်းလှသောရင်ဘတ်ကို လက်နှင့်ထုရိုက်မိရင်း အသံကုန် အော်ဟစ်ပစ်လိုက်ပြီး နောက်မှာတော့ မွေး တစ်ကိုယ်လုံး ပျော့ခွေကျသွားလေသည်။

■ ■ ■

အေးစိမ့်သော မနက်ခင်းလေးမှာ မွေးကတော့ ခြေမကိုင်မိ လက်မကိုင်မိနှင့် တစ်ကိုယ်လုံးချွေးများဖြင့် ရွှဲနစ်နေခဲ့၏။ ခြံတစ်ခုလုံး အနှံ့ ရှာဖွေကြည့်ခဲ့ပြီးသော်လည်း ကောင်လေးရဲ့ အရိပ်အယောင်တောင် မှ မတွေ့။

ဟာလာဟင်းလင်းဖြစ်နေသော သစ်သားအိမ်လေးရှေ့မှာ ခုံတန်းလျားလေးတွင် ခြေကုန်လက်ပန်းကျစွာထိုင်ရင်း မွေးအတွေးတို့ ယောက်ယက်ခတ်နေခဲ့သည်။ မနက်စောစော မျက်နှာသစ်ရာမှာကအစ အခက်အခဲဖြစ်နိုင်သော ကောင်လေးကို ကူညီလုပ်ကိုင်ပေးရန် မွေးလည်း စောစောစီးစီးပင် ဒီအိမ်လေးဘက် ထွက်လာခဲ့တာ ဖြစ်၏။

တကယ်တော့ မနေ့က ဈေးထဲမှာဖြစ်ပွားသော ရန်ပွဲကြောင့် ဘက်ကျိုးသွားခဲ့သည့်အဖြစ်မှာ မွေးက ကောင်းစွာမကြည့်ရှုပေး နိုင်ခဲ့သည့်အပြင် ပြင်းထန်သောစကားတွေနဲ့တောင် ဒီခြံလေးထဲကနေ ထွက်သွားဖို့ အပြစ်စကားတွေ ပြောခဲ့မိသေးသည်။

ညဘက်တစ်ခါ ထမင်းစားရန် သွားပို့မိသေးသော်လည်း ကောင်လေးက တံခါးပင်ဖွင့်မပေးခဲ့ဘဲ မစားတော့ဘူးဟုသာ ခပ်ပြတ်ပြတ်တစ်ခွန်း လှမ်းပြောခဲ့သည်။ မွေးကို စိတ်ကောက်နေတာလေ



www.burmeseclassic.com

www.burmeseclassic.com



ဟူသော အတွေးဖြင့် အိမ်ရှေ့မှာ ဆယ့်ငါးမိနစ်လောက် ရပ်စောင့်နေခဲ့သေးသော်လည်း ကောင်လေးကတော့ ထွက်မလာခဲ့ပါ။ နောက်ဆုံးတော့ မွေးကပဲ လက်လျှော့ကာ ကိုယ့်အိမ်ဘက်ဆီ ပြန်လာခဲ့ရ၏။

ပြန်လှည့်လာခါနီး 'မင်း အဆင်ရော ပြေရဲ့လား''ဟု လှမ်းမေးမိသေးသည်။ 'ကျွန်တော် အားလုံးအဆင်ပြေပါတယ်'တဲ့။ ခုလိုပြန်ဖြေဖော်ရသေးတာကိုပဲ မွေးမှာ ကျေးဇူးတင်ရပါ၏။

ခုတော့ မနက်စောစောမှာပင် မထင်မှတ်ထားသော အဖြစ်အပျက်တွေက မွေးကို ဆီးကြိုနေခဲ့ပြီ။ ကောင်လေးဆီ အကူအညီသဘောမျိုး ပြန်ချော့ချင်တာလည်းပါသည့်စိတ်လေးဖြင့် မွေး ရောက်လာခဲ့ချိန်မှာ အိမ်တံခါးလေးက ပိတ်လျက်သား မှောင်မဲနေခဲ့သည်။ ဒီအချိန်ဆိုပုံမှန်နိုးနေတတ်ပြီဖြစ်သော ကောင်လေးက အိမ်တံခါးပါ ပိတ်ထားပြီးမှောင်မဲနေဆဲမို့ မွေး စိတ်ပူသွားမိ၏။

တကယ်တော့ တစ်ညလုံးလည်း မွေး ကောင်းစွာအိပ်မပျော်ခဲ့ပါ။ စိတ်ဆိုးနေသော ကလေးတစ်ယောက်ကို ဘယ်လိုနည်းနဲ့ ချော့ရင်ကောင်းမလဲဟု စဉ်းစားရင်းဖြင့် အိပ်တစ်ဝက်နိုးတစ်ဝက် ဖြစ်ခဲ့ရ၏။ မွေး ဖြစ်စေချင်တာလေးကို သူ နားလည်အောင် ချိုချိုသာသာနှင့်စည်းရုံးသိမ်းသွင်းဖို့လည်း ဆုံးဖြတ်ထားခဲ့သည်။ ခုတော့ မွေး ကြုံတွေ့လိုက်ရတာက ရင်မောစရာ အဖြစ်အပျက်ကြီးနှင့်။

ကောင်လေး ဘယ်ကိုထွက်သွားတာလဲ။ အိပ်ရာထက်မှ ရခဲ့သော စက္ကူခေါက်လေးကို ဒုတိယအကြိမ် ဖွင့်ဖတ်မိပြန်သည်။

''မမ

ကျွန်တော့်ကြောင့် ပတ်ဝန်းကျင်အမြင်မှာ သိက္ခာကျခဲ့ရရင်ခွင့်လွှတ်ပါ။ ဒီအတောအတွင်း ကျွန်တော့်အပေါ် ကောင်းမွန်ခဲ့တာတွေကို ဘယ်တော့မှ မမေ့ပါဘူး။

ဒေးဒေး''





လှပစွာ ယောက်ျားဆန်သော လက်ရေးလေးများကို မွေး လက်ဖြင့် တို့ထိနေမိ၏။ မျက်ရည်တစ်စက်က တုန်ယင်နေသော လက်ထဲမှ စက္ကူဖြူပေါ် ခုန်ဆင်းထွက်ပြေးသည်။

မွေး ဘာလို့ ငိုနေမိတာပါလိမ့်။ တကယ်ဆို မွေးဖြစ်စေချင်တဲ့အတိုင်း သူထွက်သွားပေးခဲ့တာပဲလေ။ ထွက်သွားစေချင်သည့် နည်းလမ်းဖြင့် ကွာခြားခဲ့ပေမယ့် ဒီကောင်လေး မွေးခြံထဲမှာ ထပ်ရှိမနေတော့မယ့် ရလဒ်ကတော့ တူခဲ့ပြီလေ။

အို မဟုတ်သေးဘူး။ မွေးကသူ့ဘဝကို ဒီလိုဘာမဟုတ်တဲ့ ငြိမ်းစိုက်ပျိုးသော ခြံလေးထဲမှာ အချိန်အကုန်မခံစေချင်ခဲ့တာ။ တခြား ပညာတတ်လူငယ်တွေလိုပဲ အရာရာမှာ တတ်သိလိမ္မာစေချင်ခဲ့တာ။ အခုတော့ ဒေးဒေးထွက်သွားခဲ့တာက ဘယ်ဆီသို့မှန်း မသိ။ ဒီလို ထွက်သွားပြီးကာမှ လမ်းမှားပေါ်ရောက်သွားရင် အရင်ဆုံး ရင်ကျိုးရမှာက မွေးသာလျှင် ဖြစ်သည်။

ကျောင်းတွေဘာတွေ ဆက်တက်လို့ ဘွဲ့ရပြီးဖြစ်လာမည့် ပညာတတ်တစ်ယောက်ဆိုတာထက် ပန်းချီဆွဲပြီး ငြိမ်းချမ်းစွာနေရသော ဘဝကို ဒေးဒေး ပိုနှစ်သက်ခဲ့တာတော့ သေချာသည်။ သူအချောသတ် ဆွဲပြီးထားခဲ့သော ပန်းချီကားလေးက အခန်းထောင့်မှာ ငြိမ်သက်စွာရှိနေခဲ့၏။

ဟိုးအဝေးက တောင်တန်းညိုများဆီ ငေးမောနေသော မိန်းမတစ်ယောက်၏ နောက်ကျောဘက်ပုံလေးပါသော ပန်းချီကားလေးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မွေး မြင်ခဲ့ရတုန်းက အကြမ်းဖျင်းသာရှိသေးသော ထိုပန်းချီကားသည် ခုတော့ မွေးမျက်စိရှေ့မှာ ဆေးရောင်စုံများဖြင့် လှပသပ်ရပ်နေခဲ့ပြီ။

နာရီလက်တံများက မနက်ခုနစ်နာရီထိုးပြီလို့ ညွှန်ပြနေကြ[illegible] ကောင်လေးကို လိုက်ရှာနေခဲ့တာ နာရီဝက်မကတော့။ ခြံထဲမှာမရှိတာ သေချာတော့မှ မွေးခြံပြင်ဘက်ဆီ ခပ်သွက်သွက် လိုက်ရပြန်၏။ ပထမဆုံး သွားမေးဖြစ်တာကတော့ ဦးသာအောင်အိမ်ကိုပါပဲ။ တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့က တနင်္ဂနွေမို့ ဦးသာအောင် နားရက်ဖြစ်သည့်အတွက် အိမ်မှာပဲ ရှိနေမှာပါ။

"ဦးကြီးသာအောင်ရေ ဦးကြီးသာအောင်"

အိမ်ရှေ့ကနေ အသံကျယ်ကျယ်လေး အော်ဟစ်လိုက်လျှင် အိမ်တွင်းခန်းထဲကနေ ဦးသာအောင် ခပ်သုတ်သုတ် ထွက်လာခဲ့ပြီး

"မွေးပါလား စောစောစီးစီး ကိစ္စရှိလို့လား သမီး"

"ဟုတ် ဦးကြီးကို မေးစရာလေးရှိလို့ပါ၊ ဟိုလေ ဒေးဒေး ဘယ်သွားမယ် ဘယ်လာမယ်လို့ ဦးကြီးကိုများ ပြောသေးလားလို့ပါ"

"ဟေ မောင်ဒေးဒေး ဘာဖြစ်လို့တုန်း"

"သူ အိမ်မှာမရှိတော့လို့ပါ"

"ဦးကြီးကိုတော့ ဘာမှထွေထွေထူးထူး မပြောပါဘူး၊ ဒီနေ့က ဦးကြီးတို့နှစ်ယောက်လုံး နားကြတဲ့ရက်ပဲ၊ ဈေးလည်း သွားစရာမလိုပါဘူး လက်မှာ ဒဏ်ရာကြီးနဲ့ဟာကိုကွယ် ဒီကလေး ဘယ်တွေများ လျှောက် သွားသလဲ မသိဘူး"

ဦးကြီးက ပါးစပ်က တတွတ်တွတ်ရေရွတ်ရင်းပြောတော့ မွေး မှာ တစ်ကိုယ်လုံးအေးစက်တုန်ယင်လာကာ ကောင်လေးအတွက် ပိုလို့ပင်





စိတ်ပူသွားမိသည်။

"သိပ်လည်း စိတ်မပူပါနဲ့ သမီးရယ် ဟိုဟိုဒီဒီ လျှောက်သွားနေတာလည်း ဖြစ်နိုင်တာပဲ၊ တအောင့်လောက် စောင့်ကြည့်လိုက်ပါဦး၊ ဦးကြီးလည်း ရွာထဲပတ်ရှာပေးပါ့မယ်"

"ရွာထဲက သူသွားတတ်တဲ့ နေရာတွေကို မွေး သွားရှာခဲ့ပြီးပါပြီ၊ လုံးဝကို အစအနတောင် မတွေ့ခဲ့ဘူး"

မွေး အသံတွေ အဖျားခတ်တုန်ယင်နေတာ ဦးသာအောင် သတိထားမိသလား မထားမိဘူးလားလည်း မွေး စိတ်မဝင်စားနိုင်တော့ပါ။ ရင်ထဲက ပူလောင်မှုတွေက မွေးကို သတိကင်းလွတ်နေစေခဲ့သည်။ မွေးရဲ့စကားတွေကြောင့် စာတစ်စောင်သာ ချန်ရစ်ထားပြီး ဒေးဒေးအိမ်မှ ထွက်သွားသည်ဆိုတာကိုတော့ ဦးသာအောင်ကို ပြောပြမနေတော့ပါ။

"သူ့မြို့ကို ပြန်သွားတာရော မဖြစ်နိုင်ဘူးလား"

ဦးသာအောင်မေးခွန်းကို ပြန်မဖြေနိုင်ခင်မှာ မွေးမြင်ကွင်းထဲ ရောက်လာတာက မညိုနှင့်ဒေးဒေးရဲ့မေမေ။

"သား ဘယ်မှာလဲဟင် ခြံထဲမှာကျန်ခဲ့တာလား"

ဒေးဒေး လက်ကျိုးသွားကြောင်းကို မညိုပြောပြလို့ သိပြီးရောက်လာပုံပါ။ မျက်နှာ၌ စိုးရိမ်နေသော မျက်ဝန်းတွေနှင့် ဒေးဒေးမေမေရဲ့ ရင်ထဲကို မြင်နေရစေသည်။ မွေးတကယ်ကို ခေါင်းကြီးသွားမိ၏။ ခုလို ဒေးဒေးအမေရောက်လာတယ်ဆိုတည်းက မြို့ကအိမ်ကိုလည်း ကောင်လေးမပြန်ကြောင်း သေချာနေခဲ့ပြီပေါ့။

ဒီပြဿနာကို ဘယ်လိုဖြေရှင်းရမလဲ မသိတော့ပါ။ မွေးခေါင်း တစ်ခုလုံး ရှုပ်ယှက်ခတ်လျက် ရင်ထဲမှာ ဗလောင်ဆူနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မတို့ မွေးအိမ်ကို အရင်သွားကြရအောင်နော်"

ညှော်ခန်းထဲမှာ ထိုင်မိသည်နှင့် အရာရာကို ရင်ဆိုင်ရန် မွေး စိတ်ပိုင်းဖြတ်လိုက်၏။ ကောင်လေးထွက်သွားသည့်အတွက် မွေးကိုယ်တိုင် လည်း အလွန်အမင်း စိတ်ပူနေမိပေမယ့် သူ့ကိုပြောဖြစ်ခဲ့သော စကား များအတွက်တော့ မွေး နောင်တမရပါ။ ကိုယ်က သူကောင်းဖို့အတွက် တိုက်တွန်းခဲ့ရတာလေ။

"အစ်မကို မွေး တကယ်တောင်းပန်ပါတယ်"

မျက်နှာချင်းဆိုင်ထိုင်လျက် တောင်းပန်စကားကို အရင်ဆိုလိုက် သောကြောင့် ကောင်လေးမေမေ ဒေါ်မြတ်မြတ်သူမျက်နှာက နားမလည် နိုင်သလို ရှုစမ်းချင်သလို ပုံသဏ္ဌာန်ဖြစ်သွား၏။ သူမကို မျက်နှာချင်း မဆိုင်နိုင်ပါသောကြောင့် မွေးမျက်နှာကို အောက်ချထားမိသည်။

"ဘာကို ဆိုလိုတာလဲဟင်"

"ဒီမနက်ပဲ ဒေးဒေးအိမ်ကနေ ထွက်သွားပါတယ်၊ မွေးကိုလည်း ဒီစာလေးတစ်စောင်ပဲ ချန်ထားရစ်ခဲ့တာ"

လက်ထဲတွင် ဆုပ်ကိုင်ထားမိဆဲဖြစ်သော စာခေါက်လေးကို စားပွဲပေါ်လှမ်းတင်ပေးလိုက်၏။ ဒေါ်မြတ်မြတ်သူက ချက်ချင်းပင် လှမ်းယူ ဖွင့်ဖတ်ခဲ့ပြီး မျက်လုံးများဝိုင်းစက်သွား၏။

"ဒါက ဒါက ဘာသဘောလဲ"

"မွေး ရှင်းပြပါ့မယ်၊ တကယ်တော့ ကျောင်းမတက်တော့ဘူးလို့ ခေါင်းမာနေတဲ့ ဒေးဒေးကို မွေးက အသိတရားရှိရှိနဲ့ လိမ္မာသွားစေ ချင်တာပါ၊ အဲဒါကြောင့် မွေးဆီက ထွက်သွားအောင် စကားလုံးတချို့ ပြောမိခဲ့တယ်၊ ဒဏ်ရာအနာတရတွေ ရှိနေခဲ့တဲ့ နှလုံးသားလေးက





မွေးစကားတွေကို တော်တော်လေး နာကျင်ခဲ့ပုံပဲ"

"ဘာတွေလဲ သားကဘာလို့ ဒဏ်ရာအနာတရ ဖြစ်ရမှာလဲ"

ဒေးဒေးမေမေက ခုချိန်ထိ ဘာကိုမှ ရေရေရာရာ နား မလည်နိုင်သေးတာ သေချာပါသည်။

"စိတ်မရှိပါနဲ့နော် ဒေးဒေးကို ငါးနှစ်သားအရွယ်လောက်မှာ ခေါ်မွေးစားထားခဲ့တယ်ဆိုတာ မွေးသိပါတယ်၊ ဒေးဒေးကိုယ်တိုင်ပဲ ပြောပြ တာပါ"

"ဟင်"

ဒေါ်မြတ်မြတ်သူရဲ့ မျက်နှာဟာ ချက်ချင်းလိုလို ပျက်ယွင်း သွားလျက် ခေါင်းကိုအဆက်မပြတ် ခါရမ်းကာ

"ဘာတွေပြောနေတာလဲ၊ ဒေးဒေးက ဘာကိုပြောပြတာလဲ"

"ဒေးဒေးပေါ် ချစ်တဲ့စိတ်တွေနဲ့ ဒီကိစ္စတွေကို ဖုံးကွယ်ထားခဲ့ တယ်ဆိုတာ မွေးကတော့ နားလည်ပါတယ်"

"မဟုတ်သေးဘူး တစ်ခုခုတော့ သေချာပေါက်မှားနေပြီ"

"မှားတယ်ဆိုရင် ဒေးဒေးကို အစ်မတို့က မွေးစားခဲ့တယ်ဆို တာ မဟုတ်ဘူးပေါ့"

အကျပ်ရိုက်သွားသလို မျက်နှာထားနှင့် ဒေါ်မြတ်မြတ်သူ ငြိမ် သက်နေခဲ့သည်။ အတန်ငယ်ကြာတော့မှ

"ကောင်းပြီလေ အစ်မကိုယ်တိုင် နားမလည်နိုင်ဖြစ်နေတဲ့ ဒီ ဇာတ်လမ်းကို အမှန်အတိုင်းပဲ ပြောပြပါတော့မယ်"

ဒေါ်မြတ်မြတ်သူက အသက်အားဖြင့် လေးဆယ်စွန်းစွန်း လောက်သာ ရှိသေးသည်မို့ ယခုထိ နုပျိုလှပနေဆဲဖြစ်သည်။ ဒေးဒေး



www.burmeseclassic.com

www.burmeseclassic.com



ပြောသလို နောက်အိမ်ထောင်ပြုဖို့ အလွန်ပင်သင့်တော်သော အနေအထားမျိုး။ မျက်နှာကျလည်းလှပကာ မြို့ငယ်လေးမှာ နေထိုင်သည့် မိန်းမတစ်ယောက်နှင့်မတူအောင်ကို ဝတ်တတ်စားတတ်သည်။ ခေတ်မဆန်ဘဲ ရိုးရိုးအေးအေးလေးနှင့် ခေတ်မီအောင် ဝတ်တတ်သူပင် ဖြစ်၏။

မျက်ရည်တို့ ဝဲစို့လာသော မျက်ဝန်းထောင့်ကို လက်ကိုင်ပုဝါအနားစဖြင့် တစ်ချက်တို့သုတ်လျက် သူမအဖြစ်ကို စတင်ရင်ဖွင့်လာခဲ့သည်။ မွေးနဲ့မညီတို့ကတော့ ငြိမ်သက်စွာ နားထောင်ခံစားရသည့် ပရိသတ်တွေပဲပေါ့။

"တကယ်တော့ ဒေးဒေးကို အစ်မတို့လင်မယားက မွေးစားခဲ့တာပါ၊ အစ်မက ကလေးမရနိုင်ခဲ့ဘူးလေ၊ မိန်းမတစ်ယောက်အတွက် ကလေးမမွေးနိုင်တဲ့အဖြစ်ဟာ အိမ်ထောင်သည်ဘဝမှာတော့ အဆိုးရွားဆုံး ရင်နင့်ဖွယ်ရာကြီးပဲလေ၊ အစ်မတို့က ဒီကလည်းမဟုတ်ကြပါဘူး ဒေးဒေးကို မွေးစားပြီးတော့မှ ဒီမြို့မှာ လာအခြေချခဲ့တာပါ၊ ပတ်ဝန်းကျင်အသစ်မှာ ကလေးကို မိဘအရင်းတွေလိုမျိုး လက်ခံဆက်ဆံပေးချင်ခဲ့ကြတာ"

"ဒေးဒေးကို မွေးစားတဲ့အချိန်မှာ အသက်ငါးနှစ်ရှိနေခဲ့ပြီလေ၊ သူ့ရဲ့ မိဘအရင်းတွေအကြောင်း အားလုံးကိုမှတ်မိနေခဲ့တာ အစ်မတို့ မသိခဲ့ဘူးလား"

"အစ်မ ခုချိန်မှာ နားမလည်နိုင်ဆုံးနဲ့ အံ့ဩတကြီးဖြစ်ရဆုံးက အဲဒီကိစ္စပါပဲ၊ အစ်မတို့လင်မယား သူ့ကိုစတွေ့တော့ မော်ဘီဘက်မှာ နေနေကြတဲ့အချိန်ပေါ့၊ ရန်ကုန်မြို့ထဲထိ အလုပ်ဆင်းရတဲ့ အစ်မအမျိုးသားက မနက်ဆို ဘတ်စ်ကားစောင့်စီးနေကျ မှတ်တိုင်လေးမှာ သူ့ကိုတွေ့





ခဲ့တာ၊ ရုပ်ရည်သန့်သန့်ပြန့်ပြန့်လေးနဲ့ ကလေးလေးတစ်ယောက်က ဘတ်စ်ကားမှတ်တိုင်မှာ အိပ်နေလိုက် ထိုင်နေလိုက်နဲ့ သူတော်တော်စိတ်ဝင်စားခဲ့တယ်၊ အနီးအပါးကို စုံစမ်းကြည့်တော့ ပိုင်ရှင်မဲ့ကလေးတစ်ယောက်မှန်း သိလိုက်ရတယ်၊ ကားဂိတ်မှာရှိတဲ့ ကွမ်းယာဆိုင်တစ်ဆိုင်က ကျွေးမွေးထားတာတဲ့၊ အိပ်တော့ အဲဒီမှတ်တိုင် အမိုးအောက်မှာပဲတဲ့လေ"

အို ကောင်လေးကို သနားလွန်းလို့ မွေး ဘယ်လိုလုပ်ရပါ့မလဲ။ မွေးမျက်ဝန်းမှာလည်း မျက်ရည်စတို့ ခိုတွဲစပြုလာကြပါပြီ။

"တစ်လလောက်ထိ အစ်မအမျိုးသားက စောင့်ကြည့်ခဲ့သေးတယ်၊ ပြီးတော့အစ်မကို လာတိုင်ပင်တယ်၊ ကလေးကို လာခေါ်မယ့်သူ မရှိဘူးဆိုတာ သေချာတော့မှလေ၊ လမ်းဘေးမှာ ကြီးပြင်းခဲ့တာ မဟုတ်မှန်းကလေးပုံကို ကြည့်တည်းက အစ်မတို့သိခဲ့တယ်၊ အကောင်းစား ဘီရှပ်အနီရောင်လေးနဲ့ ဂျင်းဘောင်းဘီအနက်ရောင်အတိုလေး၊ ဆွဲကြိုးလေးတစ်ကုံးလည်း ပါသေးတယ်၊ အဲဒီဆွဲကြိုးလေးကိုတော့ ကွမ်းယာသည်လင်မယားက ချွတ်သိမ်းထားပြီး အစ်မတို့ မွေးစားမယ်ဆိုတော့မှ ဆုတ်ပေးခဲ့ကြတာ"

"ဒေးဒေးက သူ့အိမ်အကြောင်းတွေ ဘာမှမပြောပြခဲ့ဘူးလား"

"အစ်မတို့ မေးကြတာပေါ့၊ ဒါပေမဲ့ တခြားစကားတွေကလွဲရင် သူဘာလို့ ဒီနေရာရောက်နေတယ်၊ သူ့မိဘတွေက ဘယ်သူဘယ်မှာ နေတယ်ဆိုတာမျိုးတွေ အစ်မတို့ လုံးဝမေးလို့မရခဲ့ဘူး၊ မမှတ်မိတော့ဘူး သိဘူးလို့ချည်းပဲ ဖြေနေတာ၊ အစ်မတို့ မွေးစားပြီး တစ်နှစ်လောက်နေတဲ့အထိပဲ၊ အဲဒီနောက်ပိုင်းတော့ အစ်မတို့လည်း မမေးတော့ဘူး၊ သူတကယ်မသိလို့ ဖြစ်နိုင်တာပဲလေ၊ ပြီးတော့ ကလေးသိပ်လိုချင်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အစ်မတို့လင်မယားမှာ ဒေးဒေးရောက်လာမှ ဆန္ဒတွေပြည့်ဝပြီး ပျော်ရွှ
ခဲ့ရတယ်၊ အင်းလေ ကိုကျော်နိုင်ဆုံးသွားတာကလွဲလို့ပေါ့''

ကိုကျော်နိုင်ဆိုတာ ဒေးဒေးဖေဖေ ဖြစ်ပုံရပါသည်၊ အဲဒီနာမည်
ကို ပြောလိုက်ချိန်မှာ ဒေါ်မြတ်မြတ်သူရဲ့ မျက်ဝန်းတွေမှာ လွမ်းဆွေး
ကြေကွဲစွာ တမ်းတစိတ်တွေကို မွှေး မြင်ခွင့်ရလိုက်၏။

''ကလေးဆိုတော့ လုံးဝမမှတ်မိတော့ဘူး မသိတော့ဘူးဆိုတာ
ဖြစ်နိုင်ပါတယ်လေလို့ အစ်မတို့ ခံယူထားခဲ့တယ်၊ အဲဒါ သူ့တစ်သက်ပါ
အစ်မရဲ့ သားအရင်းတစ်ယောက်အဖြစ် သူ့ကိုချစ်ခင်မြတ်နိုးခဲ့ရတာပါ
ခုတော့ အဲဒီလို ကလေးကသူ့ဘဝအကြောင်းတွေကို မွှေးကိုပြောပြခဲ့တယ်
ဆိုတော့ အစ်မဖြင့်လေ ဘာပြောလို့ပြောရမှန်းတောင် မသိတော့ပါဘူး''

''တကယ်တော့ မွှေးမှားတာပါ၊ သူ့အစ်မအိမ်ကိုလည်း မပြ
ချင်တော့ဘူး၊ ကျောင်းလည်းမတက်ဘူး၊ မွှေးရဲ့ခြံလေးထဲမှာပဲ နေတော့
မယ်လို့ ပြောတဲ့အချိန်မှာ သူ့အနာဂတ်အတွက် မွှေးသိပ်စိတ်ပူသွားပြီး
နာကျင်အောင်ပြောခဲ့မိတယ်၊ ပတ်ဝန်းကျင်နဲ့ ကိုင်ပေါက်ပြီးတော့မှ
သူ ဒါကို နာကျည်းသွားတာဖြစ်မှာပါ''

''ဒါပေမဲ့ အစ်မဆီကိုတော့ သူ ပြန်လာသင့်တာပေါ့''

''အဲဒါကလည်း အကြောင်းရှိပါတယ်၊ မွှေးဒီအကြောင်းတွေ
ပြောလို့ မွှေးကိုစိတ်မခုပါနဲ့နော်၊ တကယ်တော့ အစ်မကိုသူက နောက်အိမ်
ထောင်ပြုစေချင်နေခဲ့တာ၊ ဦးအောင်မျိုးကို သူကိုယ်တိုင်လည်း သဘောကျ
ခဲ့တယ်၊ အစ်မနဲ့သင့်တော်မယ့်သူတဲ့လေ၊ သူရှိနေလို့ ဝန်ထုပ်ဝန်ပိုးဖြစ်ပြီး
အစ်မက အိမ်ထောင်မပြုနိုင်တာဆိုတဲ့ အစွဲနဲ့မပြန်တော့ဘူးလုပ်တာပါ''

''အိုး အစ်မ ဘယ်လိုလုပ်ရမလဲကွယ်၊ ကူညီပါဦးနော် သား





လေးကို ကူရှာပေးကြပါဦး၊ အစ်မလေ သူ့ကိုစတွေ့တည်းက အစ်မ
သားအရင်းတစ်ယောက်လို ချစ်လာခဲ့ရတာပါ''

ခြေမကိုင်မိ လက်မကိုင်မိနှင့် ဒေါ်မြတ်မြတ်သူ မျက်ရည်တွေ
ပါးပြင်ပေါ် ထိန်းမနိုင်စွာ စီးကျလာခဲ့သည်။ တစ်လျှောက်လုံး ဘာတစ်လုံး
မှ ဝင်မပြောဘဲ မျက်ရည်လေးရစ်ဝဲလျက်သာ နားထောင်နေခဲ့သည့်
မညိုက ပခုံးလေးကိုဖက်ရင်း အားပေးနှစ်သိမ့်နေရ၏။

''မွှေးအပြစ်တွေပါ၊ အစ်မက မွှေးနဲ့စိတ်ချလို့ လွှတ်ပေးထားတာ
ကို မွှေးက သေချာမကြည့်ခဲ့နိုင်ဘူး''

''မဟုတ်ပါဘူး၊ သားကိုက နဂိုတည်းက တဖွတ်ထိုးနိုင်တတ်
တာလေ၊ အခုအစ်မတို့ ဘယ်လိုရှာကြမလဲဟင်''

''သူ သိပ်ဝေးဝေးမသွားနိုင်သေးပါဘူး၊ မွှေးထင်တာကတော့
သူမြို့ထဲမှာပဲ ရှိဦးမှာပါ၊ ဘာလို့လဲဆိုတော့ သူမှာဒီခြံကနေ ထွက်သွားဖို့
အစီအစဉ်လုံးဝမရှိခဲ့တဲ့အတွက် ဘာကိုမှ အကွက်ချပြီး စီစဉ်နိုင်ခဲ့မှာ
မဟုတ်ဘူး၊ မြို့မှာပဲ သူရှိနေဦးမှာလို့ မွှေးထင်တယ်၊ သူ့သူငယ်ချင်းတွေ
ဘာတွေ အစ်မမသိဘူးလား''

''သားက သူငယ်ချင်းတွေဘာတွေလည်း သိပ်မထားတတ်ဘူး၊
အစ်မသိတာတော့ တစ်ယောက်နှစ်ယောက်လောက် ရှိတယ်''

''သူတို့တွေကို မေးမြန်းကြရမှာပဲလေ''

''အစ်မကတော့ သူတို့သိလိမ့်မယ်လို့ သိပ်မထင်ဘူးကွယ်''

''ကြိုးစားကြည့်ကြတာပေါ့နော် အစ်မ''

ဒေါ်မြတ်မြတ်သူကို နှစ်သိမ့်ပေးနေရသော မွှေးကိုယ်တိုင်က
ရင်ထဲမှာ အလဲလဲအပြိုပြိုနှင့် ဆို့နင့်နာကျင်နေရတာ ဘယ်သူသိမည်



www.burmeseclassic.com

www.burmeseclassic.com



မှထင်။ မကြာခဏဝဲတက်လာနေသော မျက်ရည်တို့ကို လိုက်လိုက်လှဲလှဲ မကျမိအောင် ကိုယ့်ဘာသာ ဆင်ခြင်နေရ၏။

ကိုယ်လေ မင်းကြောင့်နဲ့ သိပ်ခံစားနေရတယ် ကောင်လေးရယ် ဒါဟာ တာဝန်တစ်ရပ်ကြောင့်တော့ မဟုတ်ဘူးဆိုတာ မင်းသိနိုင်မယ် ဆိုရင်လေ။

■ ■ ■





## အခန်း (၉)

ဒေါ်မြတ်မြတ်သူ ထင်သည့်အတိုင်းပင် ဒေးဒေးနှင့်ခင်မင်ပတ် သက်မှုအနည်းငယ်ရှိသည့်မိန်းမသား သူငယ်ချင်းနှစ်ဦးကလည်း ဒေးဒေး ဘယ်မှာရှိနေသည်ကို မသိကြသလို ခန့်မှန်းချက်လေးလောက်တောင် ပေးနိုင်ကြ။ 'ဒီကောင်က သူငယ်ချင်းတွေနဲ့ ပေါ်းလားဝါးလား နေရတာ ထက် တစ်ကိုယ်တည်း ပုံတွေဆွဲနေတတ်တာကများတယ်၊ ခုလည်း တစ်နေရာရာမှာ ပန်းချီသွားဆွဲနေတာ ဖြစ်ချင်ဖြစ်မှာပေါ့'တဲ့။

ကောင်လေး ပျောက်နေခဲ့တာ ဒီနေ့ဆို ဒုတိယမြောက်နေ့။ မနေ့လည်း ရွာမခြံနှင့်အိမ်ကိုပိတ်ကာ ဒေါ်မြတ်မြတ်သူအိမ်လေးမှာပင် စောင့်နေထိုင်ခဲ့၏။ ကောင်လေးကို မွေး ကိုယ်တိုင်လိုက်ရှာရမှ စိတ်ကျေနပ် နိုင်မှာလေ။ ဒေါ်မြတ်မြတ်သူက ကောင်လေးနေခဲ့သော အခန်းလေးကို မွှေအား လိုက်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ကျော်သက်ကောင်လေးတစ်ယောက်ရဲ့ အခန်းပိတ်သွား နံရံထက်မှာ နိုင်ငံတကာအဆိုတော်အဖွဲ့ပုံများနှင့် ပြည့်နှက်နေခဲ့ ထောင့် တစ်ထောင့်မှာတော့ အဆင့်ဆင့်စီထောင်ထားသော ပန်းချီပုံကားချပ်တွေ။

လူငယ်လေးတွေ မြက်ခင်းပြင်ပေါ်မှာ ဂစ်တာစုတီးနေသည် လေးကတော့ မွေးကိုတောင် ကြည်ကြည်နူးနူးလေး ဖြစ်သွားစေခဲ့ မွေး နှုတ်ခမ်းများ ပြုံးနေမိသည်။ အရုဏ်တက်နေထွက်နေသည် ပန်းအိုးထဲမှာလှပစွာရှိနေသော ရောင်စုံပန်းပွင့်များပုံ၊ တောင်တန်း နောက်ခံနှင့် ညကောင်းကင်ပုံ။

နောက်တော့

မွေးရင်မှာ နင့်ခနဲဖြစ်သွားရ၏။ ကားမှတ်တိုင်မှာ ထိုင်ခုံတန်း ရှည်လေးပေါ်တွင် ခွေခွေလေး အိပ်ပျော်နေသော ကလေးငယ် တစ်ယောက်၊ အနီရောင်အင်္ကျီလေးနှင့်။ ကောင်းကင်နောက်ခံက မှောင် မဲလွှမ်းနေခဲ့သည်။ အိပ်ပျော်နေသော ကောင်လေးရဲ့အိပ်မက်ထဲမှာ ငြိမ်းချမ်းပါရဲ့လား။ ဒါမှမဟုတ် အိပ်ရောပျော်နေတာဟုတ်ရဲ့လား။ ည အမှောင်ကို ကြောက်ရွံ့စွာဖြင့် မျက်လုံးစုံမှိတ် ငြိမ်သက်နေခဲ့ခြင်းများ လား။ ဒါကတော့ ပန်းချီရေးသူနှင့် ပန်းချီကားထဲမှ ကလေးလေးသာ သိရှိနိုင်ပါလိမ့်မည်။

"သားက ပန်းချီသိပ်ဝါသနာပါတာ၊ ယေ်ယေ်ကတော့ ဝါသနာ အရ အစ်မ ခွင့်ပြုပေးခဲ့ပါတယ်၊ ဒါပေမဲ့ ခုနောက်ပိုင်းကျတော့ သူက ပန်းချီကို အသက်မွေးဝမ်းကျောင်းတစ်ခုလို လုပ်ချင်လာတာ၊ သူ့ဘဝမှာ ပန်းချီမဆွဲရရင် မဖြစ်တော့ပါဘူးဆိုတာမျိုးတွေထိပေါ့၊ ဒါကျတော့ အစ်မ





ခွင့်မပြုနိုင်ခဲ့ဘူးလေ၊ သူ့ကိုကျောင်းပညာမှာ ထူးချွန်တဲ့ ပညာတတ် တစ်ယောက်ပဲ ဖြစ်စေချင်တာ"

"မနက်ကျရင်တော့ ဈေးထဲကို တစ်ခါထပ်ပြီး သွားစုံစမ်းပါဦး မယ်၊ အဲဒီမှာက သူ့ကိုမသိတဲ့သူ ခပ်ရှားရှားမဟုတ်လား၊ ပြီးတော့ သက်က ကျောက်ပတ်တီးစည်းထားတာမို့ ဒေးဒေးပုံစံက မှတ်မိလွယ်နေ မှာပါ"

"ကျေးဇူးတင်ပါတယ် မွေးရယ်၊ အစ်မလည်း မနက်ဖြန်ကျရင် ကိုအောင်မျိုးကားနဲ့ ဒီမြို့ဟိုဘက်က ရပ်ကွက်တွေထဲမှာ သွားရှာကြည့်ဖို့ ဆုံးဖြတ်ထားတယ်၊ မညိုက ဆိုင်ထိုင်ပေးမယ်တဲ့လေ"

"ကောင်းပါတယ် အစ်မ၊ မွေးကတော့ ယုံကြည်တယ်၊ ဒေးဒေး သိပ်အဝေးကြီးမှာရှိနေမှာ မဟုတ်ဘူးလို့လေ"

တကယ့်ကိုပဲ မွေး ယုံကြည်ချက် မှန်ကန်ခဲ့ပါသည်။ ဈေးထဲမှ ဘာနံခြောက်ရောင်းသည့် ကောင်မလေးတစ်ယောက်က ဒေးဒေးကို တွေ့ လိုက်သည်တဲ့။ ဈေးနားမှ တည်းခိုခန်းတစ်ခုထဲသို့ ဝင်ရောက်သွားတာ ကို မနေ့ညက လှမ်းတွေ့လိုက်ခြင်းတဲ့လေ။

ထိုကလေးမလေးကို မွေး ကျေးဇူးလည်းတင်လျက် ဝမ်းလည်း သာသွားသည်။ တည်းခိုခန်းနာမည်ပါ မှတ်မှတ်ရရ ပြောပြခဲ့သည်မို့ မွေးသည် ပေါ့ပါးသော ခြေလှမ်းများဖြင့် အမြန်ဆုံးသွားနေမိ၏။ ညက တွေ့လိုက်တာမို့ ကောင်လေး ဘယ်မှရောက်ဦးမည် မထင်ပါ။

"ဒီမှာ ဒေးဒေးဆိုတဲ့ ကောင်လေးများ တည်းနေလား မသိဘူး"

"ကျွန်တော်တို့ ကြည့်ပေးမယ်နော်၊ အစ်မက ဘယ်လိုပတ်သက် သလဲမသိဘူးခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မောင်လေး၊ အဖေ့ကိုစိတ်ဆိုးပြီး အိမ်ကထွက်သွားတာ ဒီမှာရောက်နေမှန်း ညကမှသိလို့ ခုလိုက်လာခဲ့တာပဲ၊ မှတ်မိလွယ်ပါတယ် ညာဘက်လက်မှာ ကျောက်ပတ်တီးကိုင်ထားတယ်လေ"

မွေးက ခပ်တည်တည်နှင့်အပိုင်ပြောပစ်လိုက်လျှင် တည်းခိုခန်း ကောင်တာမှကောင်လေးသည် စာအုပ်ရှည်ကြီးကိုကိုင်လျက် ရှာဖွေလိုက်၏။

"ဒေးဒေး ရှိပါတယ်၊ လာတည်းနေတာ နှစ်ရက်သုံးရက်ရှိပြီ၊ ဟော ကောင်လေးတွေ ဒီကအစ်မကို အခန်း ၃၀၂ လိုက်ပို့ပေးလိုက်ပါ"

"အခန်း ၃၀၂က ပန်းချီဆွဲတဲ့ကောင့်လေးကို ပြောတာနဲ့တူတယ်၊ ညကတောင် သူ့ကိုမနက်စောစောနိုးပေးရသေးတယ်၊ ပန်းချီဆွဲ နေရာသွားကြည့်မယ်ဆိုလားပဲ"

ဝိတ်တာကောင်လေးစကားကြားမှ မွေး ခေါင်းထဲမှာ အလင်း တန်းတစ်ချက် လက်သွားသည်။

"ပန်းချီ ဟုတ်သားပဲ၊ မွေး တစ်နေရာသွားကြည့်ဖို့ လိုသေး တာပဲ"

တစ်ယောက်တည်း တိုးတိုးလေး ရေရွတ်လျက် မွေးစိတ်ထဲ ဝမ်းသာသွားပြန်သည်။ တည်းခိုခန်းထဲမှ ထွက်လိုက်သော မွေး ခြေလှမ်း တွေက လျင်မြန်သွက်လက်နေ၏။ ဆိုင်ကယ်ကယ်ရီတစ်စီးငှားလျက် အဲဒီနေရာဆီ မွေး ထွက်ခွာလာခဲ့သည်။

"မြန်မြန်မောင်းပါနော် မောင်လေး"

"စိတ်ချ အစ်မ"





ဆိုင်ကယ်သမားလေးကလည်း မြို့ပြင်ဘက်ရှင်းလင်းနေသော လမ်းမှာ လီဗာကိုအဆုံးတင်လိုက်၏။ မြို့ထဲမှ ရှုပ်ယှက်ခတ်နေသော မြင်ကွင်းတွေဆီကနေ အလှမ်းဝေးလာခဲ့သည်နှင့်အမျှ ပတ်ဝန်းကျင်လေထုကလည်း သန့်စင်လာ၏။

အဲဒီနေရာလေးမှာ ကောင်လေး ရှိနေမှာပါ။ သူ ပန်းချီဆွဲဖို့ ကျန်နေသေးသည့် နေရာက အဲဒီရေကန်လေးနားမှာပဲလို့ တစ်ခါက ပြောပြခဲ့ဖူးတာ မွေး သတိရလိုက်လို့ပေါ့။

သစ်ပင်စိမ်းစိမ်းစိုစိုများဖြင့် ဝန်းရံထားသည့် တောအုပ်ငယ် လေးက မွေးရဲ့မွန်းကျပ်နေသော ရင်ကို အနည်းငယ် လန်းဆန်းသွား စေသည်။ ဟိုးပတ်ပတ်လည်မှာ တောင်မြင့်မြင့်များဖြင့် ကာဆီးထားပြီး ရေကန်လေးက လှပငြိမ်သက်အေးချမ်းစွာ တည်ရှိနေခြင်းဖြစ်သည်။ သစ်ပင်တန်းများရဲ့ အဝင်ဝလမ်းဆီမှာ မွေးကို ချထားပေးခဲ့ပြီး ဆိုင်ကယ် သမားလေးက ပြန်သွားခဲ့ပြီ။

ထင်းရှူးပင်မြင့်မြင့်မားမားများက မွေး ဖြတ်လျှောက်လာခဲ့ သော လမ်းလေးတစ်လျှောက်မှာ စီစီရီရီ ရှိနေကြသည်။ ငါးမိနစ်ခန့် ခပ်သွက်သွက်လျှောက်ပြီးချိန်မှာတော့ ပြာလဲ့လဲ့ရေကန်လေးကို လှမ်းမြင် နေရပြီ။ ကန်ပတ်ပတ်လည်မှာ ပန်းချုံလေးတချို့ ပေါက်ရောက်နေကြ၏။ အရိုင်းဆန်သော ပန်းပွင့်လေးတွေက အရောင်အသွေးစုံလင်စွာဖြင့် လေ တိုက်တိုင်း ယိမ်းနွဲ့နေကြတာ အလွန်လှပသော မြင်ကွင်းလေးတစ်ရပ်ပါပဲ။

မွေး မျက်လုံးများကို ပတ်ဝန်းကျင်ပတ်ပတ်လည်သို့ ဝေ့ဝဲရှာ ဖွေကြည့်မိသည်။ ဘယ်မှာလဲ ကောင်လေးရေ၊ ဒီနေရာလေးမှာ ရှိနေ သိမ့်မယ်လို့ မွေး ထင်ထားခဲ့တာတွေ မှားယွင်းနေခဲ့ပြီလား။ တကယ်ကြွစွာ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ပြေးလာခဲ့သမျှတွေ အရာမထင်ဖြစ်ခဲ့ရပြီနဲ့တူသည်။

စိတ်လျှော့အားလျော့စွာဖြင့် မွှေး ခြေလှမ်းတွေ လေးကန်လာ၏။ လှပသော ပန်းပွင့်လေးများနှင့် သန့်ရှင်းသော လေကောင်းလေသန့်ရဲ့အရသာကိုလည်း မွှေး မခံစားနိုင်တော့ပါ။ ဟိုဟိုဒီဒီ ဝေ့ဝဲနေမိသော မျက်လုံးများသည်လည်း ကန်ဘောင်မြက်ခင်းပြင်လေးဆီသို့သာ ငုံ့မိုးကြည့်နေမိခဲ့သည်။ မျက်ဝန်းမှာ မျက်ရည်စတွေ ခိုတွဲလာ၏။

ဒီလိုနဲ့ ဒေးဒေးကိုလုံးဝ ရှာမတွေ့တော့ရင် ဘယ်လိုလုပ်ကြမလဲဒေါ်မြတ်မြတ်သူရော မွှေးပါ ရင်ကွဲရမှာပါ။ တခြားသူတွေအားလုံးရှေ့မှာ မွှေး ခံစားရသမျှတွေကို ထိန်းချုပ်ထားနိုင်ပေမယ့် မွှေးကိုယ်မွှေးတော့ မလိမ်ညာချင်ပါ။ ဒေးဒေးပေါ်မှာ တွယ်ငြိမိခဲ့သော သံယောဇဉ်သည် မွှေး ကြုံတွေ့ခဲ့ရသည့် အတိတ်ဆိုးများကြောင့် နာကျင်ရခြင်းများကိုတောင် လျော့ပါးသက်သာစေခဲ့ပါသည်။

ကောင်လေးကို မွှေးရဲ့အတိတ်အကြောင်းတွေ ဖုံးကွယ်ထားရသည်ကိုလည်း ကိုယ့်ကိုကိုယ် မလုံလှပါ။ သူ့ရဲ့သန့်ရှင်းဖြူစင်သော သံယောဇဉ်ကို မွှေးက လျှို့ဝှက်ချက်များစွာဖြင့် ရယူနေသလို ခံစားရသည်။ ကောင်လေးဘက်က ပွင့်လင်းခဲ့သလောက် မွှေးကတော့ ဒီအတိတ်ဆိုးကို ဖွင့်မပြောနိုင်လောက်အောင် ဖြစ်ခဲ့ရတာမဟုတ်လား။

"မမ"

နောက်ဘက်ဆီမှ တိုးတိုးညင်သာစွာ ကြားလိုက်ရသော ခေါ်သံ။ မွှေးတစ်ကိုယ်လုံးက ကြက်သီးမွှေးညင်းလေးတွေ ထသွားရသည်ထိ လှိုက်ခနဲ ခံစားလိုက်ရသည်။ နောက်ကျောဘက်ဆီ လှည့်ကြည့်လိုက်ချိန်မှာတော့ မွှေး ရင်ထဲမှာ လှိုက်လှဲပျော်ရွှင်ခြင်းတွေ ဖြတ်သန်းပြေး





သွားရလောက်အောင် ညှို့ယူနိုင်စွမ်းသော အပြုံးလေးဖြင့် ရပ်နေခဲ့သည့် ကောင်လေး။

"မင်း မင်း ဒီနေရာမှာ တကယ်ပဲ ရှိနေခဲ့တယ်ပေါ့"

မွှေး မျက်နှာပေါ်က ပျော်ရွှင်မှုအရှိန်အဟုန်တွေကို ကောင်လေးရှေ့မှ ဟန်ဆောင်ဖုံးဖိဖို့ မေ့လျော့စွာ။

"ကျွန်တော် ပြန်သွားခဲ့ပါပြီ၊ တည်းခိုခန်းက ကောင်လေးတွေက အကြောင်းစုံပြောပြလို့ ဒီနေရာမှာ မမကို ပြန်လာရှာတာ"

"ကိုယ့် ဒီနေရာကိုလာမယ်လို့ မပြောမိပါဘူး"

"ဝိတ်တာလေးတွေက မမ ငှားသွားတဲ့ဆိုင်ကယ်ကယ်ရီသမားလေးကို လှမ်းတွေ့လိုက်တယ်လေ"

"ဪ"

သူ့ကျတော့လည်း မွှေးကိုရှာဖွေဖို့ လွယ်ကူလိုက်တာ။ မွှေးမှာသာ စိတ်ပင်ပန်းလူပင်ပန်းနှင့် ဒီကောင်လေးကို အရူးတစ်ယောက်လိုလိုက်ရှာနေခဲ့ရတာ။

"ကိုယ့်ကိုပုန်းနေတဲ့ကလေးက ပြန်လိုက်ရှာတယ်ဆိုတော့ ယုံဖို့တောင် ခက်တယ်"

"စကားနာမထိုးပါနဲ့ မမရဲ့၊ ကျွန်တော့်ကြောင့်နဲ့ မမ တည်းခိုခန်းထိ ရောက်လာခဲ့တယ်ဆိုတာ သိလိုက်ရတော့ ကျွန်တော်လေ ဝမ်းလည်းသာသွားတယ်၊ မမကိုလည်း သိပ်တွေ့ချင်သွားတယ်"

"ကိုယ်သာ အဲဒီကို ရောက်မလာခဲ့ရင် မင်းက ဆက်ပုန်းနေဦးမှာပေါ့လေ"

မွှေးစကားကို ပြန်မဖြေဘဲ ကောင်လေးက ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ချစ်စရာနူးညံ့သော မျက်နှာလေးကို မွေး မတွေ့ခဲ့ရတဲ့ရက်ပိုင်းလေးလောက်ကို မွေး နာကျင်စွာ မေ့ပစ်လိုက်၏။

"ကျွန်တော် ဒီမှာ ပန်းချီလာဆွဲနေတာ နှစ်ရက်ရှိပြီ၊ မနေ့က တော့ တစ်နေ့လုံးနီးပါး ရှိနေခဲ့တာ၊ ဒီနေ့တော့ အနားယူချင်တာနဲ့ တည်းခိုခန်းကို စောစောပဲ ပြန်သွားလိုက်တာလေ၊ အဲဒါကြောင့် မေးနဲ့ လွဲသွားတာပါ"

စိမ်းလန်းနေသော မြက်ခင်းပြင်တွင် ကောင်လေးက ခြေပစ် လက်ပစ် ထိုင်ချလိုက်၏။ မွေးလည်း သူ့နံဘေးတွင် ဝင်ထိုင်လိုက်သည်။

"မမက ဘာလို့ ကျွန်တော့်ကိုလိုက်ရှာနေတာလဲ"

ကန်ရေပြင်ကို ငေးမောလျက် ကောင်လေး မေးသည်။ မွေး အဖြေရခက်ခဲသွားတာ စက္ကန့်ပိုင်းလောက်ပါပဲ။

"မင်းအမေက ကိုယ့်ဆီရောက်လာတယ်လေ၊ ခုလည်း သူ မြို့ဟိုဘက်က မင်းကျောင်းတက်တဲ့ရပ်ကွက်လေးတွေဘက်မှာ သွားရှာ တယ်"

"ဟင် မေမေတစ်ယောက်တည်းလား"

ကောင်လေးမျက်နှာမှာ သူ့အမေကို စိတ်ပူသွားပုံဖြင့် ချက်ချင်း ပြောင်းလဲသွား၏။

"ဦးအောင်မျိုးကားနဲ့ သွားကြတာပါ"

"ဩော်"

သက်ပြင်းလေး မသိမသာချလိုက်တာ မွေး သတိထားမိလိုက် ပါသည်။ သူ အဝေးတစ်နေရာကို ငေးမောနေစဉ်မှာပဲ မွေးက ဒေါ်မြတ် မြတ်သူထံ ဖုန်းခေါ်လိုက်ပါသည်။





"အစ်မရေ ဒေးဒေးကို တွေ့ပြီ စိတ်မပူနဲ့တော့၊ သူ ဘာမှမဖြစ် ပါဘူး၊ အခုလည်း မွေးနဲ့တူတူရှိနေပါတယ်၊ မွေးတို့ ခဏနေရင် ပြန်လာ ခဲ့မယ်နော်၊ အစ်မလည်း အိမ်မှာပဲ ပြန်စောင့်နေလိုက်တော့"

ဒေါ်မြတ်မြတ်သူကို အသိပေးလိုက်ပြီးပြီမို့ မွေးလည်း ပေါ့ပါး သွားခဲ့သည်။ ကောင်လေးကတော့ ဘေးနားမှာ ငြိမ်သက်စွာ ငေးမော ထိုင်နေဆဲ။

"မင်းရဲ့အတိတ်ကို မင်းမှတ်မိနေသေးတဲ့အကြောင်း မွေးစား မိဘတွေကို မပြောပြထားခဲ့ဖူးဘူးဆို၊ မမကတော့ ပြောပြသင့်တယ် ထင်လို့ အားလုံးကိုပြောပြထားခဲ့တယ်၊ မင်းအမေလည်း တော်တော်လေး ကို ခံစားနေရပါတယ်"

"ကျွန်တော့်အသက် ဆယ်နှစ်ကျော်လောက်မှာ ပြောပြဖို့ စိတ် ကူးခဲ့ပါသေးတယ်၊ ဒါပေမဲ့ ပြောပြလိုက်ရင် မေမေပဲ ပိုခံစားနာကျင်ရ မယ်ဆိုတာသိလို့ မပြောပြဖြစ်ခဲ့တာ၊ တကယ်တော့ မေမေတို့လည်း သိထားသင့်ပါတယ်လေ၊ မမ မမှားပါဘူး"

ခုချိန်ထိ မွေး မျက်နှာကိုမကြည့်သေးဘဲ အဝေးကိုငေးမော လျက်က စကားတွေပြောနေခဲ့သော ကောင်လေးသည် မွေးကို စိတ်နာ နေခဲ့သေးလား။

"မင်းက မမခြံထဲကနေ ထွက်သွားပြီး မြို့ကအိမ်ကိုလည်း ပြန်ဘဲနဲ့ ဘယ်သွားမယ်များ စိတ်ကူးထားလို့တုန်း"

"ထွက်လာတုန်းကတော့ ဘာစိတ်ကူးမှ မရှိခဲ့ပါဘူး၊ ခုတော့ ရန်ကုန်သွားဖို့ စိတ်ကူးထားတယ်"

"ရန်ကုန် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ် မမ၊ မမဆီကနေ ထွက်လာခဲ့ရတာက မမရဲ့ သိက္ခာကို ငဲ့ကွက်လို့ပါ။ တစ်ရက်လောက်ပဲဖြစ်ဖြစ် မမနားကနေ ထွက်ခွာသွားပေးချင်ခဲ့တယ်''

မင်း မမကိုအထင်လွဲနေပြီလို့ ပြောလိုက်ချင်ပေမယ့် မွေး နှုတ်ဖျားတို့ ဆွံ့အနေခဲ့သည်။

''ခုတော့ ကျွန်တော် ရန်ကုန်သွားဖို့ ဆုံးဖြတ်လိုက်ပြီ''

''ကျောင်းတက်ဖို့အတွက်''

''ကျောင်းမတက်တော့ဘူး မမ၊ ကျွန်တော် ဝါသနာပါတဲ့ ပန်းချီ ပညာကိုပဲ စောက်ချပြီး လေ့လာတော့မယ်''

မွေးစကားကိုတောင် ဆုံးအောင်မစောင့်တော့ဘဲ ကောင်လေး သူ့ဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသား ကြေညာလိုက်၏။

''မင်းရဲ့နေရေးထိုင်ရေးက ရှိသေးတယ်၊ မင်းထင်သလောက် မလွယ်ဘူးနော်၊ ရန်ကုန်လိုနေရာမျိုးမှာ ရှင်သန်ရုန်းကန်ဖို့က မလွယ်ဘူး လုပ်ပါဘူး ကလေးရယ်''

''ကျွန်တော် ယောကျ်ားပါဗျ၊ ကြိုးစားရင် ဖြစ်မှာပေါ့''

မွေး ပြောစရာစကားမရှိတော့သလို ကောင်လေးမျက်နှာကိုသာ ငေးကြည့်နေမိသည်။ ကောင်လေးကလည်း မွေးကိုဖျတ်ခနဲ လှည့်ကြည့် လာသောကြောင့် နှစ်ဦးသားအကြည့်ချင်း ဆုံမိကြသည်။ ကောင်လေး က အကြည့်ကိုမရုပ်သိမ်းဘဲ စူးစိုက်စွာ ဆက်ကြည့်နေခဲ့သဖြင့် မွေးကသာ စတင်မျက်နှာလွှဲလိုက်ရ၏။

''အခု မင်းမမနဲ့ ပြန်လိုက်ခဲ့ပါ''

''ခြံထဲကိုလား မမ''





ပြုံးရင်းမေးလိုက်သော အဲဒီအပြုံးလေးမှာ လှောင်ပြောင်လိုစိတ် တွေ ငြိစွန်းနေတယ်လို့ မွေး စွပ်စွဲပြောလိုက်ချင်စိတ်တွေကို မနည်း ထိန်းသိမ်းလိုက်ရ၏။

''မင်းမေမေအိမ်ကိုပေါ့''

ကောင်လေးမျက်နှာထက်က လှောင်ပြုံးလေးတွေ လွင့်စင်သွား ချက် တည်ငြိမ်သွားကြပြန်သည်။

''ကျွန်တော် မလိုက်တော့ဘူး မမ၊ ရန်ကုန်သွားဖို့ပဲ ကျွန်တော် ကြိုးစားချင်တယ်''

''မင်းရန်ကုန်သွားမယ်ဆိုတာ ချက်ချင်းကြီးလား။ ဒီလောက် လွယ်ကူဘူးနော်၊ သွားရမှဖြစ်မယ်ဆိုလည်း မင်းမေမေကို အကျိုး အကြောင်းပြောပြဖို့ လိုက်တွေ့လိုက်ပါဦး။ မင်းဖြစ်စေချင်တာတွေကို သေသေချာချာ ရှင်းပြရင် မင်းအမေ နားလည်မှာပါ''

ကောင်လေးက အဖြေပြန်မပေးသေးဘဲ သက်ပြင်းကိုသာချ လိုက် ရှိ၏။ မိနစ်အနည်းငယ်ကြာသည်ထိ နှစ်ယောက်သား ငြိမ်သက်စွာ ထိုင်နေကြပြီးမှ

''ကောင်းပြီလေ မေမေ့ကိုလည်း ကျွန်တော် သိပ်တွေ့ချင်နေ တာပါ''

ထိုအဖြေစကားလေးရမှပင် မွေးမှာ ပြုံးလိုက်နိုင်တော့၏။

သားအမိနှစ်ယောက် ပြန်လည်ဆုံတွေ့ကြတော့ အရင်ပြေးဖက် သူက ဒေါ်မြတ်မြတ်သူပါပဲ။ ဒေးဒေးကို တင်းကျပ်စွာ ပွေ့ဖက်ထားရင်း မျက်ရည်တွေ တသောသောစီးဆင်းနေခဲ့သည်။

''သားရယ် ဘယ်တွေလျှောက်သွားနေခဲ့တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"မငိုပါနဲ့တော့ မေမေ၊ ကျွန်တော် ပြန်ရောက်လာပြီပဲ"

တည်ငြိမ်ရင့်ကျက်သောအသံဖြင့် မိခင်ဖြစ်သူကိုတောင် ပြ
ချော့မော့နှစ်သိမ့်နေနိုင်သော ကောင်လေးကို မွေး ပြုံးလျက်သာ ကြည့်
နေမိသည်။

"သား အခုဘယ်မှမသွားပါနဲ့တော့၊ မေမေ့ဆီမှာပဲနေပြီး
ကျောင်းတက်ဖို့ ပြင်ဆင်ရအောင်ပါ"

ထိုင်ခုံတွင် အသီးသီးဝင်ထိုင်မိသည်နှင့် ဒေါ်မြတ်မြတ်သူ
နီးကပ်နေပြီဖြစ်သော ကျောင်းတက်ရက်အတွက်ပြင်ဆင်ရန် လော
လိုက်၏။ ဒေးဒေးက ခေါင်းကိုဖြည်းညင်းစွာ ခါရမ်းလိုက်ပါသည်။

"ကျွန်တော် ကျောင်းမတက်တော့ဘူး မေမေ၊ ရန်ကုန်သွား
ပန်းချီပညာကို ဒီထက်မက တိုးတက်အောင် လေ့လာချင်တယ်"

"ဟင် ရန်ကုန်သွားမယ် ဟုတ်လား၊ ဒီမှာ အခြေကျနေခဲ့
ကို ရန်ကုန်ချက်ချင်းကြီး ပြောင်းဖို့ဆိုတာ မလွယ်ကူဘူး သားရယ်"

"မဟုတ်ဘူး မဟုတ်ဘူး မေမေ၊ သားနဲ့အတူ မေ
လိုက်ပြောင်းစရာ မလိုပါဘူး၊ မေမေ့အလုပ်နဲ့ မေမေ့ဘဝကို အသစ်ပြ
စေချင်တာပါ၊ ရန်ကုန်ကိုတော့ သားတစ်ယောက်တည်း သွားမှာပါ"

"အို မဖြစ်နိုင်တာ သားရယ်၊ ငါ့သားလေးတစ်ယောက်တည
ရန်ကုန်မှာ ဘယ်လိုနေမလဲ၊ မေမေ စိတ်မချပါဘူး"

သားအမိနှစ်ယောက်လုံးဟာ လွန်ခဲ့တဲ့ အချိန်ကာလတစ်
ဒေးဒေးကို မွေးစားခဲ့သည့်အကြောင်းနှင့် အတိတ်ကာလအဖြစ်မျာ
မှတ်မိလျက်နဲ့ ရေငုံနှုတ်ပိတ်နေခဲ့သော အကြောင်းတွေကို နည်းနည
ပင် အစဖော်ပြောဆိုခြင်း မပြုကြပါ။





နောက်ဆုံးတော့ အလျှော့မပေးသော ဒေါ်မြတ်မြတ်သူကို ချန်ထားရစ်ခဲ့လျက် ဒေးဒေးအခန်းထဲ ဝင်သွားခဲ့သည်။ ဒေါ်မြတ်မြတ်သူမှာတော့ ဧည့်ခန်းမှ ထိုင်ခုံလေးတွင်ထိုင်လျက် တရှုံ့ရှုံ့ ငိုကြွေးနေခဲ့၏။ မွေးသည် ထိုအမျိုးသမီးနားသို့ တိုးကပ်သွားလျက် ပခုံးလေးကိုဖက်ကာ နှစ်သိမ့်အားပေးမိသည်။

"ဒေးဒေးက အစ်မအတွက် သိပ်ကိုတွေးပေးပါတယ်၊ ဦးအောင်မျိုးကို လက်ထပ်လိုက်ရင် အစ်မဘဝတည်ငြိမ်ပြီး အခုလောက်လည်း တစ်ယောက်တည်းနဲ့ ရုန်းကန်နေရမှာမဟုတ်ဘူးလို့ သူယုံကြည်နေတယ်လေ၊ ပြီးတော့ နောက်တစ်ချက်က သူဟာပန်းချီကို တကယ်ဝါသနာပါပြီး စိတ်အားထက်သန်နေတယ်၊ အဲဒီအတွက် သူဖြစ်ချင်တာလေးကို လိုက်လျောပေးတာက ပိုကောင်းမယ်လို့ မွေးတော့ထင်တယ် အစ်မရယ်"

"အစ်မလည်း ဘယ်လိုဆုံးဖြတ်ရမှန်းတောင် မသိတော့ပါဘူး"

ငိုကြွေးသံနှင့်ပြောနေသော ဒေါ်မြတ်မြတ်သူရဲ့ ရင်ထဲကို မွေးလှမ်းကြည့်လို့ရနေပါသည်။ မွေးစားသားဆိုပေမယ့် သားသမီးရင်းချာအတိုင်း ကျွေးမွေးစောင့်ရှောက်ခဲ့ရသည့် ကလေးတစ်ယောက်က ခုလိုမျိုး ကိုယ့်ရင်ခွင်ထဲကနေ အဝေးကြီးကို ထွက်သွားဖို့ပြင်နေတာကို ဘယ်မိခင်ကမှတော့ ပြုံးပြုံးလေးနှင့် လက်ခံနိုင်လိမ့်မည် မဟုတ်ပါ။

"သူဖြစ်စေချင်တာတွေကို အစ်မဘက်က လိုက်လျောနိုင်ရင်တော့ ကောင်းမှာပဲ၊ ရန်ကုန်မှာ သူသွားနေမယ်ဆိုတာကို မွေးလည်း အစ်မထက်မလျော့တဲ့စိတ်နဲ့ စိတ်ပူမိပေမယ့် ဒေးဒေးက လိမ္မာတဲ့ကလေးတစ်ယောက်ပါ၊ ပြီးတော့ တစ်ယောက်တည်းနဲ့လည်း အဆင်ပြေအောင်



www.burmeseclassic.com

www.burmeseclassic.com



နေနိုင်မယ့်သူလို့ မွေးတော့ယုံကြည်တယ်၊ မွေးရဲ့ခြံထဲက ပန်းပွင့်လေးတွေကို စီးပွားရေးတစ်ခုအနေနဲ့ လူသိအောင် လုပ်ပေးနိုင်ခဲ့တာကို ကြည့်ပြီးတော့ပေါ့''

''အဲဒီတုန်းကလည်း မညိုလာပြောတာနဲ့ တန်းပြီး သူသွားမယ်လုပ်တော့တာလေ၊ အဲဒီခြံလေးကို သူတွေ့ဖူးတယ်တဲ့၊ အရင်ကတော့ ပန်းတွေမစိုက်သေးပေမယ့် ခြံနောက်ဘက် မြင်ကွင်းလေးက တော်တော်လှလို့ သူပန်းချီဆွဲဖို့ ခွင့်ပြုပေးပါဆိုတာနဲ့ အတင်းနားပူနားဆာလုပ်လွန်းလို့ လွှတ်ပေးခဲ့ရတာ၊ အစပိုင်းတော့ အစ်မလည်း စိတ်မချတာအမှန်ပဲ၊ နောက်ပိုင်း မညိုဆီလာလာတွေ့တဲ့ မွေးနဲ့သိကျွမ်းပြောဆိုကြည့်တော့မှ မွေးရဲ့တည်ငြိမ်တဲ့စိတ်လေးကြောင့် အစ်မလည်း စိတ်ချလက်ချ ထားနိုင်ခဲ့တာလေ''

မွေးနှုတ်ခမ်းထက်မှာ တွဲလွဲခိုနေသော အပြုံးသည် မချိပြုံးလေးသာ ဖြစ်နေပါလိမ့်မည်။ မွေးရင်ထဲက ခံစားချက်တွေက ဒေါ်မြတ်မြတ်သူပြောနေသလောက် တည်ငြိမ်မနေခဲ့တာ မွေးဘာသာပဲအသိဆုံးပါ။

''ညနေစောင်းနေပြီဆိုတော့ တောင်ပေါ်ပြန်တက်မနေနဲ့တော့ ဒီတစ်ညထပ်ပြီး အစ်မတို့ဆီမှာပဲ အိပ်သွားလိုက်၊ မနက်ကျ ဒေးဒေးကို လိုက်ပို့ခိုင်းလိုက်ပါ့မယ်''

ငြင်းလိုက်ချင်ပေမယ့် ညနေဆိုအပြန်လမ်းကမှောင်ကာ ရာသီဥတုကလည်း အေးစိမ့်လျက် နှင်းပွင့်လေးများပင် ကျဆင်းချင်တတ်တာမို့ ဘယ်ဆိုင်ကယ်ကယ်ရီသမားမှ မလိုက်ချင်တတ်ကြ။ ဒါကြောင့်လည်း မွေးမနေချင်တော့ပေမယ့် ခေါင်းညိတ်ရင်းသာ လက်ခံလိုက်ရ၏။

''အစ်မလည်း ဒေးဒေးပြောတဲ့ကိစ္စလေးတွေကို သေချာစဉ်းစား





ပေးပါနော်၊ ဒီကလေးက သူ့ကိုယ်သူ ထိန်းကျောင်းနိုင်ပါတယ်၊ မွေးလိုခဏတဖြုတ်နေခဲ့ဖူးတဲ့သူတောင် သူ့စိတ်ဓာတ်ကိုသိရင် အစ်မက ပိုနားလည်မှာပါနော်''

ဒေါ်မြတ်မြတ်သူ လျော့ရဲရဲလေးပြုံးလျက် ခေါင်းညိတ်ပြသည်။

''အစ်မ ခဏနားလိုက်ချင်တယ်ကွယ်''

''ဟုတ် အစ်မ၊ ညစာကို မညိုနဲ့မွေးပဲ ပြင်ဆင်လိုက်ပါ့မယ်၊ တခါနီးမှ လာခေါ်လိုက်မယ်နော်''

''ကျေးဇူးတင်ပါတယ် မွေးရယ်''

အခန်းထဲသို့ ဖြည်းညင်းစွာ လျှောက်လှမ်းဝင်သွားသော ဒေါ်မြတ်မြတ်သူရဲ့ ကျောပြင်မှာ အားအင်တွေယုတ်လျော့နေခြင်းကို မွေး ခံစားကြည့်လို့ရသည်။ သားအမိနှစ်ယောက်တည်းရှိသော ဘဝလေးမှာ သားဖြစ်သူက အဝေးကိုထွက်သွားတော့မယ်ဆိုတော့ သူ့မ ခံစားရသည့်အနေအထားကို မွေးကိုယ်ချင်းစာကြည့်ပေးနိုင်ပါ၏။

ညစာပြင်ဆင်ပြီးချိန်မှာ ဒေါ်မြတ်မြတ်သူ အခန်းထဲသို့ မွေးဝင်သွားခဲ့လိုက်သည်။ အိပ်ရာထက်မှာ ခွေခွေလေးလှဲအိပ်နေသော ပုံစံက အားမရချင်စရာ။

''အစ်မ ထမင်းစားရအောင်နော်''

''ခေါင်းတွေတအားမူးနေလို့ကွာ၊ အစ်မ မစားချင်တော့ဘူး''

''နည်းနည်းဖြစ်ဖြစ် ထစားလိုက်ပါလားအစ်မရယ်''

''တကယ်မရလို့ပါ ကူညီလက်စနဲ့ မညိုကို အိုဗာတင်းတစ်ခွက်လောက် ဖျော်ပြီးလာပို့ပေးဖို့ ပြောလိုက်ပါနော်၊ ဒီညတော့ ဆေးသောက်ပြီး အိပ်လိုက်တော့မယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း မွေးပြောလိုက်ပါ့မယ်"

သားကို တွေ့သွားပြီမို့ စိတ်ကိုဒုန်းဒုန်းချလိုက်ပုံနှင့် ဒေါ်မြတ်မြတ်သူ အိပ်ရာထက်ပုံကျသွားခြင်းပါ။ မွေးနားလည်စွာပင် အခန်းထဲမှာ ခြေသံဖွဖွနင်းလျက် ပြန်ထွက်လာခဲ့လိုက်၏။

ဒီတစ်ခါအလှည့်ကျသူက ဒေးဒေး။ အထဲမှပိတ်ထားသော တံခါးကို ခပ်တိုးတိုးခေါက်လိုက်သည်။ နှစ်ချက်သုံးချက်လောက်ထိ အထဲမှ ဘာမှမတုံ့ပြန်။

"ဒေးဒေး ဒေးဒေး ထမင်းစားမယ်"

"ကျွန်တော်မစားချင်ဘူး မမ"

တော်ပါသေးရဲ့ ပြန်ဖြေသံတိုးတိုးလေးတော့ ကြားခွင့်ရပေလို့

"မစားလို့မရဘူး၊ ထမင်းစားမှအားရှိမှာ"

"ကျွန်တော်မစားချင်ဘူး မမ"

"မင်းအရင် တံခါးဖွင့်လိုက်"

အထဲက ဘာလှုပ်ရှားသံမှ မကြားရပါ။ မွေးသူ့အခန်းတံခါးကို လေးငါးချက်ဆင့်ခေါက်လိုက်၏။

"မင်းကို တံခါးဖွင့်ခိုင်းနေတယ်နော်၊ အခုဖွင့်ပေး ဒေးဒေး"

"ကျွန်တော်မစားချင်တာကို မမကဘာဖြစ်လို့ အဲဒီလို လုပ်နေရတာလဲ"

အထဲမှ ခြေသံနှင့်အတူ တံခါးချပ်လေး အနည်းငယ်ပွင့်ဟလာပြီး ကောင်လေးမျက်နှာ ပေါ်လာသည်။

"မင်းကိုယ်မင်း သိပ်လူကြီးဖြစ်ပြီလို့ ထင်မနေနဲ့၊ မင်းကိုစိတ်ပူနေတဲ့ လူတွေရှိသေးတယ်ဆိုတာလည်း သတိရဦး"





မွေးစိတ်တိုတိုနှင့် ပြောလိုက်မိတော့ ကောင်လေးမျက်နှာက ပိုလို့တောင် မှုန်ကုတ်သွား၏။

"ကျွန်တော်ထမင်းစားချင်စိတ် မရှိတာကိုတောင် ဘယ်လိုနည်းနဲ့ ဝင်အောင်စားရမှာလဲ မမရဲ့"

ခုပဲ ငိုချလိုက်တော့မည့် ကလေးတစ်ယောက်လို ကောင်လေးက စူအောင့်အောင့်လေးပြောသည်။ မွေးချက်ချင်းပင် စိတ်တိုနေသော မျက်နှာထားကို ပြင်ပစ်လိုက်ပြီး အပြုံးလေးကို ဖန်ဆင်းယူလျက်

"ဘယ်လိုနည်းနဲ့ဝင်အောင် စားရမှာလဲဆိုတော့ ကိုယ်ခွံ့ကျွေးမယ်လေ၊ မင်းလက်လည်း ကောင်းသေးတာမှ မဟုတ်တာ"

"ဒီနှစ်ရက်လောက်မှာ ဘယ်ဘက်နဲ့စားကျင့်လုပ်ထားလို့ နည်းနည်းတော့ အဆင်ပြေနေပါတယ်၊ ထမင်းစားမယ်ဆိုရင်တောင် ကိုယ့်ဘာသာ စားနိုင်နေပါပြီ"

ရှုတည်တည်ပြောနေသော ကောင်လေးသည် မွေးကချော့လိုက်လျှင် ရယ်မောလိုက်တော့မည့် အနေအထားမှာရှိနေပြီဟု မွေးဘာလို့များ ကိုယ့်ကိုကိုယ် ယုံကြည်နေခဲ့မိပါလိမ့်။

"လာပါကွာ မင်းဘာသာစားနိုင်တာတွေတာတွေ ကိုယ်မသိဘူး၊ ဒီညစာကိုတော့ ကိုယ်ကိုယ်တိုင်ကျွေးမယ်"

ကောင်လေး၏ ပခုံးလေးကို လက်နှစ်ဖက်ဖြင့် နောက်မှတွန်းရင်း ထမင်းစားပွဲဆီ ခေါ်လာခဲ့၏။ ဒီညစာဟာ ကောင်လေးနဲ့နှစ်ယောက်အတူစားခွင့်ရသော နောက်ဆုံးညစာလည်း ဖြစ်ချင်ဖြစ်သွားနိုင်တာပဲလေ။

ဝမ်းနည်းကြေကွဲရခြင်းတွေကို ကောင်လေးမသိအောင် ဟန်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ဖုံးဖိထားရင်း ထမင်းကိုတစ်လုတ်ချင်း ခွံ့ကျွေးနေရတာကလည်း မွေးအတွက် မမေ့နိုင်သော အမှတ်တရပါပဲ။ မညိုက ငါးကြင်းကြော်နှပ် လေးချက်ထား၍ အရိုးများကို စနစ်တကျထွင်ရင်း စိတ်ရှည်လက်ရှည် ရှိနေသည့်မွေးကို ကောင်လေးကထမင်းစားရင်း ငေးကြည့်နေခဲ့သည်။

"ထမင်းစားပြီးရင် မင်းကို ကိုယ့်အကြောင်းတွေ ပြောပြမယ်၊ နားထောင်မလား"

မျက်ဝန်းလေးတွေ အရောင်လက်သွားတာက တကယ့်ကို အားရစရာ။ မွေးအကြောင်းတွေကို တကယ်ပဲစိတ်ဝင်တစား ရှိနေခဲ့သည့် ပုံမျိုးနှင့်ပါ။ မင်းသိချင်နေခဲ့တဲ့ အကြောင်းအရာတွေက မင်းနှလုံးသား လေးကို နာကျင်စေမှာ ကိုယ်စိုးရိမ်မိပါတယ်ကွယ်။

ဒါပေမဲ့ ကိုယ်ထပ်ပြီး ဖုံးကွယ်မထားချင်တော့ဘူးလေ။

အိမ်ပြင်ဘက် သစ်ပင်အောက်မှ အုတ်ခုံဝိုင်းလေးတွင် နှစ် ယောက်သားဘေးချင်းကပ်ထိုင်ရင်း ကောင်လေးကတော့ ကောင်းကင် ကို မော့ကြည့်နေခဲ့ပြန်သည်။

"ကြယ်တွေကြည့်နေတာလား ကလေး"

"ဟုတ်တယ် မမ"

"မမ စကားပြောလို့ရပြီလား"

မွေးသည်အသံကို အတည်ငြိမ်ဆုံးဖြစ်အောင်ထားလျက် လေး နက်စွာ မေးလိုက်သည်။ ကောင်လေးမျက်ဝန်းများက နံဘေးတွင် ကပ်ထိုင်နေသော မွေးထံသို့ ဖြတ်ခနဲရောက်ရှိလာပြီး

"မမရဲ့ဘဝအကြောင်းကို သိပ်သိချင်နေတဲ့ကောင်ပါဗျ"

"ဒါပေမဲ့ မင်းအခုကြားရမယ့် ကိုယ့်ဘဝအတိတ်အကြောင်းက





ဘယ်လိုမှ မလှပဘူးနော်"

"မမဘာသာ အတိတ်မှာဘာကြီးပဲ ဘယ်လိုကြီးပဲဖြစ်ခဲ့ဖြစ်ခဲ့ ကျွန်တော်ကတော့ အခုကျွန်တော့်ဘေးမှာ ရှိနေတဲ့မမကိုပဲ"

စကားတစ်ဝက်တစ်ပျက်နှင့် မွေးကိုမျက်လုံးရှောင်ဖယ်သွား သော ကောင်လေးရင်ထဲက စကားလုံးတွေကို မွေးမကြားရပါ။ တစ် ဝက်တစ်ပျက်နှင့် ထိန်းသိမ်းလိုက်နိုင်တာကိုပဲ မွေးမှာကျေးဇူးတင် နေမိပြန်၏။

"အိုကေလေ ဒါဆို ကိုယ်ပြောပြမယ်နော်"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ခေါင်းထဲက အလွန်အမင်း မူးနောက်နေသော်လည်း မျက်လုံးများကိုတော့ အားယူဖွင့်ကြည့်လိုက်သည်။ မွေးနဲ့ကိုကြီးတို့ရဲ့အိပ်စက်နေသော မွေ့ယာကြီးပေါ်မှာ မွေး ပက်လက်ကလေး လဲနေခဲ့သည်။ ဘေးနားတွင်တော့ စိတ်ပူပန်စိုးရိမ်နေသော မျက်ဝန်းများဖြင့် ကိုကြီးက မွေးဆံနွယ်လေးတွေကို လက်နှင့်သပ်တင်သည်။

မွေး မျက်လုံးပွင့်လာတော့ ဝမ်းသာလွန်းသော အမူအရာအဖြစ် ကိုကြီးမျက်နှာက ချက်ချင်းပြောင်းလဲသွားသည်။

"မွေး သက်သာရဲ့လားဟင်"

နူးညံ့ညင်သာနေသော ထိုအသံကို မွေး မကြားချင်ပါ။ မျက်နှာချင်းဆိုင်နံရံပေါ်က နာရီက မနက်ရှစ်နာရီနှင့်မိနစ်နှစ်ဆယ်ဖြစ်ကြောင်းပြသနေ၏။ မွေး ဒီအိပ်ရာပေါ်ရောက်နေတာ ဘယ်တုန်းကတည်းကလဲ။ ညကအဖြစ်အပျက်ကို မွေး မှတ်မိနေခဲ့သော်လည်း အားပျော့ခွေကျသွား





ပြီးသည့်ထိသာ မွေး၏ အသိစိတ်တွေ ပူးကပ်နေခဲ့ခြင်းဖြစ်သည်။ ဒီနောက်မှာ ကိုကြီး ဘယ်အချိန်ပြန်ရောက်လာခဲ့သလဲ။ ဘာတွေဆက်ဖြစ်သလဲ မွေး မသိနိုင်တော့ပါ။

"မွေး သက်သာရဲ့လားလို့"

မွေးသည် ကိုကြီးမေးခွန်းကို ပြန်မဖြေဘဲ ကိုကြီးကိုသာ စူးရဲစွာပြန်ကြည့်နေမိ၏။ တစ်ကိုယ်လုံးက အားအင်တွေ ကုန်ခမ်းနေသလိုခံစားနေရသော်လည်း သူ့မျက်နှာကို ဒီလောက်တော့ မွေး ပြန်ကြည့်နိုင်သေးသည့်အတွက် ကိုယ့်ကိုကိုယ် ကျေနပ်သွားမိသည်။

"ကိုကြီးမိန်းမလေးက ကိုကြီး ညက အိမ်ပြန်နောက်ကျလို့ စိတ်ကောက်နေတယ်နဲ့တူတယ်"

အိမ်ပြန်နောက်ကျသတဲ့လား။ တစ်ညလုံးပြန်မလာတာရော ဖြစ်နိုင်ဘူးလား။ တစ်ညတာလုံး သတိလစ်မေ့မျောနေခဲ့သော မိန်းမရှေ့မှာ ညာချင်တိုင်းညာဖို့ အခွင့်အရေးရှိနေပြီပဲလေ။

"အဲဒီလိုကြီး ကြည့်မနေနဲ့ကွာ၊ ညကကိစ္စအတွက် ကိုကြီး တောင်းပန်တယ်"

တောင်းပန်တယ်ဆိုပဲ၊ ညကကိစ္စဆိုတာကရော ဘယ်ဟာကိုပြောတာပါလိမ့်။ သူ ဖောက်ပြန်တဲ့ကိစ္စကိုလား၊ သူ့အပြောအရ အိမ်ပြန်နောက်ကျသည်ဆိုတဲ့ကိစ္စကိုလား။ မွေး နှုတ်ခမ်းတစ်ချက်တွန့်လိုက်မိပြီး သူ့မျက်နှာထံမှ အကြည့်များလွှဲဖယ်ပစ်လိုက်၏။

"မွေးရေ စိတ်မကောက်နဲ့တော့ကွာ၊ မွေး အဲဒီလို ဆက်လုပ်နေရင် ကိုယ်တို့ကလေးလေးကပါ စိတ်ကောက်တတ်တဲ့ဟာလေး ဖြစ်နေလိမ့်မယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဟင် သူ့လေသံတွေက ချိုအီညွတ်နူးနေ၏။ ဆတ်ခနဲဆိုသလို သူ့ဘက်သို့ မွှေး ပြန်လှည့်ကြည့်မိတော့ သူ့နှုတ်ခမ်းများ ပြုံးနေသည်။ ဒီမျက်နှာအမူအရာဟာ ဘယ်တုန်းကမှ မွှေး မမြင်ဖူးခဲ့သော ပုံစံမျိုး တစ်ခုခုကို အကျေနပ်ကြီး ကျေနပ်ကာ ပျော်ရွှင်ဝမ်းမြောက်နေသော အမူအရာမျိုး။

ပြီးတော့ သူပြောလိုက်တဲ့စကားကလည်း ထူးဆန်းလိုက်တာ

''မဖြစ်နိုင်ဘူး''

မွှေး နှုတ်ဖျားမှ အားယူပြီး ပြောလိုက်မိသော ပထမဆုံးစကား သည် အထက်ပါအတိုင်း ဖြစ်သွားခဲ့၏။

''မွှေး ဘာကိုမဖြစ်နိုင်တာလဲ၊ လင်နဲ့မယားဖြစ်လာမှတော့ ရင်သွေးလေးရှိနေတာ မဖြစ်နိုင်စရာမဟုတ်ဘူးလေ၊ သိပ်ကိုဖြစ်နိုင်လွန်း တဲ့ကိစ္စပါကွယ်၊ ခုတော့ ဒေါက်တာကိုလွင်ကိုယ်တိုင်လည်း စမ်းသပ် သေချာပြီးပြီလေ''

မွှေးသည် ရင်သွေးဆိုသည့်စကားကြောင့် နှလုံးသားတစ်ခုလုံး လေဟာနယ်ထဲမြောက်တက်သွားသလို ခံစားကြည်နူးသွားမိသော်လည်း ထိုခံစားမှုလေးသည် ခဏတာလေးသာဖြစ်ခဲ့၏။ အဲဒီခံစားမှုလေးရဲ့ နောက်ဆက်တွဲအဖြစ် မွှေး ကိုယ့်ကိုကိုယ် ယူကျုံးမရဖြစ်မိသည်။ အချိန် များယွင်းစွာ ရောက်ရှိလာခဲ့သော ကြည်နူးမှုလေးကို အားတုံ့အားနာ ဖြစ်မိသည်။

''မွှေး ခေါင်းမူးနေသေးတယ်နဲ့တူတယ်၊ ကိုကြီးက ပျော်လွန်း လို့ စကားတွေ ပြောနေမိတာပါကွာ၊ မွှေး သတိလစ်နေတုန်းက ဘယ် လောက်တောင် စိတ်ပူနေခဲ့ရလဲ သိလား၊ မွှေးက ရေချိုးခန်းထဲမှာ





လဲကျနေခဲ့တာလေ၊ ဘယ်အချိန်တည်းကလဲမသိဘူး၊ ဒေါက်တာ့ဆီ ဖုန်း တွေအမြန်ဆက်ပြီး ညတွင်းချင်းပဲ လာခိုင်းခဲ့ရတာ၊ မမျှော်လင့်တဲ့ ဝမ်း သာစရာသတင်းလေးကိုပါ ကြားလိုက်ရတော့ ကိုကြီးလေ ဘယ်လောက် တောင်ရင်တွေခုန်ပြီး ပျော်သွားလဲ သိလား၊ ကိုကြီး မှားသွားတယ်ကွာ၊ မနေ့ညကမှ အလုပ်တွေက လုံးဝမပြတ်ဘူးဖြစ်နေခဲ့တာ''

ဘယ်အချိန်ထိ ဆက်လိမ်နေဦးမှာလဲ ကိုကြီးလို့ မွှေး မမေးပါ။ ခုချိန်မှာတော့ သူ လိမ်နေတာ မလိမ်နေတာတွေက ဘာများထူးဦးမှာ မို့လို့လဲ။ အမှန်တရားကို မွှေး နာကျင်ခံခက်စွာ သိရှိနေပြီးခဲ့ပြီပဲလေ။

''အိုကေ မွှေးအနားယူလိုက်ပါဦး၊ ဒေါ်စိန်ကို ကြက်သားဆန် ပြုတ်လေးပြုတ်ထားခိုင်းလိုက်မယ်နော်၊ မွှေးကို ကိုကြီးကိုယ်တိုင် ခွံ့ပေး မယ်၊ ဟုတ်ပြီလား၊ ဒီနေ့ ကိုကြီးကုမ္ပဏီလည်း မသွားတော့ဘူး''

သူ လိုက်လျောနေသမျှတွေဟာ သူ့အပြစ်ကြောင့်ပဲမဟုတ်လား။ မဟုတ်တာလုပ်ထားသည့် သူ့သစ္စာမရှိမှုတွေကို ဖုံးဖိဖာထေးသည့်အနေ ဖြင့် မွှေးအပေါ်မှာ သိပ်ကောင်းပြနေခဲ့တာပဲ မဟုတ်လား။

မျက်လုံးများကို ပြန်မှိတ်ထားလိုက်၏။ မွှေးသည် သူ့အသံကို လည်း မကြားချင်ပါ။ သူ့မျက်နှာကိုလည်း မမြင်ချင်ပါ။ ဖြစ်နိုင်ရင် သူ ပိုင်ဆိုင်သော ဒီအိမ်ကြီးထဲမှာတောင် တစ်စက္ကန့်လောက်ပဲဖြစ်ဖြစ် ဆက် နေချင်စိတ် မရှိခဲ့ပါ။

ခုတင်ထက်မှာ တင်ပါးလွှဲထိုင်နေရာမှ သူ ထထွက်သွားတာ မွှေး မျက်စိများပိတ်ထားသော်လည်း သိနေပါသည်၊ သက်ပြင်းသဲ့သဲ့လေး ချသွားသည့်အသံကိုလည်း မွှေး ကြားလိုက်မိသေးသည်။ ပိတ်ထားသော မျက်လုံးထောင့်စွန်းမှ တစ်ပြိုင်နက်တည်းလိုလို မျက်ရည်စီးကြောင်းနှစ်ခု



www.burmeseclassic.com

ဖြည်းညင်းစွာ စီးဆင်းကျသွား၏။

လောကကြီးမှာ မွှေးကို အပြစ်ဒဏ်ခတ်ပုံက ကြမ်းတမ်းရက်စက်လွန်းလှပါသည်။ မွှေး ဗိုက်ထဲမှာက ကိုကြီးရဲ့ရင်သွေးလေးရှိနေကြောင်း သိလိုက်ရပြီးနောက်မှာ ကိုကြီးရဲ့ဖောက်ပြန်မှုကြီးကို မွှေး ဘယ်လိုမျက်နှာနှင့်မေးရမည်နည်း။ မဟုတ်သေးပါဘူး ကလေးလေးမျက်နှာနှင့် မွှေးက ကိုကြီးကိုခွင့်လွှတ်ရတော့မှာ မဟုတ်ဘူးလား။

မွှေးဘက်က ရှုံးနိမ့်သွားခဲ့ပြီမဟုတ်လား။ ယောကျ်ားဖြစ်သူဖောက်ပြန်နေမှန်း သိနေခဲ့ပြီးကာမှ မွှေးသည် ရေငုံနှုတ်ပိတ်ကာ ဘာမှမသိသည့် ငနုံအတစ်ယောက်လို ဆက်နေရဦးမည်တဲ့လား။ မွှေးဘက်ကိုနည်းနည်းလောက်တော့ ထည့်စဉ်းစားပေးခဲ့သင့်ပါတယ် ကံကြမ္မာရယ်။

တစ်နာရီနီးပါးမျှ ကုန်လွန်ပြီးတော့ အခန်းထဲသို့ ဆန်ပြုတ်ပန်းကန်ကိုင်လျက် ကိုကြီး ဝင်လာခဲ့၏။

"စားရအောင်နော် မွှေး၊ ကိုကြီး ခွံ့ပေးမယ်"

"စားပွဲပေါ်တင်လိုက်ပါ၊ ကိုယ့်ဘာသာ စားပါ့မယ်"

မာသောလေသံနှင့် ပျော့ပျောင်းခြင်းမရှိသော မျက်နှာအမူအရာကို ကိုကြီး နားမလည်နိုင်သလို ငေးကြည့်နေခဲ့သည်။ ပန်းကန်ကိုစားပွဲပေါ်သို့ ခပ်မြန်မြန်လှမ်းတင်လိုက်ပြီး လူကတော့ မွှေးနားတွင်ဇွေ့ခနဲ ဝင်ထိုင်လိုက်၏။

"ဘာဖြစ်နေတာလဲ မွှေး၊ ညကနောက်ကျသွားတဲ့အတွက် ကိုကြီး တကယ်တောင်းပန်ပါတယ်၊ ကျေပါတော့နော် မွှေး စိတ်တိုနေရင် ဗိုက်ထဲက ကိုကြီးတို့ရင်သွေးလေးအတွက် မကောင်းဘူးကွ"

ကိုကြီးသည် မွှေးကိုချော့ချင်ပါလျက် မချော့တတ်သော ဆယ်ကျော်သက်ကောင်လေးတစ်ယောက်လိုပင်။ မွှေး မသိအောင် ကျူးလွန်ထားသောကိစ္စတွေအတွက် မွှေးကိုချော့ရမှာပင် ကိုကြီး အားနာနေခဲ့ပြီနဲ့တူ၏။

"ဘာလို့နောက်ကျတာလဲ"

ပြတ်သားသောအသံကြောင့် ကိုကြီး မသိမသာလောက်လေး မျက်နှာပျက်သွား၏။ နောက်ကွယ်က အမှန်တရားတွေကိုသာ မွှေး မသိနိုင်သေးလျှင် ကိုကြီးရဲ့တောင်းပန်စကားတစ်ခွန်း အကြည့်ချိုချိုတစ်ချက်အောက်မှာတင် မွှေး အရည်ပျော်သွားမိမှာ သေချာ၏။

ခုတော့ မွှေးကအရာရာကို ကာယကံရှင်တွေဆီကနေ နားနှင့်ဆတ်ဆတ်ကြားခဲ့ရတာ မဟုတ်လား။ မျက်လုံးများကို စုံမှိတ်ပစ်လိုက်ပြီး ခေါင်းကိုဘယ်ညာအဆက်မပြတ် ရမ်းခါပစ်လိုက်သည်။ နားထဲကကြားသံတွေ မျက်လုံးထဲက ပုံရိပ်တွေ ထွက်သွားကြပါတော့။

"မွှေး မွှေး ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲဟင် ဘယ်နားကနေမကောင်းလို့လဲ"

"ကိုကြီး ထွက်သွားပေးပါ၊ မွှေးတစ်ယောက်တည်း နေပါရစေ၊ ဆန်ပြုတ်ပန်းကန်ပါပြန်ယူသွားပါ"

မွှေးသည် အင်အားချိနဲ့ဖျော့တော့နေသူလို လေသံပျော့လေးနှင့် တောင်းဆိုမိသည်။ ကိုကြီးကတော့ ဘယ်လိုမှ နားမလည်နိုင်သောမျက်ဝန်းများဖြင့် မွှေးကို စိုက်ကြည့်နေခဲ့၏။

"မွှေး မင်းဘာဖြစ်နေတာလဲ၊ သတိပြန်ရလာတည်းက မင်းကိုကိုကြီး နားမလည်နိုင်တော့ဘူး၊ မင်းက သူစိမ်းတစ်ယောက်ဖြစ်သွားသလိုပဲ"




www.burmeseclassic.com

www.burmeseclassic.com



မွေး နှုတ်ခမ်းလေးတစ်ချက်မဲ့လျက် ပြုံးလိုက်မိသည်။ မျက်ဝန်းတွင် မျက်ရည်တို့ရစ်ဝဲလာပြန်၏။ မွေးက သူစိမ်းတစ်ယောက်ဖြစ်သွားသလိုပဲ ဆိုပါလား။ အေးပေါ့လေ မွေးက သူစိမ်းတစ်ယောက်ဖြစ်သွားပြီပေါ့။

"ဆန်ပြုတ်ကိုတော့ သောက်လိုက်ပါ၊ အခုကစပြီး အရင်က ထက် မင်းကိုယ်မင်း ပိုဂရုစိုက်ရတော့မယ်ဆိုတာ သိတယ်မဟုတ်လား"

မွေးကို သတိပေးစကားလား၊ ဂရုစိုက်စကားလားမသိသော စကားတစ်ခွန်းပြောပြီး အခန်းထဲမှ ပြန်ထွက်သွားသော ကိုကြီးကို မွေး မုန်းပစ်လိုက်ချင်ပါသည်။

သို့သော် ခုချိန်မှာတော့ မွေး တတ်နိုင်တာက ငိုကြွေးခြင်းပါပဲ။

■ ■ ■

မွေးသည် ကိုယ်ဝန်ရှိမှန်း သိပြီးနောက်ပိုင်းရက်များတွင် အိပ်ရာထဲလဲမနေတော့သော်လည်း ကိုကြီးကိုတော့ တတ်နိုင်သလောက် ရှောင်ရှားနေမိ၏။

"မွေးရေ ကိုကြီး တကယ်နားမလည်နိုင်တော့ဘူးကွာ၊ ဒီရက်ပိုင်း ဘာဖြစ်နေတာလဲ"

မနက်စာစားပိုင်းတွင် အနည်းအကျဉ်းသာ စားသောက်လျက် ထထွက်သွားရန် ပြင်ဆင်နေသော မွေးကို ကိုကြီးက လှမ်းမေးလိုက်ခြင်းဖြစ်သည်။ မွေးမှာ အဖြေစကားမရှိပါ။

"ဘာမှမဖြစ်ပါဘူး"

"တစ်ခုခုဖြစ်နေတာ ကိုကြီး သိနေတာပဲ၊ ဘာလို့ ကိုကြီးကို မပြောပြချင်တာလဲဟင်"





"ဘာမှမဖြစ်ဘူးလို့ မွေး ပြောပြီးပြီပဲ"

"မွေး မင်းကွာ လင်မယားနှစ်ယောက်လေး ရှိတာကို ဘာဖြစ်နေကယ်ဆိုတာ ကိုကြီးကို မပြောရင် ဘယ်သူ့ကိုပြောချင်တာတုန်း"

ဒါကတော့ မွေးသိက္ခာကို စော်ကားလွန်းသွားပါပြီ။ အားမလိုအားမရပြောလိုက်သော စကားတစ်ခွန်းဟာလည်း ခုချိန်မှာ ဓားနှင့်ထိုးခံရသလို နာကျင်စေပါသည်။

"မွေးကတော့ ကိုကြီးကလွဲရင် ဘယ်သူ့ကိုမှ ပြောပြစရာမရှိပါဘူး"

"အဲဒါ ဘာသဘောလဲ မွေး"

"ဘာမှမဖြစ်ပါဘူးဆိုတာကို ကိုကြီးက အတင်းမရမက လိုက်မေးနေမယ်ဆိုရင်တော့ မွေးလည်း တကယ်မဖြေတတ်တော့ဘူး"

"မွေး ခဏလောက် ပြန်ထိုင်လိုက်ပါ၊ ကိုကြီး အနူးအညွတ်တောင်းပန်ပါတယ်"

လက်တစ်ဖက်ကိုဆွဲကိုင်လျက် ကိုကြီး တောင်းဆိုလာတော့ မွေး ထိုင်ခုံတွင် ပြန်ထိုင်လိုက်ပါ၏။

"ကိုကြီးကို ပွင့်ပွင့်လင်းလင်း ပြောပါ မွေး၊ ဘာလဲ မွေးက ကလေးမလိုချင်တာကို ကိုကြီးယူမိလို့လားဟင်"

ကိုကြီးမျက်ဝန်းတွေက တောင်းပန်တိုးလျှိုးသလို အရောင်တွေမှိန်ဖျော့နေ၏။ တကယ်ဆို မွေးက ကိုကြီးနဲ့လက်ထပ်ဖို့အစီအစဉ်တွေဆွဲနေတည်းက လက်ထပ်ပြီးတာနှင့် ကလေးတန်းယူရန် စိတ်ကူးရှိနေခြင်းပါ။ ကိုကြီးက အသက်တွေတဖြည်းဖြည်း ပိုကြီးလာမှာလေ။ မွေးက ကိစ္စမရှိပေမယ့် ကိုကြီးကိုတော့ ရင်သွေးလေးတစ်ယောက်ကို မြန်မြန်စွာ



www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားပေးချင်သည့်စိတ်ကူးက မွေးဆီမှာ ခိုင်မာစွာရှိနေခဲ့ပြီးသားပါ။

ဒါပေမဲ့ ကိုကြီးက ခုတော့ မွေးကို ဗိုက်ထဲက ကလေးအား မလိုချင်သေးလို့လားဟူသော မေးခွန်းမျိုး မေးလာခဲ့သည်။ မွေးစိတ်ထို့ ကိုကြီး နည်းနည်းမှ နားမလည်ခဲ့ဘူးလား။

"ကိုကြီး မေးနေတယ်လေ၊ မွေး ဒီကလေးကို မလိုချင်သေး ဘူးလားလို့"

"မလိုချင်သေးဘူးဆိုရင် ကိုကြီးက ဘာလုပ်ချင်လို့လဲ"

ပေစောင်းစောင်းကြည့်လျက် မေးလိုက်သော မွေးကိုကိုကြီး အံ့သြတကြီး ကြည့်နေခဲ့သည်။

"မင်းတကယ်ပြောနေတာလား မွေး။ ကိုယ်က အထင်နဲ့မှန်းပြီး ဒီမေးခွန်းကိုမေးလိုက်ပေမယ့် မင်းစိတ်ထဲမှာ အဲဒီလို တကယ်ဖြစ်နေလိမ့် မယ်လို့ လုံးဝ မမျှော်လင့်ခဲ့ဘူး"

ကိုကြီးအသံတွေ တုန်ယင်နေခဲ့သည်။ လက်သီးနှစ်ဖက်ကိုလည်း ဆုပ်ထားလိုက်သေး၏။ ကိုကြီး အဲဒီလိုဖြစ်နေတာကိုကြည့်ပြီး မွေးက တော့ ကျေနပ်နေမိသည်။

"ဒီကလေးကို မင်းတကယ်မလိုချင်ဘူးဆိုတာ သေချာလား"

"မလိုချင်ဘူးဆိုရင် ဘယ်လိုလုပ်မှာလဲလို့ မေးပြီးပြီပဲ"

မွေးသည် ကိုကြီးကို ဆက်အစ္စခွဲတိုက်ပစ်ချင်စိတ်တွေသာ ရင် ထဲမှာ ပြည့်နှက်နေခဲ့သည်။

"မွေး မင်းကွာ"

ကိုကြီးသည် ဆုပ်ကိုင်ထားသော မွေးလက်မောင်းကို လွှတ်ပေး လျက် နေရာမှထထွက်သွားခဲ့၏။ ကိုကြီးရင်ထဲမှာ မတင်မကျနှင့် မကျေ





နပ်မှုတွေ ပြည့်နှက်နေမှာ မွေး သိတာပေါ့။ သူ ခံရခက်စွာဖြင့် ဒီတစ်နေ့ လုံး အလုပ်တောင် ကောင်းကောင်းလုပ်နိုင်ချင်မှ လုပ်နိုင်ပါလိမ့်မည်။

မွေးသည် နှုတ်ခမ်းလေးများကို မဲ့ကွေးလျက် ရယ်မောလိုက် မိ၏။

■ ■ ■

"မင်းဆီကို ငါအားတိုင်း မလာနိုင်ဘူး နွယ်နီ"

အခန်းထဲဝင်ရန် ပြင်နေသော မွေး ခြေလှမ်းတွေ ရပ်တန့်သွား၏။ တံခါးကို မဖွင့်မိသေးတဲ့ ကျောက်ရုပ်တစ်ရုပ်လို ရပ်နေမိသည်။

"ငွေတွေကို မင်းတောင်းတိုင်းလည်း ငါပေးထားခဲ့ပြီးသားပဲ၊ ငါလာစရာ မလိုဘူးလို့ ထင်တယ်"

အေးစက်တုန်ယင်လာသော လက်ဖျားလေးနှစ်ဖက်ကို အချင်း ချင်း ပြန်လည်ဆုပ်ကိုင်လျက် ထိန်းထားရ၏။

"မွေးနဲ့ကိုင်ကိုင်ပြီး မင်း ငါ့ကိုခြိမ်းခြောက်နေတာတွေက သိပ် တရားလွန်နေပြီနော်"

ဟင့်အင်း မွေးမကြားချင်တော့ပါ။ သို့သော် ခြေထောက်များက နေရာမှ ရွေ့လို့မရကြ။ ခြေထောက်တွေမှ မဟုတ်ပါဘူးလေ၊ မွေးတစ် ကိုယ်လုံး လှုပ်ရှားလို့မရအောင် အေးစက်တောင့်တင်းနေကြပြီ။

"ကောင်းပြီလေ မင်းဒီလောက်တောင် တောင့်တနေရင်လည်း ငါလာခဲ့မယ်၊ အေး ဒါပေမဲ့ မင်းမှတ်ထားနော်၊ မင်းကိုပေးနေတဲ့အရာ တွေအားလုံးက အတုအယောင်တွေပဲ၊ ဘယ်တော့မှလည်း အစစ်ကို ရဖို့မမျှော်လင့်နဲ့ တောက်"

ကိုကြီး ဖုန်းချပစ်လိုက်ပြီး တံခါးနားသို့ လျှောက်လာသံကြား



www.burmeseclassic.com

www.burmeseclassic.com



ရ၏။ မွှေးသည် ခုမှ အသိဝင်လာသူတစ်ယောက်လို တံခါးရှေ့မှ ဖယ်ရှာရန် ကြိုးစားလိုက်သည်။ သို့သော် အချိန်မမီလိုက်ပါ။

"ဟင် မွှေး"

တံခါးကို ဖွင့်လိုက်တာနှင့် မွှေးကိုတန်းတွေ့လိုက်ရသောကြောင့် ကိုကြီး ဖြစ်ပျက်သွားတဲ့ မျက်နှာအမူအရာဟာ ကြောက်မတ်ဖွယ် တစ္ဆေတစ်ကောင်ကို တွေ့လိုက်ရသလိုမျိုး။ ကမ္ဘာပျက်တော့မည့်သတင်းကို ပထမဆုံးကြားလိုက်ရသူလိုမျိုး နှိုင်းယှဉ်ပြရန် စကားလုံး ရှားပါးနေခဲ့၏။

"ဒီ ဒီမှာ ဘာလုပ်နေတာလဲ"

"အခန်းထဲဝင်မလို့ပေါ့ ကိုကြီးရဲ့၊ ဘာလုပ်ရမှာလဲ"

တုန်တုန်ယင်ယင် ဖြစ်နေသော ကိုကြီးအသံကို ထိန်းပေးသည့်သဘောဖြင့် မွှေးကတော့ ဘာမှမဖြစ်သလို ပေါ့ပေါ့ပါးပါးပင် ပြောလိုက်၏။

မွှေးရဲ့ဘာမှမဖြစ်သလို အမူအရာကိုကြည့်ပြီး ကိုကြီးလည်း နည်းနည်းတော့ တည်ငြိမ်သွားသည်။ ပျက်ယွင်းနေသော မျက်နှာကိုလည်း ချက်ချင်းပင် အရယ်အပြုံးများဖြင့် ပြုပြင်လိုက်သည်။

"နည်းနည်းအေးလို့လေ အနွေးထည်လာယူတာ"

"ဪ ဟုတ်ပါပြီ၊ ကျန်းမာရေးကိုဂရုစိုက်နော် မွှေး၊ ကိုကြီးကို လိုက်မပို့နဲ့တော့"

"ဒီညနေ စောစောပြန်လာမှာလား ကိုကြီး၊ မွှေး ဆေးခန်းသွားပြရမှာလေ"

ကိုကြီးမျက်နှာ ထပ်ပျက်သွားပြန်ပါပြီ။ ဒီတစ်ခါတော့ ပြောစရာစကားမရှိတော့သလို နှုတ်ဆိတ်နေ၏။





မွှေးကပင်

"ဪ သောရီး ကိုကြီးရေ၊ ဒီနေ့မဟုတ်ဘူး၊ မနက်ဖြန်မှပါ၊ မွှေး အမှတ်မှားသွားတာ"

ရယ်ရယ်မောမောနှင့် မွှေး ပြောပြန်လျှင် ကိုကြီးကလည်း လိုက်ရယ်မောပြန်၏။ မွှေးသည် နာကျင်စွာနှင့်ပင် ရယ်မောနေရခြင်း ဖြစ်ကြောင်းကိုတော့ ကိုကြီး သိနိုင်မည်မဟုတ်ပါ။

"လန့်သွားတာပဲ မွှေးရယ်၊ ဒီည ကိုကြီးက အပြန်နောက်ကျဖို့များနေတယ်၊ ရှော့ပင်းမောလ်အသစ်ဆောက်မယ့်ကိစ္စက အလုပ်များနေတယ်လေ"

ကိုကြီးသည် ဒီစကားကို မျက်နှာတစ်ချက်မှ မပျက်သွားဘဲ ပြောနိုင်ခဲ့ခြင်းအတွက် မွှေး အံ့သြမိနေဆဲဖြစ်သည်။ ရင်ဝသို့ ဆို့တက်လာသော အပူလုံးကြီးကို ပြန်မြိုချရင်း ခပ်ပြုံးပြုံးလေး နေပြနေရသည့်အတွက်လည်း ကိုယ့်ကိုကိုယ် သနားလှပါပြီ။

"သွားတော့မယ်နော် မွှေး၊ နွေးနွေးထွေးထွေး နေဦး"

မွှေး ခေါင်းလေးကိုပုတ်လျက် မွှေး ပါးပြင်ကိုတစ်ချက်နမ်းမွှေးလျက် နားနားသို့ကပ်ကာ 'မွှေးကို ချစ်တယ်'ဟု တိုးတိုးလေးပြောလျက် ကိုကြီး နှုတ်ဆက်ထွက်ခွာသွားခဲ့သည်။

ခြေထောက်တွေကို အားယူရွှေ့လျားလျက် ခုတင်ထက်မှာ အရုပ်ကြိုးပြတ်ထိုင်မိလျှင် သူ နမ်းမွှေးသွားသော ပါးပြင်ကို လက်နှစ်ဖက်တွင် အားကုန်ထည့်လျက် ပွတ်ဖျက်နေမိသည်။ မွှေးသည် ဟန်ဆောင်နေသော ကိုကြီး အကြင်နာတွေကို နည်းနည်းမှ အယုံအကြည် မရှိတော့ပါ။

မွှေးချစ်ခဲ့သော ကိုကြီးဟာတည်ငြိမ်လေးနက်စွာ သဘောရှိသူ



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်ဖြစ်၏။ ခုတော့ အဲဒီ မွေးချစ်ရသူ ပျောက်ဆုံးနေခဲ့ပြီ။ သူ့အကြောင်းနာ အယုယတွေဟာ မသန့်စင်တော့။ အမှန်ကိုဝန်ခံရရင် ကိုကြီးနှင့်တစ်ခုတင်တည်း အိပ်စက်နေရတာကိုတောင် မွေး မသတီချင်တော့ပါ။

ထိုနေ့က ညသန်းခေါင်နှစ်နာရီကျော်မှာမှ ကိုကြီး ပြန်ရောက်လာခဲ့သည်။ ခုတင်ပေါ်မှာ ငုတ်တုတ်ထိုင်လျက် မအိပ်သေးသော မွေးကိုမြင်လျှင် မျက်နှာက အံ့ဩသွားလျက်

"ခုချိန်ထိ မအိပ်သေးဘူးလား မွေး"

ကိုယ့်ယောကျ်ားက တခြားမိန်းမတစ်ယောက်နှင့်အတူတကွ ဆုံတွေ့ပျော်မြူးနေမည့် အဖြစ်များကို တစိမ့်စိမ့်ထိုင်တွေးရင်း ကျောက်ရုပ်လိုပဲ အေးစက်တောင့်တင်းကာ မလှုပ်မယှက် ထိုင်နေမိခဲ့တာ နာရီပေါင်းများစွာ ကြာနေပြီလို့ မွေး စိတ်ထဲက အော်ဟစ်ဖြေလိုက်မိသည်။

တကယ်တမ်းမှာတော့

"ကိုကြီး ပြန်မလာသေးလို့လေ"

"ဟာ ကျန်းမာရေးကို ထိခိုက်မှာပေါ့ကွာ၊ ဗိုက်ထဲမှာ ကလေးလေးရှိနေတာကို ဒီလို အိပ်ရေးပျက်ခံလို့ ဘယ်ဖြစ်ပါ့မလဲ၊ အဲဒီလိုဖြစ်မှာစိုးလို့တောင် နောက်ကျမယ်လို့ သေချာမှာထားခဲ့တာကို"

ကိုကြီးက နူးညံ့စွာနှင့်ဆူပူပါသည်။ မွေးကတော့ ပြုံးပြုံးလေးသာ။ ပြုံးထားနိုင်မှ ရင်ထဲက နာကျင်ရမှုဒဏ်ရာတွေကို အတတ်နိုင်ဆုံး ဖုံးဖိထားနိုင်မှာလေ။

"ကဲ ကိုကြီး ခြေလက်ဆေးပြီးရင် လာခဲ့မယ်နော်"

အလုပ်ကပြန်လာလျှင် ဘယ်အချိန်ဖြစ်ဖြစ် ရေချိုးရမှ ကျေနပ်





သောသူသည် ခုတော့ ခြေလက်ပဲဆေးတော့မတဲ့။ တစ်နေ့ရာရာမှာ သူတစ်ခါတည်း ရေမိုးချိုးလာခဲ့ပုံပါ။ ရင်ဘတ်ကို တစ်ခုခုနှင့်ဆောင့်ထိုးလိုက်သလို နာကျင်ရမှုအား မွေးမှာ လက်ဖြင့်ဖိနှိပ်ရင်း ဟန်ဆောင်ရပြန်သည်။

"လာ ကိုကြီးဖက်ထားမယ်"

အဝတ်အစားလဲလှယ်ပြီး မွေး ဘေးနားတွင် လာအိပ်စက်လျက် ကိုကြီး ပြောလိုက်သော ထိုစကားက မွေးအတွက်တော့ နားနားတပ်ပြီး သေနတ်တစ်ချက်ပစ်ဖောက်လိုက်သလိုပါပဲ။ ပျော့ခွေစွာ လဲ့နေရာကနေ လူကလည်း သတိအနေအထားမျိုး တောင့်တင်းသွား၏။

ကိုကြီးလက်များက မွေး ခါးသိမ်သိမ်လေးကို လာရောက်ဖက်မွေ့လိုက်သည်။ မွေး မသိမသာ ရှောင်ရှားလိုက်ရင်း တစ်ဖက်စောင်းအိပ်လိုက်၏။ ကိုကြီး မရိပ်မိပါ။ မွေး တိုးသွားသောဘက်သို့ သူ့ခန္ဓာကိုယ်ကို လိုက်တိုးလာသည်။ ဒီတစ်ခါတော့ မမိမှာစိုးသောကြောင့်လားမသိ အားထည့်ကာ တင်းကျပ်နေအောင်ဖက်ထားပြီး မွေး လည်ဂုတ်လေးကို ဖွဖွလေး လာနမ်းရှိုက်၏။

ပူနွေးသော အသက်ရှူထုတ်လိုက်သည့် လေငွေ့ငွေ့က မွေးကို ကြက်သီးတဖြန်းဖြန်း ထစေခဲ့သည်။ သို့သော် မွေးသည် ကိုကြီးလက်များအောက်မှ လွတ်မြောက်စေရန် ကိုယ်ကိုလူးလွန့်ရင်း ရုန်းထွက်နေမိ၏။ မျက်နှာကိုတည့်တည့်စိုက်ကြည့်လျက် 'အရှိန်မသေသေးဘူးလား ကိုကြီး' ဟု မေးပစ်လိုက်ချင်ပါသည်။

ရင်တစ်ခုလုံး ပရမ်းပတာဖြစ်လျက် မျက်ရည်တို့ပါးပြင်ပေါ် ကျဆင်းလာသည်။ ရှိုက်သံမထွက်မိအောင် အောက်နှုတ်ခမ်းကို ကိုက်



www.burmeseclassic.com

www.burmeseclassic.com



ထားမိ၏။ ကိုကြီးကို နောက်ကျောပေးထားသည်မို့ မွေးအဖြစ်ကို ကိုကြီးကတော့ မြင်မည်မဟုတ်ပါ။

လည်တိုင်လေးမှတစ်ဆင့်ဆင်းလျက် လက်မောင်းသားလေးများကို မနာအောင်ကိုက်ဆွဲနေသော ကိုကြီးသည်သိမ့်ခနဲ တုန်ခါသွားသော မွေးကိုယ်လုံးလေးကြောင့် လှုပ်ရှားမှုတွေ တဒင်္ဂ ရပ်တန့်သွား၏။ သူနှင့်မျက်နှာချင်းဆိုင်ဖြစ်စေရန် မွေးကို အတင်းဆွဲလှည့်လိုက်သည်။

မျက်ရည်များဖြင့် ရွှဲစိုနေသော မျက်နှာလေးကိုမြင်တော့ ကိုကြီး ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားသည်။ ချက်ချင်းပင် ခုတင်ခေါင်းရင်းမှ မီးချောင်းခလုတ်ကို ဖွင့်လိုက်သည်။ ညအိပ်မီးပြာလေးသာ ထွန်းထားသောအခန်းလေးက လင်းရှင်းသွားလျက် မွေးရဲ့မျက်ရည်များကိုလည်း ကိုကြီး ရှင်းရှင်းလင်းလင်း မြင်တွေ့ခွင့်ရသွား၏။

"မွေး ဘာလို့ငိုနေတာလဲဟင် ကိုကြီး ဘာလုပ်မိလို့လဲ"

အဲဒီမေးခွန်းဟာ မွေးကို သတ်နေတာထက်တောင် ခံရခက်ပါသေး၏။ ကိုကြီး ဘာလုပ်မိတယ်ဆိုတာ ကိုကြီးဘာသာတောင် မသိဘူးတဲ့လား။ မွေးသည် ခုတင်ထက်မှဆင်းလျက် ရေချိုးခန်းတွင်း ပြေးဝင်ပြီး အထဲမှ လော့ချထားပစ်လိုက်သည်။

အခန်းတံခါးကို တဒုန်းဒုန်းထုပြီး ကိုကြီး လာအော်နေသော်လည်း မွေးကတော့ နားနှစ်ဖက်ကို တင်းကျပ်စွာ ပိတ်လျက် ရေမရှိသော ရေချိုးကန်တွင်း ကျုံ့နေအောင် ဝင်ထိုင်နေမိသည်။

"မွေး တံခါးဖွင့်ပေးစမ်း မင်းဘာဖြစ်နေတာလဲ၊ ငါနားမလည်တော့ဘူးကွာ၊ အခုချက်ချင်း တံခါးကို ဖွင့်ပေးနော် ဒုန်း ဒုန်း ဒုန်း"

အဆက်မပြတ် ထုရိုက်လျက် ပါးစပ်မှလည်း တရစပ်ပြောဆို





အော်ဟစ်နေခဲ့သော ကိုကြီးသည် မိနစ်အနည်းငယ်အကြာမှာတော့ လေသံလေးပျော့သွားခဲ့၏။

"မွေးရေ လိမ္မာတယ်ကွာ၊ ဘာဖြစ်နေတယ်ဆိုတာ ကိုကြီးကို ပြောပြဟုတ်ပြီလား။ ဒီလိုကြီးတော့ ဘာမှန်းမသိ မလုပ်နဲ့ကွာ၊ ကိုကြီးကို နားလည်အောင်ရှင်းပြ ဟုတ်ပြီလား၊ တံခါးဖွင့်ပေးနော် မိန်းမ ကိုကြီး စိတ်ပူလာပြီကွာ"

ငိုရှိုက်မိသော အသံကို အပြင်ကကြားမည်စိုးသောကြောင့် မွေး ရေပိုက်ကို ဖွင့်ချထားလိုက်၏။ တစ်ရစ်ရစ်တက်လာသော ရေချိုးကန်ထဲမှ ရေထဲတွင် မွေး ကျုံ့ကျုံ့လေးထိုင်နေမိဆဲ။ မျက်နှာကို လက်နှစ်ဖက်နှင့်အုပ်ကာလျက် သည်းထန်စွာငိုကြွေးနေမိဆဲ၊ ကိုကြီးကလည်း အပြင်မှ တဒုန်းဒုန်းထုရိုက်လျက် မွေးကို တံခါးဖွင့်ပေးဖို့ တောင်းဆိုနေဆဲ။

မိနစ်တွေကြာလာတာနှင့်အမျှ မွေး ကိုယ်တွင်းကနေ စိမ့်နေအောင် အေးလာခဲ့သည်။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လျက် လက်ချောင်းထိပ်လေးများလည်း ပဲကြီးရေတွန့် ဖြစ်လာ၏။ အဲဒီအချိန်မှာပဲ ကျယ်လောင်လွန်းသော ဝုန်းခနဲအသံကြီးနှင့်အတူ ရေချိုးခန်းတံခါး ပွင့်ဟသွားခဲ့သည်။

အေးစက်တုန်ယင်ကာ ကွေးကွေးလေး ဖြစ်နေသော မွေးကို ရေချိုးကန်ထဲကနေ ကိုကြီး ပွေ့ထုတ်လျက် အဝတ်များကို ချွတ်ပစ်ကာ မွေးပွသဘက်တစ်ထည်ဖြင့် ရစ်ပတ်သုတ်ပေး၏။ နှုတ်ဖျားများကတော့ ဘာစကားမှမပြောတော့ဘဲ တိတ်ဆိတ်နေကြသော်လည်း မျက်နှာကြီး တစ်ခုလုံး နီရဲလျက် အသက်ရှူသံတွေ ပြင်းရှနေခဲ့သည်။

နွေးထွေးသော အဝတ်အစားတစ်စုံ မွေးကို ဝတ်ဆင်ပေးလျက်



www.burmeseclassic.com

www.burmeseclassic.com



ထူထဲအိနေသော စောင်ပုံအောက်မှာ အိပ်စေသည်။ မွေးသည် ကိုကြီး လုပ်ပေးနေသမျှကို ငြိမ်သက်စွာခံယူနေလျက် မျက်လုံးများ အကြောင်သားဖြစ်နေ၏။

"အိပ်လိုက်တော့ မွေး"

မွေး မျက်လုံးများကို မှိတ်ချလိုက်သည်။ မှိတ်ချလိုက်သော မျက်လုံးများထဲမှာ ကိုကြီးနှင့်နွယ်နီတို့ရဲ့ပုံရိပ်တွေ။

အို မြင်စမ်းပါစေတော့၊ မြင်ချင်သည့်ပုံရိပ်တွေသာ မြင်စမ်းပါစေ၊ မွေးကတော့ မျက်လုံးများကို ပြန်ဖွင့်မိမည် မဟုတ်။ မွေးဘက်ကို တစ်စောင်းအိပ်လျက် ခေါင်းအုံးပေါ် လက်တစ်ဖက်ထောက် ခေါင်းတင်ပြီး မျက်တောင်မခတ်တမ်း ကြည့်နေခဲ့သည့် ကိုကြီးရဲ့စိုးရိမ်ပူပန်မှု မျက်ဝန်းတွေထက်စာလျှင် မျက်လုံးပိတ်ထားလျက် စိတ်ကူးထဲမှာ မြင်နေရသော ပုံရိပ်များကိုသာ နာကျင်စွာဖြင့် မွေး လက်ခံလိုက်ပါတော့မည်။

■ ■ ■

နေရောင်ခြည်က မျက်နှာပေါ်ကို တည့်တည့်ထိုးကျနေမှန်း သိသော်လည်း မွေး မျက်လုံးများကို ဖွင့်၍မရ။ မျက်ခွံများက မခံမရပ်နိုင်အောင် လေးလံနေသည်။ တစ်ကိုယ်လုံးကိုလည်း မီးနှင့်မြိုက်ထားသလို ပူလောင်လှ၏။ ချွေးများဖြင့် စိုနစ်နေသော ခန္ဓာကိုယ်သည် ပင်လယ်ပြင်မှာ လက်ပစ်ကူးနေရသလို ခြေကုန်လက်ပန်းကျလှပြီ။

"မွေး ကိုကြီး ခေါ်နေတာ ကြားလား မွေးရေ"

နားထဲမှာ ကိုကြီးအသံကို ဟိုးအဝေးကြီးကနေ အော်ခေါ်နေသလို ကြားနေရသည်။ နဖူးပေါ်ကို လာရောက်စမ်းသပ်သော လက်များရဲ့



အထိအတွေ့ကို သိနေပေမယ့် မွေး ဘယ်လိုမှ မရုန်းဖယ်နိုင်ခဲ့။

"ကိုယ်တွေ ခြစ်ခြစ်တောက်နေပါလား ဒုက္ခပါပဲကွာ"

ခြေသံတွေ တဖြည်းဖြည်း ဝေးလို့သွားသည်။ မိနစ်အနည်းငယ် အကြာမှာတော့ မွေးထံသို့ လာနေသော တစ်ဦးထက်မကသည့် ခြေသံများကို ကြားရ၏။

"အဖျားအရမ်းကြီးနေတယ်၊ လောလောဆယ်တော့ ရေပတ်ဝတ်တိုက်ပေးပါ၊ ပြီးရင်တော့ ပြနေကျ အိုက်ဂျီနဲ့ပါ စမ်းသပ်လိုက်စေချင်တယ်၊ ကိုယ်ဝန်ရှိနေတာဆိုတော့လေ၊ ဆေးတစ်လုံးတော့ ထိုးပေးထားခဲ့မယ်၊ အပူကျအောင်ပေါ့"

ဒီအသံက ကိုကြီးရဲ့မိသားစုဆရာဝန် ဒေါက်တာကိုလွင့်အသံမှန်း မွေး မှတ်မိပါသည်။

"ကိုယ်ဝန်က သုံးလလောက်ပဲ ရှိသေးတာဆိုတော့ လနုသေးတယ်ဗျာ၊ ဂရုစိုက်ပါ၊ ကိုစစ်မင်းအမျိုးသမီးက အားသိပ်နည်းနေတယ်၊ အဲဒါကို ကျွန်တော် မကြိုက်ဘူး။ ဒီအချိန်မှာ မိခင်က အားနည်းတာတွေ စိတ်ဖိစီးမှုရှိတာတွေက သန္ဓေသားအတွက် မကောင်းဘူး"

"ဒီညနေက သူ့အိုက်ဂျီနဲ့ချိန်းထားတဲ့နေ့ပါပဲ၊ တစ်လက်စတည်းကလေးအခြေအနေပါ စစ်ကြည့်လိုက်ပါ့မယ်"

"ဟုတ်ပါပြီဗျာ၊ ကျွန်တော့်ကို လိုက်မပို့နဲ့တော့၊ ဇနီးနားမှာပဲနေပါ၊ ကိုစစ်မင်း အနားမှာရှိနေပေးရင် သူလည်း အားရှိမှာပဲလေ"

ဒေါက်တာကိုလွင်က ထိုစကားကိုပြောသွားသည်။ အမှားယွင်းတကာ့ အမှားယွင်းဆုံးသာဖြစ်မှန်း သူ့ကိုယ်သူပင် သိမည်မထင်။ မွေးနေသော မွေးနားမှာ ကိုကြီးလာထိုင်ကာ လက်လေးတစ်ဖက်ကို ဆုပ်

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေသိပ်မုန်းတဲ့ မေမေ့မျက်နှာကအစ ကျွန်တော်သေချာမှတ်မိနေခဲ့တယ်၊ ကျွန်တော်ငယ်ငယ်က ထိန်းပေးတဲ့ အန်တီကြီးနဲ့ တူတူပုန်းတမ်း ဆော့ရင် ကျွန်တော် ပုန်းနေတဲ့နေရာကို အဲဒီအန်တီကြီး နေ့ဝက်လောက် ကျိုးတဲ့ထိ ရှာရတယ်''

''မင်းက အပုန်းကောင်းတယ်ပေါ့လေ''

''မဟုတ်ပါဘူး အိမ်ကြီးက ကြီးလွန်းလို့လေ''

ကောင်လေးက သူ့ဘာသာ သဘောကျစွာ ရယ်မောလိုက်သည်။ အသက်ဆယ့်ခြောက်နှစ်အရွယ်မှာတောင် ဒီလောက် ချစ်စရာကောင်းနေသော ကောင်လေးသည် ငါးနှစ်သားအရွယ်လေးတုန်းကဆို ပိုလို့တောင် ချစ်စရာကောင်းခဲ့ဦးမည်။ ပါးဖောင်းဖောင်းလေးနှင့် ရယ်မောလိုက်လျှင် မျက်လုံးပေါက်လေးပျောက်သွားလျက် မွေး မျက်လုံးထဲမှာ ကောင်လေးငယ်ငယ်က ပုံစံကို စိတ်ကူးဖြင့် ပုံဖော်ရင်း နှုတ်ခမ်းများ ပြုံးနေမိသည်။

''ကျွန်တော် မှတ်မိနေတဲ့ အဲဒီအိမ်ကြီးဟာ ရန်ကုန်မှာရှိတယ်ဆိုတာကလွဲရင် ဘယ်နေရာဆိုတာ အတိအကျ မသိဘူး၊ ကလေးအရွယ်ဆိုတော့ လိပ်စာတော့ ဘယ်သိနိုင်ပါ့မလဲနော်၊ ဒါပေမဲ့ ကျွန်တော့်မိဘတွေ သိပ်ချမ်းသာတယ်ဆိုတာတော့ ကျွန်တော် ကောင်းကောင်းသိတယ် မေမေက ကျွန်တော့်ကိုသိပ်ချစ်ပြီး အလိုလိုက်ခဲ့တာ၊ ခုတော့ ကျွန်တော့်မှာ သူတို့ပတ်သက်ပြီး ကျန်ခဲ့တာဆိုလို့ ဆွဲကြိုးလေးတစ်ခုပဲ ရှိတော့တယ်''

''မင်း သိမ်းထားသေးတယ်ပေါ့''

''သေချာပေါက် သိမ်းထားတာပေါ့၊ ဖေဖေ ကျွန်တော့်ကို ထားသွားခဲ့တဲ့နေ့ကတော့ ဘဝမှာ မမှတ်မိချင်ဆုံးဆိုပေမယ့် ဆန့်ကျင်ဘက်ပဲ





အမှတ်မိဆုံးလည်း ဖြစ်နေခဲ့တယ်၊ အဲဒီနေ့အကြောင်းကို ပြန်တွေးမိတိုင်း ကျွန်တော့်နှလုံးသားကနေ ကြောက်ရွံ့စိတ်တွေပဲ ပေါ်ပေါ်လာတယ်''

''မင်းအတွက် မကောင်းတဲ့အမှတ်တရတွေကို ကိုယ်လည်း ဆိုချင်ပါဘူး''

မွေးရဲ့မေးမစကားအတွက် ကောင်လေးက ကျေးဇူးတင်စွာ ကြည့်သည်။ သူ မှတ်မိနေခဲ့တဲ့ ထိုနေ့အကြောင်းကိုတော့ ခုချိန်မှာ သူ ထုတ်ပြောဖို့ အဆင်သင့်မဖြစ်သေးဘူးနဲ့တူပါရဲ့။ ဘယ်လိုပဲဖြစ်နေပါစေ အဖေတစ်ယောက်က သားတစ်ယောက်ကို မုန်းတီးလို့ စွန့်ပစ်ခဲ့တယ်ဆိုတာကိုတော့ မွေး ဘယ်လိုမှ နားမလည်နိုင်သလို လက်လည်းမခံနိုင်ဖြစ်ရသည်။

မိဘမေတ္တာဆိုတာ ဘယ်ရောက်သွားပြီလဲ။ လင်နဲ့မယားကြားက သစ္စာတရားတွေ ဘယ်လောက်ပဲ ယိမ်းယိုင်ပြိုလဲနေပါစေဦး မိဘက သားသမီးပေါ်ထားသော မေတ္တာကတော့ ဘယ်တော့မှမပြိုလဲတဲ့ ခိုင်မတ်စွာ ရှိနေတတ်ခဲ့တာမျိုး မဟုတ်ဘူးလား။

ငါးနှစ်အရွယ်ဆိုတာ ကိစ္စတော်တော်များများကို နားလည်စပြုနေခဲ့ပြီ။ ဒီလိုအရွယ်ကလေးတစ်ယောက်ကို မုန်းတီးစိတ်နှင့် စွန့်ပစ်ဝံ့သည့်ဖခင်သည် လူတစ်ယောက်မှ ဟုတ်ပါလေစ။ မျက်စိရှေ့မှာတင် နေ့တစ်ဂူဝ ထိတွေ့နေရသည့် ကိုယ့်ရင်သွေးကလေးငယ်လေးအပေါ် ရက်စက်လွန်းသော လူမဆန်သည့် လုပ်ရပ်ပဲမဟုတ်လား။

မွေးတောင်မှ မြင်တွေ့ခွင့်မရသေးသည့် ရင်သွေးလေးကို ချစ်မြတ်နိုးစွာ တယုတယ ရှိနေခဲ့သေးတာ။ ဘယ်လိုအောက်တန်းကျသော သားမျိုးတွေက မျက်စိအောက်မှာ ပျော်ရွှင်စွာဆော့ကစားနေမည့် ကလေး



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေးများ ပန်းနုရောင်သမ်းစပြုလာပြီ။ မှန်တင်ခုံရှေ့ရပ်ကာ မျက်နှာသစ်ပြီးစ ပြောင်တင်းတင်းလေးဖြစ်နေသော ပါးပြင်နှင့်နဖူး တစ်ဝိုက်မှာ ခရင်းပတ်လေးပဲ ဖို့လိုက်သည်။ ဆံပင်များကို ဘီးနှင့်ဖြီး ချရင်း နောက်ဘက်တွင် လျော့ရဲရဲစည်းနှောင်လိုက်၏။

"သွားမယ်လေ"

"ဗိုက်ထဲကဟာလေးက အထီးလေးနဲ့ တူတယ်ဟေ့၊ ငါ့မိန်းမ ကြည့်ရတာ အလှအပ သိပ်မလုပ်သလိုပဲ"

ဒီတစ်ခါတော့ မွှေး ဘာမှပြန်မပြောပါ။ ဟုတ်တော့လည်း ဟုတ်သည်။ အရင်ကလို ပြင်ဆင်ချင်စိတ်တွေ မွှေးမှာမရှိတော့ဘဲ မျက်နှာ ပြောင်ကြီးနှင့် မကောင်းတတ်လို့သာ ခရင်းပတ်လေးဘာလေး ရိုက်နေ ရခြင်းဖြစ်၏။

ဆေးခန်းကားပါကင်မှာ ကားထိုးလိုက်တော့မှ တစ်လမ်းလုံး မှိတ်ထားသော မျက်လုံးများကို မွှေး ဖွင့်ကြည့်ဖြစ်သည်။ ကိုကြီးက မွှေး မဆင်းနိုင်သေးခင်မှာပဲ ကားကိုတစ်ပတ်ပတ်လျက် မွှေးဘက်မှ ကားတံခါးကို လာဖွင့်ပေး၏။

"ဖြည်းဖြည်းလုပ်နော် မိန်းမ၊ အထဲကကောင်က အိပ်ချင်အိပ် နေမှာ"

မွှေး ဗိုက်လေးကိုငေးကြည့်ရင်း လက်ဖြင့်လည်း အသာလေး အုပ်ကိုင်ကာ အကဲပိုလျက် ပြောလိုက်သော ကိုကြီးစကားကြောင့် မွှေး ကိုယ်မွှေး မထိန်းလိုက်နိုင်ခင်မှာပဲ ပြုံးလိုက်မိ၏။

ကိုကြီး ခြေလှမ်းများ ရပ်တန့်သွားသည်။ မျက်လုံးအကြောင် သားဖြင့် မွှေးကို ငေးကြည့်လျက်





"မွှေးရယ် ကိုကြီးလေ မွှေးရဲ့အပြုံးတွေကိုမမြင်ရတာ တော် ာကြာခဲ့ပြီမှန်း ခုလိုမျိုး မွှေး စိတ်ပါလက်ပါ ပြုံးလိုက်မှပဲ သိတော့ ယ်"

မွှေး ကိုကြီးကို ဘာမှပြန်ပြောမနေဘဲ ဆေးခန်းထဲသို့ ရှေ့မှ င်သွားလိုက်၏။

"ဟေး ခဏစောင့်ပါဦး အမေကြီးရ"

ကိုကြီးက ပျော်ရွှင်စွာဖြင့် စနောက်လျက် နောက်ကနေ သွက် တ်လေး လိုက်ပါလာခဲ့သည်။ မွှေးကတော့ နောက်တစ်ခါ သူ့ရှေ့မှာ ယ်မပြုံးမိအောင် ကိုယ့်ကိုကိုယ် ထိန်းချုပ်ဖို့သာ အထပ်ထပ် သတိပေး မိသည်။

လိုအပ်သည့် စစ်ဆေးမှုတွေအားလုံး ပြီးတော့ ဆရာဝန်မက ဘ်ချက်ပေးလိုက်သည်မှာ မနက်က ဒေါက်တာကိုလွင် ပြောသွားတာ နှင့် သိပ်တော့မကွာခြားလှပါ။ မိခင်အားနည်းပြီး အစားကောင်း ာင်းမစားတော့ သန္ဓေသားလည်း အားနည်းရသည်။ စိတ်ဖိစီးမှု စေမယ့်ဟာတွေ မလုပ်ဘဲ မစဉ်းစားဘဲ အတတ်နိုင်ဆုံး စိတ်ချမ်းသာ း ပျော်အောင်နေပါတဲ့။

ဆရာဝန်မ စကားတွေကို နားထောင်ပြီး မွှေးကတော့ စိတ်ထဲ ကြိတ်ကာ မဲ့ပြုံးပြုံးနေမိသည်။ ခင်ပွန်းလင်တစ်ယောက်ရဲ့ ဖောက် ခံနေရသော မိန်းမတစ်ယောက်ဟာ စိတ်ဖိစီးမှုမဖြစ်ဘဲ ပျော်ရွှင် င် ဘယ်လိုနေရမယ်ဆိုတာ အကြံဉာဏ်ပေးပါဦးလို့ မွှေး မေးလိုက် ါသည်။

ဆေးခန်းကအပြန်မှာ ကိုကြီးက စားသောက်ဆိုင်တစ်ခုသို့



www.burmeseclassic.com

www.burmeseclassic.com



တန်းမောင်းသွားခဲ့သည်။ စားပွဲမှာ ထိုင်မိသည်နှင့် အာဟာရဖြစ်စေမည့် စားသောက်စရာတွေ တသီတတန်းကြီး မှာတော့သည်။

"ဒီလောက်အများကြီး ဘာလုပ်ဖို့လဲ"

"မွေး စားဖို့လေ"

"အိုး ဒီလောက် အများကြီးစားနိုင်ရအောင် လူက ဖုတ်ဝင်နေတာမှ မဟုတ်တာ"

"ဖုတ်မဝင်ပေမယ့် ဗိုက်ထဲမှာ ကလေးလေးရှိနေတယ်လေ အဲဒါကြောင့် မီးခင်လုပ်တဲ့သူက အစားကောင်းကောင်းစားပေးရမယ်တဲ့ ခုပဲ ပြောလိုက်တာ မမှတ်လာဘူးလား၊ ဖြစ်နိုင်ရင်လေ အဖေက စားပေးလို့ အမေ့ဗိုက်ထဲက သန္ဓေသားလေးမှာ အာဟာရဖြစ်စေမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲနော်"

ပြောင့်ချော်ချော်ပြောနေသော စကားများကို မွေးမှာ မပြုံးလိုက်မိအောင် ထိန်းနေရသည်။ အလုပ်တာဝန်တွေများလွန်းလို့ပါဆိုပြီး မွေးကို အိမ်တွင်းမှာပဲ နေခိုင်းကာ တစ်ပတ်တစ်ခါ တစ်လတစ်ခါလောက်တောင် အတင်းတောင်းဆိုမှ အပြင်ထွက်လည်တတ်သော ကိုကြီးနှင့် ခုလိုအနေအထားမျိုးမှာ ဒီလိုတူတူရှိနေရတာ အရင်တုန်းကလိုသာဆို မွေး ဘယ်လောက်ပျော်မိမယ်ဆိုတာ စဉ်းစားကြည့်လို့တောင်မရ။

"စား မွေး ဒီဆိုင်က အမဲသားလွှာက သိပ်ကောင်းတယ်"

ကိုကြီးကိုယ်တိုင် ခွာလေးနှင့် အတုံးလေးတွေ ပိုင်းဖြတ်ပေးကာ ပန်းကန်ကို မွေးဘက်သို့ ပြန်ချပေး၏။ ခက်ရင်းလေးဖြင့်ထိုးရင်း တစ်တုံးစားကြည့်တော့ ကိုကြီး ပြောသည့်အတိုင်း ဟုတ်ပါရဲ့။ အိမ်မှာချက်တဲ့ အသားဟင်းတွေကို ခံတွင်းပျက်ကာ မစားနိုင်ခဲ့တာ တော်တော်





ကြာနေပြီ။ ခုမှ ပါးစပ်ထဲထည့်နိုင်လောက်သောအသားကို ရှာတွေ့ခဲ့ခြင်း ဖြစ်၏။

"ဟယ် မွေးက ကိုယ်ဝန်ရှိနေပြီဆိုမှ ပိုကြည့်ကောင်းလာသလိုပဲ၊ ဒီလိုမျက်နှာပြောင်လေးနဲ့တောင်မှ တော်တော်လှနေတယ်"

စူးခနဲ ထွက်လာသောအသံနှင့် ချိုအီပြင်းရှသော ရေမွှေးနံ့က မွေး နှာခေါင်းဝသို့ လာရိုက်ခတ်၏။ အသားတုံးကို ခက်ရင်းနှင့်ထိုးယူနေရင်းမှ မွေး ခေါင်းကိုမော့ကြည့်လိုက်မိသည်။

ရင်ထဲက နှလုံးသားတွေ အပြင်ဘက်ကိုခုန်ထွက်တော့မတတ် မွေး လှုပ်လှုပ်ရှားရှားဖြစ်သွားရ၏။ တုန်ယင်သွားသော လက်ချောင်းများကြောင့် ကိုင်ထားသော ခက်ရင်းလေးကလက်ထဲမှ လွတ်ကျလျက် ကြမ်းပြင်ပေါ်သို့ ချွင်ခနဲ မြည်လျက် ကျယ်လောင်စွာ ကျသွားသည်။

မွေးထက် ပိုလို့တုန်လှုပ်သွားသူကတော့ မွေးနှင့်မျက်နှာချင်းဆိုင်တွင် ထိုင်နေသည့် ကိုကြီးပါပဲ။ ဆတ်ခနဲ မတ်တပ်ထရပ်လိုက်သည်ထိ သူ မူပျက်သွားခဲ့သည်။ နောက်တော့မှ မျက်နှာကို ချက်ချင်းပြင်ဆင်လျက် နေရာတွင် ပြန်ထိုင်လိုက်သည်။

"ကျွန်မရော ဒီဝိုင်းမှာ ထိုင်လို့ရမလားဟင်"

မျက်နှာချင်းဆိုင်ထိုင်နေသော မွေးတို့နှစ်ယောက်လုံး တစ်ယောက်ကိုတစ်ယောက် မကြည့်မိအောင်နေရင်းနှင့်မှ တတိယလူ၏ ထိုမေးခွန်းကြောင့်ပင် တစ်ယောက်ကိုတစ်ယောက် ပြိုင်တူမော့ကြည့်လိုက်မိ၏။

နောက်တော့ စားပွဲနားတွင် ကန့်ကလန့်ရပ်နေသော လီမွေ့ရောင်ကိုယ်ကျပ်အင်္ကျီပိုင်ရှင်ထံသို့ ကိုကြီးရော မွေးပါ မော့ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

တိုကပ်ကပ် ဆံပင်အခွေအကောက်များဖြင့် ပေါ်လွင်ထင်ရှား နေသော မျက်နှာအား ဝတ်ထားသော အင်္ကျီနှင့်လိုက်ဖက်စွာပင် လိမ္မော် သွေးထင်းထင်းခြယ်ထားသော နှုယ်နီသည် နှုတ်ခမ်းပါးများကို အစွမ်း ကုန်ပြုံးလျက် ဘာမှမထူးခြားသည့်အဖြစ်ကို ရင်ဆိုင်နေရသလို သာမန် အနေအထားနှင့်သာ ရှိနေခဲ့သည်။

နှုယ်နီ ဘယ်သူ့ကိုလာနှုတ်ဆက်နေတာလဲ၊ မွှေး မသိအောင် တိတ်တိတ် နိုးပတ်သက်နေသည့် မွှေး ခင်ပွန်းကိုလား၊ မားကတ်မှာ အတူတကွ အလုပ်လုပ်ဖူးခဲ့သည့် မွှေးကိုလား။ ထို့ကြောင့်ပင် သူ့ရဲ့ ဝင်ထိုင်ဖို့ခွင့်တောင်းဆိုခြင်းကို ဘယ်သူ့ဆီက တောင်းဆိုနေတာလဲဟု ပြန်မေးရတော့မလိုလို။

''ကျွန်မ ထိုင်လို့ရပါတယ်နော် ကိုစစ်''

ခုတော့ အဖြေက ရှင်းလင်းစွာပင် ပေါ်ထွက်လာခဲ့ပြီ။ နှုယ်နီ ခွင့်တောင်းနေတာ မွှေးထံမှမဟုတ်ပါ။ ဦးစစ်မင်းထံမှသာ ဖြစ်သည်။

''မင်းပြန်ရင် ကောင်းလိမ့်မယ် နှုယ်နီ၊ ပြီးမှ ငါ့အဆိုးမဆိုပါနဲ့''

မျက်နှာကြီးနီရဲခက်ထန်လျက် ကိုကြီး အံကြိတ်ကြိမ်းမောင်း သည်။ နှုယ်နီကတော့ အရယ်အပြုံးပင်မပျက်ခဲ့ပါ။ ထိုင်ခုံကိုပင် ဆွဲထုတ် ယူပြီး ထိုင်ဖို့အသင့်ဖြစ်နေခဲ့ပြီ။

ထိုင်ကျတော့မည့်ဆဲဆဲမှာပင် နှုယ်နီ့လက်မောင်းတစ်ဖက်ကို ဆွဲမလျက် ကိုကြီးက တွန်းထုတ်လိုက်၏။ လက်ပြတ်ပခုံးလျှောလေး ဝတ်ထားသည်မို့ လက်မောင်းသားမှာ ကိုကြီး ဆွဲညှစ်ထားသော လက် ချောင်းရာများပင် အထင်းသား မြင်နေရ၏။





''ကျွန်မကို ဒီလိုပုံစံ ဆက်ဆံရင် ရှင် ဒီထက်ပိုဆိုးသွားလိမ့် မယ်နော် ဦးစစ်မင်း''

နှုယ်နီသည် တခြားဝိုင်းတွေကပါ ကွက်ကြည့်ကွက်ကြည့်လုပ် တာကို ခံလိုက်ရတာမို့ ရှက်ရမ်းရမ်းပါလေပြီ။ မွှေးမှာ ခေါင်းပင်မဖော် နိုင်တော့အောင် ငုံ့ချထားမိသည်။ ဖြစ်နိုင်လျှင် မွှေး ခန္ဓာကိုယ်လေး ခုချက်ချင်းပင် မြေကြီးထဲကျို့ဝင်သွားရင် ဘယ်လောက်ကောင်းလိုက် မလဲနော်။

''မင်းလိုမိန်းမမျိုးကို ဒီလိုနေရာမှာ အဖက်လုပ်ဆက်ဆံစရာ ဘာအကြောင်းမှ မရှိဘူး နှုယ်နီ၊ ဒါ ငါ့ဇနီးနဲ့ငါနဲ့ ကိုယ်ပိုင်အချိန်၊ မင်းနှောင့်ယှက်ဖို့မကြိုးစားပါနဲ့''

''ရတယ်လေ ရှင်ပြောတဲ့ မင်းလိုမိန်းမမျိုးဆိုတာ ဘာကိုဆိုလို တာလဲ ကျွန်မ နားမလည်လို့ တစ်ချက်ရှင်းပြပေးပါလား၊ ဒါမှမဟုတ် ဒီလိုနေရာမှာ ကျွန်မလိုလူကို အဖက်လုပ်ဆက်ဆံစရာ မလိုတဲ့သူကြီးက ဘယ်လိုနေရာမှာ ဘယ်လိုဆက်ဆံခဲ့တယ်ဆိုတာ ရှင့်ဇနီးလေး သိသွား အောင် ပြောပြပေးလိုက်ရမလား''

နှုယ်နီ့ကိုကြည့်ရတာ ဒီနေရာမှာ ဘာကိုမဆို ဖွင့်ထုတ်ပြောပြ လိုက်ဖို့ နည်းနည်းမှဝန်မလေးသည့် အမူအရာနှင့်ဖြစ်သည်။

''မွှေး ထ ကိုကြီးတို့ ပြန်ကြမယ်''

ကိုကြီးသည် မွှေးနားသို့ ရောက်လာလျက် လက်ကလေးကို ဖြည်းညင်းစွာ ဆွဲယူပြောသည်။ ဒေါသချင်းယှဉ်ရပ်နေသော နှုယ်နီက ကိုကြီးပခုံးကို တစ်ချက်ဆောင့်တွန်းလိုက်လျက်

''ဒီမှာ ဦးစစ်မင်း ရှင် ကျွန်မကို ဒီလိုပုံစံမျိုး အနိုင်ပိုင်းလို့



www.burmeseclassic.com

www.burmeseclassic.com



ရမယ်များထင်နေလား၊ ရှင်လုပ်ချင်တာလုပ်ဖို့အတွက်တော့ ရောက်လာပြီး ခုကျမှ ဘာအချိုးလဲ၊ ညတုန်းက ကျွန်မရင်ခွင်ထဲမှာ ရှင်ပေးခဲ့တဲ့ ကတိကို မေ့သွားပြီလား၊ ဒီနေ့နေ့လယ်စာကို ကျွန်မနဲ့အတူစားပါမယ်ဆိုတာလေ၊ ဟွန်း ခုတော့ ဖုန်းကိုစက်ပိတ်ထားတဲ့အပြင် မယားချောလေးနဲ့ ကိုယ်ပိုင်အချိန်တွေ ဖန်တီးနေတယ်ပေါ့လေ''

''ဟာ မင်း ယုတ်မာတဲ့ကောင်မ ကဲကွာ''

မွှေးကိုကိုင်ထားသောလက်တွေ ပြေလျော့သွားလျက် ထိုလက်များဖြင့်ပင် နွယ်နီပါးအား ဖြောင်းခနဲ မြည်အောင် ရိုက်ချပစ်လိုက်သံက စားသောက်ဆိုင်ထဲမှာ ကြောက်မတ်ဖွယ် ထွက်ပေါ်လာခဲ့သည်။

မွှေး ကြောက်လန့်တကြားပင် သူတို့နားကနေ လှည့်ထွက်ပြေးစဉ် နောက်ဘက်တွင်ရှိနေသော ကုလားထိုင်တစ်လုံးနှင့် ဝင်တိုက်မိ၏။ ဗိုက်က အင့်ခနဲဖနေအောင် အောင့်သွားသော်လည်း မွှေး မမှုအားပါ။ ဆိုင်ပြင်ဘက်ဆီသို့သာ အားကုန်ပြေးနေမိသည်။

နောက်သို့ ယိုင်လဲကျသွားသော နွယ်နီကိုတစ်ချက်လေးမှပင် ငဲ့မကြည့်တော့ဘဲ မွှေးနောက်သို့ ကိုကြီး ပြေးလိုက်လာခဲ့သည်။

''မွှေး နေပါဦး၊ မွှေး ခဏလေးနေပါဦး မွှေးရေ''

မွှေး မျက်လုံးတွေ ပြာဝေလာသည်။ ရင်ထဲမှာ လှုပ်ခနဲနေအောင် တုန်ယင်မောဟိုက်နေ၏။ ခြေထောက်တွေက ရှေ့ကိုရွှေ့နေပေမယ့် အားမပါတော့။ ကောင်းကင်ကို မော့ကြည့်မိလျှင် ဖြာကျနေသော အရောင်စုံးစုံးက ပြာဝေနေသော မျက်လုံးများတည့်တည့်သို့ လာထိုးသည်။

''အ အား''





မခံမရပ်နိုင်အောင် နာကျင်ခြင်းနှင့်အတူ မွှေး ဗိုက်ကိုဖိနှိပ်ထားရင်း ကွန်ကရစ်လမ်းပေါ် ခွေကျသွားခဲ့သည်။ ခန္ဓာကိုယ်အောက်ပိုင်း မှစွတ်စိုမှုက မွှေး ထဘီပန်းဆီရောင်လေးတစ်ထည်လုံး ရွှဲနစ်သွားစေ၏။

''ကိုကြီး လုပ်ပါဦး၊ ကလေး ကလေးကိုလုပ်ကြပါဦး''

မွှေး သွေးရူးသွေးတန်း အော်လိုက်မိစဉ် အနားသို့ ကိုကြီး ရောက်လာပြီး မွှေးကိုယ်လေးကို ဖွေ့ခနဲပွေ့ချီလျက် ကားရှိရာဆီ အပြေးပြန်လာခဲ့၏။ မွှေးကို နောက်ခန်းထဲတွင် နေရာတကျထားလျက် ကားမောင်းသူနေရာသို့ သွားထိုင်သည်။ မွှေးရဲ့ရီဝေမှိန်ဖျော့သော အမြင်အာရုံများထဲတွင် စတီယာရင်ကို ထိန်းကျောင်းဖို့ မြှောက်လိုက်သော ကိုကြီး၏ လက်ချောင်းတွေ တဆတ်ဆတ်တုန်ယင်နေတာ မြင်လိုက်ရသေး၏။

တစ်ကိုယ်လုံးက အားအင်တွေဆုတ်ယုတ်ကုန်သလို ခံစားလိုက်ရပြီး မျက်ခွံများကို မနိုင်နင်းတော့စွာ မှိတ်ချပစ်လိုက်မိတာက မွှေးရဲ့ နောက်ဆုံးအသိတရား ဖြစ်ခဲ့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

မျက်လုံးများကို ဖွင့်ဟလိုက်ချိန်မှာ မွှေးသည် ဆေးရုံခန်းတ
တွင်းမှာ ရောက်ရှိနေခဲ့ပြီ။ အနားတွင် မွှေး လက်လေးများကို ဆုပ်ကိုင်
လျက် ငြိမ်သက်စွာ ထိုင်နေသော ကိုကြီး။

"ရလိုက်လားဟင်"

ဆုပ်ကိုင်ထားသော မွှေး လက်လေးများကို ပူနွေးသော
နှုတ်ခမ်းများဖြင့် ညင်သာစွာ တစ်ချက်နမ်းလိုက်ပြီး ကိုကြီး ပြုံးသည်။
အဲဒီအပြုံးဟာ နာကျင်ပြုံးစစ်စစ်ပါပဲ။

"နောက်တစ်ခါပေါ့နော်"

မွှေး မျှော်လင့်တကြီး မေးမိတာကိုက မှားယွင်းမှုပင်ဖြစ်သည်။
ဒီလောက် စိတ်ဒဏ်ရာတွေအောက်မှာ ပိပြားနေသော မိခင်ဝမ်းဗိုက်၌
ဒီလောက်ကြာအောင် တောင့်ခံပေးသွားခဲ့တာကပဲ မြင်ခွင့်မရလိုက်သော
ကလေးငယ်ကို ကျေးဇူးတင်ရမည်။





မွှေး ပက်လက်အိပ်နေလျက်မှ မျက်ဝန်းထောင့်စွန်းနှစ်ဖက်
ကနေ မျက်ရည်နှစ်ကြောင်း စီးဆင်းကျသွား၏။

"ကိုကြီးကိုယ်တိုင် သိပ်ကိုစိတ်ထိခိုက်ကြေကွဲနေရတဲ့ ဒီအဖြစ်
မှာ မွှေးကို မငိုပါနဲ့လို့ မတားချင်ပါဘူး၊ ဒါပေမဲ့ မွှေးရယ် စိတ်ကိုထိန်းပါ
နော်၊ အခု သားအိမ်ကိုခြစ်ထုတ်ထားရတာဆိုတော့ မွှေးက မီးနေသည်
တစ်ယောက်လိုပဲလေ၊ အရာရာ ဂရုစိုက်ပေးရမှာ"

မွှေးသည် သူ့စကားတွေကို နားမထောင်လိုစွာ တစ်ဖက်သို့
စောင်းအိပ်လိုက်၏။ နောက်ဘက်ကနေ မွှေးကိုသိုင်းဖက်လျက် မွှေး
ပခုံးစွန်းလေးမှာ ခေါင်းတင်ထားသော သူ့ခန္ဓာကိုယ် တသိမ့်သိမ့်တုန်ခါ
နေခြင်းနှင့်အတူ မွှေး ဝတ်ဆင်ထားသော ဆေးရုံဝတ်စုံ၏ပခုံးနေရာနား
မှာ ပူနွေးစိုစွတ်မှုကို ခံစားလာရသည်။

သူ ငိုနေတယ်ပေါ့။ ငိုရုံတင်မကလို့ သူ့ကိုယ်သူ နာကျင်အောင်
ဘယ်လိုပြစ်ဒဏ်မျိုးပဲခတ်ခတ် မွှေး တားမြစ်မိမည်မဟုတ်ပါ။ တကယ်ဆို
ပျော်ရွှင်စရာကောင်းသော မွှေးတို့အိမ်ထောင်ရေးလေးကို စတင်ဖျက်ဆီး
ခဲ့သူဟာ သူကိုယ်တိုင်ပဲမဟုတ်လား။

မွှေး ဆေးရုံတက်နေရသော သုံးရက်လုံးလုံး သူတစ်ယောက်
တည်းသာလျှင် အနီးကပ်စောင့်ရှောက်ပေး၏။ ကုမ္ပဏီအလုပ်တွေကို
လည်း ဒါရိုက်တာတစ်ယောက်နှင့် ခွဲဝေလွှဲပေးထားခဲ့သည်ဟု ဆိုသည်။
ဒီနေ့ဆိုလျှင် မွှေး ဆေးရုံမှဆင်းရတော့မည်။ မွှေးကို တာဝန်ယူထားသော
ဆရာဝန်ကြီးအလာကို စောင့်နေကြခြင်းဖြစ်၏။

"အိမ်မှာ ဒေါ်စိန်ရော မမူရောအပြင် မွှေးအတွက် သီးသန့်
သူနာပြုတစ်ယောက် ကိုကြီး ငှားပေးထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခတင်ထက်မှာ ထိုင်နေသော မွေးနှင့်မျက်နှာချင်းဆိုင်နီးကပ်စွာ လာရပ်လျက် ကိုကြီးပြောသည်။

"ကျွန်မ ပြောချင်တာလည်း အဲဒါပါပဲ၊ အခု ဆေးရုံကဆင်းရင် အရင်နေခဲ့တဲ့ ငါးလွှာအခန်းလေးဆီပဲ ပြန်လိုက်ပို့ပေးပါ၊ လိုက်မပို့ပေးနိုင်လည်း ကိုယ့်ဘာသာသွားပါ့မယ်"

"ဘယ်လိုပြောလိုက်တာလဲ မွေး၊ မွေးက ဘာလို့ အဲဒီမှာ ပြန်နေမှာလဲ၊ ကိုကြီးမယားက ကိုကြီးနဲ့ပဲ နေရမှာပေါ့၊ အဓိပ္ပာယ်မရှိလိုက်တာ"

သူ့ကိုယ်သူ မထိန်းချုပ်နိုင်စွာပင် ကိုကြီးအသံက ခပ်ကျယ်ကျယ်ထွက်လာ၏။

"ကျွန်မ အဲဒီအိမ်ကို ထပ်မလိုက်နိုင်တော့ဘူး၊ အဲဒါ သေချာတယ်"

"အေး ငါကလည်း မင်းကိုပြန်မပို့ပေးနိုင်ဘူး"

"ရှင့်ရဲ့ဖောက်ပြန်ထားတဲ့ ဇာတ်ရှုပ်တွေကိုသာ အဲဒီမှာ ခေါ်တင်ထားလိုက်၊ ကျွန်မကတော့ အဲဒါတွေကို မမက်မောဘူး"

"မဟုတ်ဘူး မွေး၊ အဲဒီကိစ္စကို ကိုကြီး ရှင်းပြပါ့မယ်၊ အရင်ဆုံး မွေး စိတ်ကိုအေးအေးထားပါနော်"

"ကလေးကို ဆုံးရှုံးလိုက်ရတယ်လို့ သိပြီးတဲ့နောက်မှာ ကျွန်မအတွက် ဒီထက်ပိုပြီး ဘာကမှ မနာကျင်စေနိုင်တော့ဘူး၊ အဲဒါကြောင့် ကျွန်မစိတ်တွေ အေးချမ်းနေပြီးသားပဲ"

"ကောင်းပြီ ဒီလိုဆို ကိုကြီး ပြောပြတာကို နားထောင်ပေးနော်"





မွေး ရှေ့တည့်တည့်တွင် ခုံတစ်လုံးယူထိုင်လျက် မွေး မျက်နှာကို တရှိုက်မက်မက်ငေးမောရင်း ကိုကြီးက သူနှင့်နွယ်နီတို့၏ဇာတ်လမ်းရှုပ်ကို စပြောလာခဲ့သည်။

"တကယ်တော့ ကျော်ကျော်တို့နဲ့ အလုပ်ကိစ္စတစ်ခု အောင်မြင်သွားတာကြောင့် စားကြသောက်ကြတဲ့နေ့က ဟိုတယ်ရဲ့ ကာရာအိုကေခန်းမှာ ကိုကြီးတို့အဖွဲ့တွေပဲ ရှိနေကြတာ၊ အားလုံးကတော့ မူးနေကြတာပေါ့လေ၊ အဆိုးဆုံးကတော့ ကိုကြီးပါပဲ၊ မွေး သိတဲ့အတိုင်း ကိုကြီးက အနည်းဆုံးသောက်ပြီး အများဆုံးမူးတတ်တာလေ၊ ဟိုတယ်ရဲ့တခြားကာရာအိုကေခန်းကိုလာတဲ့ လူတစ်ယောက်နဲ့ နွယ်နီပါလာခဲ့တယ်၊ တကယ်ဆို ဒီမိန်းမက မနက်တက်မှာမားကတ်က ဝန်ထမ်းအဖြစ် ရိုးသားချင်ယောင်ဆောင်ပြီး ညဆိုရင်တော့ ယောကျ်ားတွေဆီက အခကြေးငွေယူပြီး ပျော်ပါးတဲ့မိန်းမမျိုးမှန်း ကိုကြီး အဲဒီကျမှ သိလိုက်ရတယ်၊ မားကတ်မှာတော့ သူ့ကိုမျက်မှန်းတန်းမိပေမယ့် အဲဒီနေ့က အပြင်အဆင်က သိပ်ကိုထူးရဲလွန်းလို့ ကိုကြီး သူ့ကိုချက်ချင်းတောင် မမှတ်မိခဲ့ပါဘူး"

မွေးသည် မကြားချင်ပါဘဲ နားထောင်မိလျက်သား ဖြစ်နေသော သူ့စကားများကြောင့် အိပ်ရာခင်းအစွန်းစကို လက်ဖြင့်ကျစ်ကျစ်ပါအောင် ဆုပ်ထားမိ၏။

"သူနဲ့ပါလာတဲ့လူ ပြန်သွားတာတောင် သူက မပြန်သေးဘဲနဲ့ ကိုကြီးဆီ ရောက်လာခဲ့တယ်၊ ခေါင်းတောင်မထူနိုင်အောင် မူးနေတဲ့ ကိုကြီးကို သူက အခန်းတစ်ခုထဲ တွဲပို့ပေးသလိုလိုနဲ့ သူလိုချင်တာကို ရအောင်ယူသွားခဲ့တာပဲ"

မွေး နှုတ်ခမ်းတစ်ဖက်ကိုတွန့်ပြီး ပြုံးလိုက်မိသည်။ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဆီကနေ လိုချင်တာကို မိန်းမတစ်ယောက်က ဘယ်လိုများ အတင်းအဓမ္မကြံစည်ယူသွားပါလိမ့်နော်။

"ကျော်ကျော်တို့ကလည်း ကိုကြီးဘာသာ ပြန်သွားပြီလို့ ထင်နေခဲ့ကြတာလေ၊ နောက်ပိုင်းကျတော့ အဲဒီညကအဖြစ်ကိုကိုင်ပြီး နွယ်နီက ကိုကြီးကိုတောင်းဆိုမှုတွေ လုပ်လာခဲ့တယ်၊ ငွေကြေးတွေရယ် ကိုကြီး ကိုယ်တိုင်ရယ်ကိုပဲ၊ သူတောင်းဆိုတာတွေကိုမပေးရင် အဲဒီညက အဖြစ်အပျက်တွေကို မွှေးဆီမှာ သွားဖွင့်ပြောလိုက်မယ်လို့ ခြိမ်းခြောက်ခဲ့တယ်လေ"

"ဒီလောက်ဆို ရပါပြီ၊ မွှေးကို ဖွင့်ပြောလိုက်မှာကြောက်လို့ အဲဒီမိန်းမနဲ့ မွှေးမသိအောင် အခါခါ ဖောက်ပြန်ခဲ့ကြတာပေါ့လေ အဟွန့်"

"မွှေး ကိုကြီးကို ကြိုက်သလို ပြောနိုင်ပါတယ်၊ နောက်ဆုံး သတ်ချင်ရင်လည်း သတ်သွားလို့ရတယ်၊ ဒါပေမဲ့ ကျေးဇူးပြုပြီး ကိုကြီးနဲ့ ပြန်လိုက်ခဲ့ပါနော်"

တောင်းပန်တိုးလျှိုးနေသော အသံဖျော့ဖျော့လေးဟာ မွှေး အတွက်တော့ ခုချိန်မှာ အသုံးမဝင်တော့ပေ။ မွှေး ဆုံးဖြတ်ခဲ့ပြီးသွားပြီ။ ကိုကြီး ပိုင်ဆိုင်သော သုံးထပ်အိမ်ကြီးဆီကို ပြန်မလိုက်တော့ဘဲ အရင်က အမေတို့အမွေဖြင့် ဝယ်ထားခဲ့သည့် တိုက်ခန်းလေးမှာပဲ နေထိုင်မည်။ တိုက်ခန်းဝယ်ယူခဲ့သည့်ထဲမှာ ကိုကြီးပိုင်ငွေတွေပါတယ်ဆိုပေမယ့် သူနှင့် တူတူ ရှိမနေရအောင် လုပ်နိုင်သောနည်းက ဒီတစ်နည်းသာ ရှိတော့သည်လေ။

"ဆေးရုံဆင်းလက်မှတ် လုပ်လို့ရပါပြီရှင်၊ ဆရာကြီး ရောက်





နေပါပြီ"

တာဝန်ကျ သူနာပြုလေး လာအကြောင်းကြားတော့ ကိုကြီးက ိုင်နေရာမှ ထရပ်သည်။

"သွားရအောင် မွှေး"

"ရှေ့က သွားနှင့်ပါ၊ ဆေးရုံယူနီဖောင်းလဲပြီး လိုက်လာခဲ့မယ်"

"ကောင်းပြီလေ၊ မြန်မြန်လေးလုပ်နော် မွှေး"

ကိုကြီး ထွက်သွားသည်နှင့် အဝတ်ကို မြန်မြန်ဆန်ဆန်လဲလှယ် ာ နွယ်နီနှင့်ဆုံခဲ့သည့်နေ့တည်းက ပါလာသော လက်ကိုင်အိတ်ကို ြီယူလျက် အရေးပေါ်ထွက်ပေါက်တံခါးဘက်မှ မွှေး ပြေးဆင်းခဲ့လိုက် ည်။ ဆေးရုံရှေ့ကနေ တက္ကစီတစ်စီး တားလိုက်၏။

မွှေးရဲ့အဲဒီလက်ကိုင်အိတ်ထဲမှာ အိမ်သော့တွေအမြဲပါသည့်မို့ ်ပူစရာမရှိပါ။ ကိုယ့်ဘာသာ အဆင်သင့်ဖွင့်ဝင်နေနိုင်မည် ဖြစ်သည်။ ျှိဘဝတုန်းက အဝတ်အစားများလည်း ဒီတိုင်းရှိနေဦးမှာမို့ လော ာဆယ်တော့ စိတ်ပူစရာဘာဆိုဘာမှမရှိသေး။

တိုက်ခန်းလှေကားထိပ်ရောက်မှ မွှေး အသက်ကိုဝရှူနိုင်တော့ ည်။ ခုချိန်လောက်ဆို ကိုကြီးတော့ မွှေးပျောက်သွားတာကိုသိပြီး ဒီကို ်လာနေတော့မှာ သေချာ၏။ ဘယ်လိုပဲဖြစ်ဖြစ် မွှေးက ဒီအိမ်ထဲကို ိုရောက်နှင့်နေဖို့ အရေးကြီးပါသည်။ လှေကားများကို ခပ်သွက်သွက် ားတက်လိုက်တော့ ခဏလေးအတွင်းမှာပဲ ငါးလွှာသို့ ရောက်လာခဲ့ ည်။

"ဟင်"

မွှေး မျက်လုံးလေး ပြူးသွားရသည်။ အိမ်သံပန်းက ဖွင့်ထား



www.burmeseclassic.com

လျက် တံခါးကလည်း ဒီတိုင်းစေ့ရုံသာ စေ့ထားသည်။ သတိထားလျက် တံခါးကို အသာလေးတွန်းဖွင့်ပြီး အခန်းတွင်းသို့ ခြေသံတိုးတိုးလေးနင်းလျက် ဝင်လိုက်၏။

ဝင်ပေါက်ဘက်ကို နောက်ကျောပေးကာ ထမင်းစားနေကြသော ယောကျ်ားနှစ်ယောက်။ ယောကျ်ားတွေမို့ မွေး နည်းနည်းတော့ ထိတ်လန့်သွားသည်။ ခုချိန်ထိ သူတို့နောက်မှာ မွေး ရောက်နေတာကို မသိကြသေး။

အိမ်ဝင်ပေါက်နားတွင်ရှိနေသော သစ်သားခွေးခြေခုံလေးကို အသာမယူလျက် သူတို့နား ဖြည်းဖြည်းချင်း ကပ်ခဲ့လိုက်သည်။ ညာဘက်တွင်ထိုင်နေသော အသားဖြူဖြူနှင့်လူ၏ကျောကို မွေး အားနှင့်ရိုက်ချပစ်လိုက်ရင်း တစ်လက်စတည်း ဘေးကလူကိုပါ မြန်ဆန်စွာ ရိုက်ရန် ပြင်လိုက်စဉ် ထိုလူကလည်း အလန့်တကြားနှင့် လှည့်အကြည့်

"ဟင် ကိုမင်းဒင်"

"ဟာ မွေး"

နှစ်ဦးလုံး၏ပါးစပ်များမှ ပြိုင်တူထွက်ကျလာသော အံ့သြတကြီး ရေရွတ်သံများ။ ဘေးက မွေးရိုက်လိုက်သော တစ်ယောက်ကတော့ မွေးကို ရန်လုပ်ရန် လက်ရွယ်လျက် ထရပ်လိုက်သည်။ ထိုလူကို ကိုမင်းဒင်က လှမ်းတားလိုက်ပြီး

"မလုပ်နဲ့ ဟော့ကောင်၊ အဲဒါ ငါနဲ့အတူ ရွာကတက်လာတဲ့ မွေးကွ"

ထိုတစ်ယောက် နေရာမှာပြန်ထိုင်ကာ ငြိမ်သက်သွားပေမယ့် သူ့နောက်ကျောကိုတော့ တသသပွတ်သပ်နေ၏။





"ဒါက ဘယ်လိုတွေဖြစ်တာလဲ ကိုမင်းဒင်၊ မွေး ဘယ်လိုမှ နားမလည်တော့ဘူး"

ကိုမင်းဒင်က အိမ်ဝင်ပေါက်တံခါးကို သွားပိတ်လိုက်ပြီးမှ မွေး ဆီပြန်လျှောက်လာလျက်

"ထိုင်ဦး မွေး၊ နင် ဒီလိုပုံစံနဲ့ ငါတို့ကိုမြင်သွားမှတော့ ငါ အားလုံးရှင်းပြပါ့မယ်၊ ဒါနဲ့ ဦးစစ်မင်းရော"

"သူမပါဘူး၊ ထားပါ သူ့အကြောင်း"

"သူ့အကြောင်း ထားလို့မရဘူး မွေး၊ ငါ ရှင်းပြမယ့်ကိစ္စက အဓိကဒါရိုက်တာက သူမို့လို့ပဲ"

"ဟင် ဘာကိုဆိုလိုတာလဲ"

"ဟုတ်တယ် မွေး၊ ငါတို့အဖြစ်က သူဆင်တဲ့အတိုင်း ကခဲ့ရရုံပါပဲ၊ နင့်ကိုပြောပြချင်ပေမယ့် သူက နင့်ယောကျ်ားမဟုတ်လား"

"ဒီအကြောင်းပြချက်ကြောင့် ပြောပြဖို့ အခက်အခဲဖြစ်နေတာ ဆိုရင်တော့ ဘာမှပူမနေပါနဲ့၊ မွေး သူ့ဆီကနေ အပြီးထွက်လာခဲ့တာပါ၊ အကြောင်းရင်းကိုတော့ မွေး မပြောချင်လို့ မမေးပါနဲ့နော်"

"ကောင်းပြီလေ နင်မသိစေချင်ရင် ငါမမေးဘူး၊ ငါလည်း နင့်အပေါ် စိတ်မကောင်းဖြစ်နေခဲ့ရတာတွေအတွက် ခုမှပဲ အားလုံး ပြောပြခွင့်ရတော့မယ်၊ တကယ်တော့ နင်ထင်နေသလို နင့်ပိုက်ဆံတွေကို ငါခိုးယူသွားခဲ့တာမဟုတ်ဘူး၊ ဦးစစ်မင်းက နင့်ကို ကယ်တင်ရှင်တစ်ယောက်လုပ်ပြီး ကျေးဇူးတွေနဲ့ နင့်ကိုချည်နှောင်ချင်လို့ ငါခိုးသွားသယောင် ဇာတ်လမ်းဆင်ခိုင်းခဲ့တာပဲ၊ သူက နင့်ကို ကားနဲ့ပွတ်တိုက်မိလို့ နင် ခြေခေါက်လဲသွားတည်းက စိတ်ဝင်စားခဲ့တာတဲ့၊ နင့်ပုံစံက သူ့ပိုက်ဆံကို

www.burmeseclassic.com



မက်မောပြီး တွယ်ငြိလာမယ့်ပုံလည်းမဟုတ်တော့ သူ ကြံရာမရတဲ့အဆုံး ဒီလိုဓာတ်လမ်းဆင်ပြီး ငါတို့ကို အကူအညီတောင်းတာပါတဲ့၊ ငါ ဒီတိုင်းတော့ ကူညီခဲ့တာမဟုတ်ပါဘူး။ နှင့်ကို တကယ်အတည်တကျ လက်ထပ်ပေါင်းသင်းပါ့မယ်ဆိုတဲ့ကတိ သူ့ဆီက အရယူပြီးတော့မှ ကူညီခဲ့တာ ဒီက ငါ့သူငယ်ချင်းကတော့ ဘာမှမသိပါဘူး''

ကိုမင်းဒင်က ဘေးမှာရှိနေသော သူ့ရန်ကုန်မှ သူငယ်ချင်းဆိုတာကိုလည်း ကာကွယ်ပြောဆိုပေးလိုက်သေးသည်။ မွေးကတော့ အံ့သြပြီးရင်း အံ့သြရင်းဖြင့် ဘာစကားမှတောင် တုန့်ပြန်မပြောနိုင်တော့။ မွေးကို ပိုင်ဆိုင်ခွင့်ရဖို့ ဒီလောက်ထိတောင် ကြိုးစားပန်းစား ကြံစည်ခဲ့ပြီးမှ ခုလိုမျိုး သစ္စာဖောက်ရသတဲ့လား။

''နောက်တော့ ငါတို့ကို ရန်ကုန်ကနေ ရှောင်ခိုင်းခဲ့တယ် ပဲခူးဘက်က ရွာလေးတစ်ရွာမှာပေါ့။ ငွေကြေးကတော့ သူ ထောက်ပံ့တာပေါ့လေ၊ နောက်ပိုင်း နှင်တို့လက်ထပ်ပြီးသွားတော့ ငါတို့ကို ဒီအိမ်လေးမှာ နေခွင့်ပေးခဲ့တယ်၊ ငါတို့နှစ်ယောက် အခုဆို စော်ဘွားကြီးကုန်းကမှန်ဆိုင်တစ်ခုမှာ အလုပ်ကောင်းကောင်းလုပ်ပြီး နေနေတာပါဟာ၊ နှင် ငါ့ကို မကျေနပ်ရင် ကြိုက်သလိုလုပ်ပါ နှင်ပေးသမျှအပြစ် ငါခံပါ့မယ်''

ကိုမင်းဒင်က ပြောနေရင်းနှင့် အသံတွေတုန်လာသည်။ မွေး သက်ပြင်းလေးချရုံကလွဲလို့ ဘာမှမတတ်နိုင်တော့ပါ။ ရိုးသားသည့် တောသားတွေကို သိမ်းသွင်းပြီး ကြံစည်ခဲ့တယ်ဆိုတာလည်း မွေး အခု ကြုံခဲ့ရတာတွေနဲ့ယှဉ်ရင် ဘာပြောပတော့မှာလဲလေ။

''ဒုန်း ဒုန်း ဒုန်း တံခါးဖွင့်စမ်း၊ အခုချက်ချင်း တံခါးဖွင့်လိုက်နော်''





မွေး ကိုယ်လေးဆတ်ခနဲ တုန်သွားမိသည်။ အပြင်ကနေ တံခါးကို တဒုန်းဒုန်းထုရိုက်လျက် အသံကျယ်ကြီးဖြင့် အော်ဟစ်နေသော ကိုကြီးကို မွေး ဘယ်လိုပဲဖြစ်ဖြစ် ရင်ဆိုင်ရမည်သာ ဖြစ်၏။

''ငါ သွားဖွင့်လိုက်မယ် မွေး''

''နေ ကိုမင်းဒင် ဒီကိစ္စက ကိုမင်းဒင်တို့နဲ့ မဆိုင်ဘူး၊ အေးအေးဆေးဆေး ဒီမှာပဲနေပါ၊ မွေးပဲသွားဖွင့်ပြီး ပြောပါ့မယ်''

တံခါးပေါက်နားတွင် မတ်မတ်ရပ်လျက် မွေး အသက်ကို ဝအောင်ရှူသွင်းလိုက်သည်။ ချက်ထိုးထားသော တံခါးကို ဖွင့်ပေးလိုက်တော့ အစတည်းက သံပန်းမပိတ်ထားခဲ့သည်မို့ သူနှင့်မွေးသည် ဘာအတားအဆီးမှ မရှိတော့ပါဘဲ မျက်နှာချင်းဆိုင် ရင်ဆိုင်မိကြသည်။

''ရှင် ဘာလာလုပ် ဟင် ရှင် လွှတ်နော်''

မွေး ဘယ်လိုမှ မထင်မှတ်စွာပင် ကိုကြီးက မွေးကို ပခုံးထက်တွင် ပွေ့ချီလျက် လှေကားထစ်များကို လျင်မြန်စွာ ခုန်ကျော်ဆင်းပြေးသွား၏။ မွေး အော်ဟစ်သံကြောင့် ကိုမင်းဒင်တို့နှစ်ယောက် နောက်ကနေ အပြေးလိုက်လာသော်လည်း သူတို့တိုက်အောက် ရောက်ချိန်တွင် မွေးကို ကားနောက်ခန်းထဲ အတင်းထိုးသွင်းလျက် ကိုကြီးက တံခါးများကို လော့ချပစ်ပြီး ကားစက်နှိုးနေခဲ့ပြီ။

လီဗာကိုဆောင့်နင်းလျက် အရှိန်ဖြင့် ထွက်လိုက်သောကြောင့် နောက်ခန်းထဲမှ မွေးမှာ အလူးလူးအလိမ့်လိမ့် ဖြစ်သွားသည်။

''ရှင် ဒါဘာလုပ်တာလဲဟင်''

''ငါ့မိန်းမ ငါပြန်ခေါ်လာတာလေ''

''ဒီနည်းနဲ့ ကျွန်မကို ပြန်ခေါ်လို့ရမယ်လို့ ထင်နေတာလား၊



www.burmeseclassic.com

www.burmeseclassic.com



အခုဆို ကိုမင်းဒင်ပြောပြလို့ ဟိုးအစတည်းက ရှင် အကြံကြီးကြံခဲ့တာတွေကိုလည်း သိခဲ့ရပြီးပြီ''

''အေး ဘာတွေပဲ မင်းဘယ်လိုသိနေနေ မင်းမမေ့ဖို့က မွှေးဝတ်လွှာဆိုတဲ့ မိန်းမဟာ ငါ့မယားအဖြစ် တရားဝင်ရှိနေဆဲဆိုတာပဲ''

မွှေးသည် နောက်ဘက်ကနေ သူ့ကိုထုရိုက်လျှက် သူကတော့ ဘာမှမဖြစ်ဘဲ မွှေးသာလျှင် တစ်ကိုယ်လုံး နာကျင်လာရ၏။ အားမတန်မာန်လျှော့ကာ မွှေး လက်ဝါးဖြင့် မျက်နှာကိုအုပ်ကာလျက် ငိုကြွေးလိုက်မိသည်။ မွှေးဘဝမှာ ဘာဖြစ်လို့ ဒီလိုအဖြစ်မျိုးကြီးတွေ ဖြစ်ပျက်စေခဲ့တာလဲ ကံတရားရယ်။

မွှေးဟာ ငြိမ်းအေးတဲ့ဘဝလေးတစ်ခု အပိုင်ရပြီလို့ထင်ပြီး ပျော်ရွှင်နေခဲ့သမျှ ခုတော့ အရာအားလုံးကို လက်လွှတ်ဆုံးရှုံးလိုက်ရလျက် ဘာဆိုဘာမှမကျန်တော့သည့် သနားစရာ မိန်းမတစ်ယောက်အဖြစ်ကို ပြန်လည်ရောက်ရှိနေပြန်ပါပြီ။

မကြာမီပင် မွှေး မပြန်ချင်သော သုံးထပ်အိမ်ကြီးကို လှမ်းမြင်နေရပါပြီ။ ခြံစောင့်က တံခါးဖွင့်ပေးလိုက်လျှင် ကားလေးက ကိုယ့်ခြံထဲရောက်ပြီဆိုသောအသိနှင့် အရှိန်ကိုလျှော့ကာ ဖြည်းဖြည်းချင်း ဘီးလှိမ့်ဝင်လိုက်၏။ ဒီအခွင့်အခါကို စောင့်နေသော မွှေးသည် သူ့ရှေ့တံခါးမှ ပါဝါတံခါးခလုတ်များကို ခုံကြားမှ မရမက လှမ်းနှိပ်ပစ်ပြီး ပွင့်သွားသည်နှင့် တံခါးကိုဆွဲဖွင့် ခုန်ဆင်းပစ်လိုက်သည်။

''ဟာ မွှေး မွှေး မင်း ဘယ်လိုလုပ်လိုက်တာလဲ''

ကိုကြီးကလည်း မွှေး ခုန်ဆင်းလိုက်သည်နှင့် ကားကို ဘေးသို့ကပ်ရပ်လိုက်ပြီး လျှင်မြန်စွာ ဆင်းလာခဲ့သည်။ ခုန်ဆင်းလိုက်သောအရှိန်





နှင့် မွှေး ခြေတစ်ဖက်နာကျင်သွားသော်လည်း အဲဒီနာကျင်မှုကို မမှုအားပါ။

ရှေ့မှလာနေသော သူ့လက်မှလွတ်အောင်လို့ နောက်သို့လှည့်ပြေးမိသည်။ တကယ်တမ်း မွှေး ပြေးနေမိသည်က အိမ်ကြီး၏ဘေးဘက် ကြောင်လိမ်လှေကားများဆီသို့ ဦးတည်နေခဲ့သည်။ မတတ်နိုင်တော့ ဒီပေါ်သို့တက်ပြေးရန်သာ ရှိတော့၏။

မွှေး ကြောင်လိမ်လှေကားတစ်ထစ် နှစ်ထစ်လောက် တက်ရရုံရှိသေး၊ နောက်ဖေးဝန်ထမ်းတန်းလျားမှ ထွက်လာသော ဒေါ်စိန်က တွေ့သွားကာ

''ဟင် သမီး အဲဒီပေါ်ကို မတက်နဲ့၊ ဘာတက်လုပ်တာလဲ အခုပြန်ဆင်းခဲ့''

''မွှေး မင်းပြန်ဆင်းခဲ့စမ်း၊ ဒီအပေါ်ကို မတက်ရဘူးလို့ မင်းကို မှာထားခဲ့တယ်လေ''

မွှေး ဘယ်သူ့စကားကိုမှ နားမထောင်နိုင်တော့ပါ။ ခုလောလောဆယ်တော့ သေချင်သေသွားပါစေ သူတို့လက်ထဲမှာ မဖြစ်စေရ။ မောဟိုက်တုန်ယင်နေသော ခန္ဓာကိုယ်ကို အနားမပေးနိုင်သေးဘဲ အဆက်မပြတ် ပြေးတက်နေမိ၏။

မကြာမီမှာပင် သူတို့အခါခါ တားဆီးခဲ့သော အပေါ်ဆုံးထပ်အဝင်ဝသို့ မွှေး ရောက်ရှိသွားခဲ့သည်။ တံခါးက သော့မခတ်ထားပါ။ အထဲမှာတော့ တခြားအထပ်တွေလိုပင် ကျယ်ကျယ်ပြန့်ပြန့်ရှိ၏။ အခန်းဖွဲ့ထားခြင်းတွေ မရှိ၊ ဟိုးနောက်ဘက်မှာ အိမ်သာနှင့်ရေချိုးခန်းတွဲလျက်ပါဟန်ရှိသော အခန်းတစ်ခုသာရှိသည်။ ဒေါ်စိန် တစ်ခါက ပြောခဲ့သလို



www.burmeseclassic.com

www.burmeseclassic.com



ညစ်ပတ်ပေပွနေခြင်းလည်း မရှိ။

"ဟင်"

မွေး မျက်လုံးလေးပြူး ပါးစပ်အဟောင်းသား ပွင့်ဟသွားရှေ့သည်။ ခြေထောက်များကလည်း နောက်ပြန်ပြန်ဆုတ်မိလျက်သား။

အခန်းထောင့်တစ်နေရာတွင် ကျောပေးအိပ်စက်နေရာမှ မွေး ခြေသံများကြောင့် နိုးလာဟန်ဖြင့် မွေးထံသို့ စူးစူးစိုက်စိုက် ကြည့်နေခဲ့သော မျက်ဝန်းတစ်စုံ။ စူးစမ်းလိုဟန်ရှိသော်လည်း ဘာစကားမှပြောမည့်ပုံတော့ မရှိတာသေချာသည်။ အမျိုးသမီးဟာ ချည်ထည်အဝတ်ခပ်နွမ်းနွမ်းကို ဝတ်ဆင်လျက် ပုံမကျပန်းမကျဖြစ်နေသော ဆံပင်များက ဒီတိုင်းဘုတ်သိုက်ဖြစ်နေခဲ့သည်။

မွေးကို အန္တရာယ်ပေးမည့်ပုံမရှိဘဲ ဒီတိုင်းငေးကြည့်နေခဲ့ခြင်းသာဖြစ်၏။ ဒါက ဘယ်သူများပါလဲ။ မွေး ထင်ထားတာထက်ကို ဦးစစ်မင်းဟာ လျှို့ဝှက်နက်နဲပြီး ကြောက်စရာကောင်းသည့် ယောကျာ်းတစ်ယောက်ဖြစ်နေခဲ့တာပါလား။

"သမီး"

မွေးနားသို့ ဒေါ်စိန် ရောက်လာခဲ့သည်။ အထိတ်တလန့်ဖြစ်နေသော မျက်နှာထားမျိုးနှင့်။ ဒေါ်စိန့်ကိုမြင်တော့ အခန်းထောင့်မှ အမျိုးသမီး လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး မျက်နှာက ပြုံးရယ်လိုက်လျက်

"ထမင်းစားတော့မယ် ထမင်းစားတော့မယ် ထမင်းစားတော့မယ်"

အဲဒီစကားကိုသာ ခပ်တိုးတိုးလေး အထပ်ထပ်အခါခါ ပြောနေတော့၏။





"မွေး မင်းအခု ပြန်ဆင်းခဲ့စမ်း"

အခန်းဝတွင် ဒေါသတကြီးပေါ်လာလျက် မွေး လက်ကိုဆောင့်ဆွဲလိုက်သော ကိုကြီး။ အထူးခြားဆုံးတစ်ခုကတော့ ခုနကထိ ငြိမ်သက်စွာ ရှိနေခဲ့သော အမျိုးသမီးသည် ကိုကြီးကိုမြင်သည်နှင့် သရဲတစ္ဆေတစ်ကောင်မြင်လိုက်ရသလိုမျိုး မျက်လုံးများအစွမ်းကုန်ပြူးလာပြီး ပါးစပ်မှ စူးစူးဝါးဝါးအော်ဟစ်ကာ အနီးနားမှပစ္စည်းများကို ဆွဲယူပစ်ပေါက်လျက် သူမ ခြုံထားခဲ့ဟန်ရှိသော စောင်ပါးလေးအောက်သို့ အတင်းတိုးဝင်ပြီး ခေါင်းမြီးခြုံနေခဲ့၏။ ပါးစပ်မှအော်ဟစ်သံတွေက ဆူညံနေဆဲ။ စောင်ခြုံအောက်မှာရှိနေသည့် ပိန်လှီသော ခန္ဓာကိုယ်လေး နတ်ဝင်ပူးသလို တဆတ်ဆတ် တုန်ခါနေတာ သနားဖွယ်ပင် ကောင်းသေးတော့။

"မင်းအခုချက်ချင်း အောက်ပြန်လိုက်ခဲ့စမ်း မွေး"

"မလိုက်နိုင်ဘူး ဦးစစ်မင်း။ သူက ဘယ်သူလဲ၊ အမျိုးသမီးတစ်ယောက်ကို ချုပ်ထားရအောင်ထိ ရှင် ဘယ်လိုအောက်တန်းကျတဲ့ သုဝ်ရုပ်တွေကို လုပ်နေခဲ့တာလဲ"

အမျိုးသမီးသည် စူးဝါးစွာ အော်ဟစ်ဆူညံနေဆဲ။ စောင်ခြုံအောက်မှာလည်း တုန်ယင်နေဆဲ။ ဒီအမျိုးသမီး၏ စိတ်အခြေအနေပုံမှန်မဟုတ်တာ မြင်တာနှင့်သိနိုင်ပါသည်။

"မင်းအခု ငါနဲ့လိုက်မှာလား မလိုက်ဘူးလား"

အထပ်တိုင်းက အသံလုံသည်မို့ မွေးတို့သည် အပေါ်မှာ လူတစ်ယောက်ရှိနေခဲ့တာကို သတိမထားမိခြင်း ဖြစ်ပါလိမ့်မည်။ ပြီးတော့ မွေးနှင့်ဒေါ်စိန်ကို တွေ့ရချိန်မှာ ဘယ်လိုအော်ဟစ်ဆူညံမှုကိုမှ မလုပ်ခဲ့ဘဲ ကိုကြီးကိုတွေ့မှသာ သောင်းကျန်းခဲ့ခြင်းဖြစ်သောကြောင့် ဒီမိက



www.burmeseclassic.com

www.burmeseclassic.com



တရားခံဟာလည်း ကိုကြီးပဲဆိုတာ ပေါ်လွင်နေခဲ့သည်။

"မလိုက်နိုင်ဘူး"

မွေး ပြတ်သားစွာ ပြောလိုက်လျှင် သူ တက်တစ်ချက် ခပ်ပြင်းပြင်းခေါက်လိုက်၏။

"ဒါ ဘယ်သူလဲဆိုတာ ရှင် မပြောမချင်း ကျွန်မ ဒီကနေ တစ်ဖဝါးမှ မခွာဘူး"

"ကောင်းပြီ မင်းကြိုက်သလောက်နေပေါ့၊ ဘာပဲဖြစ်ဖြစ် ဒါလည်းပဲ ငါ့အိမ်ထဲမှာ ရှိနေတာပဲဆိုတော့ ပြဿနာမရှိပါဘူး"

သွေးအေးစွာပြောပြီး လှည့်ထွက်သွားသော ကိုကြီးသည် မွေး စတင်သိကျွမ်းခဲ့သော နူးညံ့နွေးထွေးသည့် ယောကျ်ားတစ်ယောက်မှ ဟုတ်ပါလေစ။ လှေကားထစ်များကို တစ်ထစ်ချင်း အေးဆေးဆင်းသွားသော ရှူးဖိနပ်သံတွေ ပျောက်ဆုံးသွားတော့မှ မွေးသည် ဒေါ်စိန်ဘက် လှည့်လိုက်ပြီး

"ဒေါ်စိန် ပြောပြပါ"

အခန်းထောင့်မှ အမျိုးသမီးကို ချော့မော့နေသော ဒေါ်စိန်အား မွေး လှမ်းပြောလိုက်လျှင် ကိုကြီး အောက်ဆင်းသွားတည်းက အော်ဟစ် ဆူညံနေခြင်းများ ရပ်တန့်သွားသော ထိုအမျိုးသမီးက မွေးထံသို့ ရူးစမ်း ချင်သည့်မျက်ဝန်းများဖြင့် ငေးစိုက်ကြည့်လာပြန်၏။

အမျိုးသမီးကို ဒေါ်စိန်က အိပ်ရာထက်မှာ ပြန်အိပ်စေလျက် စောင်ခြုံပေးပြီး တင်ပါးကိုပုတ်ကာ ချော့သိပ်နေသည်။ မိနစ်အနည်းငယ် အတွင်းမှာပင် အမျိုးသမီးသည် အသက်ပြင်းပြင်းရှူသံပေးလျက် အိပ် ပျော်သွားခဲ့တော့၏။





အခန်းအလယ်နားတွင်ရှိသော ပလတ်စတစ်ထိုင်ခုံနှစ်လုံးတွင် ဒေါ်စိန်နှင့်မွေး တစ်ယောက်တစ်ခုံ ဝင်ထိုင်လိုက်ကြသည်။

"ခုချိန်မှတော့ ဒေါ်စိန်သိထားတာတွေ မွေးကို ဖုံးကွယ်မနေပါနဲ့တော့၊ အားလုံးပြောပြပါနော်"

"တကယ်တော့ ဒီမိန်းကလေးဟာ ဆရာ့ရဲ့ဇနီးပါပဲ"

"ရှင်"

ဘာတွေလဲ စစ်မင်းဆိုသည့်ယောကျ်ားတစ်ယောက် ရှုပ်ထားသည့်ဇာတ်လမ်းတွေက မပြီးဆုံးနိုင်ကြတော့ဘူးလား။

"ခင်ထိပ်ထား တဲ့၊ သိပ်ကိုချမ်းသာတဲ့မျိုးရိုးက ဆင်းသက်လာတဲ့ တစ်ဦးတည်းသောသမီးပေါ့၊ မိတဆိုးလေးဆိုတော့ အလိုလိုက်တာကိုလည်း သိပ်ခံခဲ့ရတာပေါ့၊ ကံက ဒီလိုဖြစ်ဖို့ပါလာတော့လည်း အိမ်မှာ ဒရိုင်ဘာလုပ်တဲ့ ဦးချစ်မင်းရဲ့သားကို သဘောကျသွားမိတယ်လေ၊ အဲဒါကတော့ မောင်စစ်မင်းပဲပေါ့၊ ပညာတူးချွန်တဲ့ မောင်စစ်မင်းဟာ သူ့ထက် အသက်ဆယ်နှစ်ကျော်ကြီးနေတဲ့ ထိပ်ထားကို သဘောမကျခဲ့ပါဘူး၊ ဒါပေမဲ့ ချမ်းသာတဲ့သူတွေရဲ့ထုံးစံအတိုင်း သူတို့မှာက ဆင်းရဲတဲ့သူတွေကို ချည်နှောင်စရာကြိုးတွေ သိပ်ပေါတာမဟုတ်လား၊ ဦးချစ်မင်း နေမကောင်းဖြစ်ရာကနေ ဆုံးပါးသွားတဲ့အထိ ငွေကုန်ကြေးကျခံပြီး အစွမ်းကုန်ကုပေးတဲ့အပြင် သူတို့သားအဖ အပြင်မှာတင်နေတဲ့ ကြွေးတွေကိုပါ ဆပ်ပေးခဲ့တယ်၊ ဦးချစ်မင်း မဆုံးခင်မှာ သူတို့တောင်းတဲ့ ကတိကတော့ သူတို့ကျေးဇူးတွေကို ဆပ်တဲ့အနေနဲ့ စစ်မင်းကို သားမက်တော်ခွင့်ပေးပါပေါ့၊ မတတ်သာတဲ့အဆုံး ဦးချစ်မင်းက ခေါင်းညိတ်ခဲ့ရရှာတယ်"

ကိုကြီးရဲ့ဇာတ်လမ်းကလည်း ရင်နာစရာပါလား။ ဒါတွေကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်နာပြီး ကိုကြီး ဒီအမျိုးသမီးကို ဒီလိုမျိုးတွေ လုပ်ထားခဲ့တာလား။

"လက်ထပ်ပြီး ဘယ်လောက်မှမကြာဘူး၊ ထိပ်ထား အဖေ လည်းဆုံးပါးပြီး ထိပ်ထားကတော့ သားလေးတစ်ယောက်မွေးတယ်၊ ချစ်ခွဲ တေးလို့ နာမည်ပေးပြီး အမေလုပ်သူက ဖူးဖူးမှုတ်ထားခဲ့ပေမယ့် ဖအေက တော့ သားလေးမွေးပြီး လသားလောက်ပဲရှိဦးမယ်၊ အဲဒီထဲက နိုင်ငံခြား မှာ ကျောင်းသွားတက်လိုက်တာ သားလေး လေးနှစ်ခွဲလောက်ရှိမှပဲ ပြန်ရောက်လာခဲ့တယ်"

မွှေးသည် စိတ်ဝင်စားစရာ ဇာတ်လမ်းတစ်ပုဒ်ပမာ ကိုကြီးရဲ့ အတိတ်တွေကို နားထောင်နေမိ၏။ အမျိုးသမီးကပဲ သနားစရာကောင်း ခဲ့တာလား။ ဝယ်ယူခံထားရသော အိမ်ထောင်ရေးထဲမှာ နစ်မွန်းခဲ့သည့် ကိုကြီးကပဲ သနားစရာကောင်းခဲ့တာလား၊ မွှေး မတွေးတတ်တော့ပေမယ့် လက်ရှိအချိန်မှာ သနားကရုဏာသက်စရာကောင်းတာကတော့ အခန်း ထောင့်လေးတွင် ခွေခွေလေး အိပ်နေခဲ့သည့် အမျိုးသမီးသာ ဖြစ်သည်။

■ ■ ■



## အခန်း (၁၂)

"ဘယ်လိုလဲ ကောင်လေး၊ နာကျင်စရာကောင်းတဲ့ ကိုယ့် အတိတ်တွေကို မင်းနားထောင်လိုက်ရတော့ ဘယ်လိုခံစားရလဲ"

ခြံနောက်မှ မွှေး ထိုင်နေကျနေရာလေးတွင် နှစ်ယောက်သား ဘေးချင်းယှဉ်ထိုင်ရင်း မနေ့ညက ဒေးဒေးတို့အိမ်လေးရှေ့မှာ ပြောလို့ ဆုံးခဲ့သည်များကို မွှေး ဆက်ပြောပြဖြစ်နေခဲ့၏။ ကောင်လေးသည် မွှေးဘက်က မခံရပ်နိုင်စွာ အားပေးလိုက် မွှေး နာကျင်ရသည့်အခန်း များရောက်လျှင် မျက်နှာလေးက မှုန်ရီဝေသွားလျက် အဝေးတစ်နေရာ သို့ငေးလိုက်ဖြင့် သက်ဝင်လှုပ်ရှားစွာ နားထောင်နေခဲ့ခြင်း ဖြစ်၏။

"မမကို ကျွန်တော် ပြောပြီးသားပဲလေ၊ မမရဲ့အတိတ်က ဘာ ကြီးပဲဖြစ်နေပါစေ ကျွန်တော် ဂရုမစိုက်ဘူးလို့"

"ဒီအိမ်နဲ့ဒီခြံက ကိုယ်ပြောပြတဲ့ ငါးလွှာတိုက်ခန်းကိုရောင်းလို့



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ငွေနဲ့ သူ့ငွေထပ်ပေါင်းပြီး ဝယ်ထားခဲ့တာ၊ ကိုယ်က တရားရုံးမှာ ကွာရှင်းခွင့်လျှောက်တာ အနိုင်ရတော့ သူ့ဆီက လျော်ကြေးရတယ်လေ၊ ဒါကို သူက တစ်လုံးတည်းမပေးဘဲ နည်းနည်းစီခွဲပေးနေခဲ့တာ၊ ချောင်း ကိုယ့်ကိုဖွဲ့ထားတဲ့သဘောပါပဲ၊ အဲဒါကြောင့် ကိုယ်ကလည်း မင်းကျောင်း နဲ့ ဒီပန်းပင်တွေကရတဲ့ ငွေကိုအားကိုးပြီး သူပို့ပေးထားတဲ့ငွေတွေကို သွားမထုတ်ဘူးလေ၊ ဒီရက်ပိုင်း သူ ဖုန်းဆက်ရင်လည်း မကိုင်ဖြစ်ဘူး မင်းပျောက်နေလို့ ကိုယ် သိပ်စိတ်ပူနေပြီး ဘာမှမလုပ်ချင်ခဲ့တာလည်း ပါပါတယ်''

''ဟင် မမ တကယ်ပြောတာလား၊ ကျွန်တော့်ကို သိပ်စိတ်ပူပြီး ဘာမှမလုပ်ချင်မကိုင်ချင် ဖြစ်ရတယ်ဆိုတာလေ''

ကောင်လေးက သွားတက်လေးများပေါ်အောင် ပြုံးရယ်လျက် မွေ့ကို အားတက်သရော မေးနေပြန်သည်။

''ကဲ ကလေးရေ မြို့ပြန်ဖို့လုပ်ဦး၊ လက်ကလည်း ကောင်းသေး မဟုတ်ဘူး၊ မနက်ကလည်း အစောကြီးထပြီး ကိုယ့်ကိုလိုက်ပို့ပေးရတာ အချိန်ရတုန်း စောစောပြန်ပြီး စောစောနားပေါ့''

''မမ မရှိတော့ ကျွန်တော့်ကို ထမင်းကျွေးပေးမယ့်သူတောင် မရှိတော့ဘူး''

''အပိုတွေ မင်းအမေလည်း ရှိတယ်၊ မညီလည်း ရှိတယ် ဒါမှမကျေနပ်ဘူးဆိုရင် မညီ သမီးတွေ သားတွေပါ ရှိသေးတယ်''

''ဟာ မမ မနောက်နဲ့ဗျာ၊ ကျွန်တော်က မမ ကျွေးပေးတာကို စားချင်တာဗျ''

''ဒီကောင်လေးတော့လေ ဘာလဲ ကိုယ်ကသာ ကျွေးပေးမယ်





ဆိုရင် မင်းက လက်ကျောက်ပတ်တီးကို တစ်သက်လုံး မဖြုတ်တော့ဘူး လား''

''ကျွန်တော့်ကိုဆို မမက နောက်ဖို့ပဲနော်၊ ကျွန်တော့်ရင်ထဲမှာ ဘာတွေခံစားနေရတယ်ဆိုတာ မမ တကယ်ပဲ မသိဘူးလား''

''အမလေး၊ စကားကြီးစကားကျယ်နဲ့ပါလားဟေ့ ဘာတွေများ ခံစားနေရလို့လဲ ပြောစမ်းပါဦး''

အပြောင်အပျက် ပြောလိုက်ပြီးမှ မွေ့ဘက်က ပြောင်းဖွင့်ပေး လိုက်သလို ဖြစ်မှာလည်း စိုးရိမ်သွားမိသည်။ သို့သော် ဘယ်အချိန်တည်း က စီးချင်နေမှန်းမသိသော ရေကတော့ အရှိန်အဟုန်ဖြင့် စီးဆင်းလာခဲ့ တော့၏။

''ကျွန်တော် မမကိုစတွေ့တည်းက ချစ်ခဲ့တာ၊ မမနားမှာပဲ နေချင်တယ်၊ မမအတွက်ဆိုရင် အရာရာကိုပေးဆပ်ရဲတယ်၊ ကျွန်တော့် အသက်ကိုတောင် မနှမြောဘူးဗျာ၊ မမကရောဟင် ကျွန်တော့်အပေါ်မှာ ဘယ်တုန်းကမှ ရင်မခုန်ခဲ့ဖူးဘူးလား''

''မင်းဘာတွေပြောနေတာလဲ''

မွေ့ ကတုန်ကယင်လေး ပြောမိလျှင် ကောင်လေးက မွေ့ လက်တစ်ဖက်ကို ဆတ်ခနဲ ဆွဲယူလျက် သူ့ဘယ်ဘက်ရင်ဘတ်တွင် ကပ်ထားလိုက်ရင်း

''မမ ခံစားလို့ရတယ်မဟုတ်လားဟင်၊ ကျွန်တော့်နှလုံးတွေ ပေါက်ထွက်မတတ် ခုန်နေတာကိုလေ၊ ကျွန်တော်ကတော့ မမနားမှာရှိ နေရရင် အဲဒီလိုကို ပရမ်းပတာ ခုန်ပေါက်နေတဲ့ နှလုံးသားကို ထပ် မထိန်းချုပ်ထားချင်တော့ဘူး''

www.burmeseclassic.com



"ဒီမှာ ဒေးဒေး မင်းက ငယ်သေးတယ်၊ ဆယ့်ခြောက်နှစ်ဆို တာ သစ်ရွက်လေတိုက်လို့ လှုပ်ရင်တောင် ဟယ် ရယ်စရာကြီးဆိုပြီး ရယ်ချင်ရယ်နေမှာ၊ မင်းက ကိုယ့်ကို အခု အချစ်အကြောင်းတွေ အတည် ပေါက်လာပြောနေတော့ ကိုယ်ကတော့ နားလည်ပေးနိုင်ပေမယ့် မင်း အတွက်တော့ စိုးရိမ်မိတယ်၊ နောင်တစ်ချိန် မင်းတကယ်ချစ်တဲ့ မိန်း ကလေးတွေ့လာရင် ကိုယ့်ကိုချစ်တယ်လို့ ပြောခဲ့မိတဲ့အတွက် မင်း ပြန် တွေးတိုင်း ရယ်ချင်လာလိမ့်မယ်"

မွေးသည် ထိုစကားကို ကောင်လေး၏မျက်နှာကိုမကြည့်ဘဲ မျက်စိမှိတ်ပြောချပစ်လိုက်ခြင်း ဖြစ်၏။ မျောက်သားစားချင် မျောက် မျက်နှာမကြည့်နဲ့ဆိုတဲ့ စကားရှိတယ်မဟုတ်လား၊ ဒီစကားတွေပြောနေ တုန်း ကောင်လေးမျက်နှာကိုသာ ကြည့်နေမိလျှင် ဘယ်လိုနည်းနဲ့မှ ပြောထွက်မှာမဟုတ်။

"ကျွန်တော့်အချစ်ကို မမ အရမ်းစော်ကားတယ်ဗျာ"

မွေးစကားအတွက် ကောင်လေး တုန့်ပြန်မှုက ထိုမျှသာ။ ဘာ ရယ်မှန်းမသိပါဘဲ မွေး နင့်ခနဲ ခံစားလိုက်ရသည်။

"ဒါပေမဲ့ ကျွန်တော်ကတော့ မမလို တစ်ဖက်သားနာကျင် အောင် မပြောပါဘူး၊ ကျွန်တော် မရင့်ကျက်သေးတဲ့အရွယ်လို့ မမ သတ်မှတ်ထားပေမယ့် အဲဒီအရွယ်လေး ကျွန်တော်ကတော့ ကိုယ့်ကိုကိုယ် ရင့်ကျက်ပါပြီလို့ ခံယူထားတဲ့ မမရင်ထဲကို လှမ်းမြင်နေရတယ်၊ ဘာလို့ များ လိမ်ချင်နေတာလဲ မမရယ်"

"မင်း မင်း ဘာတွေပြောနေတာလဲ ဒေးဒေး၊ မင်းအာ စိတ်ပူနေလိမ့်မယ် သွား မြန်မြန်ပြန်တော့"



"ရှက်ရမ်းရမ်းနေတဲ့ အဲဒီမျက်နှာလေးကိုလည်း ကျွန်တော် သိပ်မြတ်နိုးပြီးချစ်တယ်"

"ဟိတ်ကောင်လေး မင်းက ပြောလေကဲလေပါလား"

မျက်နှာတစ်ပြင်လုံး နီမြန်းလျက် မွေး လက်သီးဆုပ်လေးဖြင့် ကောင်လေးပခုံးကို မနာအောင် ထုနှက်လိုက်သည်။

"မွေး"

"ဟင်"

နောက်လှည့်ကြည့်စရာမလိုပါဘဲ ဒီအသံကို မွေး တစ်သက်မှာ နာကျင်စွာ မှတ်မိနေခဲ့တာပါ။ မွေးက လှည့်မကြည့်ဖြစ်သေးပေမယ့် ကောင်လေးကတော့ လှည့်ကြည့်ဖြစ်သွားပါသည်။

"ဦးလေးက ဘယ်သူလဲ မသိဘူး"

"မင်းကရော ဘယ်သူလဲကွ"

တစ်ယောက်နှင့်တစ်ယောက် စူးစမ်းသလို ကြည့်နေကြသော ယောကျ်ားနှစ်ယောက်ကြားထဲသို့ မွေး ဝင်ပါမှဖြစ်တော့မည်။

"ရှင် ဒီကို ဘာလာလုပ်တာလဲ ဦးစစ်မင်း"

"ဘာ ဦးစစ်မင်း ဟုတ်လား"

ကောင်လေးမျက်နှာမှာ အံ့သြမှုတွေနဲ့အတူ ဒေါသတရားတွေပါ တစ်ပြိုင်နက် ပြည့်နှက်လာသည်။

"ဒေးဒေး မင်းပြန်တော့"

"ဘာလို့ပြန်ရမှာလဲ မမ၊ ဒီလူကြီးက မမကို တစ်ခုခုလုပ်ရင် ဘယ်လိုလုပ်မလဲ၊ မမနားမှာ ကျွန်တော်ရှိနေမှ ရမှာပေါ့"

"ဒါနဲ့ ဒီချာတိတ်က ဘယ်သူလဲ မွေး"



www.burmeseclassic.com

www.burmeseclassic.com



မွှေးတော့ ဒီနှစ်ယောက်နှင့် သေသာသေလိုက်ချင်ပါသည်။

"ကဲပါလေ ဒေးဒေးလည်း မပြုန်ချင်မပြုန်ပါနဲ့ ရတယ်၊ ဒါက ကိုယ့်ရဲ့ခင်ပွန်းဟောင်း ဦးစစ်မင်း၊ ဒါကတော့ ကျွန်မခြံထဲမှာ ဝိုင်းကူလုပ်ပေးရင်း ပန်းချီလည်းလာဆွဲရင်းနေတဲ့ ဒေးဒေး တဲ့"

"ချာတိတ်က တော်တော်ငယ်သေးတာပဲ"

"ငယ်ပေမယ့် အဲဒီလို ငယ်လို့ဆိုပြီး ကျွန်တော်မလုပ်နိုင်တာ ဘာမှမရှိဘူးဗျ"

ဒေးဒေး ပြောပုံကိုကြည့်ပြီး ကိုကြီးက ရယ်စရာဟာသတစ်ခု တွေ့သလိုပုံနှင့် ဟက်ဟက်ပက်ပက် ရယ်မောပါသည်။

မွှေး ထင်ထားခဲ့တာက ကိုကြီး အဲဒီလို ရယ်မောလိုက်ခြင်းကို ဒေးဒေးက တစ်ခုခုဆိုးဆိုးရွားရွား တုန့်ပြန်လိမ့်မယ်ဆိုပြီးတော့ပါ။ သို့သော် မွှေး ထင်ထားတာနှင့်ဆန့်ကျင်စွာပင် ဒေးဒေးက ကိုကြီး ရယ်မောနေပုံကို မျက်တောင်မခတ်တမ်း ငေးစိုက်ကြည့်နေခဲ့၏။

"မွှေးကို ကိုကြီး စကားအေးအေးဆေးဆေး ပြောချင်တယ်။ နှစ်ယောက်တည်းပေါ့လေ"

ကိုကြီးက ဒေးဒေးကို မျက်လုံးစွေကြည့်လျက် စကားစလာသည်။ အဲဒီအချိန်မှာပါပဲ

"ဦးလေးကို ကျွန်တော် ရင်းရင်းနှီးနှီး မြင်ဖူးနေတယ်၊ ကျွန်တော့်ကိုရော ဦးလေး မြင်ဖူးသလား"

"ဟေ မမြင်ဖူးပါဘူးကွ၊ မင်းကို ခုမှမြင်ဖူးတာ၊ မိနစ်ပိုင်းလေးပဲရှိပါသေးတယ်"

ကောင်လေးက လည်ပင်းတွင် ဆွဲထားလျက် အကျီလည်ပင်း





နောက်တွင် မြှုပ်နေသော ဆွဲကြိုးလေးကို ဆွဲထုတ်လိုက်ပြီး

"ဒီဆွဲကြိုးလေးကိုရော ဦးလေး မြင်ဖူးလား"

"ဒေးဒေး ဘာတွေလုပ်နေ"

မွှေး စကားတွေ တစ်ဝက်မှာတင် ရပ်တန့်သွား၏။ ကောင်လေး ဘာကိုတွေးလိုက်သည်ဆိုတာ မွှေး သိလိုက်လို့ပါပဲ။

ကိုကြီးက ကောင်လေးလှမ်းပေးနေသော ဆွဲကြိုးလေးကိုယူလျက် ရွှေလော့ကတ်အပြားလေးကို သေချာစွာကြည့်နေခဲ့သည်။ လော့ကတ်သီးလေးရဲ့နောက်ဘက်ကို လှန်ကြည့်လိုက်တော့

"ဟင် မင်း မင်း မင်းက"

ပြူးကြောင်နေသော မျက်လုံးများဖြင့် ဒေးဒေးကို ငေးစိုက်ကြည့်ကာ ဆွဲကြိုးကိုင်ထားသော လက်များပင် တဆတ်ဆတ်တုန်ယင်လာသည်ထိ ကိုကြီး အမူအရာတွေ ပျက်ယွင်းနေ၏။

ကောင်လေးကတော့ ထိုသို့ မူပျက်နေသော ကိုကြီးလက်ထဲမှ ဆွဲကြိုးလေးကို ဆတ်ခနဲ လှမ်းယူလျက် မွှေးတို့နားမှ ခြေလှမ်းကျဲကြီးများဖြင့် ထွက်ခွာသွား၏။ သိပ်ဝေးဝေးတော့မဟုတ်ပါ။ သူ နေခဲ့ဖူးသော သစ်သားအိမ်လေးဆီကို ဖြစ်သည်။

"ဘာတွေလဲဟင် ဦးစစ်မင်း၊ မွှေး အခု တွေးမိနေတဲ့အတိုင်းများ ဖြစ်နေခဲ့ပြီလား"

ကိုကြီးသည် မျက်နှာကို လက်ဝါးနှင့်အုပ်ကာ အနီးရှိ သစ်ငုတ်တိုတစ်ခုပေါ် ထိုင်ချလိုက်၏။

"ခဏလေး မွှေး၊ ကိုကြီး ဘာမှမပြောနိုင်သေးလို့ပါ၊ တစ်ယောက်တည်းပဲ ခဏလောက်နေပါရစေနော်"



www.burmeseclassic.com

www.burmeseclassic.com



မွေးသည် ကိုကြီးနားကနေ အသာအယာလှည့်ထွက်လာလျှင် ကောင်လေးရှိနေသော သစ်သားအိမ်လေးဘက် လှည့်ခဲ့လိုက်သည်။

အိမ်လေး၏ အနောက်ဘက်ချောင်အမှောင်ဘက်၌ ထောင်ထား သော ဒူးနှစ်ဖက်ကို လက်များဖြင့်ပြန်ပိုက်ရင်း ထိုဒူးများပေါ် ခေါင်း မှောက်ချထားသော ကောင်လေး။

မွေး တက်လာတာကိုသိမည်ဖြစ်သော်လည်း တစ်ချက်ကလေး မှ မော့မကြည့်ပါ။ နားနှစ်ဖက်နောက်တွင် ညှပ်သိမ်းထားသော ဆံပင် ဂုတ်ဝဲလေးက ခေါင်းကိုမှောက်ချထားခြင်းကြောင့် တံတောင်ဆစ်များဆီ ဝဲဖြာကျနေ၏။

မွေးသည် ကောင်လေးနံဘေးတွင် ကပ်ထိုင်လျက် ဆံပင်လေး များကို ပြန်သပ်တင်ပေးနေမိ၏။ ရုတ်တရက်ဆိုသလို မွေး ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်လာသော ကောင်လေးကို မွေး မမျှော်လင့်စွာဘဲ ပြန်လည် ပွေ့ဖက်နှစ်သိမ့်ပေးမိခဲ့သည်။

ခန္ဓာကိုယ်လေး တုန်ယင်လျက် အသက်ရှူသံတွေ ပြင်းထန်နေ သော ကောင်လေး၏ကျောပြင်ကို မွေးကြင်နာစွာ ပွတ်သပ်ပေးနေမိသည်။ ဒါဟာ ဘယ်လိုတပ်မက်မှုမျိုးနှင့်မှ မဟုတ်ဘဲ ကောင်လေး ခံစားခဲ့ရသမျှ အတွက် ကိုယ်ချင်းစာစွာ ရင်မှလှိုက်လှိုက်လှဲလှဲ ဖြစ်ပေါ်လာသော ကရုဏာသာဖြစ်ပါသည်။

"ကျွန်တော်လေ မမကို ပြောခဲ့ဖူးပါတယ်၊ ကျွန်တော့်ကိုမုန်းတီး လို့ စွန့်ပစ်ခဲ့တဲ့ ဖေဖေ့ရဲ့မျက်နှာကို သေချာမှတ်မိနေခဲ့ပါတယ်ဆိုတာ ဦးစစ်မင်းရယ်လိုက်တဲ့အချိန်မှာ ကျွန်တော် အရင်ဆုံးပြေးမြင်မိတာက ကျွန်တော့်ကိုမုန်းတီးလို့ စွန့်ပစ်ခဲ့တဲ့ယောက်ျားတစ်ယောက်ရဲ့မျက်နှာပဲဗျ





အဲဒီလို ချောမောပြီး ရယ်လိုက်ရင် သိပ်ချစ်ဖို့ကောင်းတာ ဒီလောကထဲမှာ သူ့တစ်ယောက်ပဲ ကျွန်တော်တွေ့ဖူးသေးတယ်"

မွေးကတော့ ဒီလောကမှာ အဲဒီလို ရယ်လိုက်လျှင် သိပ်ချစ်ဖို့ ကောင်းသွားတဲ့ ယောကျ်ားနှစ်ယောက်ကို တွေ့ဖူးပါသည်ဟု ပြန်မပြော ဖြစ်ပါ။

"နှစ်တွေ ဒီလောက်ကြာသွားတာတောင် ကျွန်တော့်ဦးနှောက် တွေ နှလုံးသားတွေက ဘာလို့များ ဒီလူကိုတစ်ချက်လေးကြည့်ရုံနဲ့ မှတ်မိ နေခဲ့တာလဲ မသိတော့ဘူးဗျာ၊ ဆွဲပြားလေးနောက်မှာ ရေးထားတဲ့ အင်္ဂလိပ်စာလုံး အတိုကောက်လေးက တစ်ယောက်ယောက်ရဲ့နာမည်လို့ တော့ ကျွန်တော် သိပါတယ်၊ ကျွန်တော်နဲ့ပတ်သက်တဲ့ မိသားစုဝင် တစ်ယောက်ယောက်ပေါ့"

"မင်းနဲ့သူနဲ့ မျက်နှာချင်းဆိုင်ပြီး တစ်ခုခုပြောသင့်တယ်လို့ ကိုယ်ထင်တယ်"

"ဘာပြောတယ် မမ၊ ကျွန်တော့်ကို လူမှန်းနားမလည်သေးတဲ့ ကလေးအရွယ်လေးမှာတောင် မုန်းတီးလို့ဆိုပြီး စွန့်ပစ်ခဲ့တဲ့လူတစ်ယောက် ကို ခုချိန်မှာ ကျွန်တော်က မျက်နှာချင်းဆိုင်ပြီး ဘာတွေပြောရမှာလဲ"

"မဟုတ်သေးဘူးကွာ၊ အခု ဦးစစ်မင်းပုံကိုကြည့်ရတာလည်း မင်းနဲ့မျက်နှာချင်းဆိုင်ပြီး တစ်ခုခုပြောဖို့ လိုအပ်နေတဲ့ပုံပါပဲ"

"ကျွန်တော် ကြိုးစားကြည့်ပါမယ်"

"ကောင်းပြီလေ ကိုယ် သူ့ဆီ တစ်ချက်သွားလိုက်ဦးမယ်"

မွေး နေရာမှ ထခဲ့လိုက်လျှင်

"မမ"



www.burmeseclassic.com

www.burmeseclassic.com



"ပြော ကလေး"

"ဘာတွေပဲဖြစ်ဖြစ် ကျွန်တော် မမအပေါ်ထားတဲ့အချစ်ကတော့ ဘယ်လိုနည်းနဲ့မှ ပြောင်းလဲမှာမဟုတ်ဘူးနော်"

မွေး ရင်ထဲနင့်ခနဲ ဖြစ်သွားသည်။ ဒီကောင်လေးကို အဖ ဖက်ကနေ ဒဏ်ရာတွေပဲ ရစေဖို့ ဘုရားသခင်က လူအဖြစ်မွေးဖွားစေ တာတော့ မဟုတ်ပါဘူးနော်။

အပြုံးယဲ့ယဲ့လေးတစ်ခု ပြန်ပေးလျက် မွေး အိမ်လေးထဲ ထွက်ခဲ့သည်။ သစ်ငုတ်တိုပေါ်တွင် ခေါင်းငိုက်စိုက်ချထိုင်နေဆဲဖြစ်သော ဦးစစ်မင်းကို မွေး အဝေးကပင် ထီးထီးကြီး လှမ်းမြင်နေရ၏။

"အခု ဘာဆက်လုပ်မှာလဲ ဦးစစ်မင်း"

"ကိုကြီး ဘာလုပ်ရမလဲ မွေးရယ်၊ မွေးပဲ ဆုံးဖြတ်ပေးပါဦးကွာ"

"ဒီကိစ္စက ကျွန်မနဲ့ပတ်သက်မှုမရှိတဲ့ ဦးစစ်မင်းရဲ့အရေး တဲ့ ဘဝတစ်စိတ်တစ်ပိုင်းလို့ ထင်ပါတယ်၊ ဒါကြောင့် ကာယကံရှင်ချင်း မျက်နှာချင်းဆိုင် ပြောကြတာက ပိုထိရောက်ပါလိမ့်မယ်"

"ကိုကြီးကို အကြံဉာဏ်လေးတစ်ခုလောက်တော့ ပေးခဲ့ပါဦး ကွာ၊ ဒီကလေးရှေ့မှာ ဘယ်လိုမျက်နှာနဲ့ မျက်နှာချင်းဆိုင်ရမယ်ဆိုတာ ကိုပေါ့"

မွေးသည် သက်ပြင်းကိုသာ ချနေမိ၏။

"တကယ်တော့ ကိုကြီး ဒီကိုရောက်လာခဲ့တာ မွေး ငွေ သွားမထုတ်တဲ့အကြောင်း ကြားလို့ရယ်၊ ကိုကြီးဆက်တဲ့ဖုန်းတွေကို ရက်ဆက်မကိုင်တာရယ်ကြောင့် တစ်ခုခုများဖြစ်နေလားဆိုတဲ့စိတ်နဲ့ ပူပြီး ရောက်လာခဲ့တာပါ"





"လိုမှမလိုတော့ဘဲ ဦးစစ်မင်းရယ်"

"အဲဒီလို အေးစက်စက်တော့ မပြောပါနဲ့ မွေး၊ ခုချိန်ထိ ကိုကြီး ရဲ့ဘေးမှာ မွေးကို ရှိနေစေချင်တုန်းပဲဆိုရင် မွေး ယုံမလားဟင်"

ကိုကြီးသည် သူ့ရင်ထဲက စကားတွေကို အခါအခွင့်သင့်ရင် သင့်သလို ပြောတတ်သည့် အကျင့်အတိုင်း ခုလည်း ပြောနေပြန်ပါပြီ။

"ကျွန်မတို့နှစ်ယောက်က တရားဝင်ကွာရှင်းပြတ်စဲထားခဲ့ပြီး ပါပြီ ဦးစစ်မင်း"

"ဒါပေမဲ့ ကိုယ်ကတော့ မွေးကိုလိုအပ်နေတုန်းပါပဲ"

"စိတ်မကောင်းပါဘူး ကျွန်မ မလိုက်လျောနိုင်တော့တဲ့အတွက် ပါ"

ကိုကြီး မျက်နှာပေါ်မှာ ပေါ်လာသော အပြုံးသည် မွေး ကလေး မျက်ကျလို့ ဆေးရုံရောက်သွားပြီး ပထမဆုံး သတိပြန်ရလာသည့်အချိန် တွင် နာကျင်စွာပြုံးခဲ့သော အပြုံးနှင့်ဆင်တူပင်ဖြစ်၏။

"ကိုကြီး သားနဲ့ပြောကြည့်ပါ့မယ်၊ ဖြစ်နိုင်ရင် သူ့ကို ဒီအရွယ် ရောက်အောင် မွေးပေးခဲ့ကြတဲ့သူတွေကိုလည်း တွေ့ချင်ပါတယ်"

ကိုကြီးက ဒေးဒေးကို/သားလို့ပင် သုံးနှုန်းလိုက်သေး၏။ ဒေးဒေးနှင့်ပတ်သက်ပြီး ကိုကြီး ရင်ထဲကို မွေး မြင်နိုင်ခဲ့ပြီနဲ့တူပါရဲ့။

"ကျွန်မ စီစဉ်ပေးမယ်လေ၊ တောင်ခြေက မြို့လေးမှာပဲ နေတာ ပါ၊ ဒေးဒေးရဲ့မွေးစားဖေဖေကတော့ ဆုံးသွားတာ နှစ်ပေါင်းကြာပါပြီ၊ အမေတစ်ယောက်တည်းနဲ့ ဒေးဒေးကို ဒီအရွယ်ရောက်အောင် ကြိုးစား လာခဲ့တာလေ"

ကိုကြီး မျက်ဝန်းမှာ မျက်ရည်တွေစို့စွတ်နေ၏။ ဘယ်လိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် အားလုံးတစ်စုတစ်စည်းတည်း ဖြစ်သွားပြီး မျက်နှာချင်းဆိုင် ပြောကြဆိုကြလျှင်တော့ ရင်ထဲက အစိုင်အခဲလေးတွေ ကျေပျက်တန်ကောင်းပါရဲ့။

■ ■ ■



## အခန်း (၁၃)

"ကျွန်တော်က ဦးစစ်မင်းပါ၊ တကာယ်ဆို ကိုယ့်ကိုကိုယ် ဘယ်လို ဆက်ရမယ်ဆိုတာ တစ်ညလုံး စဉ်းစားနေခဲ့ပါသေးတယ်၊ မွေးရဲ့ ွှန်းဟောင်းအဖြစ်လား ဒါမှမဟုတ်"

ကိုကြီးက စကားကို မဆက်သေးဘဲ ဒေးဒေးကို ငေးကြည့် ခဲ့၏။ ကောင်လေးကတော့ ထိုင်ခုံမှာထိုင်ရင်း ကိုကြီး မျက်နှာကိုလည်း ည့်တဲ့ ခေါင်းကြီးကို အောက်သို့သာ ငုံ့ချထားသည်။ ဒေါ်မြတ်မြတ်သူ ည်း မွေး ဖုန်းဆက်ခေါ်လိုက်တည်းက ဇာတ်လမ်းအကျဉ်းကို ပြော ခဲ့သည်မို့ ဦးစစ်မင်းကို ဒေးဒေးရဲ့ဖခင်ရင်းတစ်ယောက်အနေနဲ့ပဲ နေမှာပါ။

"အရင်ဆုံး ဝန်ခံရရင် ကျွန်တော့်လောက် လူမဆန်တဲ့ ဖခင် ရှိတဲ့ယောက်ျားမျိုး ရှိတော့မှာတောင်မဟုတ်ပါဘူး။ ဒီနေရာ ဒီအချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ကျွန်တော့်လုပ်ရပ်တွေကို အားလုံးသိအောင် ပြောပြချင်ပါသေးတယ်၊ အဓိကကတော့ ကျွန်တော့်သားကို သိစေချင်တာပါပဲ''

သူ့ကို ကိုကြီးက သားလို့ သုံးနှုန်းလိုက်၍ ကောင်လေးမျက်နှာ ဆတ်ခနဲ ဖော့လာခဲ့သည်။ မျက်ဝန်းမှာ မျက်ရည်တွေ ရစ်ဝဲနေတာ မွှေး သတိထားလိုက်မိသေး၏။

''မချစ်မနှစ်သက်တဲ့ မိန်းမတစ်ယောက်ကို ငွေကြေးကြောင့် လက်ထပ်လိုက်ရတဲ့အတွက် ကိုယ့်ကိုကိုယ်တင်မကဘူး ရှိသမျှ ပတ်ဝန်းကျင်ကလူအားလုံးကိုပါ ကျွန်တော် စိတ်နာခဲ့တယ်၊ မထင်မှတ်ထားပါဘဲ အိမ်ထောင်သက်တယ်လောက်မှ မရှိသေးတဲ့အချိန်မှာ ကိုယ်ဝန်ပါရှိလာတော့ ကျွန်တော်ဒီကိုယ်ဝန်ကို မလိုချင်တဲ့အပြင် မုန်းတောင် မုန်းတီးခဲ့မိပါတယ်၊ ဒါကြောင့်လည်း သားလေး လသားအရွယ်မှာပဲ အင်္ဂလန်ကို ကျွန်တော် ကျောင်းတက်ဖို့ ထွက်သွားခဲ့တယ်''

ကိုကြီးသည်သူ့ဘဝအကြောင်းကို ဒီဝိုင်းထဲမှာ ထိုင်နေသည့် နားထောင်သူ သုံးယောက်အား ပြောပြနေခြင်းမဟုတ်ဘဲ ဒေးဒေး တစ်ယောက်တည်းကိုသာ ပြောနေခြင်းမှန်း ကိုကြီးမျက်ဝန်းတွေက သိပ်သိသာလွန်းနေ၏။ ဘယ်သူ့ကိုမှမကြည့်ဘဲ ဒေးဒေးကိုသာ စိုက်ကြည့်လျက် မျက်နှာကြီးနီမြန်းကာ ပြောနေခဲ့ခြင်းဖြစ်သည်။

''သားကို ချစ်ဖွဲ့တေးလို့ နာမည်မှည့်တဲ့အကြောင်းနဲ့ သားရဲ့ ဓာတ်ပုံလေးတွေ နိုင်ငံခြားထိ အမြဲရောက်လာတတ်ပေမယ့် ကျွန်တော် လျစ်လျူရှုထားမြဲပါပဲ''

ဒေးဒေး ခေါင်းလေး မော့လာပြန်သည်။ ဒါဆို ဆွဲကြိုးလော့ကတ်သီးလေး နောက်မှာပါသည့် အင်္ဂလိပ်အတိုကောက် စာလုံးလေးက





ကောင်လေးရဲ့နာမည်ပေါ့။ ဘယ်လောက်လှလိုက်တဲ့ နာမည်လေးလဲ။ ချစ်ဖွဲ့တေး တဲ့။

''ကျွန်မ စကားတစ်ခွန်းလောက် ပြောပါမယ်''

ဒေါ်မြတ်မြတ်သူက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ကိုကြီးက သူ့စကားကို ခေတ္တရပ်ထားလိုက်၏။

''သားကို ကျွန်မတို့ စတွေ့တုန်းက သူ့ကိုယ်သူ စကားပြောရင် ဒေးဒေးကလေ ဒေးဒေးကလေလို့ အမြဲပြောတတ်တယ်၊ ဒီလိုနဲ့ပဲ သူ့နာမည်ကို အဲဒါလေးပဲ ပေးဖြစ်သွားခဲ့တာ''

''တကယ်တော့ ငယ်ငယ်က စကားမပီခဲ့တဲ့အတွက် တေးတေးလို့ သူ့ကအမေခေါ်တဲ့အတိုင်း လိုက်ပြောတာက ဒေးဒေးဖြစ်သွားတာပါ၊ ကျွန်တော်နိုင်ငံခြားက ပြန်ရောက်လာတော့ သားက လေးနှစ်ခွဲကျော်ပြီ၊ ကျွန်တော့်မျက်လုံးထဲမှာ သားကိုနည်းနည်းမှ အမြင်မကြည်လင်နိုင်သေးပါဘူး၊ ဖြစ်ချင်တော့ ကလေးသဘာဝအတိုင်း ဆော့ကစားရင်းနဲ့ ကျွန်တော် စာတမ်းပြုစုထားတဲ့ပေါ်ကို ရေခွက်သွန်ချပစ်လိုက်တော့ ကျွန်တော် အရမ်းစိတ်လည်းတို ဒေါသလည်းထွက်ပြီး မလုပ်သင့်တာတွေကို လုပ်ခဲ့တာပါပဲဗျာ''

မျက်နှာကိုလက်ဝါးနှင့်အုပ်ကာလျက် ကိုကြီး ရှိုက်ကြီးတငင် ငိုပါသည်။ ဒေးဒေးသည် မျက်နှာများနီရဲလျက် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။

''ကလေးရဲ့အမေလည်း ကျွန်တော် နှိပ်စက်တဲ့ဒဏ်တွေရယ် သားပျောက်တဲ့ဒဏ်တွေရယ်နဲ့ လုံးဝကို ရူးသွပ်သွားခဲ့ပါတယ်၊ ခုတော့ မွှေး ကူညီမှုနဲ့ စိတ်ကျန်းမာရေးဆေးရုံ တင်ထားပါတယ်၊ ဖြစ်နိုင်ရင်လေ



www.burmeseclassic.com

www.burmeseclassic.com



သားလေးကို စတွေ့တဲ့အချိန်ကနေ ခုထိ ဖြစ်ပျက်ခဲ့တဲ့ ထူးထူးခြားခြား ဖြစ်ရပ်လေးတွေ ကျွန်တော့်ကို ပြောပြပါလားဗျာ၊ မိုက်တုန်းကတော့ ကမ်းကုန်အောင် မိုက်ခဲ့ပြီး ခုမှ လာအသနားခံနေတယ်လို့ ထင်ချင်လည်း ထင်ပါ၊ ကျွန်တော်လေ အသက်ကြီးလာပြီး တစ်ယောက်တည်း အထီး ကျန်လာတော့မှ သားသမီးဆိုတဲ့အရာကို တမ်းတလာခဲ့မိတာပါ''

ဝုန်းခနဲ ဆိုသလို ဒေးဒေး ထထွက်သွားခဲ့သည်။

''ဟဲ့ သား''

ဒေါ်မြတ်မြတ်သူက နေရာမှထလျက် ဒေးဒေးနောက် လိုက် သွားရန်ပြင်သည်။

''နေ နေ အစ်မ ဦးစစ်မင်းနဲ့ ပြောစရာရှိတာ ပြောကြပါ၊ မွှေး လိုက်သွားလိုက်ပါ့မယ်''

ကောင်လေးသည် ခြံအနောက်ဘက်ခြမ်းဆီသို့ ထွက်သွားခြင်း သာ ဖြစ်၏။ မွှေး သူ့နောက်မှ အပြေးတစ်ပိုင်းလေး လိုက်ခဲ့ရသည်။

''ဟဲ့ ကောင်လေး နေပါဦး ဘာဖြစ်တာလဲ''

''ကျွန်တော် နားမထောင်ချင်တော့ဘူး၊ ကလေးတစ်ယောက်ကို ဒီလို ရက်ရက်စက်စက် ဆက်ဆံပြီးတော့ နှစ်တွေဒီလောက်ကြာတော့မှ လာတောင်းပန်နေတာကို လက်ခံရမှာလားဗျ၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး''

''မဟုတ်သေးဘူး ကောင်လေး၊ မင်းလိုချင်ခဲ့တဲ့ ဖခင်မေတ္တာ ကို မင်းရနေပြီလေ၊ ဘာဖြစ်လို့ ငြင်းဆန်ချင်နေတာလဲ''

ကောင်လေး ချက်ချင်းအဖြေမပေးသေးပါ။ မွှေးကို ငေးစိုက် ကြည့်နေခဲ့သည်။

''လောလောဆယ်တော့ ဒီအခြေအနေကြီးကို လက်ခံဖို့





ကျွန်တော် အဆင်သင့်မဖြစ်သေးဘူး မမ၊ ပြီးတော့ မမနားကနေလည်း ဘယ်မှမသွားချင်ဘူးလို့ ပြောပြီးပြီမဟုတ်လား''

''အိုး မင်းမှားနေပြီကွယ်၊ ပြောရမှာ စိတ်မကောင်းပေမယ့် တို့တွေရဲ့ပတ်သက်မှုက အဲဒီလောက် မရိုးရှင်းတော့ဘူးလေ''

''မမ ကျွန်တော့်ကို ရှေ့ပြည်အေးတရား လာမဟောပါနဲ့၊ ကျွန်တော်ကတော့ ကျွန်တော်သိပ်ချစ်တဲ့ မမနားမှာ နေခွင့်ရဖို့ ဘာမဆို လုပ်မှာပဲ''

''စကားကို မင်းဒီလို လက်လွှတ်စပယ် မပြောနဲ့ကွ၊ ငါက မင်းအဖေနဲ့လက်ထပ်ထားခဲ့ဖူးပြီး ကလေးတစ်ယောက်ပါ ကိုယ်ဝန်ဆောင် ခဲ့ဖူးတဲ့ မိန်းမကွ၊ အဲဒီကလေးသာ အသက်ရှင်နေခဲ့ရင် မင်းနဲ့အဖေတူ အမေကွဲညီလေးလား ညီမလေးလားဖြစ်လာမှာ၊ တစ်နည်းအားဖြင့် ပြောရရင် မင်းအမေပဲ''

''အဲဒီလောက်ထိ မပြောပါနဲ့ မမရဲ့၊ မမက ကျွန်တော့်မိထွေး တော်ခဲ့ဖူးတယ်ဆိုရင်လည်း အဲဒါကြီးက ပြီးသွားခဲ့ပြီလေ၊ အခုမှ မဟုတ် တော့တာ၊ ပြီးတော့ ညီလေး ညီမလေးဆိုတာတွေကလည်း တကယ်ဖြစ် လာခဲ့တာမှ မဟုတ်တာ၊ ကျွန်တော့်ဘဝမှာ ပထမဆုံး ချစ်မိတဲ့အချစ် ကို ဒီလိုနည်းနဲ့တော့ မဖျက်ဆီးပစ်ချင်ပါနဲ့ မမရယ်၊ မမလည်း ကျွန်တော့် ကို သံယောဇဉ်ရှိတာ ကျွန်တော် မြင်နေရပါတယ်''

''တော်ပြီ ဒေးဒေး၊ မင်းကိုငါ ဘာမှထပ်မပြောချင်တော့ဘူး၊ အေး ငါနောက်ဆုံးပြောနိုင်တာကလည်း မင်းပြောနေတဲ့စကားတွေကို ငါ ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ဘူးဆိုတာပဲ''

မွှေး စကားဆုံးသည်နှင့် ကောင်လေးကို ကျောခိုင်းလှည့်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လိုက်၏။

''မမကို ကျွန်တော် အရမ်းချစ်တယ်''

ကျယ်လောင်လှသောအော်သံက မွေး နားထဲမှာ ပဲ့တင်ထပ်ရုံမက အဝေးက တောင်တန်းတွေဆီထိပါ ပဲ့တင်သံဟိန်းထွက်သွားခဲ့၏။ မျက်ဝန်းကနေ မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက်ကျဆင်းလာတာကိုတော့ မွေးရဲ့နောက်တက်မှာ ကျန်ခဲ့သည့် ကောင်လေး သိနိုင်မည်မထင်ပါ။

■ ■ ■



## အခန်း (၁၄)

''ကိုယ်မင်းနားမှာ တွယ်ကပ်မနေတော့ပါဘူး မွေး၊ ကိုယ်ကတိပေးပါတယ်၊ မင်းကသာ တောင်းဆိုမယ်ဆိုရင် တစ်သက်လုံး မင်းရှေ့မှာ ပေါ်မလာဘဲ နေပေးဖို့လည်း အသင့်ပါပဲ''

အံ့ဩစရာကောင်းလောက်အောင်ပင် ကိုကြီးနှုတ်ဖျားမှ ဒီစကားမျိုး ထွက်လာခဲ့၏။ တရားဝင်ကွာရှင်းထားသော ဇနီးဟောင်းတစ်ယောက်ကို မနက်ကထိ လိုအပ်နေတုန်းပဲဟု တဖွဖွပြောနေခဲ့သောသူကခုတော့ မျက်စိရှေ့ကနေတောင် တစ်သက်လုံး ပျောက်ကွယ်သွားပေးမယ်ဆိုပါလား။

''အဲဒါတွေအားလုံးဟာ မင်းအပေါ်မှာ သံယောဇဉ်ကြီးမားနေပုံရတဲ့ သားကြောင့်ပါပဲ၊ ကိုယ့်ကြောင့် ဘဝတစ်လျှောက်လုံး သားကို ဝေဒနာတွေ ထပ်မပေးချင်တော့ဘူး''

''မဟုတ်သေးဘူး ဦးစစ်မင်း၊ ရှင် ဒီလိုဖယ်ပေးလိုက်လို့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ဒေးဒေးကြားမှာ ဘယ်လိုကိစ္စမျိုးမှ ရှိလာမှာမဟုတ်ဘူး၊ ဘယ်နည်းနဲ့မဆို ကောင်လေးရဲ့မျှော်လင့်ချက်တွေကို ကျွန်မ ဖျက်ဆီးပစ်ရမှာပဲ ဒါဟာ ရှင်နဲ့ပတ်သက်ခဲ့တဲ့အတွက် ကျွန်မကိုယ်ကျွန်မပေးတဲ့ အပြစ်ဒဏ်ပါ''

''ဘယ်လိုပဲဖြစ်ဖြစ်ပါ သားက ကိုယ်နဲ့ရန်ကုန်မှာ လိုက်နေချင်တယ်ဆိုလည်း ခေါ်သွားဖို့ အသင့်ပဲ၊ ဒါမှမဟုတ် ဒေါ်မြတ်မြတ်သူနဲ့ပဲ ဆက်နေချင်တယ်ဆိုလည်း ကိုယ့်မှာ ဘာမှဝင်ပြောပိုင်ခွင့်မရှိပါဘူး၊ ကဲပါ ညဦးနက်ပြီ မွှေးလည်း အိပ်ချင်အိပ်တော့လေ၊ ကိုယ်ကတော့ ညနေတုန်းက ဆရာတော့်ကျောင်းမှာအိပ်ခွင့်လျှောက်ထားတာမို့ သွားလိုက်ဦးမယ်''

''အဲဒီကျောင်းဘက်မှာ ခွေးတွေပေါတယ်၊ သတိထားသွားပါဦးစစ်မင်း''

မွှေးရဲ့သတိပေးစကားကြောင့် ကိုကြီးက နောက်ပြန်တစ်ချက်လှည့်ကြည့်လျက် ပြုံးသည်။ မွှေး မမြင်တွေ့ရတာ ကြာပြီဖြစ်သော အကြင်နာတရားတွေ နွေးထွေးနူးညံ့မှုတွေ ပျော်ဝင်နေသည့် အပြုံးမျိုးပါ။ ထွက်ခွာသွားသော နောက်ကျောပြင်ကို ငေးကြည့်လျက်က ကောင်လေးကို သတိရမိသည်။

ဒီအချိန် ကောင်လေးအိပ်လို့မှ ပျော်ပါ့မလား။ ကြယ်တွေပဲ ထိုင်ရေတွက်နေမလား။ ခပ်လှမ်းလှမ်းမှ ငြိမ်သက်နေသည့် သစ်သားအိမ်လေးဘက်သို့ မွှေး လျှောက်လာခဲ့မိသည်။ လမ်းတစ်လျှောက်လုံးမှာ ကောင်းကင်ကိုမော့ကြည့်တော့ ကြယ်တစ်လုံးစ နှစ်လုံးစသာ တွေ့၏။

သစ်သားအိမ်လေး၏ခုံတန်းလျားလေးတွင် ကောင်လေးကို မတွေ့ရပါ။ အိမ်ထဲသို့ လှမ်းကြည့်မိတော့လည်း မှောင်မဲနေခဲ့သည်။





မွှေး စိတ်ထင့်သွားလျက် အိမ်လေးပေါ် ပြေးတက်ခဲ့ပြီး ဘတ်ထရီဖြင့် ဆက်သွယ်ထားသော နှစ်ပေမီးချောင်းလေးကို ဖွင့်လိုက်သည်။

ရှင်းလင်းနေသော အိမ်လေးက လူတစ်ယောက်နေထားမှန်းပင် မသိနိုင်တော့လောက်အောင် သပ်ရပ်နေ၏။ အိပ်ရာလိပ်လေးကို အခန်းထောင့်တွင်လိပ်လျက် နေရာတကျ ထားထားသည်။ ခုံပုလေးက အိပ်ရာလိပ်၏ဘေးမှာ။

သက်မဲ့ပစ္စည်းလေးတွေ အားလုံးရှိနေပါသော်လည်း ဒီအိမ်လေးရဲ့လှုပ်ရှားသက်ဝင်နေသည့် ပုံရိပ်လေးတစ်ခုကတော့ ပျောက်ဆုံးနေခဲ့သည်။ ထိုပုံရိပ်လေးက သူ့ရဲ့ကိုယ်ပွားအဖြစ် ထားရစ်ခဲ့သော အရာတစ်ခုကိုတော့ မွှေး နှစ်ခါမြောက် လက်ခံရရှိခဲ့၏။

'မျှော်လင့်ခြင်း' လို့ ခေါင်းစဉ်တပ်ထားခဲ့သော ပန်းချီကားချပ်လေး။ လက်မကျိုးခင်တည်းက ရေးဆွဲထားခဲ့တာ ဖြစ်ပါလိမ့်မည်။ ခွဲခွာခြင်းလက်ဆောင်အဖြစ် ပန်းချီကားလေးဖွေ ထားရစ်တတ်ခဲ့သော ကောင်လေးကို ဒီတစ်ခါတော့ လိုက်ရှာဖို့ရာ မွှေး စိတ်မကူးမိ။

ဖြစ်ချင်တာကို ဖြစ်အောင်လို့ တဖွတ်ထိုးဆန်ဆန် လုပ်တတ်သော်လည်း မဖြစ်သင့်တာကိုတော့ စောင့်ထိန်းရမည်ဆိုတာ သေချာစွာနားလည်နိုင်ခဲ့သော ကောင်လေးကို မွှေး ရင်ထဲက ချီးကျူးလိုက်မိ၏။

နက်ပြာရောင် ညကောင်းကင်မှာ ပြိုးပြက်လက်နေသည့် ကြယ်ပွင့်လေးများကို မော့ကြည့်ငေးမောနေသည့် ကောင်လေးတစ်ယောက်။ ပန်းပွင့်တွေကြားက သစ်သားအိမ်လေးတစ်လုံးရှေ့ရှိ ခုံတန်းလျားလေးတွင် ပက်လက်လှန်အိပ်ကာ စူးစူးနစ်နစ် ငေးမောကြည့်နေ၏။

''အို''

www.burmeseclassic.com



ပန်းချီကားထဲမှ တစ်စုံတစ်ခုကို သတိပြုလိုက်မိချိန်တွင် မွေးနှလုံးသားတစ်ခုလုံး၌ နွေးထွေးလှိုက်ဖိုကာ ကြည်နူးမှုကို ခံစားလိုက်ရ၏။ နက်ပြာရောင်ကောင်းကင်က ကြယ်ပွင့်လေးတွေကို သေချာကြည့်လျှင် မျက်နှာထုစ်ခုကို ပုံဖော်နေခြင်းဖြစ်သည်။

ဒီလောက်လေးနဲ့ပဲ ကိုယ် ကျေနပ်ပါတယ်ကွယ်။ တကယ်ဆို အားလုံးထဲမှာ မင်းက အသက်ငယ်ပေမယ့် အချုပ်ထိန်းနိုင်ခဲ့ဆုံးပါပဲ။ မင်းရဲ့ပြတ်သားတဲ့ ဆုံးဖြတ်ချက်ကို ကိုယ်ကလည်း လေးစားပါ့မယ်။ မင်း ဘယ်ကိုပဲထွက်သွားသွား၊ မင်းရွေးချယ်တဲ့လမ်းဟာ အမြဲမှန်ကန်နေခဲ့တာမို့ တစ်နေ့မှာ မင်းဖြစ်ချင်တာတွေ ဖြစ်မြောက်အောင်မြင်မယ်လို့လည်း ကိုယ် ယုံကြည်ပါတယ်။

လောကရဲ့သတ်မှတ်ထားတဲ့ စည်းမျဉ်းတွေထဲကနေ ရုန်းထွက်ဖို့ မိုက်မဲစွာမကြိုးစားခဲ့ကြတဲ့ တို့နှစ်ယောက်ရဲ့စောင့်ထိန်းနိုင်တဲ့ ချစ်ခြင်းတရားတွေဟာ သံသရာရဲ့တစ်နေရာရာမှာတော့ ပြန်လည်ဆုံတွေ့ခွင့်ရမှာပါ။

မွေးသည် အိပ်ခန်းနံရံလေးထက်တွင် ဒုတိယမြောက်ပန်းချီကားလေးအား မြတ်နိုးစွာ ချိတ်ဆွဲထားလိုက်၏။

ပရိသတ်အတွက်
အမြဲတမ်း
ဗျူး



www.burmeseclassic.com